


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၄၉၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၆၁၀၁၀

**ထုတ်ဝေခြင်း**

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

**ထုတ်ဝေသူ**

ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ် (၆၃)၊ ညွှာဘာလမ်း၊ တာမွေ။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (မြ-၀၁၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ** - Lလင်း

**ဖြန့်ချိရေး** - တူးတူး၊ မင်းလေး

**အတွင်းဖလင်** - ကိုအောင်ကျော်

**စာအုပ်ချုပ်** - သစ္စာမွန်

သစ္စာမွန် **(T.S.M) Publishing Center** မှ

တာဝန်ယူစီစဉ်ပါသည်။

ဂ၉၅ . ၈၃

သျှင်မ

သစ္စာရှာသောမိုးကောင်းကင် / သျှင်မ ။ - ရန်ကုန်

သိန်းမင်းစာပေ၊ ၂၀၁၀။

၂၁၉ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) သစ္စာရှာသောမိုးကောင်းကင်

BURMESE CLASSIC .com

"ညီမလေးကို စားသောက်ဆိုင်မှာ သီချင်းမဆိုခိုင်းပါနဲ့ ဖေဖေ၊ စားဝတ်နေရေးအတွက် လောက်ငအောင် ကျွန်တော်ရှာပေးပါ့မယ်"

အလုပ်ကပြန်ရောက်တယ်ဆို မနားနိုင်ဘဲ ညီမဖြစ်သူကို ပြန်သွားကြိုဖို့ အင်္ကျီကိုချွတ်လိုက်ပြီးမှ ပြန်ဝတ်နေရသည့် သားဖြစ်သူကို ဦးနှင်းမိုး ခပ်ငေးငေးကြည့်နေလျက်...

"သားရယ်... စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးထဲမှာ အရေးမကြီးတာဘာရှိလဲ၊ စားဖို့ ဝတ်ဖို့ နေဖို့ အားလုံးက အရေးကြီးတာချည်းပဲ၊ ဒါ့အပြင် အိမ်ပေါင်ထားရလို့ လစဉ် အတိုးငါးထောင် ပေးနေရတာက ရှိသေးတယ်၊ ဒါတွေကို သားတစ်ယောက်တည်း ဘယ်လိုရုန်းနိုင်မှာလဲ၊ ဒီကြားထဲ သမီးက စာမေးပွဲနားနီးတိုင်း အနီးကပ်တက်ရတာနဲ့၊ ငွေသွင်းရတာနဲ့"

"ဘာဖြစ်လဲ ဖေဖေ၊ ပေးချိန်တန်လို့ ပေးနိုင်ရင်ပြီးတာပဲ"

**သစ္စာမွန်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို မင်းညီမက သူ့အစ်ကိုပင်ပန်းလို့တဲ့၊ မပြောရက်လို့တဲ့၊ ညပိုင်းခဏလေးပဲဆိုရတယ်၊ သုံးဆောင်ရတယ်ဆိုတော့..."

"ဘယ်လောက်ရရ ဖေဖေ၊ စားသောက်ဆိုင်မှာဆိုတယ်ဆိုတာ..."

သူ ဆက်မပြောဖြစ်တော့ပါ။

"ကျွန်တော် ညီမလေးကို သွားကြိုလိုက်ဦးမယ် ဖေဖေ"

သားထွက်သွားတော့ ဦးနှင်းမိုး ငေးငိုင်ကျန်ခဲ့၏။

တကယ်ဆို သားက မွေးစားသား၊ သားကို မွေးစားခဲ့တုန်းက အိမ်မှာ စီးပွားရေး ပြည့်စုံကြွယ်ဝကာ ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်လုပ်ငန်းနဲ့ဖြစ်သည်။

သားက အသက်ဆယ်နှစ်၊ သမီးလေးက သုံးနှစ်ပဲရှိသေးသည်။

"ဒီကလေးက ဘယ်ကခေါ်လာတာလဲ ကိုမိုး၊ ကိုယ့်မှာ သမီးရှိတယ်၊ နောက်ထပ်လည်း ရချင်ရဦးမှာ၊ ဘာဖြစ်လို့ သူများ သားသမီးကို ရှုပ်ရှုပ်ယှက်ယှက် ခေါ်မွေးရတာလဲ"

သမီးရဲ့မေမေက အပြင်းအထန် တားမြစ်ခဲ့၏။

ဒါပေမဲ့ သားက ခိုကိုးရာမဲ့လေး...

သူများအိမ်မှာ မသယာရေစာအားရင်း ကျောင်းတက်ရဖို့အတွက် ဘယ်သူ့ဘာပြောပြော ခေါင်းငုံ့ခံလျက်...။

တလက်လက်တောက်နေတက်သည့် မျက်လုံးများမှာ မာနတွေအပြည့်ရှိနေ၏။



BURMESE CLASSIC .com



တစ်နေ့ဆိုသော မနက်ဖြန်များစွာအတွက် ကြိုးစားသွားမည့် ခွဲ၊ လုံ့လတွေ ထိုမျက်ဝန်းများမှာ သူမြင်ခဲ့ရသည်။

ပြီးတော့ မဟာဆန်သောနဖူး၊ မျက်ခုံးနှင့် စူးတောက်နေသော မျက်ဝန်းများ၊ ပါးမလိုလိုနှင့် ထူ၍ ပုံကျလှပသည့်နှုတ်ခမ်း။

အားလုံးတို့ကို စုစည်းအကဲခတ်၍ ထိုဉပဓိရုပ်မျိုးကို သူ သဘောကျသည်၊ ယုံကြည်သည်။ ထို့ကြောင့် ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ် ခေါ်လာခဲ့သည်။

ကလေးက သူငယ်ချင်းအိမ်မှာ ကပ်နေရှာတာမို့ ခေါ်လာခဲ့ဖို့က မခဲယဉ်းပေ။

"အမလေး... ခေါ်သာသွားပါ၊ ထပ်တောင်မှ အလိုက်ပေးလိုက်ဦးမယ်၊ ဒီက အိမ်နီးပါးနီးမို့ အမြင်မတော်တာနဲ့ ခေါ်ကျွေးထားတာ ဘယ်လောက်ကြာပြီလဲ၊ သူ့လုပ်စာလေးလည်းရှိရောလူကို ပိုက်ဆံမအပ်ဘဲနဲ့၊ ဒါ ထမင်းဖိုး ဒါ ဟင်းဖိုးနဲ့၊ မပြောလိုက်ချင်ဘူး၊ ဆယ်နှစ်သားမို့လို့၊ ဆယ့်ငါးနှစ်လောက်သာဆိုရင် ကျွန်မတို့ကို ရောင်းစားသွားဦးမှာ၊ မြန်မြန်သာ ခေါ်သွားစမ်းပါ"

ကိုပေါ်မိန်းမ မဝင်းကပြောတော့ သူ ပြုံးမိသေးသည်။

"သားက ဘာအလုပ်လုပ်လို့လဲကွ"

"ကျွန်တော် ပန်းရောင်းတယ်၊ ညနေကျတော့ ဈေးထဲမှာ သိမ်းတဲ့ဆိုင်တွေကို စိုင်းကူသိမ်းပေးတယ်"

"သူတို့ပေးချင်သလောက် ပေးတာပဲ၊ ပန်းရောင်းတာရယ်၊ အဲဒီကပေးတာရယ်၊ တစ်နေ့ ခုနှစ်ရာကျော်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးက အားပါးတရပြောပြသလောက် သူ တကယ်ပဲ အံ့သြသွားခဲ့သည်။

ဆယ်နှစ်သားကလေးတစ်ယောက် ကြိုးစားမှုကို မအံ့သြဘဲ မနေနိုင်။

ဤသို့ ကူညီလုပ်ကိုင်ပေး၍ ငွေရသည်ဆိုလျှင် ဒါဟာ ရိုးသားမှု၊ ကြိုးစားမှုရှိ၍သာ ရိုးသားမှုကို ချီးမြှင့်ကြတာဖြစ်မည်။

"ဦးနဲ့ လိုက်ခဲ့မလား" မေးတော့

"ဟုတ်ကဲ့" ဟု ဖြေကာ အိမ်ထဲပြေးဝင်လျက် လွယ်အိတ် ဖောင်းဖောင်းလေးတစ်လုံးလွယ်ရင်း ပြန်ထွက်လာသည်။

ပြီးတော့ ကားပေါ်ရောက်သည်နှင့်...

"ဦး ဒီမှာ ကျွန်တော့်ပိုက်ဆံ"

ဟု ဆိုကာ အရွက်အသေးအကြီးအားလုံးကို စီစီရီရီလေး သေချာထပ်ထားသည့် ပိုက်ဆံထပ်ကလေးကို ရေတွက်ကြည့်လိုက်တော့ သုံးထောင်ပါ့ပဲ။

"မင်းက ဒါတွေ အဝင်းတို့ကို ဘာဖြစ်လို့မအပ်တာလဲကွ၊ မင်းကို အဝင်းက ပိုက်ဆံမအပ်လို့မကျေနပ်တာ မင်းမသိဘူးလား"

"သူက ကျွန်တော့်ကို ထမင်းကျွေးချင်မှကျွေးတာ၊ သူ မကျွေးတဲ့အခါ ကိုယ့်ပိုက်ဆံနဲ့ဝယ်စားနိုင်အောင် စုထားတာပါ"

"ဪ"

ကလေးရယ်ဟု ရင်ထဲမှာ ညည်းညူမိလျက် ခေါင်းလေး



BURMESE CLASSIC .com



ကို ပွတ်သပ်လိုက်မိသည်။

"ဒါနဲ့ မင်းနာမည်ကို ပြောပါဦး"

"မင်းဦးသျှောင်"

"ဘယ်လို..."

"မင်းဦးသျှောင်"

သူ သဘောကျသွားပေမယ့် မိန်းမကတော့ ရင်ဘတ်ထုလေသည်။

"နာမည်ကြီးကလည်း စီးလိုက်တာ မင်းဦးသျှောင်တဲ့၊ နာမည်က သူများထိပ်မှာ၊ လူကျတော့ ကလေကချေ၊ မတန်မရာကြီးပါလား၊ ဒီကလေးကို ကိုမိုး ရှင်မမွေးနဲ့နော်"

တားမြစ်ခဲ့သည့်ကြားက ကလေးကို သည်းခံဖို့ပြော၍ သူ ဖွတ်မွေးခဲ့သည်။

မိန်းမဖြစ်သူလည်း နောက်ဆုံး လက်မြှောက်သွားကာ ကလေးကို ငြူစူဆောင့်အောင့်သည်မှလွဲ၍ ဘာမှမပြောတော့။

"သား... မင်းအန်တီကို သည်းခံရမယ်၊ ဒီအိမ်မှာ ဖေကြီးက ဘာမှမပြောဘဲ ထွက်မသွားရဘူး၊ ရန်မဖြစ်ရဘူး၊ လူကြီး ဘာပြောပြော သည်းခံမှ လူလိမ္မာကွ"

မင်းဦးသျှောင်က ခေါင်းညိတ်ခဲ့သည့်အတိုင်း မိန်းမ ဘာပြောပြော မကြားသလိုနေရှာသည်။

အိမ်ရဲ့ဝေယျာဝစ္စသာမက သမီးလေးကိုလည်း ချိုချိုထိန်းကျောင်း၍ ကြင်ကြင်နာနာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘယ်လောက်မှမကြာလိုက်ပါ။ မင်းဦးသျှောင်ကို ကိုးတန်းကျောင်းအပ်ဖို့ပြင်လာတော့ မိန်းမက သူကိုယ်တိုင် လိုက်အပ်ပေးသည်။

မွေးစားသားကို သားလို မေတ္တာထားနိုင်ခဲ့သည့်အချိန်မှာပင် အိမ်မှာ စီးပွားရေးက လျှော့ကျလာပြီဖြစ်၏။

ဦးနှင်းမိုး စီးပွားရှာတော်သလောက် လောင်းကစားဝါသနာပါသည်။ မိန်းမဖြစ်သူက အနည်းအပါး လိုက်ဆော့၏။

အနည်းအပါးကနေ တစစ ပွဲလာရာမှ အိမ်ပေါင်လိုက်ရသည့်အချိန်တွင် မိန်းမဆုံးသွားခဲ့လေသည်။

"အားမငယ်ပါနဲ့ အဖေ၊ ကျွန်တော် ကျောင်းမတက်တော့ဘူး"

မင်းဦးသျှောင်က သူအလွန်လိုချင်သည့် ပညာရေးကို စွန့်လွှတ်ကာ အိမ်စီးပွားရေးကို အဖတ်ဆည်ဖို့ကြိုးစားသော်လည်း လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို သူများကို ထိုးပေးလိုက်ရသောကြောင့် အားလုံးအခြေပျက်သွားခဲ့ရသည်။

ထိုအချိန်မှာ သမီးငယ်လေး ဆယ်တန်းအောင်ပြီးကာလဖြစ်၏။

မင်းဦးသျှောင်က သူတတ်ထားသည့်ပညာနှင့် ဂျူဒို ကရာတေးသင်တန်းတစ်ခုမှာ နည်းပြဝင်လုပ်ခဲ့သည်။

ညဘက်ကျတော့ ကားမောင်း...

တကယ် သားနဲ့တူတဲ့သားပါ။





ဦးနှင်းမိုး ကိုယ့်အပြစ်တွေ အများကြီးရှိခဲ့သော အတိတ်ကာလကို ပြန်လည်သတိရနေလျက်...

ရင်ထဲက ပူလောင်မှုက ပိုပိုတောက်လောင်လာခဲ့၏။

သူက သားနဲ့တူခဲ့သော်ငြား ကိုယ်က ဖခင်နဲ့တူခဲ့ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့… ဒီနေ့ ဘယ်သူလာကြိုမှာလဲ ယောက်မ"

"အံမယ်… ဘာလုပ်မလို့လဲ"

"ငါ့ဟာငါ ဘာလုပ်လုပ်၊ နင်အသာနေစမ်းပါ နိုင်ရာ၊ ကိုမင်းက တကယ်ချောတာ၊ အရပ်မြင့်မြင့် တောင့်တောင့်ဖြောင့်ဖြောင့်နဲ့၊ အဟီး… အားကိုးချင်စရာကြီး၊ ရုပ်ဖြောင့်သလို ရုပ်ကလည်းမိတယ်"

"ဟုတ်လား၊ သူ့ပဲမြင်တယ်နော်၊ တို့တွေက မမြင်ဘူး"

"ဟုတ်ပ သတိုးရယ်၊ သနားပါတယ်၊ တို့မယူတော့ဘူး၊ သူ့ကိုပဲ ယောက်မတော်လိုက်စမ်းပါ"

"ကောင်းတာပေါ့"

သတိုးက ရယ်နေရင်း နှုတ်ခမ်းနီတွေကို ပိတ်စလေးနဲ့ ဖျက်ချပစ်နေ၏။

"ဟဲ့… သတိုး"

"ဟင်…"





"နင်ကလည်း ဒီမှာ အဝေမတည့်ဖြစ်နေတာကို ဘာမှလည်း ဝင်မပြောဘူး"

"မပြောအားပါဘူး၊ နင်တို့ဟာနင်တို့ ခုနစ်ပိုင်းပဲပိုင်းယူယူ၊ နှတ်နှတ်ပဲစင်းယူယူ"

"တကယ်နော်"

သီချင်းဆိုကြသည့် သူတို့အုပ်စုလေး ပြန်ခါနီးပြီမို့ တစ်ယောက်ကို တစ်ယောက်စောင့်ရင်း မျက်နှာကို ပတ်ဖ်ထပ်ရိုက်ကြ၊ နှုတ်ခမ်းနီဆိုးကြ၊ ခေါင်းဖြီးတဲ့သူကဖြီး။

သတိုးကတော့ နှုတ်ခမ်းနီဖျက်၊ မျက်နှာသစ်။

"သတိုးရယ်… နင်ကလည်း လိမ်းတော့ဖြင့်ပါးပါးလေး၊ ဖျက်လိုက်တာ၊ မျက်နှာက အရေးပြားပါ ပွဲပါတော့မှာပဲ၊ ဘာဖြစ်လို့လဲ၊ နင့်အစ်ကိုက မိတ်ကပ်မလိမ်းရဘူး ပြောထားလို့လား၊ နေပါဦး၊ ညကျမှ ငါပြောပါဦးမယ်၊ ကလေးကို သိပ်မချုပ်ချယ်ပါနဲ့လို့"

"ကျုံးလိုက်ပြန်ပြီ တစ်ပုံ"

"ခစ်… ခစ်… ခစ်…"

စကားပြောတိုင်း ကိုကို့အကြောင်းမပါလျှင် မပြီး။

တကယ်တမ်း ကိုကိုလာပြီဆိုတော့ဖြင့် စေ့စေ့တောင် မကြည့်ဝံ့ကြတာ ရယ်စရာကြီး။

သတိုးက မှန်ထဲမှာ သေချာကြည့်၍ ကျေနပ်မှ ဆံလင်းဘက်လေး ကောက်လွယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကဖြင့် ငါ့ကို ဘယ်တော့မှမချုပ်ချယ်ဘူး၊ ငါကိုယ်က မိတ်ကပ်ကိုမကြိုက်တာ"

"အေးပေါ့၊ နင်က လှပြီးသားပါ"

"သတိုးရေ"

"ရှင်… မမ"

စကားပြောနေကြတုန်း ဆိုင်မှာ အမျိုးသမီးခေါင်းဆောင်မန်နေဂျာ မမဦး၏ခေါ်သံကြောင့် သတိုးတံခါးဝနား ထွက်လာခဲ့မိ၏။

မမဦးက ရပ်စောင့်နေလျက်…

"ကိုလင်းအုပ်စီးက တွေ့ခွင့်တောင်းနေတယ်ကွယ်၊ သူမမူးပါဘူး၊ ဒီရှေ့နားပဲ စကားလေးနည်းနည်းပြောခွင့်ပေးပါတဲ့၊ သူ့လိုလူကို ဆက်ဆံရေးကျဲဖို့ မသင့်ဘူးလေ၊ ဒီတော့ ညီမ ခဏဖြစ်ဖြစ် စကားပြောလိုက်ပါနော်"

"ရှင်"

သတိုး အခက်တွေ့သွားလေသည်။

ဒီနေ့ ဖေဖေ သိပ်နေမကောင်းသည်မို့ ကိုကိုရောက်လာဖို့က များသည်။

ကိုကိုက ဖေဖေ့လို သတိုးရဲ့အလုပ်ကို ဆက်စပ်နားလည်ပေးမယ့်သူ မဟုတ်။

"တွေ့မယ်မဟုတ်လား သတိုး၊ မင်းရဲ့လုံခြုံရေးကို မဦးလုံးဝတာဝန်ယူပါတယ်"





သူ့ဆန္ဒစား ရဲရမည်။ သတိုး ခေါင်းခါလို့ရမှာမှ မဟုတ်ဘဲ။

"ဟုတ်ကဲ့"

သတိုး သူတို့တွေပြန်ထွက်နေကျ ဆိုင်၏ဘေးတံခါးပန်းပင်တန်းလေးတွေဆီ ဆင်းလာခဲ့မိသည်။

လင်းအုပ်စီးဆိုသည့်လူက မီးသီးချိတ်ဆွဲထားသည့် သစ်ခွတိုင်တစ်တိုင်ကို ပခုံးစောင်းနဲ့မှီရပ်လျက် သတိုးဆင်းလာတာကို ဘောင်းဘီထဲ လက်တစ်ဖက်ထည့်၍ စိုက်ကြည့်နေ၏။

"ဘာကိစ္စနဲ့ ကျွန်မကို တွေ့ချင်တာလဲ ဦးလင်းအုပ်စီး"

"အဲဒီလိုတော့ ကြိုတင်ဖွဲ့မပစ်နဲ့ကွာ၊ တို့ ခုမှအသက်သုံးဆယ်တောင် မပြည့်သေးဘူး၊ အများကြီးလိုသေးတာ၊ ဒီမှာမင်း ကိုယ့်ကိုသိတယ်မဟုတ်လား"

မသိဘဲနေမလား…

သတိုးသီချင်းဆိုတိုင်း သရဖူတစ်ခုအမြဲလာဆောင်းပေးသည့်သူ၊ ဆိုင်မှာ ပန်းကုံး၊ ပန်းစည်း၊ သရဖူ စျေးအမျိုးမျိုးရှိသည်။

ထိုထဲမှာ သရဖူက အမြင့်ဆုံးဖြစ်သည်။

တစ်ခုကို နှစ်ထောင်… သတိုးက တစ်ထောင်ရသည်။

တစ်ညကို ပန်းကုံးတွေ၊ ပန်းစည်းတွေက အလျှံပယ်ရသည့်အပြင် သရဖူရသည်ဆိုလျှင် ထိုအဆိုရှင်က အားလုံးထဲမှာ အမြင့်ဆုံးဖြစ်ကာ ဝင်ငွေက မနည်းမနော။

ဆုချနေတုန်းကတော့ ဆုချသည့်သူကို ကျေးဇူးတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ ပိုက်ဆံများများရတော့ ဝမ်းသာရသည်။

ခုလိုအခါများဖြစ်လာလျှင်တော့ . . .

“ဟိတ် . . . ပြောလေ”

သူ ထပ်မေးတော့ သတိုး ဖျတ်ခနဲမော့ကြည့်လိုက်မိကာ ခေါင်းလေးကိုပါ ညိတ်ပြလိုက်ရသည်။

လင်းအုပ်စီးက ပြုံးလိုက်ပြီး

“ကိုယ်က ခင်သတိုးဆိုတဲ့နာမည်ကို အစောကြီးကတည်းက စိတ်ဝင်စားနေတာ”

ဆံပင်တွေ တင်ပါးအထက်မှာ ဖားလျားပြန့်ဝဲလျက် ဆံစတွေကို ဘီးကုတ်လေးနဲ့ သိမ်းထိုးထားသဖြင့် ကကြီးပုံနဖူးပြေပြေလေးနှင့် ဝင်းပြည့်သောမျက်နှာ ပြောင်ပြောင်လေးကို လင်းအုပ်စီးက အားမနာတမ်းစိုက်ကြည့်၏။

သတိုး သူ့ရှေ့မှာ ရပ်နေရတာ မလုံခြုံသလို ဖြစ်လာရကာ

“ဦးလင်းအုပ်စီး ပြောစရာရှိတာကိုပဲ ပြောပါ”

“ခုပြောနေတာပဲလေ၊ မင်း သိပ်လှတယ် ခင်သတိုး၊ စင်ပေါ်တက်လာတော့လည်း သူများတွေလို သိပ်ပြင်ထားတာမဟုတ်ဘဲလှတာ၊ ခုလိုမြင်လိုက်တော့ လှမှန်းပိုသိတယ်”

ပန်းနုရောင် ပိုးပျော့အင်္ကျီလက်ပြတ်လည်ပတ်ကို အပေါ်လွှာ ပါးပါးလေးထပ်ဝတ်ထားသည့် သတိုးကိုယ်လုံးသွယ်သွယ်လေးက သူ့မျက်လုံးထဲမှာ ကပ်ငြိပါသွားတော့မည့်နှယ်။





မျက်လုံးရိုင်းအောက်မှာ သတိုး ဘယ်လိုမှမနေတတ်။

“ချီးကျူးတာကို ကျေးဇူးတင်ပါတယ် ဦးလင်းအုပ်စီး၊ ကျွန်မကို သွားခွင့်ပြုပါ”

သတိုး ချက်ချင်းလှည့်ထွက်တော့ သူ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

“နေဦးလေ၊ ကိုယ်ပြောချင်တဲ့ အဓိကက ဒါမဟုတ်သေးဘူး”

လင်းအုပ်စီး သတိုးဘေးမှာ လာရပ်လိုက်၍

“မနက်ဖြန်ည ကိုယ်လာတဲ့အချိန် မင်းကို ကိုယ်တွေ့ချင်တယ်၊ ကိုယ်နဲ့အတူ စားသောက်ရင်း စကားပြောရအောင်၊ အဲဒီအချိန်အတွက် မင်းအလုပ်ချိန် ပွန်းပဲ့သွားတယ်ဆိုရင် ကိုယ်သုံးဆပေးမယ်”

သတိုးမျက်နှာလေး တင်းမာသွားသည်။

လင်းအုပ်စီးက လူပွေပဲ။ ဒီဆိုင်မှာ လာစားနေကျဖောက်သည်။

နိုက်ကလပ်တွေမှာလည်း သူ့နာမည်ပဲဖြစ်ကြောင်း သတင်းတွေ ထွက်ထားသည်။

“မိန်းမလည်း မယူဘူး၊ ဘယ်ယူမလဲဟ၊ သူက ငွေရှိတိုင်း မွေလို့ရနေတာကို၊ ချမ်းသာလိုက်တာလည်း တအားပဲ၊ သူက သူဌေးသားမဟုတ်ဘူး၊ သူဌေး၊ ကိုယ်ပိုင်စီးပွားရေးတွေနဲ့ ကားကို ထည်လဲစီးနေတာ”



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုချမ်းသာပေမယ့် စာရိတ္တဆင်းရဲသူကို သတိုး အထင်မကြီးပါ။ ပြီးတော့ ရုပ်ကလည်း ခေတ့်သူမဟုတ်။

ဖြူဖြူချောချောနှင့် ပြုံးတာ ရယ်တာ သူ့စတိုင်လ်နဲ့သူတော့ ဆွဲဆောင်မှုရှိနေသည်သာ သူ့ကို အတည်အတံ့ မယားသီဖြစ်ချင်လို့ ချည်းကပ်ဖို့ ကြိုးစားနေကြသည့်မိန်းကလေးတွေ အများကြီးပဲတဲ့။

ဒါမျိုးတော့ သတိုးအဖြစ်မခံနိုင်ပါ။ ဒီလူကို အထင်ကြီးလို့လည်းမရ။

"ဝမ်းနည်းပါတယ် ဦးလင်းအုပ်စိုး၊ သီချင်းဆိုတာက ဝမ်းရေးအတွက် မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းရတာပါ၊ ဒီဆိုင်မှာ ကျွန်မလာဟာ သီချင်းဆိုဖို့၊ ဧည့်ခံဖို့မဟုတ်ဘူး"

လင်းအုပ်စိုးက ဟင့်ခနဲရယ်၍ သတိုးတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ပစ်သည်။

"ဧည့်ခံခိုင်းတာမှမဟုတ်ဘဲကွာ၊ ကိုယ်က ဖိတ်တာပါ၊ ဒီအတွက် မင်းမှာ ဘာထိခိုက်စရာရှိသလဲ"

"ကျွန်မသိက္ခာကို အများကြီးထိခိုက်နိုင်တယ် ဦးလင်းအုပ်စိုး၊ ရှင်ဝါသနာပါရင် ဒါမျိုးဂုဏ်ယူတတ်တဲ့မိန်းမတွေကို ဖိတ်ပါ"

"စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့မိန်းကလေးတစ်ယောက်နဲ့ စားပွဲတစ်လုံးတည်းထိုင်ပြီး စားသောက်ဖို့ ကိုယ်က မိန်းကလေးတိုင်းကို ဖိတ်လိမ့်မယ်လို့ မင်းထင်ယိုလား"

"ဒါကတော့ ရှင့်ကိစ္စပဲလေ၊ ကျွန်မဘက်က လက်မခံဘူး





လို့ ပြောပြီးပါပြီ၊ ခွင့်ပြုပါဦး"

သတိုးနောက်ကို တစ်ချက်မှလှည့်မကြည့်တော့ဘဲ အပြေးတစ်ပိုင်း လှည့်ဝင်လာခဲ့သည်။

ပါးလျသည့် နှုတ်ခမ်းစုံမှ ညို့ငင်သော အပြုံးတစ်ရပ်က မျက်ဝန်းထဲမှာ ငြိတွယ်ပါလာ၏။

စူးရှတတ်သော အရက်ရှိန်နှင့် ရီဝေဝေပြောင်းလဲနေသည့် မျက်လုံးများက ဆွဲဆောင်မှုတွေရှိနေသည်။

လင်းအုပ်စိုးဆိုသည့်လူ၏ အုပ်စိုးလွှမ်းမိုးမှုများမှ သူမ လွတ်အောင်ရုန်းရမည်။

သည်လူသည် ရုပ်ရည်ရူပကာနှင့်သော်လည်းကောင်း၊ စည်းစိမ်ဥစ္စာနှင့်သော်လည်းကောင်း၊ မိန်းမချော မိန်းမလှများစွာကို သိမ်းသွင်းဖျက်ဆီးနေသည့်လူ။

"ဟဲ့ ဟဲ့... ဘာတဲ့လဲ၊ ပြောနေကြပုံက အချေအတင် ပါလား"

"လင်းအုပ်စိုးက အဖြူရောင်နဲ့ လောင်းကုတ်ဖားဖားကြီးနဲ့ နင်က ယဉ်စစလေး၊ အရမ်းလိုက်တာပဲ"

"ဟုတ်တယ်၊ လင်းအုပ်စိုး ခုလိုမျိုး သူကိုယ်တိုင်လာတွေ့တာ ငါတို့ဆီမှာ တစ်ခါမှမရှိဖူးဘူး၊ ဟိုးအရင် နင်မဆိုခင်ကတည်းက သူ့သဘောကျင်ငင် သူ့နာမည်နဲ့ ပန်းစည်းပို့ခိုင်းပြီး ပြန်သွားတာပဲ၊ နင့်ကျမှ ကိုယ်တိုင်လာပြီး သရုပ်ဆောင်ပေးတယ် တွေ့ ခွင့်တွေ ဘာတွေ တောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြစမ်းပါဟာ၊ အလကားလူကြီး"

"ဘယ်ကလာ လူကြီးရမှာလဲ၊ ခုမှ အလွန်ဆုံးရှိလှ နှစ်ဆယ့်ငါးလောက်ပဲရှိဦးမှာ၊ စီးပွားရေးလုပ်ငန်းတွေလုပ်ပြီး ချမ်းသာလွန်းလို့ ဦးတပ်ခေါ်နေကြတာဟ၊ နင်နဲ့မတွေ့လိုက်တဲ့ ယုယသူဆိုရင် လင်းအုပ်စီးကို ဆွဲဆောင်ဖို့ကြိုးစားသေးတာ"

သတိုးက နှုတ်ခမ်းလေးမဲ့၍

"ဘယ်ရမလဲ၊ ဒီလူကြီးက စားနေကျကြောင်ပါးကြီးပဲ"

"ဒါလည်း ဒါပေါ့ဟာ၊ သူတို့လိုလူက လိုတာရနေတာကိုး၊ သူအထင်ကြီးတဲ့မိန်းကလေးက တို့လို စားသောက်ဆိုင်က မိန်းကလေးဖြစ်ပါ့မလား"

"ဒါများ ငါ့ကို ဘာဖြစ်လို့မြှောက်ပင့်ပြောနေကြတာလဲ"

"မြှောက်ပေးတာမဟုတ်ပါဘူး၊ ငါတို့က ဝမ်းသာလို့ပါ၊ သူ့လိုလူက နင့်ကို တွေ့ခွင့်တွေ ဘာတွေတောင်းနေတော့"

"ဟော… ဟိုမှာ ကိုကိုလာပြီ"

အဝင်ဝဆီသို့ကြည့်ရင်း ခုံပုလေးပေါ်မှာထိုင်နေသည့် သတိုးက ဖျတ်ခနဲ ထရပ်၏။

"အံမယ်… တို့ကတော့ သူ့ကိုစောင့်နေလိုက်ရတာ၊ သူ့ကိုကိုလာတော့ တွေ့လား"

"ယောက်မ… ဒီကမှာထားတာ သူ့ကိုပြောလိုက်ဦးနော်"

နောက်ကသံတွေကို ကျောခိုင်းခဲ့လျက် သတိုး ကိုကို့ဆီ





ပြေးထွက်လာခဲ့သည်။

"ကိုကိုလည်း နောက်ကျလိုက်တာ"

ကိုကို့လက်မောင်းကို တအားဆွဲဖက်၍ နှုတ်ခမ်းစူမိ၏။

ဘယ်လောက်စိတ်ညစ်ညစ် သတိုး ကိုကို့ကိုမြင်လိုက်ရလျှင် အားလုံးကို မေ့သွားတတ်သူဖြစ်သည်။

သိုင်းသင်တန်းကအပြန် ချက်ချင်းဝင်လာတာမို့ ရှမ်းဘောင်းဘီပွပွ ခပ်နွမ်းနွမ်း၊ လောင်းကုတ်ကြီးနှင့် ကိုကို့ပုံစံက မသပ်ရပ်သလိုရှိပေမယ့် အမြဲတမ်း ရှင်းသန့်နေတတ်သော ဒီမျက်နှာကို မော့ကြည့်လိုက်မိတိုင်း ရင်ထဲမှာ နှစ်သက်မြတ်နိုးအားကိုးခြင်းများဖြင့် ပြည့်လျှံခဲ့သည်။

သတိုး ကိုကို့ကို ချစ်လေသည်။

"ကိုကို"

"ဟင်"

"ဘာဖြစ်နေတာလဲ မျက်နှာကြီးက"

လမ်းမကြီးပေါ်မှာ နှစ်ယောက်အတူ အေးဆေးစွာ လျှောက်လာကြရင်း သတိုး ကိုကို့ခါးကို ဆွဲဖက်လိုက်တော့ ကိုကိုက အသာလေးဖြုတ်ချပစ်လိုက်ကာ…

"သီချင်းမဆိုပါနဲ့လို့ ကိုကိုပြောထားသားနဲ့၊ ဘာဖြစ်လို့ဆိုနေရတာလဲ ညီမလေးရာ"

"ကိုကိုကလည်း"

သတိုးက ကိုကိုဖြုတ်ချသည့်လက်နှင့် ခါးကို ပြန်ဖက်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကပ်သပ်မှီနွဲ့ကာ…

"သီချင်းလေး သုံးပုဒ်လောက်ပဲ ဆိုရတာကို၊ ဟစ်ညခြောက်ထောင်၊ ခုနစ်ထောင်ရတာ၊ ဘာမှဖြစ်သွားတာလည်း မဟုတ်ဘဲနဲ့ ကိုကိုရာ"

"မဖြစ်သေးခင် ရှောင်ရမှာပေါ့၊ ဖြစ်ပြီဆို ကိုကိုတို့အနားမှာမရှိရင် ညည်း ဘယ်လိုလုပ်မလဲ"

"ကိုကိုမလာသရွေ့ သတိုးက အပြင်ကို တစ်ဖဝါးမှ မထွက်ဘူး၊ ဘာဖြစ်စရာမှလည်းမရှိဘူး"

ကိုကိုက မျက်မှောင်ကုတ်လျက် သတိုးကို ငုံ့ကြည့်လိုက်ကာ…

"ပြောလိုက်ရင် ညည်းမှာ ဆင်ခြေချည်းပဲ၊ တော်ပြီ… ဖေဖေမတားလည်း ကိုကိုမကြိုက်ဘူး၊ နောက်ထပ်တစ်ပတ်ပဲ၊ သီချင်းမဆိုရတော့ဘူး"

"ဟာ… တစ်ပတ်တော့မလုပ်ပါနဲ့ ကိုကိုရာ၊ တစ်လနော်… တစ်လ၊ တစ်လပဲ ဆိုမယ်၊ ပြီးရင် တကယ်မဆိုတော့ဘူး"

"တစ်လတောင် ဘာဖြစ်လို့ဆိုမှာလဲ"

"သတိုး အဝတ်အစားချုပ်မယ်၊ ကိုကို့အတွက် အနောက်တိုင်း ဝတ်စုံတစ်စုံဝယ်ပေးမယ်၊ ဖေဖေ့အတွက် အကောင်းစားပွဲတိုးဝတ်စုံတစ်စုံ၊ ပုဆိုးနဲ့တိုက်ပုံပေါ့၊ အဲဒါတွေဝယ်ပြီး တော်ပြီ"

"တော်ပါကွာ၊ အနောက်တိုင်းဝတ်စုံ ဘာလုပ်ရမှာလဲ"

"ကိုကိုဝတ်ဖို့ပေါ့၊ ကိုကို အရပ်မြင့်တယ်၊ ကိုယ်လုံးလည်း





တောင့်တယ်၊ အဆီအပိုမရှိဘဲ ဗိုက်ကရှပ်ရှပ်နဲ့ လမ်းလျှောက်တာကြည့်ကောင်းတယ်၊ အနောက်တိုင်းဝတ်စုံနဲ့ဆို သိပ်လှမှာ"

"တော်ပြီ၊ တော်ပြီ"

"အံမယ်… မတော်ပါဘူး၊ တကယ်ဝယ်မှာ"

သတိုးမျက်နှာလေးကို ငုံကြည့်လိုက်ရင်း အမှောင်ထဲက မျက်လုံးတွေကို စိတ်အာရုံမှာ ဖျတ်ခနဲထင်ကာ မင်းဦးသျှောင်လှည့်ကြည့်လိုက်မိ၏။

ကားမှတ်တိုင်တစ်ခုအလွန် ခပ်မှောင်မှောင် ဈေးဆိုင်တဲလေးထဲမှ လူရွယ်သုံးယောက် ထွက်လျှောက်လာကြ၏။

သုံးယောက်လုံး ဆံပင်ရှည်များနှင့်ဖြစ်ကာ အားလုံးထဲမှာ ခပ်ဝဝတစ်ယောက်ပဲပါသည်။

ထိုဝဝက ခေါင်းဆောင်ဖြစ်ပုံရလျက် လက်မှာ ဟန်းချိန်းကြီးက ထူထူခဲခဲကြီးကို ပြူးပြဲအောင် ဝတ်ထားသည်။

လည်ပင်းမှာ ဘတ်ကြိုးတုတ်တုတ် စိန်လက်စွပ်ပြောင်ပြောင်နှင့် လူ့ရုပ်ကလည်း ခပ်ကြောင်ကြောင်…

သူက ရှေ့ကို ပြုံးမဲ့မဲ့တိုးတက်လာတော့ သတိုးကိုပဲကြည့်လျက်။

"ခင်သတိုး… ဟဲ ဟဲ… သိပ်လှတာပဲနော်"

ဟု တပ်ဖြဲဖြဲပြော၍ မင်းဦးသျှောင်ကို လှည့်ကြည့်လိုက်တော့ မျက်နှာကို တင်းခနဲတည်ပစ်လိုက်၏။

"ဟိတ်ကောင်… မင်းက ဘာကောင်လဲကွ ငါတို့ကို

www.burmeseclassic.com



ဒီလိုညွန့်ဖို့မစဉ်းစားနဲ့၊ ခင်သတိုးက ငါတို့ရဲ့…"

"ခွပ်"

"အ"

မေးဖျားနဲ့ လက်သီးမိတ်ဆက်ပေ၊ လူဝမော့ခနဲ လန်သွားၾကါ။

"ဟိတ်"

"ခွပ်"

"ဘုတ်"

"အင့်"

နှစ်ယောက်က ပြေးကန်ကြသည်။

ခြေထောက်ကို လက်ဖျံနဲ့ရိုက်ထုတ်ရင်း တစ်ယောက်ဆီကို ပတ်ကန်ပစ်လိုက်၍ သူ့ကန်ချက်ကမထိဘဲ ကိုယ့်ကန်ချက်က နံရိုးကြားထဲသို့ ထိထိမိမိဝင်သွားသည်။

နောက်ထပ် ဟန်ချက်ပျက်သွားသူကို ဒူးနဲ့ပစ်တိုက်လိုက်တော့ နှစ်ကောင်မှောက်သွားသည်။

လူဝက နှုတ်ခမ်းကသွေးကို လက်ခုံနဲ့သုတ်ရင်း မှုန်တေတေ ကြည့်သည်။

"မှတ်ထားလိုက်ဦး၊ ဒါ ငါ့ညီမ၊ မင်းတို့ နောက်ထပ် ဗရုတ်ကျဖို့စိတ်ကူးရင် ဒီထက်နာမယ်မှတ်၊ ငါ့နာမည်လည်း မှတ်ထားဦး၊ King သင်တန်းကျောင်းက နည်းပြ မင်းဦးသျှောင်"





"ကိုကို"

"ဟင်"

သတိုးက ဖတ်နေသည့် မင်းဦးသျှောင်လက်ထဲက စာအုပ်ကို ဆတ်ခနဲ ဆွဲယူကာ အိပ်ရာဘေးမှာ ခေါင့်အောင့်ထိုင်ချလိုက်ၾကါ။

"ဘာလုပ်တာလဲ ညီမလေးရာ၊ ပြန်ပေး စာအုပ်"

"မပေးပါဘူး"

ကိုယ့်အိပ်ခန်း၊ အိပ်ရာပေါ်မှာမို့ မင်းဦးသျှောင် လဲလျောင်းနေရာမှ ထထိုင်လိုက်ရသည်။ သတိုးနဲ့သူက မောင်နှမအရင်းမဟုတ်။

ဘေးလူတွေမသိကြသော်လည်း သူတို့မိသားစုသုံးယောက်ကတော့ သိသည်။

မသင့်တော်တော့သည့်အရွယ်တွေမို့ အနေအထိုင်မဆင်ခြင်လို့မဖြစ်။

"ကိုကို"

"ဘာလဲ ဘာလဲပြော"

"ကြည့်ပါလား၊ ရုပ်က… ဒါ ဘယ်သူ့စာလဲ၊ နဒီရှို ဆိုတာ ဘယ်သူလဲပြော"

"ကိုကို့တပည့်မလေးပါ"

သတိုးက စာကို လက်ထဲမှာ လုံးထွေးကိုင်ပစ်လိုက်ကာ

"ဟင်… တိုက်ကွန်ဒိုတွေ ဘာတွေသင်ပေးနေတဲ့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မိန်းကလေးတွေရှိလို့လား''

''အများကြီး''

သတိုး နှုတ်ခမ်းလေးစူသွား၏။

''စာထဲမှာ မိတ်ဆက်ထားလိုက်တာ၊ ဘယ်လိုခင်တယ်၊ ဘယ်ညာခင်တယ်နဲ့ ချွဲပျစ်နေတာပဲ၊ အိမ်ပြန်တိုင်း သူ့ကားနဲ့ ပို့ပေးပါရစေတဲ့၊ သူက ဘာလဲ၊ ကိုကိုနော်.. မရိုးသားတာ အသိသာကြီး''

''ကိုကိုက ရိုးပါတယ်''

''ဒီရုပ်ကြီးလား ရိုးတာ''

''ဟောဗျာ... ဘာလဲ ကိုကိုရုပ်က နွားဘူးနဲ့တူနေလို့လား''

''နွားဘူးနဲ့တူနေရင် ဟိုကကော ဒီလိုကြိုက်နေပါ့မလားလို့၊ မရဘူး ကိုကိုနော်... ရည်းစားထားဝံ့ရင် ထားကြည့်''

မင်းဦးသျှောင်က အိပ်ရာထက်က ဆင်းဖို့ပြင်တော့ သတိုးက သူ့ရင်ခွင်ထဲ အတင်းတိုးဝင်လိုက်ကာ...

''ကိုကို''

မင်းဦးသျှောင် ဒုက္ခရောက်သွား၏။

ဒီကောင်မလေး သိလျက်နဲ့ဆိုးနေတာပါ။

အိပ်ရာပေါ်မှာဆို သူ့မှာ ပြန်ဖက်ထားရအခက်၊ တွန်းလည်းမပစ်ရက်။

''ကိုကို သတိုးကိုထားခဲ့ပြီး ဘယ်မိန်းမကိုမှ မယူရဘူးနော်''





''ဘယ်သူကယူမယ်ပြောနေလို့လဲ ညီမလေးရာ၊ ဖယ်... ကိုကို ရေသောက်မလို့''

သူ ရေအိုးနားထလာတော့ သတိုးက လက်မောင်းကိုကိုင်၍ လိုက်လာသည်ပဲဖြစ်ကာ...,

''ကိုကို''

''ဟင်''

''နဒီချိုက လှလားဟင်''

''မလှပါဘူး''

''ကိုကို မညာနဲ့နော်''

''ညာစရာလား''

''ကိုကို''

''ဟာကွာ''

သောက်နေရသည့်ရေခွက်ကို ဆွဲယူပစ်လိုက်သဖြင့် မင်းဦးသျှောင် လည်နင်သွားသည်။

''ဘယ်လိုလုပ်လိုက်တာလဲကွ၊ ရေတောင် ဖြောင့်ဖြောင့်မသောက်ရဘူး''

''ကိုကိုက အကြာကြီး တမင်သက်သက်လုပ်နေတာ၊ သတိုးပြောတာကို နားမထောင်ချင်လို့''

ရေခွက်ကို ရေအိုးပေါ်ဆောင့်ချကာ မျက်ရည်လေးလည်လျက် သတိုးလှည့်ထွက်သွားတော့ မင်းဦးသျှောင် ဖျတ်ခနဲ ဖမ်းဆွဲကာ...

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ ကဲ··· ဘာလဲပြော"

သတိုးက ချော့လိုက်မှ မျက်ရည်တွေ ပိုမိုပြည့်ဝိုင်းလာကာ လက်ကို ဖွတ်ပြန်ရုန်း၏။

"ဖယ်ပါ ကိုကိုရာ၊ မပြောတော့ဘူး"

"ပြောပါကွာ၊ အဲဒီလို စိတ်မကောက်ရဘူး၊ ယောက်ျား ရရင် အထုခံရတတ်တယ်"

မင်းဦးသျှောင်က ပခုံးလေးနှစ်ဖက်ကိုကိုင်၍ အတင်းချော့ တော့ သတိုးမျက်ရည်ပြည့်ဝိုင်းသော မျက်ဝန်းကလေးများနှင့် မော့ ကြည့်ကာ···

"ကိုကိုက သတိုးကို သူများနဲ့ ပေးစားပစ်တော့မှာလား ဟင်"

ပြုံးနေသည့် မင်းဦးသျှောင်မျက်နှာ ညို့ခနဲ ဖြစ်သွား၏။

အရွယ်လေးတွေရလာပြီဆိုကတည်းက ဒီကောင်မလေး မေးမေးလာတတ်သည့် မေးခွန်းအချို့က သူ့ကို အသက်ရှူမှားစေ ခဲ့တာ ခဏခဏ···

မောင်နှမ မဟုတ်ကြမှန်း သိထားလျက်နဲ့ညီမလေးရယ်···

"ပြောလေ ကိုကို"

"ညီမလေးရယ်··· ညည်းချစ်တဲ့သူတွေ့တဲ့အခါ ကိုကို က တားရင်ကော ရမှာမို့လို့လား"

"သတိုး ကိုကိုကလွဲရင် ဘယ်သူ့ကိုမှမချစ်ဘူး" ဟင်···





သတိုးစကားကို ဘယ်လိုရှောင်လွှဲရမှန်းမသိတော့။

သတိုးကို သူ မြတ်မြတ်နိုးနိုးချစ်သည်။ ဒါပေမဲ့ မောင်နှမ ချစ်ဆိုတာမျိုးက စခဲ့တာမို့ ရုတ်တရက် မရိုးသားဖို့က အုပ်ထိန်းသူ နေရာမှာ တစ်ဝက်ရောက်နေရသည့်သူ့အတွက် တကယ်မလွယ် သည့် ကိစ္စဖြစ်သည်။

"ဖြေလေ ကိုကို၊ သတိုးမေးနေတာ"

"ဟင့်အင်း"

"သတိုးကို ကိုကိုမချစ်ဘူးလားဟင်"

"ချစ်တာပေါ့ ညီမလေးရယ်"

ညီမလေးရယ်ဆိုသည့် အဖျားသတ်စကားလေးကြောင့် သတိုးမျက်နှာလေး ညှိုးကျသွား၏။

"သတိုးချစ်သလို ကိုကိုမချစ်ဘူးဆိုတာ သတိုးသိပါ တယ်"

မျက်ရည်စက်လေး လက်ခနဲကြွေဆင်းသွားကာ သတိုး ခေါင်းငုံ့လိုက်တော့ သူ သတိုးမျက်နှာလေးကို အတင်းမော့ယူ လိုက်သည်။

"ဘာဖြစ်လို့ငိုတာလဲ ညီမလေးရာ၊ ဒါ ငိုစရာလား၊ ညည်းကို ကိုကိုက ချီပွေ့ထိန်းကျောင်းလာခဲ့ရတယ်၊ အချစ်ချင်းပြိုင် ရင် ကိုကိုကတောင် ပိုဦးမယ်၊ ပြိုင်မလား ပြော"

ထောင်တန်တဲ့စကား ရယ်ပေါ့ တဲ့···

ရင်ထဲက ပွင့်ထွက်လာခဲ့သည့်စကားတွေကို ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သဖြင့် သတိုးမျက်နှာဝန်းလေးတွေ အေးစက်စက်ဖြစ်သွားခဲ့သည်။

မောင်နှမမဟုတ်မှန်းလည်း သိထားကြသည်။

တစ်ယောက်နဲ့တစ်ယောက် တွယ်တာနေကြတာလည်း မောင်နှမထက် ပိုကြသည်။

ကိုကိုဟာ သတိုးအတွက် တစ်ဘဝလုံးမှာ အချစ်ဆုံး။

ဒါကို ကိုကိုသိနေသည်။

ကိုကို တမင်ဟန်ဆောင်နေတာပါ။

သတိုးပါးပေါ်က မျက်ရည်တွေကို သုတ်ပေးတော့ ကိုကို့လက်ကို သတိုးဖယ်ချပစ်လိုက်၏။

သတိုးငိုလျှင် ငယ်ငယ်ကတည်းက ပခုံးပေါ်ကောက်ထမ်း၍ ပြေးတတ်သည့် မင်းဦးသျှောင်က သတိုးကိုယ်လုံးလေးကို ရင်ခွင်ထဲမှာ ညင်သာစွာ သိမ်းပွေ့လိုက်ကာ…

"ကိုကို့ကို အဖြေခက်အောင် မမေးပါနဲ့သတိုးရယ်၊ ကိုကို့ရင်ထဲမှာ ညည်းထက်မလျှော့တဲ့အချစ်တွေရှိနေတယ်ဆိုတာ ယုံစမ်းပါ၊ ဒါပေမဲ့ ကိုကိုတို့မှာ…"

"ဟင့်အင်း… ဟင့်အင်း မပြောနဲ့တော့"

သတိုး ကိုကို့ကို ပြန်လည်ဖက်တွယ်ကာ ခေါင်းခါပစ်လိုက်သည်။

ဟန်ဆောင်ဖုံးဖိနေကြရသည့် ဘဝတွေကို သတိုး မပျော်နိုင်တော့ပါ။





ငယ်ငယ်ကတည်းကပဲနေနေ၊ မွေးကတည်းကပဲဖြစ်ဖြစ်၊ မောင်နှမ မဟုတ်တာက မဟုတ်တာပဲဖြစ်သည်။

ချစ်တာကို ချစ်တယ်လို့မပြောရဘူးလား…

အလယ်မှာ စည်းခြားနေသည့် အတားအဆီးတစ်ခုကို သတိုး ကျော်ဖြတ်ဖို့အသင့်ရှိပေမယ့် ကိုကိုက မသိသလို လုပ်နေသည်။

သတိုးဘာပြောပြော ရှောင်ထွက်သွားတတ်၏။

သတိုးကို ကိုကိုမချစ်လို့လား…

www.burmeseclassic.com

မှတ်တိုင်မှာ ကားရပ်တော့ လူကကျပ်ကျပ်နှင့် အတင်းတိုးကြိတ်ဆင်းရသည်။

စားသောက်ဆိုင်ကိုအလာဆို အစောကြီးရှိသေးတာမို့ လိုင်းကားနဲ့ပဲ သတိုးလာနေကျ။

အပြန်ကျတော့ ကိုကိုလာကြိုသည်။

တစ်ခါတစ်လေမှ ဖေဖေလာတာ…

ခုဆို ဟိုတစ်နေ့သူက ပြဿနာဖြစ်ပြီးကတည်းက မေကြီးမါနဲ့လို့လည်း တားမရသဖြင့် ကိုကိုပဲ လာကြိုတော့သည်။

သတိုး ကားမှတ်တိုင်မှာ ခဏရပ်ကာ လူတွေကြားထဲတိုးထွက်ခဲ့ရသဖြင့် တွန့်တက်ပုံပျက်သွားသည့်အင်္ကျီကို ဆွဲချ၊ ဆလင်းဘက်ကို ပခုံးပေါ် ပြန်ဆွဲတင်လိုက်၏။

ပြီးမှ ဆိုင်ကိုသွားဖို့ လမ်းကိုဖြတ်အကူး…

"အမေ့"





ရှေ့မှာ ပတ်ကာရပ်သွားသည့် ကားအဖြူတစ်စီးကြောင့် လန့်ဖျပ်သွား၏။

အထဲက မျက်နှာတစ်ခု ငုံ့ကျလာသည်။

နိုင်ငံခြားမင်းသားတွေလို ဆံပင်ရှည်တို့ကို လာရစ်နဲ့ အပြောင်သိမ်းဖြီးကာ မျက်မှန်ရှည်အနက်ကို စွပ်ထားလျက် လင်းအုပ်စီးမျက်နှာက အထက်တန်းဆန်စွာ ချောသန့်နေ၏။

"ခင်သတိုး… မင်းကို ကိုယ်ဖိတ်ပါတယ်၊ ကားပေါ် ခဏလေးတက်ပါ"

"ဘာ… ဘာပြောတယ်"

"စားသောက်ဖို့ ကိုယ်မခေါ်ပါဘူး၊ မင်းကို ကိုယ်ပလာဇာလိုက်ပို့မယ်၊ မင်းကြိုက်တာ ကြိုက်သလောက်ဝယ်၊ ပြီးရင် ချက်ချင်းပြန်ပို့ပေးမယ်"

သတိုးက လက်ကလေးပိုက်လိုက်ပြီး မဲ့ပစ်၏။

"ရှင်က လူကိုငွေနဲ့ဆွယ်လိုက်၊ ပစ္စည်းနဲ့ဆွယ်လိုက်၊ ပေါ်တင်ကြီးပါလား ဦးလင်းအုပ်စီး၊ ကျွန်မကို ရှင် အဲဒီလောက်ထိ အထင်သေးနေသလား၊ ဆင်းရဲလို့ သီချင်းဆိုပြီးငွေရှာတာ မှန်တယ်၊ ဒါပေမဲ့ ကျွန်မက ကိုယ့်လုပ်အားနဲ့ရတဲ့ငွေကလွဲပြီး ဘယ်ငွေ၊ ဘယ်အဆောင်အယောင်ကိုမှ မမက်မောဘူး၊ ရှင့်မှာရှိသမျှ စည်းစိမ်တွေ ခုချက်ချင်းလွှဲပေးမယ်၊ တစ်နာရီလောက်လေး တွေ့ပါရစေဆိုရင်တောင် ဆောရီးပဲ၊ ရှင့်လိုလူနဲ့ အတူတွဲလျှောက်လို့ ပွန်းပဲ့သွားမယ့် ကျွန်မဂုဏ်သိက္ခာက ရှင့်စည်းစိမ်ထက် တန်ဖိုးကြီးတယ် အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်စမ်းပါ"

"ဟား ဟား ဟား…"

သတိုး သူ့ကားကို ကွေ့ရှောင်ကာ လမ်းကို ဖြတ်ကူးလာခဲ့၏။

လင်းအုပ်စီးက မျက်မှန်ကို အသာဆွဲချတ်ကာ သတ္တုကျော ပြင်လေးကို ဘက်မှန်ထဲကနေ လိုက်ကြည့်နေသည်။

ခင်သတိုးဟာ သူ့ရင်ထဲမှာ အမှတ်တမဲ့ကနေ အမှတ်တရ ဖြစ်လာခဲ့ရာ…

"ကိုကိုလိုက်ပို့ပါလားဟင်"

"မအားလို့ပါ ညီမလေးရာ၊ တရုတ်နှစ်သစ်ကူး ညီမလေးတို့ဆိုင်က တရုတ်တွေမို့လို့ ဆိုင်ပိတ်ပေမယ့် ကိုကို့သင်တန်းက ဒီနေ့မှ ခန်းဝင်ခန်းထွက် စစ်ဆေးမှာ"

"ခန်းဝင် ခန်းထွက်ဆိုတာ ဘာလဲကိုကို"

"စာမေးပွဲပဲပေါ့၊ ခန်းဝင်ခန်းထွက်အောင်ရင် ဒါးပတ်ရောင်နဲ့ လက်မှတ်အဆင့်ဆင့်ပေးတယ်၊ ညီမလေးတို့ပဲ သွားကြနော်၊ မုန့်ဖိုးလိုသေးလား"

"မလိုပါဘူး"

သတိုးက မကျေမနပ်လေး ခေါင်းညိတ်၍ လှည့်ထွက်သွား၏။

မင်းဦးသျှောင် ပင့်သက်ရှိုက်လျက် အခန်းထဲဝင်၍ အဝတ်စားလဲသည်။





"ကိုကို"

သူ အင်္ကျီဝတ်ပြီးတော့ သတိုးကဝင်လာကာ အင်္ကျီကြယ်သီးလေးတွေကို တပ်ပေး၍

"သတိုးကို ဘယ်နေ့ ရုပ်ရှင်လိုက်ပြမှာလဲ"

"အခု ညီမလေးသူငယ်ချင်းတွေနဲ့ သွားကြည့်မှာမဟုတ်လား"

"သတိုး ကိုကိုနဲ့ပဲ သွားချင်တာ"

သူ ပြုံးလိုက်မိပြီး သတိုးလက်ကလေးကို ဆုပ်ကိုင်လိုက်၏။

"လကုန်ရက်လောက်ဆို ကိုကိုအားတယ်၊ ဘာကားဖြစ်ဖြစ် ကြည့်မှာလား ပြော"

"ကြည့်မယ်"

သတိုးက သူ့လည်ပင်းကို လှမ်းဖက်၍ ရယ်နေသည်။

ပါးမို့လေးတွေနီမြန်းလျက် မျက်တောင်တိုစိပ်စိပ်လေးတွေ ထူနက်နေသည့် မျက်နှာလှလှလေးကို နီးနီးကပ်ကပ်လေး ငုံ့မိုးကြည့်မိရင်း ရင်ထဲမှာ လှုပ်ရှားစပြုလာသည်။

သူ သတိုးနားက ခွာမှဖြစ်မှာပါ။

သတိုးလက်တွေကို ဖယ်ချတော့ သတိုးက သူ့မေးဖျားကို ခြေဖျားလေးထောက်၍ နမ်းလိုက်ပြီး…

"ကိုကို့ကို သတိုးချစ်တယ်"

"ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွေးက ပွက်ခနဲ ဆူပွက်လျက် သတိုးကိုယ်လုံးလေးကို သူ့ ထွေးပွေ့မိတော့မတတ် ဖြစ်သွားခဲ့၏။

ရိုးရိုးသားသားစိတ်နဲ့ ဘယ်လိုပဲလုံးထွေးနေနေ…

သွေးဆူသည့်အခါ မထိန်းသိမ်းလို့မဖြစ်။

သူ စောင့်ထိန်းခြင်းကို ခံယဉ်းစွာ ဆောင်ရွက်လိုက်ရပြီး သတိုးပခုံးလေးကိုဖက်၍ အပြင်ထွက်လာခဲ့သည်။

"ဟော… သား အလုပ်သွားတော့မလို့လား"

မောင်နှမနှစ်ယောက်ကိုကြည့်၍ ဦးနှင်းမိုးက ဧည့်ခန်းက ကြိမ်ကုလားထိုင်မှာ ထိုင်လိုက်၏။

"လိုတော့လိုပါသေးတယ် ဖေဖေ၊ ဖေဖေ့သမီးက ရုပ်ရှင်ပြဖို့ ဂျီကျနေလို့"

"အံမယ်… သတိုး ဂျီကျလို့ရသေးလို့လား၊ သူက ဂျီကျတော့ အလိုလိုက်တာကျနေတာပဲ၊ ဟွန်း…"

သတိုး မျက်စောင်းလေးထိုးတော့ မင်းဦးသျှောင်က ရယ်၍ သတိုးပါးလေးတစ်ဖက်ကို ခပ်ဖွဖွဆွဲလိမ်ပစ်လိုက်၏။

"နောက်တော့ လိုက်ပြမှာပေါ့ ညီမလေးရာ၊ ကိုကို ချော့ထားတယ်လေ"

"တော်ပါပြီ"

"သမီးက ရုပ်ရှင်သွားမလို့လား"

"ဒီနေ့ဆိုင်ပိတ်တယ် ဖေဖေ၊ ပြီးတော့ သတိုးတို့ အံ့ပေါင်းရထားတယ်၊ အဲဒါနဲ့ သူငယ်ချင်းတွေစုပြီး ရုပ်ရှင်သွားကြည့်ကြ





မလို့"

ဦးနှင်းမိုးက ရွှင်လန်းမှုမရှိသောအပြုံးနှင့် မင်းဦးသျှောင်ကို လှမ်းကြည့်၏။

မင်းဦးသျှောင်က ဦးနှင်းမိုးရှေ့မှာ ဝင်ထိုင်လိုက်ကာ

"ဖေဖေ ဘာပြောစရာရှိလို့လဲ"

"အင်း… သားနဲ့ စကားနည်းနည်းပြောစရာရှိတယ်၊ သမီးသွားချင် သွားတော့လေ၊ အစစအရာရာ သတိတော့ထားပါ သမီးရယ်၊ ဟိုတစ်ခါ ပြဿနာဖြစ်ရပုံမျိုး သမီးတစ်ယောက်တည်း ဖြစ်ရင် ဘယ်သူကကူညီနိုင်မှာလဲ၊ ကိုယ်က အများကိုမသိနိုင်ပေမယ့် အများက ကိုယ့်ကိုသိနေ၊ ကြံနေတာကို ဘယ်လိုမှမကာကွယ်နိုင်ဘူး"

"သတိုးသိပါတယ် ဖေဖေ၊ ရုပ်ရှင်တစ်ကားကြည့်ပြီး ခဏတဖြုတ်ပဲလည်မှာပါ"

"အေး အေး… သွား"

သတိုးက လွယ်နေကျကြိုးသိုင်းအိတ်လေးကို ပခုံးမှာချိတ်၍ ထွက်သွား၏။

"သား"

"ပြောပါ ဖေဖေ"

ဦးနှင်းမိုး စကားတစ်ခုကိုပြောဖို့ အတင်းကြီး အားယူနေရပုံမျိုးနှင့် နှုတ်ခမ်းတွေ လှုပ်ခတ်နေပေမယ့် စကားသံ တော်တော်နှင့် မထွက်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာပြောချင်လို့လဲဟင်၊ ပြောရခက်နေတဲ့စကားမျိုးမို့လို့လား"

"ဟုတ်တယ် သား၊ ဖေဖေ ပြောရခက်နေတယ်၊ ဖြူစင်နေတဲ့ ပိတ်ပါးစလေးတစ်ခုကို စွန်းထင်းသွားမှာစိုးသလို ဖေဖေစိုးပါတယ်၊ ဒါပေမဲ့ ဖေဖေ မပြောလို့လည်းမဖြစ်ဘူး"

မင်းဦးသျှောင်က မျက်ခုံးတွေ တွန့်ကွေးသွားလျက် ဖေဖေ ဘာပြောချင်နေသည်ကို ခန့်မှန်းကြည့်နေမိ၏။

ဦးနှင်းမိုးက သားဖြစ်သူမျက်နှာကို ခပ်စိုက်စိုက် လှမ်းကြည့်လိုက်ပြီး

"သား... သားညီမလေးကို ဘယ်လိုသဘောထားသလဲ"

"ဗျာ"

ဦးနှင်းမိုးက ပင့်သက်တစ်ရှိုက်နှင့်အတူ မျက်လွှာချပစ်လိုက်၍...

"ပွင့်ပွင့်လင်းလင်းပြောရရင် သားနဲ့သမီးကို ဖေဖေ နေရာချထားပေးချင်တယ်ကွယ်"

မင်းဦးသျှောင် ဘယ်လိုမှထင်မှတ်မထားခဲ့သည့်စကား၊ ဦးနှင်းမိုးမျက်နှာကို ငေးမော့ကြည့်နေမိလေသည်။

"မောင်နှမ မဟုတ်ဘူးဆိုတာလည်း သားတို့သိနေကြတာပဲ၊ သမီးလေး သားကို ဘယ်လိုတွယ်တာသလဲဆိုတာလည်း ဖေဖေ သိတယ်၊ ဒီတော့ သားရဲ့ဆန္ဒကို ဖေဖေသိချင်တယ်"





"ဖေဖေ ဘာဖြစ်လို့ ဒီစကားပြောတာလဲဟင်၊ ကျွန်တော် ညီမလေးကိုဆက်ဆံတဲ့ပုံစံက ဖေဖေစိတ်မချစရာမျိုးဖြစ်..."

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး သား၊ သားက တည်တံ့တယ်၊ စိတ်မှန်တယ်၊ သမီးလေးကို အလိုလိုက်တယ်၊ ဒါကိုယုံကြည်လို့ပြောတာ၊ သမီးလေး သွားလာလှုပ်ရှားတဲ့နယ်ပယ် ကျယ်ပြန့်လာလေ၊ ဖေဖေ စိတ်မချလေပဲ၊ ပြီးတော့ သမီးလေးက လှတယ်၊ သူ့အလှကို သူမကာကွယ်နိုင်ဘဲ ခြေတော်တင်မယ့် လူယုတ်မာတွေနဲ့တွေ့မှာ ဖေဖေ စိုးတယ်၊ သူချစ်တာသူ့ရှာပြီး ထင်ရာလုပ်သွားတာမျိုးဖြစ်မှ ရင်နာကြေကွဲမကျန်ခဲ့ချင်ဘူး၊ သမီးကို လူချမ်းသာနဲ့ ပေးစားမယ်ဆိုတဲ့ ဆန္ဒမျိုးလည်း ဖေဖေ့မှာမရှိပါဘူး၊ ဖေဖေ့သမီးကို ဖေဖေယုံကြည်တဲ့ သားနဲ့ပဲ လက်ထပ်ပေးချင်တယ်"

ဦးနှင်းမိုးက မင်းဦးသျှောင်မျက်နှာကို အကဲခတ်သလို ကြည့်လိုက်ပြီးမှ...

"လက်ထပ်ပြီးကြရင် သမီးလေးကို သား ပိုင်ပိုင်နိုင်နိုင် စောင့်ရှောက်နိုင်မယ်၊ ပိုပြီးသာယာစိုပြေသွားမယ်၊ သားတို့ချင်း မောင်နှမ မဟုတ်ဘူးဆိုတာ လူတစ်ရာမသိပေမယ့် ဆယ်ယောက်လောက်တော့သိကြမှာပဲ၊ ဒီပါးစပ်တွေ ဘာမှပြောဆိုဝေဖန်မလာခင် သားတို့ကို လက်ထပ်ပေးထားချင်တာ"

မင်းဦးသျှောင် သတိုးကိုချစ်ပါတယ်။ သတိုးက သူ့ကို ချစ်နေမှန်းလည်းသိသည်။ ဒါပေမဲ့ ညီမလေးကိုယ်တိုင် သူ့ကို ဘယ်ပုံစံနဲ့ချစ်တယ်ဆိုတာ အရောင်ခွဲနိုင်သေးရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ ပြောပြီးပြီ၊ သားဆန္ဒကို ပြောပါဦး"

"ကျွန်တော်..."

"သားမှာ ချစ်သူရှိလား"

"မရှိပါဘူး ဖေဖေ၊ ကျွန်တော့်မှာ ဖေဖေရယ်၊ ညီမလေးရယ်ကလွဲပြီး တွယ်တာစရာမရှိပါဘူး"

"ဟုတ်ပြီ၊ သမီးလေးမှာ ရည်းစားသနာ မရှိနိုင်ဘူးဆိုတာလည်း ဖေဖေသိတယ်၊ သားကို သူသိပ်ချစ်ရှာတာ၊ ဒါဆို သားတို့ကို..."

"နေပါဦး ဖေဖေ၊ ဒီကိစ္စကို ကျွန်တော် ညီမလေးကို မေးချင်သေးတယ်၊ ကျွန်တော်တို့ဆွေးနွေးပြီးမှပဲ မင်္ဂလာကိစ္စပြည့်စုံအောင် ကျွန်တော်ကြိုးစားပါ့မယ်၊ မပြည့်စုံဘူးဆိုပေမယ့် ညီမလေးကို တင့်တင့်တယ်တယ် လက်ထပ်ချင်တယ်၊ မင်္ဂလာက မင်္ဂလာနဲ့တူမှဖြစ်မှာ ဖေဖေ"

"အေး... ကောင်းတယ်၊ သားတို့ချင်း ညှိနှိုင်းကြ၊ ဖေဖေကတော့ ဒါကိုပဲပူပင်နေရတာ၊ ခုတော့ စိတ်ချမ်းသာသွားပါပြီ၊ ဒီအိမ်ကို အရင်းနဲ့အတိုးတွက်ပြီး ငွေပြန်အမ်းခိုင်းမယ်ကွာ၊ ဒီငွေနဲ့ သင့်တင့်တဲ့နေရာတစ်နေရာမှာ တို့မိသားစုသုံးယောက် တက်ညီလက်ညီ ကြိုးစားရှာဖွေကြတာပေါ့"

"အတိုးပေးနိုင်နေတာပဲ ဖေဖေ၊ အိမ်ကိုမရောင်းပါနဲ့ဦး၊ အိမ်ကြီးကနေ အိမ်လေးဖြစ်သွာရင် ညီမလေး အားငယ်သွားမှာစိုးလို့ပါ၊ ဖေဖေလည်း ဟိုပွဲရုံမှာ သိမ်းကျုံးလိုက်မလုပ်ပါနဲ့ ဖေဖေ





ရယ်၊ ကိုယ်ပိုင်ဘော့တာမှမဟုတ်တာ၊ ရောင်းလိုက်ပြီးမှတော့ သူတို့ဟာသူတို့ ကိုင်တွယ်ကြတော့ပေါ့၊ လုပ်ငန်းကျွမ်းကျင်အောင် ဆွဲပြပါ၊ ခေါ်ပြပါဆိုပြီး ဖေဖေ့ကိုချည်းခိုင်း၊ ပိုက်ဆံပေးတော့ ကူလီရှင်းပေးသလိုပေးတာ အောက်ကျပါတယ်"

ဦးနှင်းမိုးက ခပ်ယဲ့ယဲ့ပြုံး၍ နေရာမှ ထရပ်လိုက်၏။

"ဒါဟာ လောကဓံတရားပဲ သားရဲ့၊ ဖေဖေ့မိုက်ပြစ်ဖေဖေ ခံရတာပဲ၊ ခုချိန်မှာ ဖေဖေလုပ်နိုင်တာ ဒါပဲရှိတယ်လေ၊ အိမ်မှာ ဖေဖေ့နေရာမပျောက်အောင်တော့ ဖေဖေရှာရမှာပဲလေ၊ မတားပါနဲ့ကွယ်"

ဦးနှင်းမိုး သူ့အခန်းလေးထဲ ဝင်သွားလေသည်။

တိုက်လေးက ရိုးရိုးပုံစံနှင့် နှစ်ထပ်တိုက်ဖြစ်ကာ ခြံလည်း သိပ်တော့မကျယ်ပါ။

လှပသောဥယျာဉ်ပန်းမန်စိုက်ပျိုးတာလည်း မရှိ။

ဘေးတွဲက ကားဂိုဒေါင်ရှေ့မှာဆို သစ်နွယ်အချို့တောင် ပေါက်နေသေးသည်။

အထည်ကြီးပျက်ဆိုသည့်ဘဝမှာ တိုက်ကပါ နွမ်းနေသည်။

ကားဂိုဒေါင်က ဖုံတက်နေ၏။

မေမေမဆုံးခင်က ကုန်သွားလိုက်တာ တိုက်ထဲမှာ ရေခဲသေတ္တာလေးတောင်မှ မထားနိုင်တော့သည့်အဖြစ်။

တီဗီနဲ့ စီဒီစက်လေးကိုတောင် သူ ညီမလေးကိုဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တာ တစ်နှစ်ကျော်ကျော်လောက်ပဲ ရှိသေးသည်။

အိမ်ထောင်တစ်ခုကို ဦးစီးဦးဆောင်ပြုဖို့ သူ့မှာ အများကြီး လိုဦးမှာပါ။

+++

"သတိုး... ဟိုဘက်တိုးဟာ၊ ငါ့နေရာက စောင်းစောင်းကြီး ဖြစ်နေတယ်"

"အံမယ်... သူများခုံကို တိုးလို့ဖြစ်မလား၊ လာနေရင် ဘယ်နှယ့်လုပ်မလဲ"

သမုက သတိုးရဲ့တစ်ဖက်က လွတ်နေသည့် တစ်လုံးတည်းသောခုံကို ခါးလေးကိုင်း၍ ငုံ့ကြည့်လိုက်ကာ

"အဲဒီပိုင်ရှင်က တစ်ယောက်တည်းပဲ့နေလို့ လာကြည့်မှာ မဟုတ်ဘူး၊ ငါသိတယ်၊ တိုးသာတိုး"

"မတိုးနိုင်ပါဘူး၊ ဝါသနာပါရင် ကိုယ့်ဟာကိုယ်လာထိုင်၊ ပိုင်ရှင်လာတော့မှတော့ ထမပေးနိုင်ဘူး"

ဒီလိုကျတော့လည်း သမုက မထိုင်။

"မိသူ... နင်သွားဟာ"

"အံမယ်... နင်ကြည့်ချင်တာ နင်သွားပေါ့"

ရုပ်ရှင်က ပြတော့မည်။ သူတို့အုပ်စု ဆူညံပွထနေတာ မပြီးကြသေး။





"သူဌေးကလည်း ရုပ်ရှင်လက်မှတ်တွေပေးတာ ဘယ်လိုနေရာတွေက ဝယ်ပေးမှန်းမသိဘူး၊ ရုပ်ရှင်သွားကြည့်ကြ၊ ရှေ့ပိုက်ဆံဆို ပြီးတာပဲ"

သမု ပွစိပွစိ ပြောနေဆဲ...။

"ဩော်... တို့တွေ ကြည့်ဖြစ်အောင်ပေးတာ ဖြစ်မှာပေါ့ဟာ၊ ကားက ကောင်းတယ်၊ ရှယ်တန်းကကြည့်ရတာကို စေတနာ ဓော်ကားပြန်ပြီ"

ရုပ်ရှင်ပြတော့ မှန်တိုင်းကားက စလာကတည်းက ခပ်ရင့်ရင့်...

သူများတွေ ပိတ်ကားပေါ် အာရုံရောက်သွားကြပေမယ့် ဝေးယောက် အစွန်မှာထိုင်နေရှာသည့် သမုက ထိုတစ်လုံးခုံလေးကို သံယောဇဉ်မပြတ် ငုံ့ငုံ့ကြည့်နေဆဲ။

ရုပ်ရှင်ပြနေပြီး၊ လူမလာတော့ပါဘူး၊ ဟိုဘက်တိုးပါဟု ပြောချင်နေမှန်း သတိုးသိသည်။

သို့သော် သတိုး မသိချင်ယောင်ဆောင်နေလိုက်၏။

ထိုစဉ် လွန်စွာတန်ဖိုးကြီးသော ရေမွှေးနံ့တစ်ချက် ဝေ့သွားကာ ဘေးမှာ လူတစ်ယောက်လာထိုင်ချလိုက်သဖြင့် သတိုး လှည့်ကြည့်လိုက်မိလျှင်...

"ဟင်"

လျှာဖျားလေးမှာတင်ထားသည့် ဇီးစေ့လုံးကလေး လျှောခနဲ ပြန်လည်ဆင်းကျသွားတာကို သတိမထားမိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအုပ်စီးက တအံ့တသြလေးကြည့်နေသည့် သတိုးကို မပြုံးဘဲ ညှို့ငင်သောမျက်ဝန်းများနှင့် စောင်းငဲ့ကြည့်ကာ

"တိုက်ဆိုင်တယ်နော်၊ အံ့သြစရာပဲ"

"ဘာမှအံ့သြစရာမရှိဘူး၊ ဒါ ရှင်တမင်လုပ်ထားတာ မဟုတ်လား"

"အဲလိုထင်တယ်ပေါ့"

သတိုးမျက်နှာလွှဲပစ်လိုက်သည်။ ဘေးက သမုတို့လည်း လင်းအုပ်စီးကို မြင်သွားကြကာ တစ်ယောက်ကိုတစ်ယောက် လက်တို့၍ အသံလေးတွေ ငြိမ်ကျသွားကြ၏။

ရုပ်ရှင်ပြနေပြီမို့ စကားတွေများလို့လည်းမရ။ ဝုကျမှ နေရာထလဲလို့လည်း လူမြင်မကောင်း။

သတိုး မျက်နှာလေးတင်းနေကာ လင်းအုပ်စီးကို မငေိုလား ခြင်းများက တင်းတင်းစေ့ပိတ်နေသည့် နှုတ်ခမ်းလှလှလေးများမှာ အထင်အရှား။

လင်းအုပ်စီးက သတိုးကို နီးနီးကပ်ကပ် စိုက်ကြည့်လိုက်ပြီး မဲ့ပြုံးပြုံးသည်။

သူ့ရုပ်ရည်၊ သူ့စည်းစိမ်အရှိန်အဝါကို အများသူငါလို တပ်မက်သော အမူအရာတွေ ဒီမိန်းကလေးမှာ ရှိမနေဘဲ သူ့ကို မြင်တိုင်း အထင်သေးရွံရှာသော ချိုးနှိမ်ခြင်းများနှင့်သာ ဆက်ဆံတတ်သောအခါ အမှတ်တမဲ့ စိတ်ဝင်စားခဲ့သောရုပ်သွင်က သူ့ရင်ထဲမှာ ထင်ထင်ရှားရှား ဖြစ်လာ၏။





လှလိုက်တာဟု ထင်ခဲ့ခြင်းက ရင်ထဲထိဝင်ကာ ဖျောက်မရအောင် အရိပ်ထင်လာ၏။

အခြေခံအကြောင်းတစ်ရပ်က မခံချင်စိတ်ဖြစ်၏။ သတိုး၏ အဖက်မတန်သလို ဆက်ဆံမှုကို သူမခံနိုင်တာ။

"ခင်သတိုး... မင်းနဲ့ကိုယ် နှစ်ယောက်တည်းစကားပြောချင်တယ်၊ ရုပ်ရှင်ပြီးရင် အောက်ထပ်က စားသောက်ဆိုင်မှာပဲ တစ်ခုခုလိုက်စားဖို့ ကိုယ်ဖိတ်တယ်ကွာ"

"ဘာဖြစ်လို့ လူကို ဟိုဖိတ် ဒီဖိတ်လုပ်နေတာလဲ ဦးလင်းအုပ်စီး၊ မိန်းကလေးတစ်ယောက်ဆိုက ဒီလောက်ထိ တုံ့ပြန်မှုရရင် ရှင်ဆက်ကြိုးစားသင့် မကြိုးစားသင့် နားလည်ဖို့ကောင်းပါပြီ"

"ကိုယ် နားမလည်ဘူး၊ မင်း ကိုယ့်ရဲ့ဖိတ်ခေါ်မှုကို မလိုက်လျောသရွေ့ ဖိတ်ရမှာပဲ၊ ဒီအောက်မှာပဲ စားသောက်ဖို့အတွက် မင်း ဘာဖြစ်သွားမှာမို့လဲ ခင်သတိုး"

"ရှင်နဲ့အတူ ဘယ်မှာမှတွဲမသွားချင်လို့လေ၊ ဆောရီးပဲ ဦးလင်းအုပ်စီး၊ သတိုးက ယောကျ်ားလေးတစ်ယောက်ကို အားမနာတတ်ဘူး"

လင်းအုပ်စီးမျက်နှာ တင်းခနဲဖြစ်သွားပြီးမှ မထီပြင်စွာ ပြုံးလိုက်၍

"ရတယ်လေ၊ မင်းက ရခဲတုံးဆိုရင် ကိုယ်က နေမြင့်ရှိန်ပေါ့၊ မင်း ဘယ်လောက်ပဲအေးခဲနေနေ၊ ပျော်ကျစီးမျောသွားမယ့် တချိန်ချိန်ကတော့ ရှိလာမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်စမ်းပါစေ၊ ကျွန်မက ဒီလို ပျော်ကျစီးမျောသွားခဲ့ရင်တောင် မြစ်ချောင်းအင်းအိုင်ဟာ ရှင်ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် ပထဝီမြေပြင်ဟာ ရှင်ပဲဆိုရင် မြေကြီးထဲလည်း စိမ့်မဝင်ဘူး၊ မြစ်ချောင်းအင်းအိုင်ထဲလည်း မစီးဘူး၊ အငွေ့ပျံပြီး ခမ်းခြောက်ပစ်လိုက်မယ် သိလား"

"အဲဒီအငွေ့ကို အုပ်မိုးဖို့အတွက် ကိုယ်က ကောင်းကင်ကြီးဖြစ်နေရင်ကော"

သတိုး သူ့ကို ရှူးရှူးရဲရဲပြန်ကြည့်၍ အံကြိတ်လိုက်၏။

"ရှင် ဘယ်တော့မှမရဘူးဆိုတာယုံ"

သူ့ထံမှ ရယ်သံသဲ့သဲ့ကြောင့် ရင်ထဲမှာ အမုန်းတရားတို့က တဆစ်ဆစ်ဖြစ်ထွန်းလာခဲ့သည်။ ဒီလူ့နားကနေ အခိုးအငွေ့လေးဖြစ်၍ ပျံထွက်သွားပါရစေ။

◂◂ ⏮ ‖ ■ ● ▸▸ ⏭

"ဟိတ်··· ဘာလုပ်နေတာလဲ၊ ရည်းစားစာ ရေးနေတာလား၊ ပြစမ်း"

"ကိုကိုနော်"

စာကြည့်စားပွဲကနေ ကုန်းကုန်းကွကွ ဘာတွေရေးနေမှန်းမသိဘဲ သတိုးက ဆတ်ခနဲ မတ်တပ်ရပ်လိုက်တော့···

"ဒီမှာ စာအုပ်ပျောက်လို့ရှာနေတာကို၊ ဘာတွေလာပြောနေမှန်းမသိဘူး ကိုကိုက···"





"ဟုတ်လား၊ ဆောရီး··· ဆောရီး"

မင်းဦးသျှောင်က ပြတင်းပေါက်နားမှာ သွား၍ တံခါးကိုကျောပေးရပ်ကာ လက်ပိုက်ရပ်ရင်း ပြုံးနေသည်။

"ကိုကို ဒီနေ့ သင်တန်းမသွားဘူးလား"

"မသွားဘူး၊ ကောင်မလေးတစ်ယောက်နဲ့ ချိန်းထားလို့"

"ဘာ··· ဘယ်လို ကိုကို၊ ဘယ်က ကောင်မလေးလဲ၊ ဘာလုပ်ဖို့ချိန်းတာလဲ"

မင်းဦးသျှောင်က လက်ပိုက်ဖြုတ်၍ ဆံပင်တစ်ချက်သပ်၍ ပြုံးသည်။

မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောဖို့က မလွယ်ပါလားဟု သိလာရသောအချိန်တွင် ရင်တွေခုန်နေလိုက်တာ လူပျိုဖြန်းကလေးလိုပါလား။

ပြီးတော့ ညီမလေးလိုလည်း ချစ်ခဲ့ရသူလေးမို့ စကားလုံးတို့က ပါးစပ်ထဲကိုရောက်မလာဘဲ နားထဲ၊ မျက်လုံးထဲတွေမှာ လမ်းကြောင်းမှား၍ ဝင်ကုန်ကြသလားမသိ။

"ကိုကို··· ပြောလေ"

သတိုး ချက်ချင်း သူ့ရှေ့ရောက်လာကာ ပခုံးကိုကိုင်လှုပ်၍ လက်ကိုလည်းထုသည်။

"ဖေဖေက ကိုကို့ကိုပြောတယ်၊ အိမ်ထောင်ပြုဖို့လေ"

"ဟင်···"

သတိုးမျက်နှာလေး အပျက်ပျက်နှင့် ငေးခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးသျှောင်က ခပ်တည်တည် မျက်နှာလွှဲလျက်…

"မိဘပြောတဲ့စကားကို ခေါင်းမခါချင်လို့ ကိုကို ခေါင်းညိတ်လိုက်တယ်"

"ဖေဖေက ဘယ်သူနဲ့ပေးစားမှာတဲ့လဲ၊ ကိုကိုက… ကိုကိုက သူ့ကိုချစ်လို့လားဟင်"

"ချစ်တယ်၊ ဟိုတုန်းကတည်းက ချစ်နေတာ၊ ညီမလေးကော ပြောလေ၊ သဘောတူလား"

"ဘာ… ဘာကို သဘောတူရမှာလဲ၊ မတူဘူး၊ ကိုကို ဘယ်မိန်းမကိုမှမယူရဘူးလို့ သတိုးပြောပြီးသား၊ ကိုကို သိပ်ရက်စက်တယ် သိလား၊ အဟင့်…"

သတိုး တရှိုက်ရှိုက်ငို၍ ထွက်ပြေးမည်ပြင်တော့ သတိုးပခုံးလေးကို သူ ဖမ်းဆွဲထားလိုက်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"သတိုး… သတိုး ကိုကို့ကို သေသေချာချာကြည့်စမ်း"

သတိုးမျက်နှာလေးမော့လာတော့ မျက်လုံးချင်း အကြာကြီးဆုံကြည့်နေပြီးမှ…

"ညီမလေး… အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောလွန်းလို့ ကိုကိုမယုံရဲတာ၊ ကိုကို့ကိုချစ်တယ်လို့ချည်း ပြောနေတာ၊ ဘယ်လိုချစ်တာလဲ၊ အစ်ကိုတစ်ယောက်ကို သူစိမ်းကို မပေးလိုက်နိုင်တာမျိုးလား၊ ဒါမှမဟုတ် ကိုကို့ကို… ကိုကို့ကို ဘယ်လိုချစ်တာလဲ၊ ပြောစမ်းပါကွာ"

သတိုးမျက်နှာလေး အခိုရပ်ကာ မင်းဦးသျှောင်ကို သေသေ





ချာချာလေး ငေးမောလာ၏။

"ပြောလေကွာ"

"ကိုကိုကကော… ကိုကိုက သတိုးကို ဘယ်လိုချစ်တာလဲ"

"ကိုကိုမဖြေခင် ညီမလေးဖြေမှဖြစ်မယ်၊ ကိုကို စကားမှားသွားလို့မဖြစ်ဘူး၊ ပြောစမ်းပါ သတိုးရယ်၊ ကိုကို့ကို ဘယ်လိုချစ်တာလဲ၊ ဟိုတုန်းကလို တွယ်တာတာမျိုးနဲ့ပဲလားဟင်"

"ကိုကိုရယ်… သတိုးက ဟိုတုန်းကလို ကလေးငယ်လေးမှမဟုတ်တော့တာ၊ ကိုကို့ကို ဘယ်သူ့ကိုမှမပေးနိုင်အောင် သဝန်တိုနေတာကို ကိုကို နားမလည်ဘူးလားဟင်"

မင်းဦးသျှောင် ရင်ထဲမှာ လှပ်ခနဲအေးမြသွားကာ သတိုးပခုံးလေးကို ဖျစ်ညှစ်ပစ်လိုက်မိ၏။ သတိုးမျက်နှာလေး မဲ့သွားသော်လည်း မရုန်းဖယ်ဘဲ…

"ကိုကို ခုကျမှ ဘာဖြစ်လို့လာမေးနေတာလဲဟင်၊ ဖေဖေပေးစားတဲ့မိန်းမကိုယူမလို့ဆို၊ သူ့ကိုပဲချစ်တယ်ဆို"

သတိုး ကြေကွဲစိတ်လေးတွေ ခေါင်းထောင်လာပြန်ကာ အသံလေးက အက်ကွဲလာ၏။

"ဖေဖေက ကိုကို့ကို ဘယ်သူနဲ့ပေးစားမှာလဲ သိလား"

"ဟင့်အင်း"

"ခင်သတိုးဆိုတဲ့ ကောင်မလေးနဲ့လေ"

"ဟင်… ခင်သတိုး… သတိုးနဲ့…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဖေဖေက သတိုးနဲ့ ကိုကို့ကို လက်ထပ်ပေးမယ်တဲ့လား"

"ဟုတ်တယ်"

သတိုး၏ ဝိုင်းစက်သောမျက်ဝန်းလေးများမှာ မျက်ရည်တို့ တအိအိပြုံဆင်းလာကာ ဟီးခနဲ ငိုချလိုက်လေသည်။

"ဟင်… သတိုး၊ သတိုး ဘာဖြစ်လို့လဲ ညီမလေးရယ်၊ ကိုကို့ကို လက်မထပ်ချင်လို့လားဟင်"

မင်းဦးသျှောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျက်…

"ချစ်တာက သပ်သပ်၊ လက်ထပ်ဖို့ဆုံးဖြတ်တာက သပ်သပ်ဆိုရင်လည်း ကိုကိုနားလည်ပေးနိုင်ပါတယ် ကလေးရယ်၊ မငိုပါနဲ့ကွာ"

သတိုးက မင်းဦးသျှောင် မျက်ရည်သုတ်ပေးနေသည့် လက်ကို ဖယ်ချပစ်လိုက်ကာ…

"ဖေဖေက ပေးစားချင်တယ်လို့ပြောမှ သတိုးကို ကိုကို လက်ခံဖို့ကြိုးစားရတာမဟုတ်လား၊ ငြင်းရခက်တဲ့လူမို့ မငြင်းခဲ့နိုင်တာ မဟုတ်လား၊ ကိုကို သတိုးကို မချစ်ဘဲနဲ့ ညီမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ချင်တာမျိုးကို သတိုးသိတယ်"

သတိုး ဘာဖြစ်လို့ငိုသည်ကို သိလိုက်ရမှ မင်းဦးသျှောင် မျက်နှာပြုံးကြည်သွားရကာ…

"မဟုတ်ပါဘူးကွာ၊ သတိုးကို ကိုကိုချစ်နေတာ ကြာလှ





ပြီ၊ ဒါပေမဲ့ ဖေဖေက မောင်နှမလိုပဲ ယုံကြည်လို့ စောင့်ရှောက်စေခဲ့တာကို ကိုယ်ကစပြီး မဖောက်ပြန်ရက်လို့ စောင့်ထိန်းခဲ့ရတာ၊ ခုမစောင့်ထိန်းတော့ဘူး၊ ညီမလေးလိုလည်း မဟုတ်ဘူး၊ မယုံဘူးလား"

"မယုံဘူး"

"သက်သေပြမယ်၊ မျက်နှာမော့"

သတိုး အမှတ်တမဲ့ မျက်နှာလေးမော့လိုက်ပြီးလျှင်…

"အာ… ကိုကို… လွှတ်ကွာ"

သတိုးကိုယ်လုံးလေး ကိုကို့ရင်ခွင်ထဲမှာ နစ်မြုပ်သွား၏။ ကိုကို့မျက်နှာသည် သတိုးမျက်နှာလေးထက်မှာ စက္ကန့်များစွာ ဖေးတင်ခိုနားလျက်…

"ကိုကိုမကောင်းဘူး၊ သွား…"

ကိုကို့ကို တွန်းပစ်ကာ အိပ်ခန်းထဲပြေးဝင်၊ တံခါးပိတ်ကာ မှန်ရှေ့မှာထိုင်လိုက်မိတော့…

ကိုယ့်မျက်နှာကို မကြည့်ဝံ့ဝံ့ဖြစ်ရလျက် နွေးနေဆဲနှုတ်ခမ်းလေးကို အရှက်သည်းစွာ ဖိကိုက်ထားလိုက်မိသည်။

ရှက်လိုက်တာ ကိုကိုရယ်…

⏮ ⏪ ⏸ ■ ● ⏩ ⏭

"ကိုပဲ့အိမ်မှာ ကိုယ်နေမှာပဲ ကိုကိုရယ်၊ ခုတင်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



စောင်တွေလည်း အပိုတွေအများကြီးရှိတယ်၊ ဒါတွေ ထည့်တွက် မနေပါနဲ့"

"တွက်ရမှာပေါ့ သတိုးရယ်၊ မင်္ဂလာခန်းဝင်ပစ္စည်းအားလုံးကို အသစ်တွေပဲဖြစ်ချင်တာ၊ မွေ့ယာခင်းနဲ့ ခေါင်းအုံး၊ ခြင်ထောင်ကအစ ညီမလေးကြိုက်တဲ့ နှင်းဆီရောင်လေးတွေဆင်ဖို့ ကိုကို စိတ်ကူးထားတာ"

သတိုးက စာရင်းတွက်ထားသည့် စာရွက်ကို ငုံ့ကြည့်လိုက်၍ မျက်နှာလေးပျက်သွားကာ...

"သတို့သမီးဝတ်စုံကော၊ အားလုံး သုံးသိန်းကျော်နေပြီ၊ စိတ်ဆင်းရဲခံမနေပါနဲ့ ကိုကိုရယ်"

"ကိုကိုစိတ်ဆင်းရဲနေတယ်လို့ ညီမလေးကို ဘယ်သူပြောလဲ"

"သတိုးက စိုးရိမ်တာ၊ ကိုကိုနဲ့အတူ လက်တွဲသွားရမယ်ဆိုရင် သတိုးက ဘယ်ပုံစံနဲ့ပဲဖြစ်ဖြစ် စိတ်ချမ်းသာပြီးသားပါ ကိုကိုရယ်၊ လျှော့သင့်တာ လျှော့ချလိုက်နော်"

"ဟုတ်သားပဲ သားရယ်၊ ဒီငွေတွေကို သားတို့ ဒီပြင် လိုအပ်တာ သုံးရတာပေါ့၊ အစွဲအလမ်း သိပ်မထားပါနဲ့ကွယ်"

"စွဲလမ်းတာတော့ မဟုတ်ပါဘူး ဖေဖေ၊ ဒါ ကျွန်တော့်အတွက် အရေးမကြီးပေမယ့် ညီမလေးအတွက်က တစ်သက်မှာ တစ်မင်္ဂလာပါ၊ တစ်နေ့နေ့မှာ ဒီချို့တဲ့မှုအတွက် ညီမလေး မျက်နှာငယ် ဝမ်းနည်းရမှာကို စိုးရိမ်တယ်၊ မိန်းကလေးတို့ရတဲ့ အခွင့်အရေး





မျိုး ညီမလေးရစေချင်တာ"

ဦးနှင်းမိုးမျက်နှာ ကြည်နူးရိပ်များနှင့် သမီးအတွက် ပီတိတွေ ဖြစ်သွားရသည်။

သူ လူရွေးမမှားခဲ့ဘူးဆိုတာ ပို၍ယုံကြည်သွားမိ၏။

"မင်္ဂလာကိစ္စအတွက် ဆရာ့ကိုတိုင်ပင်တော့ ဆရာက ကုန်ကျစရိတ်အတွက် တစ်သိန်းတိတိ ထုတ်ပေးလက်ဖွဲ့မယ်လို့ ပြောတယ်၊ ကျွန်တော့်ဆီမှာလည်း ရှိနေတာပဲ၊ ဒါတွေဖြစ်သွားဖို့က သိပ်မပင်ပန်းပါဘူး၊ ဖေဖေ စိတ်အေးအေးနေပါ၊ ဖေဖေကော ညီမလေးပါ ဒီကိစ္စအတွက် ဘာမှမပူနဲ့၊ ကျွန်တော်ရည်ရွယ်ထားတဲ့ အတိုင်း ဖြစ်အောင်လုပ်မယ်"

ဦးနှင်းမိုး ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေသည်။

သတိုး ကိုကို့မျက်နှာကိုကြည့်၍ တသိမ့်သိမ့် ကြည်နူးခြင်းဖြစ်ကာ ကိုကို့ပခုံးစွန်းမှာ မေးလေးတင်ထားမိသည်။

သူငယ်ချင်းတွေကိုလည်း ကြေညာပြီးပြီ။

"သိသားပဲ မိန်းမ၊ ရှင်တို့က မောင်နှမအရင်းတွေထက် ကဲကြတဲ့ဟာ၊ မပြောဘဲ သိပြီးသားပါနော်"

"ကောင်းတယ် ယောက်မ၊ ဟဲ ဟဲ... ဆောရီး၊ နင်တို့ လိုက်ကယ်ပ်ဟာ၊ နင့်ကိုကိုက နင့်ကိုဆို ကလေးလေးကို ကြည့်သလိုပဲ"

သမုတို့ပြောကြတော့ သူ့မှာ ပျော်လိုက်သည့်ဖြစ်ခြင်း မေတ္တာစစ်တို့မည်သည့် ဖြောင့်ဖြူးရာ လမ်းမရှိတော့ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ သတိုးတို့အတွက်က ဘာအခက်အခဲများရှိလို့လဲ။

ကိုကိုကလည်း ချစ်သည်။ သတိုးကလည်း ချစ်သည်။ ဖေဖေက ကြည်ဖြူပြီးပြီ။

ခုဆို မင်္ဂလာခမ်းနားပစ္စည်းတွေတောင် ကိုကိုက ဝယ်တော့မည်။

"ကိုကို"

ဖေဖေထသွားတော့ သတိုး ကိုကို့ခါးကို နောက်ကနေ သိုင်းဖက်ထားလိုက်ကာ

"ကိုကို"

"ဟင်"

"လက်မှတ်ထိုးတဲ့နေ့ကျရင် ကိုကိုက အနောက်တိုင်းဝတ်စုံ ဝတ်ပါလားဟင်"

"လက်မှတ်ထိုးပြီး ညဘက် ဧည့်ခံပွဲလုပ်မှာဆိုတော့ ညဘက်ကျတော့ ဝတ်လို့ရတယ်၊ လက်မှတ်ထိုးတာက မြန်မာဆန်တာပဲ ကောင်းပါတယ်ကွာ၊ ညီမလေးက ဟိုတယ်တွေ၊ ဘာတွေမှာ မင်္ဂလာမဆောင်ရလို့ စိတ်မကောင်းဖြစ်နေသလားဟင်"

"မဟုတ်ပါဘူး ကိုကိုရယ်၊ သတိုးက အိမ်ရှေ့မှာပဲ မဏ္ဍပ်ထိုးပြီး ရပ်ကွက်ငယ်လေးတွေမှာလို အိမ်နီးပါးနီးဖိတ်ပြီး မင်္ဂလာဆောင်လိုက်လည်း ကျေနပ်တာပဲ၊ သတိုးက ကိုကို့ကို အနောက်တိုင်းဝတ်စုံနဲ့ သိပ်ကြည့်ချင်တာ၊ ကိုကိုက မြင့်မြင့်မားမား တောင့်တောင့်ဆိုတော့ အဲဒီဝတ်စုံနဲ့ဆို သိပ်လိုက်မှာ"





"မင်္ဂလာဝတ်စုံ နှစ်စုံစီ ကိုကိုမှန်းပြီးသားပါ၊ ကိုကို့အတွက်ကော၊ ညီမလေးအတွက်ပါ ကြိုက်တဲ့အရောင်၊ ကြိုက်တဲ့ပုံစံ ညီမလေးရွေးပေါ့"

"ဟင်... သတိုးကဖြင့် ကိုကို့အတွက် ဝယ်တောင်ဝယ်ပြီးပြီ"

"ဟင်... ဟုတ်လား၊ ဘယ်တုန်းကလဲ"

"ကိုကို အိပ်ရာခမ်းနားသွားမေးတဲ့နေ့ကပေါ့၊ သမတို့ကို ခေါ်ပြီး သတိုးပိုက်ဆံနဲ့ ဝယ်လာတာ၊ အဖြူရောင်လေး၊ ကုတ်အင်္ကျီနဲ့ နက်ခ်တိုင်နဲ့ ဖိနပ်ကော"

"ဘယ်လောက်တောင်ကျလဲ"

"ဘယ်လောက်ကျကျ ကိုကိုရာ၊ သတိုးက ကိုကိုနဲ့ လက်ထပ်ရမယ်ဆိုတာ ဘာမှမသိသေးတဲ့ ဟိုးအစကတည်းက သီချင်းဆိုရတာတစ်ဝက်က အဲဒီဝတ်စုံမျိုး ကိုကို့ကို ဝယ်ပေးဖို့ ရည်ရွယ်ချက်နဲ့သိလား"

မင်းဦးသျှောင်က ခါးမှာဖက်ထားသည့် သတိုးလက်ဖဝါးလေးကို ဆွဲယူလိုက်၏။

သတိုးကိုယ်လေး ရှေ့ကိုငိုက်ပါလာတော့ ရင်ခွင်ထဲမှာ ထွေးပိုက်ထားလိုက်ပြီး...

"ဒါတွေဝတ်ပြီး ကိုကိုက သားသားနားနား နေနိုင်သေးတာမှမဟုတ်တာ သတိုးရယ်၊ ညည်းစိတ်ကူးယဉ်ခဲ့တာ အဲဒီလို အဆင့်အတန်းမျိုးထဲကလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်… သတိုးကို အဲဒီလောက်အထင်မသေးပါနဲ့ သိလား၊ သတိုး ငွေမမက်ဘူး၊ ကိုကို့ထက် ဆယ်ဆလောက်သာတဲ့ လူတွေလည်း ကိုကို့လိုချစ်နိုင်မှာမဟုတ်ဘူး၊ သတိုးဘဝမှာ ကိုကို က ပထမ၊ ကိုကိုပဲ ဒုတိယ"

"ဟုတ်ရဲ့လားကွာ"

"ကြည့်ပါလား မေးပုံကြီးက"

သတိုး နှုတ်ခမ်းလေးစူတော့ မင်းဦးသျှောင်က သတိုး နှုတ်ခမ်းလေးကို ခပ်ဖွဖွဆွဲလိမ်ပစ်လိုက်ပြီး

"ကိုကိုစိုးရိမ်နေတာ၊ ညည်း ကိုကို့ကိုချစ်တဲ့အချစ်ကို အရောင်မခွဲဘဲ တစ်နေ့တစ်ယောက်ယောက်ကို ရင်ခုန်ခဲ့ရင်…"

"ကိုကို"

သတိုး ခဏအတွင်းမှာပင် မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်ကျလာလျက်…

"သတိုးကို ကိုကို အဲဒီလိုထင်နေတယ်ပေါ့၊ ဟုတ်လား"

"သတိုး… ဟာ မငိုပါနဲ့ ညီမလေးရာ၊ ကိုကိုက ညီမလေးထက် အသက်ကြီးတဲ့သူ၊ ပြီးတော့ ညီမလေးထက် လည်း…"

"ဟင့်အင်း… ကိုကို ညီမလေးလို့ မခေါ်နဲ့၊ အဲဒီလို ခေါ်ခေါ်နေလို့ ကိုကို သတိုးကို သံသယတွေလျှောက်ဝင်နေတာ"

မင်းဦးသျှောင်က သတိုးမေးဖျားလေးကို မော့ယူ၍ မျက်ရည်လည်းသုတ်ပေးသည်။ ပါးလေးနားကို နှုတ်ခမ်းနဲ့ ထိကပ်





မတတ် မျက်နှာကို ငုံ့ချလိုက်၍…

"နောက်ကိုမခေါ်တော့ပါဘူး မိန်းမရယ်"

"အယ်… ကိုကိုကြည့်စမ်း"

သတိုး ကိုယ်လေးတုန်သွားကာ မျက်နှာလေးရဲခနဲဖြစ် လျက် သူ့ရင်ဘတ်ကို ထုပစ်လိုက်လေသည်။

မင်းဦးသျှောင်က ခပ်ကြိတ်ကြိတ်ရယ်၍ တအားရုန်းနေ သည့် သတိုးကိုယ်လေးကိုမလွှတ်ဘဲ နှာခေါင်းချွန်ချွန်လေးကို နာနာ လေး ဖိကိုက်ပစ်၏။

"အား… ကိုကိုညစ်ပြန်ပြီ၊ နာလိုက်တာ၊ သွား… မခေါ် တော့ဘူး"

"မလုပ်ပါနဲ့ကွာ၊ မိန်းမစိတ်ကောက်နေရင် ကိုကို ဘယ်နေ တတ်မလဲ"

"ကိုကိုနော်"

"ဟော… ဘာဖြစ်တာလဲ ဒါ… မျက်နှာကြီး အတင်းငုံ့ ပြီးတော့"

"ကိုကိုလျှောက်ပြောနေတာ၊ သတိုးရှက်တာပေါ့"

"ညီမလေးလို့ မခေါ်ရဘူးဆို၊ ဒီထက်ကောင်းတာ ဘာရှိ သေးလို့လဲ မိန်းမရဲ့"

"ကြည့်… ကိုကို့ကို မခေါ်ဘူး"

သတိုးမျက်နှာလေးနီကာ ထွက်ပြေးသွားတော့ မင်း ဦးသျှောင် ဆံပင်တွေထဲ လက်ထိုး၍ရယ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးဆိုးလေးကို ဇနီးဖြစ်အောင် အတော်ကြီးသင်ပေးရဦးမည် ထင်သည်။

ဘာပဲဖြစ်ဖြစ် မင်းကို ကိုကိုက ပျော်ရွှင်စေမှာပါ ညီမလေးရယ်…

ရင်ထဲမှာ မြတ်မြတ်နိုးနိုးချစ်ခဲ့တာ ကြာလေလေ နိုင်မြဲလေလေ။

သတိုး နံ့သာရောင် ကိုယ်ကျပ်လေးနဲ့ ထမီစကတ် နံ့သာရောင် ဒူးနားမြိတ်လေးကို တွဲဝတ်ကာ ဆံပင်ရှည်တွေကို ဒီအတိုင်း ဖြန့်ချလိုက်သည်။

မျက်နှာမှာ မိတ်ကပ်ပါးပါးလေးခံ၍ ပတ်ဖ်ရိုက်လိုက်သည်နှင့် နုညက်နေသည့် ပါးပြင်လေးတွေက ပန်းနုရောင် နုနုလေး လွှမ်းသွားခဲ့၏။

ထူနက်နေသည့် မျက်တောင်လေးတွေကို ကီရိယာလေးနဲ့ ကော့တင်လိုက်ကာ မျက်တောင်အခြေလေးတွေမှာ ခရမ်းရောင် နုနုလေး တင်လိုက်၏။

နှုတ်ခမ်းနီကို အရောင်မတင်စေဘဲ စိုလက်လက်လေးသာ ထွင်စေပြီး မှန်ရှေ့က ထလိုက်သည်။

နဖူးပေါ်မှာ ဆံမြိတ်ပါးပါးလေးရှိသည်။ ဘေးဘက်ဆံစတွေကို တစ်ဖက်တစ်ချက် သိမ်းလှန်၍ ရွှေရောင်ကျောက်ကလစ်ကလေးတွေနှင့် ထိုးထားလိုက်တာနဲ့ပဲ ဆံပင်ကို ပြုပြင်ခြင်းက ပြီးပြီ။

မနိမ့်သောအရပ်နှင့် ပြည့်တင်းသွယ်လျသော ကိုယ်လုံးကို မှန်ထဲမှာ လှည့်ပတ်ကြည့်၍ ကျေနပ်သွားလျက် နံ့သာရောင် လက်ကိုင်အိတ်ကလေးကို ကောက်ယူလိုက်၏။

ဖိနပ်ကအစ နံ့သာရောင်

ဒီနေ့ ဆိုင်ကို မဆင်းတော့ဘဲ ကိုကို့သင်တန်းကိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားမည်။ အပြန် ဝတ်စုံတွေ ဝင်ရွေးကြမည်။

မင်္ဂလာပွဲက တစ်ပတ်လောက်သာလိုတော့သည်။ မနက်ဖြန် ဖိတ်စာတွေရလျှင် နာမည်တွေ အားချင်းရေး၍ ဖိတ်စာကမ်းမည်ဖြစ်၏။

ရင်ထဲမှာ အပျော်တွေ စီးမျောနေမိ၏။

တိုက်ကို သေချာတံခါးပိတ်ခဲ့ပြီး သော့ကို လက်ကိုင်အိတ်ထဲမှာ ထည့်လိုက်သည်။

အိမ်သော့က သားအဖသုံးယောက်မှာ ကိုယ်စီရှိကြသည်မို့ ဘယ်သူပဲအပြင်ထွက်ထွက် သော့ခတ်ထားခဲ့ရုံပဲဖြစ်၏၊

"ညီမလေး သီချင်းမဆိုနဲ့တော့နော်၊ အဲဒီတစ်ခုတော့ ကိုကို့စကားကို နားထောင်ကွာ"

ကိုကို့စကားကို သတိရကာ မှတ်တိုင်မှာ ကားစောင့်ရင်း ပြုံးလိုက်မိသေးသည်။

"နားထောင်မှာပါကိုကို၊ ဒီနေ့ကစပြီး သတိုးသီချင်းမဆိုတော့ဘူးဆိုတာ ကိုကိုဝမ်းသာအောင်ပြောမလို့"

ကားစောင့်ရင်း လိုင်းကားတိုးစီးလျှင် ကိုကိုကဆီရောက်တော့ အလှပျက်ကုန်မှာ စိုးလာမိကာ အငှားကားတစ်စီးဘား၍ တက်လိုက်လာခဲ့သည်။

တာမွေအဝိုင်းထိပ်ရောက်တော့ သူရပ်ခိုင်းလိုက်။

"ရပြီးဦးလေး ရပ်တော့"

ဒီကနေ ကိုကိုတို့သင်တန်းကို ရှေ့ကလမ်းချိုးကွေ့ဘဲ ဝင်





လိုက်တာနှင့် ရောက်ပြီ။ ကားခပေးပြီး ကျော့ကျော့လေး လျှောက်လာခဲ့မိသည်။

"ကျွိ"

"အား"

တင်ပါးတစ်ဖက်မှာ ကျိန်းခနဲ အောင့်တက်သွားကာ သတိုးပစ်ခတ်လဲကျသွားလေသည်။

"ဟာ…ကားတိုက်မိပြီဟ"

လူသံတွေပါ စီခနဲထွက်ပေါ်လာကာ သတိုးဘေးကို လူတချို့ ပြေးရောက်လာကြသည်။

"အား….ကျွတ် ကျွတ်"

သတိုး ရှက်ရှက်နှင့် ကျုံးထသော်လည်း မအောင်မြင်၊ ခြေထောက်တစ်ဖက်က တင်ပါးမှတောက်လျှောက် ရှုးရှုးဝါးဝါး နာကျင်နေ၏။

"ခင်ဗျား…ဘယ်လိုလုပ်လိုက်တာလဲဗျ၊ ဒီနေရာမှာ လူရှပ်တာ ခင်ဗျားဒီလို မောင်းလာရသလား"

စပို့ရှပ်အဖြူစွတ်စွတ် လက်ရှည်နှင့် ဘောင်းဘီရှည် အနက်ကို ဝတ်ထားလျက် ရှင်းသန့်ချောမွေ့နေသော မျက်နှာတစ်ခုကို မော့ကြည့်လိုက်မိသည်။ သတိုး နှုတ်ခမ်းလေး ပွင့်ဟသွားချင်း

"လင်းအုပ်စီး"

သူက သတိုးဘေးမှာ မုဆိုးဒူးထောက်ထိုင်ချလိုက်၏။

"ခင်သတိုး ကိုယ်တောင်းပန်ပါတယ်ကွာ၊ အားငယ်မကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်ကြလို့ ကိုယ်ခေါင်းကွဲလိမ့်မယ်၊ ဆေးခန်းကိုတော့ ပို့ခွင့်ပြုပါနော်"

"ဟင်း…ဟင့်အင်း…"

သတို့ခေါင်းကလေးခါလိုက်မိသော်လည်း သူ့ကို မယုံကြည်သည့် စိတ်ကို ဝေဖန်စဉ်းစားချိန်မရ။

လင်းအုပ်စီးက သူမ ကိုယ်လေးကို ဇွေ့ခနဲကောက်ပွေ့လိုက်ပြီဖြစ်၏။

အသင့်ဖွင့်ထားခဲ့သည့် ကားထဲကို သတိုးကို ထည့်ကာ တံခါးပြန်ပိတ်၍ ဝိုင်းဝန်းနေသည့်လူတွေကို ပြေပြေလည်လည် တောင်းပန်ပြော၍ ကားပေါ်ရောက်တော့ ချက်ချင်းမောင်းထွက်ခဲ့၏။

အတော်ဝေးဝေးရောက်သည်အထိ သူ စကားမပြောဘဲနေပြီးမှ ဒေါသရိပ်များ လွှမ်းနေသည့် သတိုးမျက်ဝန်းလေးကို မှန်ထဲကတစ်ဆင့် ကြည့်ကာ…

"သိပ်နာသွားလား ခင်သတိုး"

"ရှင် ခေါင်းမကွဲနိုင်တော့ဘူးထင်ရင် ကျွန်မကို ဒီနားမှာပဲ ချပေးခဲ့ပါ ဦးလင်းအုပ်စီး၊ ရှင့်ကားကို ကျွန်မ မစီးချင်ဘူး"

သူက ဟက်ခနဲရယ်၍ ခပ်စောင်းစောင်းလှည့်ကြည့်သည်။

"မင်းကို ကိုယ်ခေါင်းကွဲမှာစိုးလို့ ခေါ်လာတာလို့ထင်တယ်ပေါ့"

"အား…"

သတို့ ဒဏ်ရာကိုမေ့သွားကာ ဆတ်ခနဲ ကိုယ့်ကို မတ်လိုက်ပြီးမှ မျက်နှာလေး မဲ့ကျသွားကာ

"ရှင်…ရှင်ဘယ်လိုပြောလိုက်တယ်"





သူက ကားကို လမ်းမကြီးပေါ်ခွဲတင်၍ အရှိန်မြင့်လိုက်ကာ

"ကိုယ်က ကိုယ့်အတွက် အကျိုးလိုလို့ ဧည့်ခန်းကိုလာစေချင်ရင် လာအောင်ဖိတ်တယ်၊ ဖိတ်လို့မှမလာရင် မရရအောင်ခေါ်တတ်တယ်ကွ၊ ဒါပေမဲ့ မင်းကိုခေါ်လာတာက ဧည့်သည်လုပ်ဖို့မဟုတ်ဘူး"

"ရှင်… ရှင်"

"ဟုတ်တယ်၊ ကိုယ်က ပြိုင်ဘက်ရှိရင် အရှုံးပေးလိုက်ရမှာ သိပ်ကြောက်တာ၊ မင်းနဲ့ပတ်သက်ပြီး နောက်ကျကျန်ခဲ့ရင် ကိုယ့်ရာဇဝင်ရိုင်းသွားမှာပေါ့"

"ဦးလင်းအုပ်စီး၊ ရှင် ဘာတွေပြောနေတာလဲ၊ ရှင် ဘာအဓိပ္ပါယ်နဲ့ပြောနေတာလဲဟင်"

သတိုး ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် သည်းထိတ်ရင်ဖိုချောက်ချားနေလေပြီ။

လင်းအုပ်စီးက အေးစက်စက်ပြန်ကြည့်၍

"မင်းကို ကားနဲ့တမင်တိုက်ပစ်ပြီး တစ်ခါတည်းခိုးလာတာ၊ ရှင်းရဲ့လား"

"ဘာ… ရှင်… ရှင်…"

သတိုး တစ်ကိုယ်လုံးကျင်ခဲဆို့နင့်သွားကာ ခေါင်းထဲမှာ မိုက်ခနဲ ပြာကျသွားလျက် ကူရှင်ထက်မှာပင် ခွေခွေလေး လဲကျသွားလေသည်။

◂◂ ◂◂| || ■ ● ▸▸ ▸▸|



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ သား"

"ဆိုင်ကို လုံးဝမလာဘူးတဲ့ ဖေဖေ၊ နေ့လယ်က ဖေဖေ အိမ်ပြန်ရောက်သေးလား၊ သူ ဘယ်အချိန်လောက်ထွက်သွားမယ် ထင်လဲ"

"ဖေဖေ မရောက်ဘူး သား၊ သားရဲ့ရှေ့လေးတင် ပြန်ရောက်လာတာ"

ကောင်မလေးတွေ စိတ်မကောင်းစွာ တအံ့တသြကြည့်နေကြသည့်မျက်လုံးတွေကို ကျော်ခိုင်းလာခဲ့သော်လည်း မျက်လုံးထဲမှာ မြင်နေဆဲ။

ဒီညနေ စောစောပြန်လာခဲ့ဖို့၊ စောစောလာကြိုဖို့၊ ဝတ်စုံအတူသွားရွေးဖို့ သူပဲတရရမှာခဲ့တာ....

ဒါဆို သတိုး ဆိုင်ကိုလည်းမရောက်ဘဲ ဘယ်ရောက်သွားသလဲ။

စားသောက်ဆိုင်တစ်ဖက်လမ်းထဲမှာ သားအဖနှစ်ယောက် အတန်ကြာ အသံတိတ်ရပ်နေကြ၏။

"သမီးမှာ ဒီပြင်ချစ်သူတစ်ယောက်ယောက်ရှိနေနိုင်သလား သား"

မင်းဦးသျှောင် ခေါင်းခါလိုက်မိလျက်...

"သတိုး ကျွန်တော့်ကိုသိပ်ချစ်တာ ကျွန်တော်အသိဆုံးပါ ဖေဖေ၊ ဒါ မဖြစ်နိုင်ပါဘူး"

"ရဲတိုင်ရင်တော့ အသက်အရွယ်ပြည့်နေပြီဆိုတော့ ဖေဖေ





တို့ တော်တော်လေးရှင်းရမှာပဲ၊ သား ဘယ်လိုလုပ်ချင်သလဲ"

နာရီကိုကြည့်တော့ ညရှစ်နာရီတိတိ...

အချိန်အားဖြင့် ညဉ့်မနက်သေးပေမယ့် သတိုးပျောက်နေပြီဆိုတာကတော့ သေချာပါသည်။

ညီမလေးဟာ မပြောမဆိုဘဲ ဘယ်လမ်းကိုမှ အချိန်လွန်အောင် သွားလာလည်ပတ်ခဲ့ဖူးသည် မရှိခဲ့ပေ။

ဘယ်ပဲသွားချင် သွားချင် ကိုကိုလိုက်ပို့ဆိုတာမျိုး၊ ကိုကိုနဲ့သွားမယ် စသဖြင့် သူ့ကိုသာ အတင်းကပ်ခေါ်တတ်တဲ့ ကောင်မလေး။

ဘယ်လိုများဒုက္ခရောက်နေပြီလဲ ညီမလေးရယ်...

စိုးရိမ်ခြင်းများကြောင့် စိတ်က ဟိုဒီယောက်ယက်ခတ်ပြေးလွှားနေသည်။

ဘာမှမရေရာသော တွေးခေါ်ခြင်းများကို ကိုယ့်ကိုယ်ကို အားမရဖြစ်ကာ လက်သီးဆုပ်တက်ခေါက်မိ၏။

ဖေဖေနဲ့သူ ညီမလေးနဲ့ ပြန်နေကျလမ်းအတိုင်း အတူတိတ်ဆိတ်စွာ ထွက်လာမိကြစဉ် ဖျတ်ခနဲဝင်လာသည့် အတွေးတစ်ခုက တစ်ခါဆီက ဒီလမ်းမှာဖြစ်ခဲ့ရသည့်ရန်ပွဲသို့...

မသမာလူတွေများ ညီမလေးကို ကားတင်သွားကြသည်လား။

ညီမလေး ရေတိမ်နစ်ရှာနေပြီလား။

မဟုတ်ဘူး... ညီမလေး ဒီလောက်အဖြစ်မရှိရှာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဒီလမ်းကိုမှ ညီမလေးမလာဘဲ ဒါကို ကြံစည်မယ့်သူတွေနဲ့ တိုးစရာမရှိပါဘူး။

အတွေးများနှင့် ရင်ထဲမှာ ပူလောင်ပြင်းပြလာ၏။

"ဟိတ်ကောင်… သိုင်းဆရာ"

"ဟင်…"

အသံက ကျောနောက်မှာ…

သတိတစ်ချက်လွတ်အသွားမှာ အသက်ပေးလိုက်ရတော့မည်ကို သိလိုက်သည်က လက်ခနဲပြိုးပြက်သွားသည့် ဓားရောင်ကြောင့်ဖြစ်သည်။

"သား"

ဦးနှင်းမိုး အကာအကွယ်မဲ့နေသည့် သားဖြစ်သူ၏ကျောပြင်ကို သူ့ကိုယ်နဲ့ ဝင်လာ၏။

"ဖေဖေ မဝင်နဲ့"

အခြေအနေက လျှပ်စီးလက်သကဲ့သို့ ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားခဲ့တာ ခဏလေး…

"အား"

ဦးနှင်းမိုး ခွေခနဲကျသွားသည်။

"ဟာ"

နဂိုက ရှုပ်ထွေးနေသည့်စိတ်က ဒေါသချောင်းချောင်းထွက်သွားခဲ့၏။

တစ်ဘက်က အားလုံးငါးယောက်…





ဟမ်းချိန်းကြီးကတဝင်းဝင်းနှင့်လူကို မြင်တော့ ဟိုတစ်ခါကောင်တွေ မကျေပွဲနွှဲမှန်း သူသိလိုက်သည်။

မထင်မှတ်ဘဲ ဦးနှင်းမိုးလဲကျသွားတော့ သူတို့ တွေခနဲကြောင်ကာ တစ်ချက်ရပ်တန့်သွားစဉ် ကျင့်သားရနေခဲ့သည့် မျက်လုံးတို့က နောက်ထပ်ဓားကို လက်တစ်ဖက်ကို အမှောင်ထဲမှာပဲ လှမ်းမြင်လိုက်၏။

ထိုလက်က ဓားကို ရိပ်ခနဲ ဖမ်းဆွဲကာ သူ့ဆီ ခုန်ဝင်လာ၏။

နှစ်ယောက်က သူ မဆုတ်သာအောင် နောက်က ညှပ်တိုက်သည်။

မင်းဦးသျှောင် ခါးဆီပတ်ဝင်လာသည့် ဓားကိုင်လက်ကို ရဲတင်းစွာ ဖမ်းဆုပ်လိုက်ကာ နောက်ကနေ လက်ဝါးစောင်းနှင့် ပင့်ရိုက်ပစ်လိုက်သည်။

"ဖြောင်း"

"အား"

အရိုးကျိုးသံကြီးက ထိတ်လန့်ဖွယ်ထွက်ပေါ်လာကာ ဓားက အထက်သို့ထောင်တက်သွား၏။

နောက်ကကောင်တွေ ရှဲခနဲ ဆုတ်သွားကြသည်။

သတိုးအတွက်… ဖေဖေ့အတွက် ဒေါသက အရာရာကို ဘာမှမမြင်။

မင်းဦးသျှောင် ရှေ့ကလူ၏ဝမ်းဗိုက်ကို ဆောင့်ကန်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုယ်ကို ချာခနဲပြန်လှည့်ကာ လေထဲမှာစိုက်ကျလာသည့် ဓားကို အတိအကျ ကန်ထုတ်လိုက်၏။

''ဒုတ်''

''အား''

''ဟာ… ကိုဒွေး''

ဓားက ဟမ်းချိန်းနှင့် လူဝ၏ နှလုံးအိမ်တည့်တည့်သို့ ဓားသွားတစ်ဝက်ခန့်ထိ နစ်ဝင်သွားလေသည်။

အားလုံးသည် မင်းဦးသျှောင်ကို သရဲတစ္ဆေတစ်ကောင်ကဲ့သို့ ပါးစပ်အဟောင်းသားနှင့်ကြည့်ကာ ကိုယ်လွတ်ရန်းပြေးကြတော့ဖို့ နောက်ဆုတ် နောက်ဆုတ် ခြေလှမ်းကြ၏။

''ဟိတ်… မပြေးနဲ့၊ မပြေးနဲ့''

ဓာတ်မီးရောင်တွေ ဝေ့ခနဲ ဝဲကျလာကာ ကင်းလှည့်ကြသည့် ရဲတွေ သူတို့ဆီ ပြေးလာပြီး ချက်ချင်းဝိုင်းထားလိုက်သည်။

အရာရာသည် ကံစီမံရာအတိုင်းသာ…။

◀◀ ⏮ ‖ ■ ● ▶▶ ⏭

''မင်းခြေထောက်သက်သာသွားပြီလား ခင်သတိုး''

''ဟင်''

သတိုး ပြတင်းတံခါးကိုဖွင့်ဖို့ ကြိုးစားနေရာမှ နောက်ကို ချာခနဲ လှည့်ကြည့်မိသည်။

သူမ သတိရလာကတည်းက ထမင်းဟင်း စားစရာလာပို့





သည့် လူကြီးရယ်၊ ဒေါက်တာရယ်…

ထိုနှစ်ယောက်မှလွဲ၍ ဘယ်သူ့ကိုမှမမြင်ခဲ့ရဘဲ သုံးရက်ကင်းတင်းပြည့်မှ လင်းအုပ်စီးကို ပထမဆုံးမြင်ရတာဖြစ်၏။

''ဦးလင်းအုပ်စီး၊ ရှင်… ရှင် ကျွန်မကို ဘာအကြံနဲ့ ခေါ်လာတာလဲဟင်''

''မင်းရဲ့မာနတွေကို စိတ်ဝင်စားလို့''

လင်းအုပ်စီးက အဖြူရောင်လောင်းကုတ်ကြီးနှင့် ဘောင်းဘီထဲ လက်နှစ်ဖက်ထည့်လျက် ခပ်နွဲ့နွဲ့လျှောက်ဝင်လာကာ…

''နေကောင်းသွားပြီလား''

ဟု ခပ်ရိရိမေးသည်။

သတိုး မျက်ရည်ပြည့်လျှံသော မျက်လုံးများနှင့် နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်ခုန်နေကာ…

''ကျွန်မက လက်ထပ်တော့မယ့်မိန်းကလေးပါ၊ ရှင် ကျွန်မကို မုန်းတာလေးတစ်ခုတည်းနဲ့တော့ အားလုံးဒုက္ခရောက်အောင် မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ပြန်လွှတ်ပေးပါ''

''ဒီလောက်လှတဲ့ မိန်းမတစ်ယောက်ကို မုန်းစရာလား ခင်သတိုးရယ်၊ ခုလိုမျက်ရည်တွေပြည့်နေတော့ မင်းမျက်လုံးလေးက စိန်ပွင့်လေးတွေ စုဝေးနေသလိုပဲ၊ တကယ်လှတယ်''

သတိုး မျက်ဝန်းတွေကို မှိတ်ချပစ်လိုက်ကာ ခေါင်းကို ဘအားခါယမ်းပစ်လိုက်၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ရှင် သက်သက်ယုတ်မာတာ၊ ရှင့်မှာ ကျွန်မထက် အများကြီးသာတဲ့ မိန်းမတွေကို ရွေးချယ်လို့ရတယ်၊ ကျွန်မလို့မိန်းမကို တန်ဖိုးထားနိုင်မှာမဟုတ်ဘဲနဲ့ မာနကြီးရကောင်းလားဆိုပြီး လက်တုံ့ပြန်ချင်တာ၊ ငွေရှိတိုင်း၊ ရုပ်ချောတိုင်း၊ ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ မိန်းကလေးပါ၊ ရှင်ထင်တဲ့မိန်းမမျိုး မဟုတ်ဘူး၊ ကျွန်မကို ပြန်လွှတ်ပေးပါနော်"

"ဆောရီးပဲ ခင်သတိုး၊ မင်းပြောတာထက်တော့ ကိုယ့်ရင်ထဲမှာ ပိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်အတွက် ကိုယ် ခုလောက်ထိ ဘယ်တုန်းကမှ အလုပ်ရှုပ်မခံခဲ့ဘူးလို့၊ မင်းရဲ့ မာနတွေကို ကိုယ် တကယ်စိတ်ဝင်စားတာ"

လင်းအုပ်စီးက ရှေ့တိုးလာကာ သတိုးပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

သတိုး သူ့မျက်နှာကို ရူးရူးဝါးဝါးစိုက်ကြည့်ကာ ပါးကို ဖြန်းခနဲ ရိုက်ချပစ်လိုက်၏။

သူ့ပါးတစ်ဖက် မွေးခနဲဖြစ်သွားပြီးမှ ဆေးနီလောင်းချလိုက်သကဲ့သို့ ရဲတွတ်တက်လာသည်။

"မင်း"

သူ သတိုးကို ဆောင့်ခနဲဆွဲခါပစ်လိုက်ပြီး အကြမ်းဇရမ်း နမ်းဖို့ကြိုးစား၏။

"သွား... လွှတ်... လူယုတ်မာ"

သတိုး အားရှိသမျှ ရုန်းကန်ပစ်ကာ တံခါးဆီသို့ ပြေး





သည်။

သို့သော် သတိုးလက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်သဖြင့် သူ့ရင်ခွင်ထဲသို့ ပုံကျသွားရပြန်သည်။

အခန်းထဲမှာ ရုန်းရင်းဆန်ခတ်တွေဖြစ်ကာ အပြင်းအထန် ရုန်းကန်နေသည့် သတိုး၏ပါးကို သူ တအားလွှဲရိုက်ပစ်လိုက်ရာ

"ဖြန်း"

"အား"

သတိုး မွေ့ယာနနပေါ်သို့ အိခနဲ ပစ်ကျသွား၏။

"တောက်"

လင်းအုပ်စီး ဒရင်းဘတ်စ်ကို တအားလွှဲကန်ပစ်ကာ အခန်းထဲက ထွက်သွားလေသည်။

သတိုးပါးပြင်လေး တစ်ဖက်ကိုအုပ်ပြီး ဟီးခနဲ ငိုချလိုက်သည်။

"ကိုကိုရေ.... သတိုးကိုကယ်ပါဦး ကိုကိုရယ်"

နူးညံ့အေးချမ်းသော ကိုကို့ရင်ခွင်ကျယ်ကို တမ်းတရင်း သတိုး မွေ့ယာထက်မှာ နွမ်းလျစွာ အိပ်မောကျသွားရန်ပြန်လေသည်။



www.burmeseclassic.com

"အဲဒါ မင်းညွှတာပဲ အုပ်စီးရ၊ နာမည်က အုပ်စီးဆိုပြီး ဒါကျတော့ မအုပ်စီးနိုင်ပါလား"

"ဟုတ်တယ်ဆရာ၊ သူ့ကိုခေါ်လာတာ အဆင်မသင့်ရင် သံတိုင်တွေနောက် ရောက်သွားနိုင်တယ်၊ ဒီလောက်ထိ စွန့်စားခဲ့ပြီးမှ ဘာဖြစ်လို့ အလုကြည့်နေမှာလဲဗျာ"

လင်းအုပ်စီးက ကုလားထိုင်မှာ ခပ်လျော့လျော့မှီ၍ စီးကရက်မီးညှိလိုက်၏။

"ပြောပါဦး၊ ကောင်မလေးကို မင်းက ဘာသဘောနဲ့ ခိုးလာတာလဲ"

"မမထားတို့ဆီက ဒီမနက်ဖုန်းလာတယ် ဆရာ၊ ဆရာ





မလာတာကြာလို့တဲ့"

ကိုလွင်နဲ့ မောင်မောင့်ကိုမကြည့်ဘဲ လင်းအုပ်စီးက မျက်နှာကျက်ကို မော့၍ စီးကရက်ခိုးတွေကို မှုတ်ထုတ်ပစ်လိုက်၏။

"ဒီအချိန်မှာ ငါ ဘာကိုမှ စိတ်မဝင်စားဘူး ကိုလွင်၊ ငါ့ရင်ထဲမှာ ဒေါသတွေပဲရှိတယ်"

"ဘာဖြစ်လို့"

"မကျေနပ်လို့"

"ဘယ်သူ့ကိုလဲ"

"သူ့ကိုပေါ့"

ကိုလွင်က တွေခနဲတစ်ချက်ဖြစ်သွားပြီးမှ

"မင်းချစ်လို့ ခိုးလာတာမဟုတ်ဘူးလား"

သူ ခေါင်းခါလိုက်ပြီး

"သူ့ကို စိတ်ဝင်စားတာထက် မပိုဘူး"

"ဟ··· ဟုတ်မှလည်းပြောပါ အုပ်စီးရာ၊ မိန်းမတစ်ယောက်ကို ကားတင်ပြေးတယ်ဆိုတာ ရာဇဝတ်မှုပဲ၊ ဒါကို ကျူးလွန်ရဲတယ်ဆိုတာ စိတ်ဝင်စားတဲ့အဆင့်လောက်နဲ့ မဖြစ်နိုင်ဘူးနော်၊ ကိုယ့်ကိုယ်ကိုလည်း ပြန်မေးဦး"

"သေချာပါတယ်၊ ဒီမိန်းကလေးကို ငါ အထင်ကြီးခဲ့တာမှ မဟုတ်ဘဲ"

"အိမ်ဖော်မလေးတစ်ယောက်ကို သူဋ္ဌေးသားကချစ်တာ အထင်ကြီးလို့မှမဟုတ်တာ၊ မင်းစဉ်းစားနော်၊ တစ်ခါတလေ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက ကိုယ့်ကိုပြန်ပြီး ထိပ်ခေါက်တတ်တယ်၊ ဘာပဲဖြစ်ဖြစ် မင်း သူ့ကို လက်ထပ်ရတော့မှာပဲ မဟုတ်လား"

လင်းအုပ်စီး ခေါင်းခါလိုက်တော့ ကိုလွင် မျက်လုံးပြူး သွား၏။

"ဟာ… ဟိတ်ကောင်၊ ဒီလောက်ထိတော့ ငါ သဘော မတူဘူးနော်၊ ကောင်မလေးက ဒီလိုလုပ်ရမယ့်အဆင့်အတန်းမျိုး မဟုတ်ဘူး၊ ငါစုံစမ်းပြီးပြီ၊ အထည်ကြီးပျက်ဆိုပေမယ့် မပျက်စီး သေးဘူး၊ မိဘမောင်ဘွားနဲ့"

လင်းအုပ်စီး မျက်နှာမဲ့ကျသွားလျက် စီးကရက်ကို လတ်လတ်ဆတ်ဆတ်ကြီးနှင့် ထိုးချေပစ်လိုက်၏။

"အဲဒါ အစ်ကိုမဟုတ်ဘူး၊ သူနဲ့လက်ထပ်မယ့်ကောင်၊ ခု လူသတ်မှုနဲ့ ထောင်ထဲရောက်မယ့်သူ"

"ဟုတ်တယ်လေ၊ အဘိုးကြီးက သေသွားပြီ၊ ငါသိသား ပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ၊ မင်း ရာဇဝင်မှာ လူယုတ်မာလို့ အတွင်မခံ ပါနဲ့"

"ငါ မယုတ်မာပါဘူး၊ ဒါပေမဲ့ သူ့ဘက်က အလျှော့ မပေးမချင်း ငါ လက်ထပ်ဖို့ စိတ်မကူးဘူး"

"ဘာလဲ… ဘာကိုအလျှော့ပေးတာလဲ"

မေးပြီးမှ ကိုလွင်က သူ့ဟာသူ သဘောပေါက်သွားကာ

"မင်းကလည်း အခမ္ဘတော့ခိုးယူလာပြီး ဒါကျမှ ဆန္ဒမဲ တောင်းနေစရာလားကွ၊ မဟုတ်တာကို ဈေးဆစ်နေပြန်ပြီ"





လင်းအုပ်စီးမျက်နှာက အံကြိတ်လိုက်ခြင်းကြောင့် ပို၍ အေးစက်သွားကာ

"ခိုးလာတာက ဒီလိုမိန်းကလေးမျိုးက ခါချခံခဲ့ရတယ်ဆို တဲ့အဖြစ်ကို မလိုချင်လို့၊ ငါလိုလူက မိန်းမတစ်ယောက်ကို အတင်း အဓမ္မ ကာမဘီလူးလုပ်စရာမလိုပါဘူး၊ ငါ စိတ်မကူးဘူး"

"မကူးလို့ရမလားကွ၊ မင်း သူ့ကို အဓမ္မခိုးလာတာပဲ မဟုတ်လား၊ ခိုးလာတာမှ ဟိုမှာ မင်္ဂလာဆောင်ခါနီး ချစ်သူနှစ် ယောက်ကို မင်း ခွဲခြမ်းပြီးခိုးလာတာ၊ ကောင်မလေး သနားပါတယ် ကွာ၊ သူ့အစ်ကိုနဲ့အဖေ ဘာဖြစ်ကျန်ခဲ့ပြီဆိုတာလည်း သိရှာတာ မဟုတ်ဘူး၊ ဒါတွေ သူမသိခင် မင်းချော့ချော့မော့မော့ ပေါင်းသင်း ဖို့ ကြိုးစားစမ်းပါကွာ"

လင်းအုပ်စီး ခပ်မဲ့မဲ့ပြုံးလိုက်ပြီး ဝီစကီတစ်ဝက် လောင်း ထည့်လိုက်သည်။ ပြီးတော့ ဖန်ခွက်ကိုကောက်ယူ၍ နှုတ်ခမ်းကို စေ့ပိတ်လိုက်ပြီး

"မိန်းကလေးတွေဟာ ချော့မော့ဖို့ကောင်းတဲ့ အမျိုးအစား မဟုတ်ဘူးကွ"

တိုးသဲ့သဲ့ပြောကာ အေးစက်စွာရယ်၏။

သတိုးနဲ့ပတ်သက်၍ နူးညံ့ချင်ခဲ့သည့်စိတ်တို့က သူမ၏ ပြင်းထန်သော လက်ဝါးတစ်ချက်အောက်မှာ အားလုံးပျောက်ဆုံး သွားခဲ့ပြီ။

ပညာ၊ ဂုဏ်နေ၊ ရွှေငွေစည်းစိမ် ဘာဆိုကာမျှမရှိသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်၏မာနကို သူ စိတ်ဝင်စားခြင်းထက် ပိုမိုသော လက်မခံနိုင်ခြင်းက ခါးသီးစွာ ဖြစ်ထွန်း၏။

လင်းအုပ်စီးဆိုတာ မိန်းကလေးတိုင်း အရေးပေးလိုက်လျော မှုကိုသာ ရခဲ့တဲ့သူ…

ခင်သတိုး…

မင်းကို ငါ ဘယ်တော့မှအလျှော့ပေးမှာ မဟုတ်ဘူး။

◀◀ ⏮ ‖. ■ ● ▶▶ ⏭

"စိတ်မာတတ်ကျမနေစမ်းပါနဲ့ ကိုယ့်လူရာ၊ မင်းဘက်က အစိုးရရှေ့နေ အလိုက်ကောင်းလို့ သုံးနှစ်တည်းကျတာ၊ ပျော်တောင် ပျော်ရဦးမှာ၊ လောကဆိုတာ ကံကောင်းခြင်းလက်ဆောင်ကျတော့ တစ်ခုပဲပေးတယ်၊ ကံဆိုးဖို့ကျတော့ အစုလိုက်၊ အပြုံလိုက် မပြီးနိုင် မဆုံးနိုင် ပေးတော့တာပဲ"

ကိုမိုးကြီးက ရှားရှားပါးပါး ရထားသည့် ဆေးလိပ်ကို ချွေချွေတာတာ ဖွာရှိုက်ရင်း ဆေးလိပ်ကိုလည်း တကြည့်ကြည့်နှင့်။

ခဏကြာတော့ တံတွေးဆွတ်၍ မီးငြိမ်းပစ်ကာ ခါးကြား ထဲမှာ ပုဆိုးနှင့်လိပ်၍ သေသေချာချာ ပြန်သိမ်းသည်။

ပြီးမှဆက်၍…

"ငါဆိုရင် ချမ်းသာလိုက်တာ သိန်းခြောက်ရာတန်ကားကို နာရီပိုင်းကလေးနဲ့ ဖဲရှုံးပစ်လိုက်တာ ကုန်ရော၊ နောက်ထပ် တိုရိုတာ





ပါပလစ်ကာ ကုန်တာပဲ၊ အဲဒီကစပြီး ပျက်ခဲ့တာ၊ အရက်မူးမူးနဲ့ ကားမောင်းတော့ ကားမှောက်ပြီး ငါ့သားလေး ပွဲချင်းပြီးသေတယ်၊ ငါ လက်ကျိုးသွားတယ်၊ မိန်းမက ပိုက်နဲ့လေ၊ မြေးဆုံးတယ်လည်း ကြားရော နလုံးရောဂါရှိတဲ့ ငါ့အမေလည်း ဆုံးပါလေရောကွာ"

ကိုမိုးကြီးလေသံက အမှတ်မထင်ဆို အားပါးတရ ပြောပြ နေပုံပေါက်သော်လည်း ပြုံးမဲ့မဲ့နှုတ်ခမ်းများမှာ ကြေကွဲရိပ်တို့ စွန်း ထင်းလို့ရယ်ပါ။

"အဲဒါ မိန်းမက ကိုယ်ဝန်ရင့်လာတော့ အိမ်ပေါင်ရတဲ့ အထိဖြစ်ပြီး ကြံရာမရ လူကပျာလာတယ်၊ လုပ်သမျှ အဆင်မပြေ ဖြစ်လာပြီဆိုရင် လူတွေက ကိုယ့်ကိုယ်ကို သတိမထားကြဘူးကွ၊ တကယ်ဆို ရေများရေနိုင်၊ မီးများမီးနိုင်ပဲ၊ ကံဆိုးလာပြီဆို ဆိုးတော့ မှာပဲ၊ ဒါကို သတိထားရမယ်"

"ကျွန်တော်တို့ဘဝမှာ မကောင်းခဲ့ပေမယ့် ဆိုးဝါးတာ ဘာမှမရှိခဲ့ဘူး"

"ဒါလည်း ရှိတတ်တာပဲလေ၊ အခုအစပြုပြီး မင်းထောင် ကျတယ်၊ မင်းအဖေသေတယ်၊ လက်ထပ်အံ့ဆဲဆဲ ဇနီးလောင်း ပျောက်သွားတယ်၊ ငါပြောတာ မဟုတ်ဘူးလား"

မင်းဦးသျှောင် ငြိမ်နေလိုက်မိ၏။

"ငါလည်း ဒီလိုပဲ၊ ကြံရာမရလို့ လူတစ်စုနဲ့ဆက်သွယ် မိပြီး ငါ့တိုက်ကို တစ်ခြမ်းငှားလိုက်တယ်၊ ဟော… ဘာနှန်း ညာနှုန်းတောင် မသိလိုက်ရဘူး၊ တိုက်လည်း အသိမ်းခံလိုက်ရတယ်၊ ငါလည်း ထောင်ကျတယ်၊ ခု ငါ့မိန်းမလည်း ကလေးကို မီးဖွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆုံးသွားပြီ၊ ကလေးကိုလည်း သူ့မိဘတွေ လာခေါ်သွားကြပြီ၊ ငါ့ဘ၀က နောက်မှာ သားမယား၊ အိမ်ယာ ဘာတစ်ခုမှတွယ်တာစရာ မကျန်တော့ဘူး"

"ဒါကြောင့် ခင်ဗျား ထောင်ထဲမှာပျော်နေတာလား"

"ပျော်အပ်တဲ့နေရာမှ မဟုတ်တာကွ၊ ပျော်တယ်တော့ ဘယ်ဟုတ်မလဲ၊ ကိုယ့်ကိုယ်ကို ဖြေနိုင်ခဲ့တာကိုပြောတာ၊ အခု ငါလွတ်တော့မယ်၊ လွတ်တာနဲ့ မဲဆောက်ကိုသွားမှာ"

"ဟိုမှာ ဘယ်သူရှိလို့လဲ"

"အများကြီးရှိတာပေါ့၊ ထိုင်းမှာကောပဲ၊ ငါ့ကို ကြိုမယ့်သူတွေ အများကြီးပဲ၊ အဲဒီမှာ ရွှေ၊ ငွေ၊ မိန်းမ ဘာမဆိုလိုတာရတယ်၊ ဘ၀ဆိုတာ တစ်ခါတလေ ထင်ရာစိုင်းကြည့်ရတယ်ကွ၊ ပင်လယ်ထဲမှာ မုန်တိုင်းမိလို့ ပျဉ်ချပ်ကိုဖက်လိုက်ရတဲ့လူလိုပေါ့ကွာ၊ ရောက်ချင်ရာရောက်နိုင်မှာမှ မဟုတ်တာ၊ စိတ်ချလက်ချ အိပ်ပစ်လိုက်တော့ သူလည်း မျောချင်ရာမျော၊ ကိုယ်လည်း အပန်းပြေ၊ မဟုတ်ဘူးလား"

မင်းဦးသျှောင် ခပ်ယဲ့ယဲ့ပြုံးလိုက်မိသည်။

သူကတော့ နှစ်တွေကြာပြီကိုး၊ ဖြေနိုင်ပြီဆိုတာ ဟုတ်မှာ မပေါ့။

ကိုယ့်မှာက ရင်ထဲမှာ သောကမီးတောက်တွေ အားကောင်းနေဆဲ...

တစ်လောကလုံးမှာ ကိုယ်ကတွယ်တာစရာ၊ ကိုယ့်ကို





တွယ်တာမည့်သူ ဘယ်မှာလဲ...

ညီမလေးကို သူ ဘာအကူအညီမှမပေးနိုင်တော့သလို သေမှန်းရှင်မှန်းလည်း မသိ။

နောက်ဆုံး ညီမလေး၏ သတင်းအစအနလေးတစ်ခုသို့မဟုတ် ညီမလေး ကျန်းကျန်းမာမာ ကောင်းကောင်းမွန်မွန် ရှိနေသေးသည်ဆိုလျှင်တောင် ဒီသတင်းလေးကြားရုံနှင့် သူ စိတ်ချမ်းသာရမည်သာ။

ညီမလေးဟာ သူ့အပေါ် စိတ်ကစား၍ လက်ခံခဲ့ခြင်းဖြစ်ကာ ချစ်သူနောက်လိုက်သွားခဲ့သည်ဖြစ်စေဦး သူ ကျေနပ်နိုင်ပါသည်။

ခွင့်လွှတ်ပြီးသားပါ ညီမလေးရယ်...

ခုတော့ ဘာတွေဖြစ်၍ ဘယ်ရောက်နေမှန်းမသိ။

သေခြင်း ရှင်ခြင်းက မသေချာ။

စိတ်ထဲမှာ သေချာနေတာ တစ်ခုတော့ရှိပါသည်။ ထိုအရာဟာ ညီမလေးတစ်ယောက် အသွင်တစ်မျိုးနှင့် လောကအလယ်မှာ သက်ရှိထင်ရှားရှိနေလိမ့်ဦးမည်ဟု သူ တစ်ထစ်ချယုံကြည်နေသည်။

ညီမပျောက်တိုင်တန်းခြင်းအမှုကို မပြုခဲ့မိသည်မှာလည်း ဒါကြောင့်ပဲဖြစ်၏။

အကယ်၍ ညီမလေး စိတ်ချမ်းသာ လက်ချမ်းသာ ပုန်းခိုလျက်ရှိနေသည်ဆိုလျှင် သူ့ကြောင့် ဒုက္ခရောက်ကြလိမ့်မည်။

ညီမလေး စိတ်ချမ်းသာနေတယ်ဆိုလည်း ကိုကိုကြားချင်



www.burmeseclassic.com

www.burmeseclassic.com



နေပါတယ် ညီမလေးရယ်…

ကိုကိုဟာ မင်းရဲ့ဥယျာဉ်မှူးပါ…

◂◂ ◂◂| || ■ ● ▸▸ ▸▸|

"ဆရာ… အစ်မလေးက ဆရာ့ကိုမေးနေတယ်၊ တွေ့ချင်တယ်တဲ့"

သူ အိမ်ရှေ့ခန်းထဲဝင်လိုက်သည်နှင့် မောင်မောင်က အီးကြိုပြောသည်။

"မန်းဒေးဝပ်ခ်ရှော့မှာ မင်း ဦးဟန်ဇော်နဲ့ သွားတွေ့လိုက်၊ သူပေးတဲ့ပစ္စည်းစာရင်းကိုယူ၊ မင်း ချက်ချင်းပြန်လာခဲ့"

"ဟုတ်ကဲ့"

"နေဦး"

လင်းအုပ်စီးက ကိုင်ထားသည့်လက်ကိုင်အိတ်ရှည်မျောမျောထဲမှ စာချုပ်နှစ်စောင်ထုတ်ပေးလိုက်ကာ…

"ဒီကိုမလာနဲ့ဦး၊ ကျောက်မြောင်းကတိုက်ကိုသွား၊ ကိုသိန်းဦးကို ဒါပေးလိုက်၊ အောက်ထပ်ငှားတဲ့လူတွေ စာထပ်ချုပ်မယ်ဆိုရင် အဲဒီမှာ ငါ လက်မှတ်ထိုးပြီးသား၊ ကိုသိန်းဦးပဲ ပြီးအောင်လုပ်လိုက်ပါလို့၊ တစ်တိုက်လုံးမငှားဘူးလို့၊ ပြောတာကြားရဲ့လား"

"ဟုတ်ကဲ့ဆရာ"

မောင်မောင်ထွက်သွားမှ သူ အပေါ်ထပ်တက်လာခဲ့သည်။





သော့ဖွင့်ပြီး တံခါးပွင့်သွားတော့ မှန်တင်ခုံရှေ့မှာ မှောက်လျက်လေး အိပ်ပျော်နေသည့်သတိုးကို တွေ့လိုက်ရ၏။

မှန်ချပ်ကြီးပေါ်မှာ နှုတ်ခမ်းနီတောင့်နဲ့ ရေးထားသည့်စာလုံးတွေက သူ့ဒေါသများကို တရစ်ရစ်တက်လာစေပြန်ရာ…

*ကိုကို့ကို ချစ်တယ်…*

*သတိုးကိုခွင့်လွှတ်ပါ ကိုကို…*

*သတိုးကို ခွင့်လွှတ်ပါ ကိုကိုရယ်… နော်…*

လင်းအုပ်စီး ပြန်ထွက်သွားဖို့ ခြေဦးလှည့်လိုက်ပြီးမှ ရပ်တန့်သွားသည်။

ထို့နောက် မွေ့ယာဖြူလွလွထက်မှာ အသာလှဲလိုက်ကာ ဒီဘက်ကို မျက်နှာလေးစောင်း၍ အိပ်ပျော်နေသော သတိုးကို စူးစိုက်ကြည့်မိ၏။

ရှည်လျားသည့် ဆံနွယ်ပျော့ပျော့လေးတွေ နှဲ့အိကျကာ လည်တိုင်နဲ့ ပါးပြင်လေးတစ်ဝက်ခန့်ကိုအုပ်ကွယ်နေသည့်တိုင် မျက်ခုံး တန်းသွယ်သွယ်၊ မျက်တောင်ထူထူလေးတွေ နက်မှောင်လျက် ဝင်းအိနေသော ပါးမို့လေးက ပွင့်ဖတ်လေးတစ်စလို နုမွတ်လျက်။

ပါးပြင်အောက်မှာ မှောက်လျက်ထိုးခံထားသည့် လက်ဖဝါးစောင်း ရဲရဲလေးတွေကို မြင်နေရကာ ခြေချောင်းလေးတွေ ဖောင်းပြည့် စိုရဲနေသည်ထိ သူ ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ကြည့်လေ လှလေ…



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှ ပြောစရာမရှိအောင်လှသည့် ခင်သတိုး…

ထိုစဉ် ခင်သတိုးမျက်နှာလေး မဲ့ခနဲဖြစ်ကာ မျက်လုံးလေးတွေ ပွင့်လာ၏။

သူ့ကို ချက်ချင်းမမြင်ဘဲ ဖိထားသည့် လက်ဖဝါးလေးကို နာကျင်သွားဟန်နှင့် ဆုပ်ချီဖြန့်ချီလုပ်ရင်း ဒီဘက်လှည့်လိုက်မှ…

“ဟင်… ရှင်… ရောက်နေတယ်”

ပုံစံက ချက်ချင်းပြောင်းသွားကာ နေရာမှ ထရပ်လိုက်၏။

“ဦးလင်းအုပ်စီး၊ အခု ရှင် ကျွန်မကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာလုပ်ထားတာလဲဟင်၊ ကျွန်မက ဒီအပေါ်ထပ်မှာ ခြံခတ်ထားတဲ့ ကြက်တစ်ကောင်လို ဒီတိုင်းပဲနေရတော့မှာလား”

လင်းအုပ်စီး လှဲနေရာမှ ထထိုင်လိုက်ကာ သတိုးကို စူးစိုက်ကြည့်နေလျက် စကားတစ်လုံးမှမဆို။ သတိုး သူ့ရှေ့မှာ လာရပ်၍ တဖြည်းဖြည်း ဒူးထောက်ထိုင်ချလိုက်ရင်း….

“ဦးလင်းအုပ်စီး… ကျွန်မ တောင်းပန်ပါတယ်၊ ရှင် ကျွန်မကို ချစ်လို့လည်းမဟုတ်ဘူး၊ လိုချင်လို့လည်းမဟုတ်ဘဲနဲ့ ဒီလောက်ဆိုရင် ကျေနပ်ဖို့ကောင်းပါပြီ၊ ရှင့်လက်ထဲမှာ တစ်လနီးပါး ရှိနေခဲ့တဲ့ ကျွန်မဘဝလည်း စုတ်ပြတ်သွားပါပြီရှင်၊ ပြန်လွှတ်ပေးပါနော်၊ ကျွန်မ ပြန်ပါရစေ”

သတိုး သူ့ကိုမော့ကြည့်ရင်း မျက်ရည်တွေ ကျနေသည်။ လင်းအုပ်စီး မေးကြော တင်းခနဲဖြစ်သွားအောင် အံကြိတ်သည်။

“မင်းကို ကိုယ်က အလှကြည့်ဖို့သက်သက် ခေါ်လာ





တယ်လို့များ ထင်လို့လား”

“ဒါဆို ရှင်က…”

“မင်း ဒီလောက်ဆို နားလည်ဖို့ကောင်းတယ် ခင်သတိုး၊ ဒီအချိန်မှာ မင်းကိုယ့်ကို စိတ်ကြိုကြင်အောင်လုပ်နေဖို့ထက် ကျေနပ်အောင် ကြည်ဖြူပေးသင့်တာ၊ မင်း ကိုယ့်ဆီက ထွက်သွားရတဲ့ အဖြစ်မျိုးရောက်သွားရင် မင်းဘဝ မြောင်းထဲရောက်သွားမှာ မတွေးမိဘူးလား”

လင်းအုပ်စီး ပြတင်းတံခါးဆီလျှောက်သွားတော့ သတိုး နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ကာ…

“အခု ကျွန်မဘဝက မြောင်းထဲရောက်သွားရတာထက် ဆိုးနေတာ ရှင်သိရဲ့လား၊ ဒီမှာ ဦးလင်းအုပ်စီး၊ ရှင်က ကျွန်မရဲ့ ကြည်ဖြူမှုကို လိုချင်တာဆို ယူပါ၊ ကျွန်မ ကြည်ဖြူပါမယ်၊ ရှင့်ရဲ့ ဆန္ဒ ရှင့်အငြိုးတွေပြေပြီဆိုရင် ကျွန်မကို ပြန်လွှတ်ပေးပါ၊ လင်းအုပ်စီးဆိုတဲ့နာမည် တစ်စွန်းတစ်စမှ မပါစေရဘဲ ကျွန်မလမ်းကို ကျွန်မဆက်လျှောက်ပါရစေ”

ကြည့်စမ်း… လင်းအုပ်စီး ပြတင်းပေါက်ကို ကိုင်ထားသည့်လက်က တင်းခနဲဆုပ်ပြီးဖြစ်သွား၏။

သူ့ကိုယ်ကို လိုချင်ယူပါ၊ ပြန်ပါရစေတဲ့…

ဒေါသသည် ဘာသာမဲ့ ပြင်းထန်စွာ ခေါင်းထောင်လာ၏။

ရှိက်သံသဲ့သဲ့သူက သူ့ကျောနောက်မှာကပ်လျက် ရောက်လာ၍



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ကိုကို့ဆီ ပြန်ပါရစေ၊ ဘယ်သူ့မှာမှ အကျိုးမရှိဘဲ ဖျက်ဆီးရုံသက်သက်တော့ ကျွန်မကို ဒီအတိုင်းကြီး နှိပ်စက်မထားပါနဲ့ရှင်"

"ခင်သတိုး… မင်းကိုလွှတ်ပေးဖို့ထက် မင်းစကားတွေကြောင့် မင်း သေမိန့်ကျတော့မယ်ဆိုတာ သိရဲ့လား၊ မင်း ဘာဖြစ်လို့ ဒီလောက်ထိခေါင်းမာနေရတာလဲ"

သူ သတိုးပခုံးလေးနှစ်ဖက်ကို ဖိကျပ်ဆုပ်ကိုင်၍ ခပ်ဆတ်ဆတ် ခါပစ်လိုက်၏။

"ကျွန်မက ဘာကိုခေါင်းမာလို့လဲ၊ ရှင့်လက်ခုပ်ထဲက ရေပါ၊ ရှင်ကြိုက်သလိုသုံးစွဲဖို့ ကြည်ဖြူပေးပါတယ်၊ ပြီးရင်သာ ကျွန်မကို ပြန်ပို့ပေးပါ"

"ဟာကွာ… တောက်"

လင်းအုပ်စီး ပိတ်ရိုက်မိတော့မလို လက်ကို လွဲမြှောက်လိုက်မိသည်။

သတိုးက အံလေးကြိတ်၍ တစ်ချက်မှ တွန့်ဆုတ်မသွားဘဲ

"ရိုက်ပါ၊ ရိုက်လိုက်စမ်းပါ၊ ရှင် ကျွန်မကို ဒီတိုင်းထားမယ်ဆိုရင် သေသွားတာကမှကောင်းဦးမှာ၊ ရိုက်သာသတ်ပစ်လိုက်"

"မင်း… မင်း အဲဒီလောက် မာနကြီးနေလေ၊ မင်းကို ငါ ဒုက္ခပေးဖို့ ကြိုးစားလေပဲ၊ မင်းကို ဘယ်တော့မှပြန်လွှတ်မှာ မဟုတ်ဘူး၊ အဲဒါ မှတ်ထားလိုက်"

"ရှင်… ရှင့်ကိုမုန်းတယ်၊ လွှတ်နော်"





လင်းအုပ်စီးက သတိုးကိုယ်လုံးလေးကို နံရံမှာဖိကပ်ချုပ်နှောင်ကာ မျက်နှာလေးကို ကြမ်းတမ်းစွာ နမ်းပစ်သည်။

ဘယ်လိုမှရုန်းလို့မရ၊ လူချင်းဖိကပ်ကာ လက်ကလေးနှစ်ဖက်ကို နံရံနဲ့ ကပ်ဖိထား၏။

တဒိတ်ဒိတ် လှုပ်ခုန်နေသည့်ရင်ခုန်သံတိုင်းသည် သူ့ကိုမုန်းတီးခြင်းများသာဖြစ်ကာ သူ့လက်တွေ ပြေလျော့သွားသည်နှင့် သတိုး သူ့ပါးကို တအားလွှဲရိုက်ပစ်လိုက်သည်။

သို့သော် ဒီတစ်ခါ သူက သတိုးလက်ကို ဖမ်းဆုပ် နာကျင်အောင် ဖိညှစ်ပစ်ကာ လက်ကို ကျောဘက်မှာ လိမ်လိုက်၏။

"အား"

သတိုး နာကျင်ကာ ကျောလေးကော့သွားတော့ နောက်ကနေ သိုင်းဖက်ထားလိုက်ပြီး

"နောက်ထပ် မင်းပါးစပ်ထဲမှာ ကိုကိုဆိုတာ ဘယ်တော့မှ မထည့်နဲ့ ခင်သတိုး၊ ဒါ နမူနာပဲရှိသေးတယ်၊ မင်းနဲ့ကိုယ့်ရဲ့ ဟောဟိုမွေ့ယာခင်းက စစ်တလင်းဖြစ်သွားလိမ့်မယ်"

ပြောပြီး သတိုးကိုယ်ကလေးကို ဆတ်ခနဲ ပွေ့ချီလိုက်၏။ ထို့နောက် မွေ့ယာဆီလျှောက်သွားကာ မတ်တပ်ကနေ ပစ်ချလိုက်သဖြင့် သတိုးကိုယ်လေး မွေ့ယာထဲသို့ သိမ့်ခနဲ နစ်ဝင်သွားလေသည်။

"လင်းအုပ်စီးဆိုတဲ့ကောင်က လိုချင်ရင် အမြဲအဆင်သင့်ရခဲ့တာချည်းပဲ၊ မင်းဆီက ကိုယ် ဘာမှအခမ္မမယူဘူး၊ အချစ်တန်



www.burmeseclassic.com

www.burmeseclassic.com



ရင် အချစ်၊ စစ်တန်ရင်စစ်ပေါ့၊ အဲဒါ မင်းနားလည်ဖို့လိုတယ်''

သူ ပြန်လှည့်ထွက်သွားသည်။

စိတ်ရှိလက်ရှိ ဖိချေနမ်းသွားခဲ့သည့် ကိုယ့်မျက်နှာကို မှာကျည်းစွာ ပြန်လည်ထုရိုက်မိရင်း ခေါင်းအုံးထဲမှာ မျက်နှာဖိကပ်၍ ငို၏။

တပည့်တော်မ…

ဝဋ်ကြွေးရှိလည်း ဒီမျှနဲ့ပဲကျေပါရစေ ဘုရား…

⏮⏮ ‖ ■ ● ⏭⏭

''ခေါက်… ခေါက်…''

''ဘယ်သူလဲ''

တံခါးခေါက်တာက မထူးဆန်းသော်လည်း အကျဉ်းသားလို နေရသည့် သတိုးအတွက် အထူးတဆန်းပါပဲ။

အပေါ်ထပ်တစ်ထပ်လုံးမှာ သတိုးသွားလာလို့ရသည်။ သတိုးသွားလာနေစဉ်မှာ မောင်မောင်ဆိုသူတစ်ယောက်က အနားမလှမ်းမကမ်းမှာသာ ရှိနေလျက်…

သူမ အိပ်ရာထဲပြန်ဝင်ပြီဆို အပြင်ကနေ သော့ခက်သွားသည်သာ။ ထမင်းစားချိန်ဆို တံခါးကိုဖွင့်ခိုင်းဖို့မလို။

အထဲကဖွင့်လိုက်သည်နှင့် ပွင့်သွားကာ အပြင်စည့်ခန်းမှာ အလှပြယ်ပြင်ဆင်ထားသည့် ထမင်းပွဲက အဆင်သင့်။





ပြီးတော့ အချိုပွဲနှင့်။

''အစ်မစားချင်တာရှိရင် ပြောနော်၊ အားလုံးပြည့်စုံအောင်ကျွန်တော် စီစဉ်ပေးမယ်၊ လိုအပ်တာရှိရင်လည်း ပြောပါ၊ ဆရာ့ကိုပြောပေးမယ်''

ဒီစကားကိုတော့ မကြာခဏ ပြောသည်။ ကျန်တာ ဘာမှမပြောသလို မျက်နှာတောင် စေ့စေ့မော်မကြည့်ခဲ့ပေ။

သတိုး အပေါ်ထပ်မှာ တံခါးပိတ်ခံလိုက်ရသည့်အချိန်များတွင် အောက်ထပ်၌ လူများ စကားပြောသံတွေ၊ တစ်ခါတစ်ရံကြားရတတ်ကာ အပေါ်မှာ တံခါးဖွင့်ပေးထားချိန်များတွင်မောင်မောင်သည် စာရင်းတစ်ထပ်နှင့် အလုပ်ရှုပ်လျက် သူမနှင့်မနီးမဝေးမှာသာ ရှိနေတတ်လေသည်။

စကားပြောကြည့်ဖို့ ကြိုးစားပေမယ့် မရ။ ရင်းနှီးအောင်ပေါင်းကြည့်ဖို့လည်း မလွယ်။

သတိုးအဖြစ်က အကမ်းအလှမ်းမဲ့စွာ…

''အစ်မ… အစ်မ''

''ဘာလဲ''

''ကျွန်တော် တံခါးဖွင့်မယ်နော်၊ အောက်ထပ်မှာ ဆရာအရက်တွေ တအားမူးပြီး ဘယ်လိုမှခေါ်မရလို့''

''ခေါ်မရတော့ ထားလိုက်ပေါ့ရှင်''

သတိုး ထလိုက်ပြီးမှ ပြန်ထိုင်လိုက်သည်။

သူ့ဟာသူ မူးရူးနေတဲ့ကိစ္စ ကိုယ်နဲ့ဘာဆိုင်လဲ။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ချပ်ခနဲ တံခါးဖွင့်သံကြားလိုက်ရပြီး တံခါးကိုတော့ တွန်းမဖွင့်ဘဲ…

"မဟုတ်ဘူး၊ သူက အစ်မကို ခေါ်ခိုင်းတာ၊ ဆရာ့ကို ဆင်းတွဲလိုက်ပါ"

"အို… မတွဲနိုင်ပါဘူး"

"မတွဲလို့မရဘူး၊ ဆရာက ဘယ်တော့မှမူးအောင် သောက်တာမဟုတ်ဘူး၊ သောက်တဲ့အခါလည်း အရမ်းဒေါသကြီးတက်တာ၊ ခင်ဗျားကို တစ်ခုခုပေါက်ကွဲလိုက်မှာစိုးလို့ပြောတာ၊ ခေါ်တာကို ဆင်းတွဲလိုက်ပါ"

သတိုး တွေတွေလေးဖြစ်သွားစဉ် မောင်မောင့်အသံ ပျောက်သွား၏။

မူးယစ်ရမ်းကားလို့ ကိုယ့်ကို ရိုက်နှက်မှာက အကြောင်း မဟုတ်ပေမယ့် ထို့ထက်ဆိုးဝါးသည့်ဒုက္ခတွေ ပေးလာမှာကိုတော့ ကြောက်သည်။

သတိုး ဝတ်ထားသည့် ညဝတ်အင်္ကျီပါးပါးလေးပေါ်က နေ ရွှေညိုစိမ်းရောင် လောင်းကုတ်ပွပွကြီး ထပ်ဝတ်လိုက်ပြီး အပြင် ထွက်လာခဲ့သည်။

ကိုးနာရီဆိုသောအချိန်က ညက မရင့်ရော်သေးသော်လည်း ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်နေပြီဖြစ်၏။

မောင်မောင်က လှေခါးထိပ်ကနေ ရပ်စောင့်နေကာ သတိုး ထွက်လာတာမြင်မှ ရှေ့ကနေ ဆင်းသွားသည်။





လေးလန်းပါး အပေါ်ထပ်မှာသာ နေခဲ့ရသဖြင့် အောက် ထပ်ဟာ သတိုးအတွက် စိမ်းသက်သောနေရာဖြစ်သည်။

အဖိုးတန်ခေတ်မီသော ပရိဘောဂ အဆောင်အယောင်များ က ပြင်ဆင်ခင်းကျင်းထားပုံကအစ လိုက်ကြည့်ငေးနေချင်လောက် အောင် လက်လက်တောက်နေ၏။

လင်းအုပ်စီးသည် သူကိုယ်တိုင် စီးပွားရေးလုပ်ကိုင်နေသူ ဖြစ်သလို သူပိုင်တိုက်နဲ့ခြံများကလည်း လက်ညှိုးထိုးမလွဲအောင် ရှိမှန်း မောင်မောင်နဲ့ စကားပြောဆိုသံများအရ သတိုး သိခဲ့ရ၏။

ဝယ်ရောင်းလုပ်နေသူလည်း ဟုတ်ပုံမရဘဲ ခြံနဲ့တိုက်တွေ ဝယ်ယူစုဆောင်းဖို့ကို ဝါသနာကိုပါနေလေသလား မသိ။

ကြောင်လိမ်လှေခါးအဆုံးမှာ သတိုး ခြေစုံရပ်ကာ နေ့ခင်း ကြောင်တောင်လို ထိန်လင်းနေသည့် မီးရောင်ဖွေးဖွေးအောက်မှာ ဆိုဖာကို မျက်နှာမှောလှန်မှီလျက် စားပွဲခုံပေါ်မှာ ခြေတစ်ဖက်တင် ထားသည့် လင်းအုပ်စီးကို စူးစိုက်ကြည့်နေမိ၏။

တစ်ပတ်တစ်ခါလောက်သာ ရောက်လာတတ်သော ခဏ လေး အပေါ်တက်လာ ရန်ဖြစ်၊ ဆွဲဆောင့်ကြိမ်းဝါး၊ ရိုက်ပုတ်သွား တတ်သည့် ထိုသူဟာ ခုလိုညအချိန်မျိုးမှာ သတိုးဆီ တစ်ခါမှ ရောက်မလာဘူးပေ။

အခု မူးရူးရောက်လာတာ ဘာပြဿနာရှာဦးမှာလဲ။

"ခင်သတိုး… မင်း ဘာလုပ်နေတာလဲ၊ ငါခေါ်နေတာ ဘာလုပ်နေတာလဲကွာ၊ တောက်…"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ဘဲ သူတောက်ခေါက်တော့ တံခါးတွေလိုက်ပိတ်နေသည့် မောင်မောင်က သတိုးကို လှည့်ကြည့်သည်။

"မောင်မောင်"

"ဗျာ… ဆရာ"

မောင်မောင် တံခါးပိတ်ဖို့ လက်ထဲကသော့တွဲပင် ချွမ်းခနဲ လွတ်ကျလေသည်။

"မင်းဘာလုပ်နေတာလဲ၊ ငါ ဘာခိုင်းထားလဲ"

"အစ်မ ရောက်နေပါပြီ ဆရာ"

သူ့ကိုယ်ကြီး လှဲမှီနေရာမှ ထူမတ်လာကာ သတိုးဘက်ကို လှည့်ကြည့်၏။

သတိုး သူရှိရာသို့ လျှောက်သွားကာ…

"ကျွန်မရောက်လာပြီ၊ ရှင် ဘာခိုင်းမလို့လဲ"

"ဘာ"

သူ့မျက်ခုံးနှစ်ဖက် တွန့်ကွေးသွားလျက် သတိုးကို စိုက်ကြည့်၏။

"ဘာခိုင်းမလို့လဲ ဟုတ်လား၊ သိပ်ရိုကျိုးနေပါလား ခင်သတိုး၊ မင်း… မင်းကို ကိုယ်က ခိုင်းဖို့ခေါ်လာတာမှမဟုတ်ပဲ၊ လာ… ကိုယ့်ကိုလာတွဲ"

သတိုး တုတ်တုတ်မှမလှုပ်ဘဲ ရပ်နေ၏။

"ဟိတ်… ပြောနေတာ မကြားဘူးလား"

"ရှင့်ကိုတွဲပြီး ကျွန်မက ဘယ်ပို့ပေးရမလဲ"





"ဟမ်… ဘယ်ကိုပို့ရမှာလဲ၊ ဘယ်ကိုပို့ရမှာလဲလို့ မင်းမေးစရာလား၊ အိပ်ခန်းထဲကို ပို့ပေါ့"

လင်းအုပ်စီး နေရာမှထရပ်လိုက်တော့ ယိုင်ခနဲဖြစ်သွားသည်။

သူ့ကိုယ်သူ ဆိုဖာကိုကိုင်၍ ထိန်းရပ်ရင်း သတိုးဆီလျှောက်လာသည်။

လက်တစ်ကမ်းလောက်ကျတော့ ငိုက်ခနဲ ယိုင်ထွက်သွားကာ သတိုးလည်း မရည်ရွယ်ဘဲနှင့် လှမ်း၍ထိန်းပေးလိုက်မိရာ သူ့တစ်ကိုယ်လုံး သူမကိုယ်လေးပေါ်မှာ အုပ်စီးသွားခဲ့၏။

အပေါ်ထပ်ကို တွဲခေါ်လာခဲ့သည့်တစ်လျှောက်မှာ သတိုးက လှေခါးလက်ရန်းဘက်မှာမို့ သူ့ကိုယ်ကြီးနှင့် လက်ရန်းကြားမှာ ညပ်မိသွားလိုက် သူ့ဘက်ကို လူကပါသွားလိုက် အခန်းဆီရောက်ဖို့ ခဲခဲယဉ်းယဉ်း သယ်ဆောင်လာခဲ့ရသည်။

မွေ့ယာပေါ်မှာ သူ့ကိုထိုင်ပေးလိုက်တော့ သတိုးလက်ကို ပြန်ဆွဲထား၍

"ကိုယ့်ကို အင်္ကျီချွတ်ပေးစမ်းပါ"

သူဝတ်ထားသည့် ကုတ်အင်္ကျီအနက်ကို ချွတ်ပေးရပြန်သည်။

လင်းအုပ်စီးက အိပ်ရာပေါ်မှာ ပက်လက်လှဲချလိုက်ပြီး…

"နတ်ခ်တိုင်ပါ ဖြုတ်ပေး"

သတိုး စိတ်မရှည်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီလောက်မူးနေမှပဲ ဒီတိုင်းပဲအိပ်ပေါ့၊ သက်သက် လူကို ဒုက္ခပေးတာ"

"ဟုတ်တယ်၊ မင်းကိုဒုက္ခပေးဖို့သက်သက် ကိုယ်သောက် လာတာ၊ သိရင်လည်း ညည်းမနေနဲ့ကွာ၊ လာဖြုတ်ပေး"

"လည်စည်းနဲ့ ရှင့်ကို လည်ပင်းတစ်ခါတည်း ညှစ်သတ် လိုက်မှာ မကြောက်ဘူးလား"

"ဟား ဟား ဟား… သတိုးရာ၊ မင်းကိုကြောက်နေမှ ဖြင့် မင်းရှေ့မှာ ဆန့်ဆန့်ကြီး လာအိပ်နေပါ့မလား၊ မင်းကကော ကိုယ့်ကိုမကြောက်ဘူးလား"

"ရှိတယ်၊ အရက်သမားဆို ကျွန်မ သိပ်ရှိတာ"

"ဟုတ်လား၊ မကြိုက်တာတွေ ပြောထားဦး၊ မင်းကို ဒုက္ခပေးဖို့ ကိုယ်မှတ်ထားရမှာ"

သတိုး အံလေးကြိတ်ကာ သူ့ဘေးမှာ တင်ပါးလွှဲထိုင်၍ လည်စီးကို ဖြုတ်ပေးလိုက်၏။ သူက သတိုးလက်ကောက်ဝတ်လေး ကို ဆုပ်ကိုင်လိုက်ပြီး

"မင်းရဲ့ မကြည်ဖြူတဲ့မျက်နှာကို ကိုယ် မကျေနပ်ဘူး၊ ဒါပေမဲ့ အဲဒီမျက်နှာကိုပဲ အချိန်တိုင်းဖျက်မရဘူး ဖြစ်နေတယ်၊ မင်း ကိုယ့်ကို ဘာချို့ယွင်းချက်တွေရှိနေလို့လဲ"

သူ အာလေး လျှာလေး မျက်ဝန်းတွေရီဝေလျက် သတိုး လက်ကလေးကို ဆုပ်ကိုင်၍ တတွတ်တွတ် ပြောနေသည်။

"ရှင် သူများချစ်ခြင်းကိုခွဲတာ၊ အဓမ္မခိုးလာတာ၊ အဲဒါတွေ





က လက်မခံနိုင်တဲ့အချက်တွေပဲ၊ ရှင့်ကို ကျွန်မ ဘယ်တော့မှမချစ် ဘူး၊ ဘယ်တော့မှကြည်ဖြူမှာမဟုတ်ဘူး၊ အဲဒါမှတ်ထားပါ"

"အဟွန့်"

သူက ခပ်သဲ့သဲ့ရယ်ကာ သတိုးလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍ အတင်းဆွဲဖက်လိုက်သည်။

"မင်းကိုတော့ ကိုယ်ကချစ်တယ်၊ မကျေနပ်ပေမယ့် ချစ် နေမိတယ်၊ မင်းကို ကိုယ်လည်းမုန်းတာပဲ ခင်သတိုး၊ ဒါပေမယ့် ချစ်တယ်၊ ဘာဖြစ်လို့မုန်းမသိဘဲနဲ့ ချစ်သွားတာ၊ သိပ်ချစ်တယ်"

"အို… လွှတ်… လွှတ်"

"မလွှတ်နိုင်ဘူး၊ မုန်းတာနဲ့ ချစ်တဲ့နယ်ပယ် နှစ်လွှာကြား မှာ ကိုယ်မောလှပြီ သတိုးရယ်"

သတိုးကို မွှတ်သိပ်သောအနမ်းများနှင့် သူ ဆွဲဆောင်နေ သည်။

ရုန်းဖယ်ငြင်းဆန်နေသည့်ကြားမှ သူ အဓမ္မဆွဲခေါ်နေ သော ကမ္ဘာခြားတစ်ခုဆီသို့ လူးလူးလဲလဲ မေ့မူးမျောပါသွားခဲ့ရ လျက် လွတ်မြောက်လိုခြင်း၊ ရုန်းထွက်လိုခြင်း အစစ မျှော်လင့်ခြင်း များအားလုံးသည် ညလေးတစ်ည၏ သက်ပြင်းချသံသဲ့သဲ့အောက် မှာ မျက်ရည်စက်လေးများအဖြစ် အရည်ပျော်ပျက်စီးခဲ့ရလေသည်။

◂◂ ⏮ ॥ ■ ● ▸▸ ⏭



www.burmeseclassic.com

www.burmeseclassic.com



ညက သတိုး ကြမ်းပြင်ပေါ်မှာပဲ ဆင်းအိပ်နေလိုက်မိကာ သူထထွက်သွားတာပင် မသိလိုက်ပေ။

ညနေစောင်းတော့ သူပြန်ရောက်လာကာ ထုံးစံအတိုင်း မောင်မောင်ကို ဟိုဒီအကြောင်းများ ညွှန်ကြားခိုင်းစေပြီးမှ အပေါ်တက်လာ၏။

သတိုး အလယ်ခန်းအပြင်ဝရံတာလေးမှာ ရပ်နေတော့ သူ အနားရောက်လာပြီး

“ခင်သတိုး… မနက်ဖြန် မင်းနဲ့ကိုယ် လက်မှတ်ထိုးမယ်၊ မင်္ဂလာပွဲတော့ မလုပ်တော့ဘူး၊ သတင်းစာထဲမှာ လက်ထပ်တဲ့အကြောင်းထည့်လိုက်တာပေါ့၊ မင်းကျေနပ်လား”

သတိုး သူ့ကို ကျောပေးနေရာမှ ဆတ်ခနဲလှည့်ရင်ဆိုင်လိုက်ကာ

“ဘာမှလုပ်ပေးဖို့မလိုဘူး၊ ကျွန်မက ရှင့်ရဲ့ တရားဝင်ဇနီးဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူနေမှာမဟုတ်ဘူး၊ ဒီမှာ ဦးလင်းအုပ်စိုး၊ ရှင် ကျွန်မကို လေးလလောက် ထိုးသိပ်ကြိတ်ထားခဲ့တာ၊ မတူဘူး၊ မတန်ဘူးထင်လို့မဟုတ်လား၊ ကျွန်မလို စားသောက်ဆိုင်က အဆိုတော်တစ်ယောက်က ရှင့်ဇနီးဖြစ်ရဖို့ ဒူးထောက်ခယလာရအောင် ရှင်ဖန်တီးခဲ့တာ မဟုတ်လား၊ ထားလိုက်စမ်းပါ၊ သတိုးဆိုတဲ့ မိန်းမက လိုအပ်တဲ့ရင်ခွင့်မဟုတ်ရင် နှတ်စည်းစိမ်မျိုးပေးလည်း မမက်ဘူး”

ပြောနေရင်း သတိုးမျက်ရည်တွေလည်း ကျလာလျှက်…





“ရှင့်ကိုမက်တဲ့ မိန်းမတွေကို သွားယူပါ၊ ကျွန်မ ရှင့်ကို အရှုံးပေးလိုက်ပြီ၊ ပြန်လွှတ်ဖို့လည်း ဘယ်တော့မှမပြောတော့ဘူး၊ ဘာအခွင့်အရေးမှလည်း မတောင်းဘူး၊ ကိုယ့်ကိုယ်ကို သေလူလို့ သဘောထားခဲ့တဲ့အတွက် ကျွန်မမှာ မက်စရာ ဘာမှမရှိတော့ဘူး၊ ရှင့်ဆန္ဒရှိရင်လာပါ၊ ဆန္ဒမရှိရင် ဘယ်ကိုသွားသွား ကျွန်မကို မျက်စိထဲ မထည့်နဲ့”

“ခင်သတိုး”

ဒေါသက အတိုင်းအဆမဲ့ဖြစ်ထွန်းကာ တစ်ကိုယ်လုံး မြောက်ကြွပါလာသည်အထိ ပခုံးနှစ်ဖက်ကို ဆောင့်ဆွဲယူလိုက်မိ၏။

“အဲဒါ မင်း အရှုံးပေးတာမဟုတ်ဘူး၊ မာနတွေနဲ့ ကိုယ့်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတာ၊ မင်းနဲ့ကိုယ့်ကြားမှာ ဘယ်တော့မငြိမ်းနိုင်မယ့်မီး မွှင်းမွှေးနေတာ”

“ကြိုက်သလိုထင်လိုက်”

“မင်းကို ကိုယ်ချစ်လွန်းလို့ ခိုးလာတာမဟုတ်ဘူး၊ ဒါပေမဲ့ ဖျက်ဆီးဖို့မပါဘူး၊ ရှုံးပွဲမရှိတဲ့ ကိုယ့်မာနနဲ့ မင်းရဲ့မာနကို ရိုက်ချိုးချင်တာ၊ ငါဟာ ပုတ်ချခံရတဲ့ကောင် ဖြစ်မကျန်ချင်လို့ မင်းကို မရရအောင် ယူခဲ့တာ၊ လေးလလောက်ထိထားတာက မင်းကို မကျေနပ်တာသက်သက်ပဲ၊ အဲဒီထဲမှာ မင်းပြောတဲ့ပုံစံတွေ ဘာမှမရှိဘူး”

“ရှိရှိ မရှိရှိ ကျွန်မက ရှင့်ဇနီးမဖြစ်ချင်ဘူး”

“ခင်သတိုး… မင်း… မင်း ကိုယ့်ကို စိန်မခေါ်နဲ့ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်တယ်၊ ရှင် ဒေါသဖြစ်ပြီး တုံ့ပြန်လိုက်စမ်းပါ၊ ခုချက်ချင်းပဲ ကျွန်မကို မြောင်းထဲပစ်ချချ၊ အမှိုက်ပုံထဲပဲ သွားထည့်ထည့်၊ ကျွန်မ ဘာမှဂရုမစိုက်ဘူး"

လင်းအုပ်စီး ခင်သတိုးမျက်နှာကို အံကြိတ်လျက် စူးစူးစိုက်စိုက်ကြည့်သည်။

သူ့ကို လွန်စွာတုံ့ပြန်စေလိုသော စိန်ခေါ်သည့်မျက်ဝန်းလက်လက်ကလေးများသည် မမှိတ်မသုန် ပြန်လည်စူးစိုက်နေလေရာ သူ့နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခုဖြစ်ထွန်းလျက်…

"မင်း ကိုယ့်ကို မီးမမွှေးနဲ့ ခင်သတိုး၊ ကိုယ် ရန့်မဖြစ်ချင်ဘူး"

သူ သတိုးကို ဆွဲဖက်လိုက်သည်။

သတိုးမျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်၏။ သူက ခရေမကအတင်းလိုက်နမ်းသည်။

ရင်တွေ အဆမတန်ခုန်နေတာ ထူးဆန်းလှစွာ…

သူ မိန်းကလေးများနှင့် အထိအတွေ့မရှိသူ မဟုတ်ပါ။

သူနဲ့ပတ်သက်ဖူးသမျှ မိန်းကလေးတို့သည် အားလုံးက အလိုက်သင့်ချည်းသာ။

သတိုးကျမှ သူ လူကြမ်းဖြစ်ရသည်။

ကိုင်လိုက်တာနှင့် ဖျတ်ဖျတ်ခါ ရုန်းပစ်တာ၊ နမ်းမည်ပြင်သည်နှင့် ရှောင်ပစ်တာ…

ထိုအမူအရာတို့သည် သူ့မာနများကို ဒေါသများအဖြစ်





အရောင်ဆိုးပေးလိုက်သလို ဖြစ်သော်လည်း ဒေါသများနှင့် တုံ့ပြန်လိုက်မိသော သူ၏အခမ္မတိုင်းမှာ တုန်ရင်လှုပ်ရှားလာတတ်သော ရင်ခုန်သံကို သူ တပ်မက်နေခဲ့ပြီ။

မပေးလိုသည်ကို ရယူချင်သော အနိုင်လိုချင်မှုတို့သည် စွဲလမ်းတပ်မက်စိတ်တို့သာ ဖြစ်ခဲ့လေရာ…

"မနက်ဖြန် မင်းနဲ့ကိုယ် လက်ထပ်မယ်"

ဟု ထပ်ပြောမိ၏။

"မင်းရဲ့မျှော်လင့်ချက်တွေ ထပ်ပြီးကုန်ဆုံးသွားအောင် ကိုယ် ထပ်ပြောဦးမယ်၊ နားထောင်၊ မင်းအဖေ ဆုံးသွားပြီ၊ မင်းအစ်ကိုလည်း ထောင်ကျသွားတယ်၊ မင်းနဲ့ပတ်သက်မယ့်လူ အပြင်မှာ ဘယ်သူမှမရှိတော့ဘူး"

"ဟင်"

သတိုးမျက်လုံးလေး ဝိုင်းစက်သွားကာ သူ့ကို အံ့သြမှင်သက်စွာ မော့ကြည့်လာ၏။

ထို့နောက် နှုတ်ခမ်းလေးတွေ တဆတ်ဆတ် လှုပ်ခတ်လာ၍ သူ့ရင်ဘတ်ကို လက်ဖဝါးလေးနှစ်ဖက်နှင့် ဆောင့်တွန်းပစ်လိုက်ကာ

"ရှင်… ရှင် ယုတ်မာလိုက်တာ မဟုတ်လား၊ ရှင် လူယုတ်မာ"

"ဒီမှာ ခင်သတိုး၊ ဥပဒေဆိုတာရှိတယ်၊ လူနှစ်ယောက်လုံးကို အဲဒီလောက် ကိုယ်ဒုက္ခပေးထားရင် ဒီအချိန် မင်းရှေ့မှာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေနိုင်ပါ့မလား၊ ကိုယ်နဲ့မဆိုင်ဘူး၊ သူ့ကို ရန်ငြိုးထားခဲ့တဲ့ကောင်တွေက ဝိုင်းလုပ်ကြလို့ ဖြစ်ကုန်ကြတာ၊ မင်းငိုချင်ရင် ကိုယ်မရှိတဲ့အချိန်မှာ ငိုထား၊ ကိုယ့်ရှေ့မှာငိုရင်တော့ မင်းနာမှာပဲ"

လင်းအုပ်စီးက ခပ်ရှုးရှုး တစ်ချက်ကြည့်ကာ နေရာမှ လှည့်ထွက်သွားခဲ့၏။

အိမ်ထဲဝင်ခါနီးမှ စိတ်ထဲမှာတစ်မျိုးဖြစ်ကာ နောက်ကို ပြန်ကြည့်လိုက်တော့…

သတိုးသည် ဝရံတာသံတန်းတွေမှာ ပခုံးစောင်းလေးနှင့် ပိကျကာ တအိအိ လဲပြိုကျသွားလျက်…

သူ ချက်ချင်းပြန်သွားသော်လည်း သံမံတလင်းပေါ်မှာ သတိုး သတိလစ်မေ့မြောနေပြီဖြစ်၏။

သတိုးကို အသာအယာ ကောက်ပွေ့လိုက်မိစဉ် ပထမဆုံးသော သနားကြင်နာမိခြင်းများ လင်းအုပ်စီးရင်မှာ ဖြစ်ထွန်းလာ၏။

တကယ်ဆို သူ့ပယောဂမကင်းခဲ့တာ သူသိနေသည်။

သတိုးကို သူခေါ်လာသည့်နေ့မှာ ဖြစ်သွားခဲ့သည့်ပြဿနာက သတိုးပျောက်ရှာဖွေရင်း ဖြစ်ခဲ့ကြတာ…

သူ အတ္တကြီးခဲ့သမျှ သတိုး အများကြီးနစ်နာခဲ့ရှာသည်။

မွေ့ယာထက်မှာ သတိုးနဲ့အတူ လှဲလိုက်မိကာ သတိုးကိုယ်လေးကို နူးညံ့စွာ ပွေ့ထားမိ၏။

ထို့နောက် မြတ်နိုးယုယသောအနမ်းများက မျက်နှာလေးမှ လည်တိုင်နုနုလေးများထိ ချဉ်းနင်းနယ်ကျူးကာ…





ကိုယ့်ရဲ့နူးညံ့မှုတွေကို မင်းမသိနိုင်တဲ့ အချိန်တွေမှာပဲရမယ် ခင်သတိုး…

မင်းသိအောင်တော့ ကိုယ် ဘယ်တော့မှမပေးဘူး။

ဒါဟာ မင်းပေးတဲ့အတိုင်း တူညီသောတုံ့ပြန်မှုပဲ။

ကိုယ့်ကို ခွင့်လွှတ်နားလည်တတ်လာတဲ့ တစ်နေ့နေ့ထိပေါ့။

အချိန်ရာသီတွေသာ ပြောင်းလဲသွားသည်။

သူမျှော်လင့်ထားသည့် သတိုးဘက်က နူးညံ့ပျော့ပျောင်းခြင်းက ဖြစ်တည်မလာခဲ့ပေ။

သူ့ဘက်ကလည်း မိန်းမတစ်ယောက်၏အချစ်ကို ဒူးထောက် မတောင်းခံနိုင်သော မာနများနှင့် အေးစက်သော အိမ်ထောင်ရေးအခြေအနေက နွေးထွေးမလာခဲ့။

ခိုင်းတာဆို သတိုး ဘာမဆိုလုပ်ပေးသည်။ ခေါ်တာ ပြောတာ ပြေပြေပျစ်ပျစ်ရှိလာသည်။ မျက်နှာလေးကတော့ ရေခဲတုံးလေးတစ်တုံး ချထားသည့်အတိုင်း။

ဘယ်လိုမှ ညှိနှိုင်းမရတာက အပြင်ထွက်ဖို့ခေါ်တိုင်း မရတာဖြစ်သည်။

ဘုရားသွား၊ ကျောင်းတက်၊ ညစာ်ခံပွဲ၊ ရပ်ရေးရွာရေး ဘာကိစ္စနဲ့မှ ခေါ်လို့မလိုက်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဒေါ်သဖြစ်ဖြစ်နှင့် ဆောင့်ဆတ်ဆွဲခါကာ ပိတ်ရိုက်ပစ်ခဲ့သည်အထိ ဖြစ်ဖူးသည်။

သတိလစ်သွားအောင် အရိုက်ခံသည်။ ဘယ်လိုမှခေါ်လို့ မရ။ အိမ်ထောင်ရေးအခြေအနေက ရာသီအကူးအပြောင်းလို နွေးတော့မလို အေးတော့မလိုနှင့် နှစ်စေးချောင်းဆိုးကတော့ ရှိနေမြဲသာ။

"သတိုး... ကိုယ့်ကို အကျီကြယ်သီးလာတပ်ပေးစမ်းပါ"

သတိုးက ကျောက်ဆစ်ရုပ်လေးလို သူ့ရှေ့ရောက်လာ၍ ကြယ်သီးတပ်ပေးသည်။

ကြည်ပြာရောင် လက်ပြတ်လည်ဟိုက်လေးနှင့် သနပ်ခါးပါးကွက်လေးတွေ တင်ထားသော သတိုး၏ပခုံးသား ဝင်းပြည့်ပြည့်လေးကို သူ မချင့်မရဲ ဆုပ်ကိုင်လိုက်မိကာ နမ်းဖို့ စိတ်ကူးလိုက်ပေမယ့် မနမ်းဖြစ်။

"သတိုး... မင်း တားဆေးတွေ စားသလားဟင်"

သတိုး မျက်တောင်လေးတွေ ဖျတ်ခနဲ ပင့်ကပ်သွား၍ သူ့ကိုကြည့်သည်။

"မစားပါဘူး"

"သုံးနှစ်ကျော်နေပြီ၊ ကိုယ်တို့ ဘာဖြစ်လို့ကလေးမရတာလဲ၊ ဒါ ဘယ်သူ့မှာ ချို့ယွင်းချက်ရှိတာလဲဆိုတာ စစ်မှဖြစ်မယ်"

"အို... မလိုပါဘူး၊ တစ်သက်လုံးမရှိတော့ ပိုကောင်းတာပေါ့"

"အဲဒါကြောင့်ပြောတာ၊ မင်း တားဆေးတွေ သုံးနေတယ်





မဟုတ်လား၊ မညာနဲ့နော်"

သတိုးက သူမကြိုက်ဆုံးသော မထီမဲ့မြင်အပြုံးနှင့် စေ့စေ့ကြည့်လိုက်ပြီး

"ညာစရာလား ကိုလင်းရဲ့၊ ရှင့်ရဲ့ ကိုယ်ထိလက်ရောက်တုံ့ပြန်မှု၊ ဥပေက္ခာထားမှု၊ ဘာကိုမှဂရုမစိုက်တဲ့ကျွန်မတာ ဘာကိုကြောက်ပြီး ညာရမှာလဲ၊ ရှင်ပြောသလို ကျွန်မဘက်က ပတ်သက်သမျှလူ အပြင်မှာ ဘယ်သူမှမရှိပေမယ့် သတိုးတို့က စိတ်ချမ်းသာမယ်ဆိုရင် ဈေးတောင်း ခေါင်းပေါ်ရွက်လည်ရလည်း ဂရုမစိုက်ဘူး၊ လမ်းဘေးမှာ ရေခဲရေရောင်းစားရမှာလည်း မကြောက်ဘူး၊ မယုံရင် ရှင်စမ်းကြည့်လိုက်လေ"

"သတိုး... မင်း ကိုယ့်ကို အဲဒီလိုစိန်ခေါ်တာတွေကို ရပ်သင့်ပြီ၊ မင်းနဲ့ကိုယ့်ကြားမှာ ဒါတွေမရှိသင့်တော့ဘူး၊ မင်းအတွက် ကိုယ့်ဘက်က အများကြီးပြောင်းလဲထားခဲ့တယ်၊ မင်းဘက်က ဒါပဲ၊ အဲဒီအတွက် မင်းမှာကော၊ ကိုယ့်မှာကော ဘာတွေဖြစ်သွားနိုင်သလဲ"

"ဘာတွေဖြစ်သွားသွား၊ ဖြစ်ချင်သလိုဖြစ်၊ ကျွန်မအတွက်က ဖြစ်ချင်တာ၊ မျှော်လင့်တာ ဘာတစ်ခုမှမရှိဘူး၊ အားလုံးဟာ ဘလက်ပဲ"

"တောက်"

လင်းအုပ်စီး ဒေါ်သဖြစ်ဖြစ်နှင့် ပြတင်းမှန်ကို ခွက်ခနဲ ထိုးချပစ်လိုက်သည်။

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ပထမထင်ခဲ့သော်လည်း သတိုးနဲ့ယှဉ်လိုက်တိုင်း သူ့ကို အလဲမထိုးနိုင်ဘဲ ကိုယ့်အတွက အမြဲဒုတိယ ဖြစ်ခဲ့ရသည်။

ဒေါသတွေချည်းထွက်နေရတာ ကြာတော့ အရူးတစ်ယောက်လိုပါလား…။

◂◂ ◂◂ ॥ ■ ● ▸▸ ▸▸

"မင်းရူးနေတာပဲ အုပ်စီးရ၊ ကြာရင် ရူးမှာပဲ၊ ကိုယ်ချစ်နေတာကို ချစ်တယ်လို့မပြောဘဲ မျိုသိပ်ပြီး ဟန်ဆောင်ချုပ်တီးနေတာ၊ အဲဒီ ဒေါသမာနတွေနဲ့ မင်းရူးဦးမှာ"

အပေါင်းအသင်းတွေက ပစ်ပစ်နှစ်နှစ် ဝေဖန်ကြသည်။

စိတ်ညစ်ညစ်နှင့် အရက်တွေ အလွန်အကျွံသောက်ပစ်မိတာလည်း မကြာခဏ ဖြစ်လာ၏။

တကယ်တမ်းကျသော လူကိုသိမ်းပိုက်ထားနိုင်ရုံနဲ့ ပြည့်စုံသည်မှ မဟုတ်ဘဲ။

ငါရပြီလို့ ကြွေးကြော်နိုင်ခဲ့တာ အောင်နိုင်ခြင်းမှ မဟုတ်ခဲ့တာ။ အချစ်မပါသော ခန္ဓာကိုယ်သည် ဖွဲ့အိတ်ကြီးနှင့်မခြား။

"အုပ်စီး… တော်ပြီကွာ၊ မင်းများနေပြီ"

"ကိုယ့်ကိုယ်ကို အသေခံပြီးတော့ မာနကြီးမယ့်ကောင်ပါလား၊ ကားပေါ်တင်ကွာ၊ ပြန်ပို့ရအောင်"





သူတို့အိမ်ပြန်လာကြတော့ တံခါးဝမှာ မောင်မောင်တစ်ယောက်သာရှိရာ…

"မောင်မောင်… မင်းဆရာကိုလာခေါ်၊ ခင်သတိုးကော"

"အိပ်နေပြီ"

မောင်မောင်က ပျာပျာသလဲ ထွက်လာ၍ လင်းအုပ်စီးကို ကူတွဲသည်။

"အိပ်လို့မရဘူး၊ သွားခေါ်သွား၊ ဒါ သူ့ယောကျ်ား"

အပေါင်းအသင်းတွေက အုပ်စီးနဲ့တွေ့တော့ အုပ်စီးကို အပြစ်တင်ကြသည်။

သတိုးနဲ့ကျတော့လည်း သတိုးကို မကျေနပ်ကြ။

မိန်းကလေးဖြစ်ပြီး ဒီလောက်အငြိုးကြီးရသလား။

သူတို့က လင်းအုပ်စီး၏ ကျောင်းနေဘက်သူငယ်ချင်းတွေမို့ မောင်မောင်ကလည်း ရိုသေပြီးသား။

သွားခေါ်ဆိုသည်နှင့် ဆိုဖာပေါ်မှာ လင်းအုပ်စီးကို နေရာချပြီး အပေါ်ထပ် ချက်ချင်းပြေးတက်သွားသည်။

သိပ်မကြာလိုက်ဘဲ ခင်သတိုး နောက်ကပါလာ၏။

အနီရဲရဲ စပို့ရှပ်အကျႌလေးနှင့် ရိုးရိုးထမီအနီပွင့်လေးကို ဝတ်လျက် ဆံပင်ရှည်တွေ ဖားလျားဖြန့်ချကာ အပေါ်ထပ်က ခပ်မှန်မှန်ဆင်းလာသော သတိုးမျက်နှာလေးက ဝင်းမွတ်ဖြူနေ့သည်။

ထူးခြားစွာ ညိုမှောင်နေသော မျက်ဝန်းလေးတွေက မာန



www.burmeseclassic.com

www.burmeseclassic.com



၏ အေးစက်ခြင်းများကြောင့် ပြိုးပြက်လက်နေသည့်နှယ်…

"သူ အရမ်းမူးလာတယ် သတိုး၊ စိတ်တွေလေနေတယ်၊ ပျက်စီးမှုဆိုတာ တစ်ခုပြီးတစ်ခုဖြစ်နေရင် မကောင်းပါဘူး၊ တစ်ဖက်က လျှော့သင့်နေပြီလို့ ငါတို့ထင်တယ်၊ သူ မင်းကို မရ မနေ ယူထားတာကလွဲရင် ကျန်တာ ဘာမှလော်မာတာမရှိဘူး၊ မင်း ထိုက်သင့်သလောက်ပဲ တုန့်ပြန်ဖို့ကောင်းတယ်"

ကိုလွင့်မျက်နှာက မကျေလည်မှုများကိုမြင်ကာ အောင်လင်းနဲ့ စိုးပိုင်က ကိုလွင့်ကို ဆွဲခေါ်သွားကြသည်။

သတိုးက အိပ်ပျော်နေသည့် သူ့ကို ငုံ့ကြည့်လိုက်ပြီး

"ကိုမောင်မောင်… ရှင့်ဆရာကို အပေါ်တွဲတင်ပေးပါ"

မောင်မောင်နဲ့ သတိုး လင်းအုပ်စိုးကိုတွဲ၍ အိပ်ရာပေါ် တင်ပေးလိုက်ကြသည်။

အရက်နံ့ကို မုန်းတီးသော်လည်း သတိုး သူ့ဘေးမှာပဲ အိပ်လိုက်ရ၏။

တစ်ရေးနိုးလို့ လှမ်းဖက်လိုက်တာနှင့် သတိုးရှိမနေလျှင် ချက်ချင်းနိုးသွားတတ်သည့် လင်းအုပ်စိုးက စကားကောင်းပြောသည် လည်းမရှိဘဲ တစ်ခါတစ်ရံ သန်းခေါင်ကျော်မှ ရန်ထဖြစ်ရတတ် သေးသည်။

သတိုး တစ်ညလုံး ဟိုတွေး ဒီတွေးနှင့် အိပ်မပျော်သမျှ အိပ်ပျော်ရန် ကြိုးစားနေဆဲ လင်းအုပ်စိုး ဒီဘက်စောင်းလာကာ သတိုးခါးလေးကို လှမ်းဖက်လိုက်သည်။





သတိုးချောင်းထဆိုးတော့ သူ နိုးသွား၏။

"သတိုး… မင်း တစ်ရေးနိုးတာလား၊ မအိပ်သေးတာ လား"

"မအိပ်သေးတာ"

နာရီတစ်ချက်ကြည့်ကာ လင်းအုပ်စိုး အိပ်ရာကထ၏။

"နေမကောင်းဘူးလား၊ ချောင်းက ဘာဖြစ်လို့ ဒီလောက် ဆိုးနေရတာလဲ"

"ဘယ်သိမလဲ"

သတိုး သူ့ဘက်ကိုမလှည့်တော့ သူက သတိုးကိုယ်လေး ကိုကျော်၍ တစ်ဖက်မှာ လက်ထောက်၍ ပခုံးကို ဆွဲလှည့်လိုက်၏။

"ညက ကိုယ် တအားမူးလာတယ် ထင်တယ်၊ ဘယ် အချိန် ပြန်ရောက်လဲ၊ အဲဒီမှာ မင်း အိပ်ရေးပျက်သွားတာလား"

"မဟုတ်ပါဘူး၊ အိပ်ကိုမအိပ်ရသေးတာ"

လင်းအုပ်စိုး ပင့်သက်မျှင်းမျှင်းချကာ သတိုးပါးလေးကို ပွတ်သပ်နေလျက်…

"မင်း ဒီရက်မှာ ပိန်သွားသလိုပဲ၊ ကျန်းမာရေးသွားစစ် ရအောင်"

"ဟင့်အင်း"

"မင်းကို ကိုယ် စိုးရိမ်လို့ပြောတာ"

"ဘာမှမဖြစ်ပါဘူး၊ ရှင်ဖြစ်စေချင်သလို ဖြစ်လာတာပဲ ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… ဘယ်လို…"

သူက မေးဖျားလေးကို သူ့ဘက် ဆွဲလှည့်၏။

သတိုးက အတင်းပဲလွှဲဖယ်ပစ်လိုက်ကာ မျက်နှာကို အေးစက်ခြင်းထက် ပိုမိုအောင် အံလေးကြိတ်လျက်…

"ကျွန်မမှာ ကိုယ်ဝန်သုံးလရှိနေပြီ"

"ဟင်… တကယ်၊ မင်း တကယ်ပြောတာလား"

သတိုး သူ့မျက်နှာကို မကြည့်မိအောင်နေသော်လည်း တုန်ယင်လှိုက်လှဲနေသော သူ့အသံက ဝမ်းသာမှုကို အံ့သြမိတာတော့ အမှန်ပင်။

သူမအပေါ် ကြမ်းတမ်းရက်စက်စွာ ဂရုမစိုက်၊ အလေး မထားခြင်းများနှင့် အမြဲနေတတ်ခဲ့သော ထိုသူဟာ အဘယ်ကြောင့် ဒီကိစ္စမျိုးကို သည်မျှဝမ်းသာလှိုက်လှဲနေပါသနည်း။

"မင်းကို ကျေးဇူးတင်တယ် သတိုး၊ ဒီနေ့ကစပြီး ခင်းကို ကိုယ် စိတ်ဆင်းရဲစေတာတွေ လျှော့မယ်လို့ ကတိပေးတယ်၊ ကလေးကို ဂရုစိုက်ပါ"

သူသည် တစ်လျှောက်လုံး မပေးခဲ့ဖူးသော နူးညံ့ခြင်းများ နှင့် သတိုးကို ထွေးပွေ့ကာ ကြာရှည်နွေးထွေးသည့် အနမ်းများကို ချွေ၏။

ပို၍ထူးဆန်းသည်မှာ သတိုးမျက်နှာလေးကို သူ့ဘက်သို့ လှည့်၍ နှုတ်ခမ်းချင်းထိမတတ် တိုးကပ်ကာ…

"မင်းကို ကိုယ်ချစ်တယ်"





ဟု နှုတ်ခမ်းလှုပ်ရုံလေး ဆို၏။

အံ့သြသွားသလို သူ့မျက်နှာထက်သို့ ဖျတ်ခနဲရောက်သွားသည့် သတိုးမျက်ဝန်းလေးများမှ မျက်တောင်လေးတွေကိုလည်း နမ်း၏။

ဘာရယ်မဟုတ်ဘဲ ထိုအနမ်းများနောက်မှာ သတိုး သာယာ ခဲ့မိသလိုလို စိတ်တို့က ညံ့သက်နေခဲ့ရကာ…

⏪ ⏮ ⏸ ⏹ ⏺ ⏩ ⏭

လူအားလုံး ကိုးယောက်တိတိရှိနေသည်။

စားပွဲရှည်ကြီး၏ တစ်ဖက်ဆီမှ လေးယောက်စီတန်းထိုင်နေ ကြကာ စားပွဲထိပ်မှာ နှုတ်ခမ်းအလွန်ထူ၍ မေးစေ့ရှည်လွန်းသော မြင်းမျက်နှာနှင့်တူသည့် လူကြီးတစ်ယောက်သည် အမြင်ဆိုးလှသည့် ဝက်ဝံကဲ့သို့ မွေးပွအပေါ်ရုံဂျာကင်ထူထူကြီးကို ကော်လံထောင်၍ ဝတ်ထား၏။

ကော်လံက နားရွက်စပ်ထိထောက်ကာ ကျောလယ်ခန့်ထိ ရှည်လျားသော ဆံပင်တွေကို မျက်နှာအပြောင်သိမ်း၍ နောက်မှာ တင်းတင်းချည်ထားသေးသည်။

မျက်ခုံးရိုးကြီးထောင်ထနေသည့်တိုင် မျက်ခုံးမွေးက မရှိ။ မျက်လုံးပေါက်ကလည်း ရှည်ရုံအပြင် အဖျားက နားသယ်စပ်သို့ ကော့တက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန် ရုပ်ဆိုးရုံအပြင် ရက်စက်ကြမ်းတမ်းသည့် အသွင်က အထင်းသား။

ရှိသမျှလူအားလုံးသည် သူ့ကိုလည်းမကြည့်၊ စကားလည်း တစ်ခွန်းမှမဆိုဘဲ ငြိမ်သက်စွာ ထောင်မတ်လျက် ထိုင်နေကြသည်။

နဂါးသုံးကောင် ရစ်ခွေထောင်ထနေသည့်ပုံ ထွင်းထုထားသည့် ကျည်းဘောင်ခွေထားသော ကျွန်းကုလားထိုင်ကြီးကို မှီနေရာမှ မြင်းမျက်နှာကြီးနှင့်လူကြီးက ကိုယ်ကိုအနည်းငယ် မတ်မတ်ပြင်လိုက်ပြီး…

"မြေခွေးနဲ့မြွေပွေး ဘာဖြစ်လို့ ရောက်မလာကြတာလဲ"

အားလုံးမျက်နှာတွေ မလှည့်ကြသော်လည်း အစွန်ဆုံးမျက်နှာချင်းဆိုင်ခုံနှစ်လုံးမှ လွတ်လပ်နေသည့်နေရာသို့ မျက်ဝန်းတွေ အလိုလိုစွေကြည့်မိလျက်သား ဖြစ်သွား၏။

ခဏမျှ တိတ်ကျသွားပြီးမှ ဘယ်ဘက်ထိပ်ဆုံးလူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး

"မြေခွေးက ခိုင်းတဲ့ကိစ္စ မအောင်မြင်ပါဘူး၊ ဆရာကြီးအမိန့်ကို စောင့်နေပါတယ်"

"မြွေပွေးကော"

"ဘာဆက်သွယ်ချက်မှမရဘူး"

မြင်းမျက်နှာနှင့်လူ မျက်လုံးအစုံ ကျဉ်းမြောင်းသွား၏။

သူ့မျက်လုံးသည် ဘယ်ထိပ်လူကိုသာ ခပ်စောင်းစောင်း





စိုက်ကြည့်ကာ

"ဒီကိစ္စလွတ်တာ ဘယ်နှစ်တွဲရှိပြီလဲ"

"အနီမှတ်နှစ်တွဲ၊ အရောင်မပါနှစ်တွဲပါ"

"ပြန်လာတဲ့သူ ဘယ်သူရှိလဲ"

"ဘယ်သူမှမရှိသေးပါဘူး"

မြင်းကြီးမျက်နှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် အေးစက်သွားလေသည်။

ထို့နောက် ရှည်လွန်းသည့် မေးဖျားတွဲကြီး လှုပ်ခတ်သွားအောင် အံကြိတ်ပစ်လိုက်ပြီး

"ကျားတစ်"

ဘယ်ထိပ်လူ ချက်ချင်းထရပ်လိုက်ပြီး

"အမိန့်ရှိပါ ဆရာကြီး"

"မင်းတို့နှစ်ယောက် မဲဆောက်ကိုလိုက်"

"ဟုတ်"

"အတောင်မပေါက်နိုင်တဲ့ လေးကောင်ကို ရှင်းပစ်ခဲ့"

မျက်လွှာအောက်က မျက်ဝန်းအသီးသီး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

တောင့်မတ်စွာ ထိုင်နေကြသည့် ကိုယ်လုံးများကတော့ တုတ်တုတ်မျှမလှုပ်ပေ။

"ငါ့ရဲ့ တိရစ္ဆာန်အဖွဲ့ထဲမှာ လူပျော့လူညံ့ ငါ မလိုချင်ဘူး၊ တော်ရမယ်၊ တတ်ရမယ်၊ ရဲရမယ်၊ တိရစ္ဆာန်အဖွဲ့ကို ကျော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူ မရှိရဘူး၊ အဲဒီလူမျိုးရှိလာရင်လည်း ငါ့လက်အောက်မှာပဲ ရှိရမယ်၊ အပြင်မှာရှိနေရင် ရှင်းပစ်၊ ဒါပဲ''

ပြောပြီး အားလုံးကို ဝေ့ကြည့်လိုက်သည်။

ပြီးမှ ဆက်၍

''ကျား နှစ်''

ညာထိပ်လူ ထရပ်လိုက်၏။

''မင်းဦးသျှောင်က ဘာကောင်လဲ''

''လူသတ်မှုနဲ့ ထောင်ကျဖူးတဲ့ကောင်ပါ''

''ဆက်ပြော''

''ထောင်ထဲမှာ မဟုတ်တဲ့ကောင်နဲ့ငြိပြီး ဘိန်းရာဇာနဲ့ ဆက်သွယ်မိသွားတာပါ၊ ဒါပေမဲ့ သူက ဘိန်းမလုပ်တော့ဘူး၊ ဘိန်းရာဇာနဲ့ ကွဲသွားပြီ၊ ဘယ်ကောင်နဲ့မှမလုပ်ဘဲ သူ့အင်ပါယာနဲ့ သူနေတယ်''

''မြန်မာလူမျိုးလား''

''ဟုတ်ပါတယ်''

''မဲဆောက်မှာလား''

''သူ့သွားချင်ရာသွားတယ်၊ နေချင်တဲ့နေရာမှာ နေတယ်၊ ဒီကောင်အရမ်းလျှင်တော့ ဘယ်မှာဖြစ်ဖြစ် လွတ်နေတာပဲ''

''ငါ့ပစ္စည်းတွေ သူ့ဆီမှာလား''

''ဆင်ပြောင်တစ်က ဒီတိုင်းပဲ သတင်းပို့ထားပါတယ်''

''ဘိန်းရာဇာနဲ့ ပေါင်းကြံတာမဟုတ်ဘူးဆိုရင် သူ့ကို





ငါလိုချင်တယ်၊ ပစ္စည်းပြန်မတောင်းနဲ့၊ လူကိုပါအောင်ခေါ်၊ ရှေ့နှစ်တွဲလို ဘာမှမအောင်မြင်ဘူးဆိုရင် ကိုယ့်ကိုယ်ကို စီရင်ပစ်လိုက်''

အားလုံး တိတ်ကျသွားပြန်သည်။

''ကျားတစ်''

ကျားနှစ်ထိုင်၍ ကျားတစ် ထရပ်လိုက်၏။

''လုပ်ရှားဖို့ဒိတ်ကို ငါပေးရမလား၊ မင်းပြောမလား''

ကျားတစ် မျက်နှာတစ်ချက်ပျက်သွား၏။ ထို့နောက် စိတ်ကို တင်း၍

''မင်းဦးသျှောင် ဘယ်မှာဆိုတာ အရင်ရှာခွင့်ပြုပါ ဆရာကြီး၊ သူ့ကိုတွေ့ပြီးတာနဲ့ ကျွန်တော် အမြန်ဆုံးလှုပ်ရှားမယ့်ရက်ကို သတင်းပို့ပါ့မယ်''

''မလိုချင်ဘူး၊ မင်းဦးသျှောင် ဘာကောင်ဖြစ်ဖြစ် ငါ အခုချက်ချင်းလိုချင်တယ်၊ ကျားတွဲနှစ်ကောင် မင်းတို့လှုပ်ရှားဖို့ ငါ ဆယ်ရက်အချိန်ပေးမယ်၊ ပြည့်တဲ့နေ့ ညကိုးနာရီ လက်ခွဲစခန်းသုံးမှာ ငါရှိနေမယ်''

မြင်းကြီး ထထွက်သွားလေသည်။

ကြောင်မရှိတော့သည့် ကြွက်များကဲ့သို့ မြင်းကြီးကွယ်သွားသည်နှင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။

''ကျားတစ်... မင်း ဘယ်လိုလှုပ်ရှားမလဲ''

ကျားတစ်က စားပွဲပေါ်က ပန်းအိုးကို မျက်မှောင်ကုတ် စိုက်ကြည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



“ဆယ်ရက်ဆိုတာ အချိန်ရပါတယ်၊ ငါ မြန်မာနယ်စပ်ကိုဝင်မယ်၊ မင်း ဘန်ကောက်ကိုသွား”

“သူရှိနိုင်မယ် ထင်လား”

“သေချာသလောက်ပဲ၊ ဒီလကုန်မှာ စက်ကာပူအဖွဲ့တွေနဲ့ သူဆုံမယ်ဆိုတာ ငါ သတင်းအတိအကျ ရထားတာ”

“ဒါဆို ငါတို့ ဘန်ကောက်ကိုသွားရုံပဲပေါ့”

ကျားတစ်က ခေါင်းခါလိုက်သည်။

“မင်းဦးသျှောင်ရှိတဲ့နေရာသိရုံနဲ့ သူ့ကို ချည်းကပ်ဖို့က မလွယ်ဘူး၊ ငါကြားဖူးတာ ဒီကောင်က ဟိုအရင်ကတည်းက ဂျူဒိုကရာတေး တိုက်ကွမ်ဒို သင်တန်းဆရာတဲ့၊ ဒီလောကထဲဝင်လာပြီဆိုတော့ ပြောစရာမရှိတော့ဘူး၊ ဒီတော့ ငါတို့ သူ့အကြောင်းကို ဒီထက်ပိုသိမှဖြစ်မှာ”

ကျားနှစ်က ဘေးမှာ ကိုယ့်စာအိတ်တွေကို အသီးသီးဖွင့်ဖတ်နေကြသည့် လက်ရွေးစင်အဖွဲ့ကို တစ်ချက်လှမ်းကြည့်၏။ ပြီးမှ ပြန်လှည့်လာကာ…

“ကျားတစ်… မင်းက မင်းဦးသျှောင်ကို ဆရာကြီးဆီ အရောက်ခေါ်လာနိုင်မယ်လို့ ထင်နေသလား”

“ထင်လို့မရဘူး၊ ပါအောင်လုပ်ရမှာပဲ၊ မင်းဦးသျှောင်ကို တို့အနေနဲ့ ရင်ဆိုင်ဖို့ကြိုးစားလို့မရရင် ငါတို့မလွယ်ဘူး၊ သူ့ကို ဘိန်းရာဇာရဲ့ ကိုယ်ရံတော် လားမားနှစ်ယောက်တောင်မှ မယှဉ်နိုင်ဘူး၊ အခု စက်ကာပူအဖွဲ့နဲ့ တကယ်လုပ်မှာက ဘိန်းရာဇာ၊ ခုတွေ့





ကြမှာက မင်းဦးသျှောင်နဲ့ ဘိန်းရာဇာ၊ ဘာလုပ်နိုင်သလဲ၊ မင်းဦးသျှောင်ကို သူ ဘာမှမလုပ်နိုင်ဘူး၊ ဒီကောင်က တို့လောကထဲရောက်လာတာနဲ့ သူ့နာမည်နဲ့သူ တခမ်းတနားဖြစ်လာတာ”

ကျားတစ်က ထိုင်နေရာမှ ရပ်လိုက်သည်။

ကိုယ့်အတွက် တာဝန်ခွဲဝေပေးလိုက်ပြီဖြစ်သော လက်ရွေးစင်အသီးသီးတို့သည်လည်း စာရွက်အိတ်များကို ပြန်သိမ်းလိုက်ကြကာ အလျှိုအလျှို ထွက်ခွာသွားကြပြီဖြစ်၏။

လျှို့ဝှက်ခန်းထဲတွင် ကျားနှစ်ယောက်သာ ကျန်ခဲ့ကြသည်။

ကျားတစ်က ဆက်၍

“တစ်တောင်ထက်မြင့်သောတောင် အမြဲရှိနေတယ်ဆိုတာကို မင်းလက်ခံလား ကျားနှစ်”

“လောလောဆယ် မင်းဦးသျှောင်ကို ဘယ်သူမှမကျော်နိုင်သေးတာတော့ သေချာတယ်”

“ဟုတ်တယ်၊ ဒါပေမဲ့ ဆရာကြီးက ဒီလိုမယုံတဲ့အတွက် ငါတို့မှာ အများကြီး အန္တရာယ်ရှိတယ်၊ ဒီတော့ မင်းဦးသျှောင်ကို ငါတို့တွေ့နိုင်ဖို့က အရေးကြီးလာပြီ၊ တွေ့တဲ့အခါ ယှဉ်ပြိုင်အနိုင်တိုက်ဖို့ထက် ငါတို့ကို ဒီကောင်စိတ်ဝင်စားဖို့ အဓိကပဲ”

ကျားနှစ်က ခေါင်းညိတ်လိုက်ပြီး

“ငါသိပြီ၊ မင်း မြန်မာနယ်ထဲဝင်ရင် ဘယ်နှစ်ရက်ကြာမလဲ”

“သုံးရက်”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တိတ်ဆိတ်သွားကြ၏။

ပေးထားခဲ့သည့်တာဝန်က တိမ်းစောင်းသွားခဲ့လျှင် အသက်ပေးရမည်။

တိရစ္ဆာန်အဖွဲ့၏ စည်းကမ်းက ယူမလား၊ ပေးလော။

ပေးတာကို မယူတတ်လျှင်လည်း ပေးရမည်။

တာဝန်တစ်ခုကို အသက်နဲ့ဆက်၍ ထမ်းဆောင်ကြရ၏။ အောင်မြင်လျှင် စည်းစိမ်အသင့်။ မအောင်မြင်ရင် အသက်။

ကြီးလေးသည့်တာဝန်တိုင်းကို အသက်နဲ့ရင်းကြရ၏။

နှစ်နိုင်ငံ နယ်စပ်ကြားဒေသမှာ ဟိုဘက် ဒီဘက် အုပ်ချုပ်မှုတွေက ကင်းလွတ်နေရာ တောထဲမှာ လျှို့ဝှက်ဖွဲ့စည်း၍ မြို့ပေါ်မှာ လျှို့ဝှက်လှုပ်ရှားခဲ့ကြသည်

အလားတူ ဂိုဏ်းအဖွဲ့အစည်း အသီးသီးရှိကြသည်။

မူးယစ်ဆေးဝါး၊ တွင်းထွက်ရတနာ၊ ရှေးဟောင်းပစ္စည်းအားလုံးကို သူ့လိုင်းနဲ့သူ ဒုစရိုက်မှုပြုနေကြတာဖြစ်၏။

နိုင်ငံခြား ဆက်သွယ်မှုများနှင့် မိုက်ရဲ တိုက်ရဲသူတို့ လျှင်သလို ကြီးပွားချမ်းသာကြ၏။ ထိုအထဲမှာ တိရစ္ဆာန်အဖွဲ့က ဒုတိယအဆင့်လောက်မှာရှိကာ ရက်စက်မှုကျတော့ နာမည်အကြီးဆုံးရာဇဝင်တွင်သည်။

အဖွဲ့သားအားလုံး မြန်မာတစ်ယောက်မှမပါဘဲ လူရုပ်ပျောက်လောက်အောင် ကြမ်းတမ်းကြသည့် ရုပ်ရည်များရှိကြသည်။

ဘဝမှာ အကြောင်းအမျိုးမျိုးနှင့် သေရဲ နေရဲကြသော





လူမိုက်များ ကြဲဖန်၍ ဆုံဆည်းစုရုံးနေကြသော အဖွဲ့ဖြစ်၏။

ခေါင်းဆောင်က မြင်းရိုင်းဘီလီယံ…

ရက်စက်နိုင်ခြင်းကို အောင်မြင်မှုဟု မှတ်ယူထားသည့် လက်မရွံ့လူသတ်သမား…

သူနဲ့ငြိလာလျှင် ဘယ်သူ့ကိုဖြစ်ဖြစ် သတ်မည်၊ ဖြုတ်မည်။

သူ့အဖွဲ့သားအားလုံး တော်မှ၊ တတ်မှ၊ ရဲမှ…

သူကိုယ်တိုင်က ချန်ပီယံဆုကို ကိုးနှစ်တိုင်တိုင် ဆွတ်ခူးထားနိုင်သကဲ့သို့ နိုင်ငံကျော် လက်ဝှေ့ကျော်ကြီးဖြစ်၏။

သို့သော် အသွင်အမျိုးမျိုးနှင့် ငုပ်ချိ ပေါ်ချိ ကိုယ်ရောင်ဖျောက်နေတတ်သည်မို့ ချန်ပီယံ ဘီလီယံနှင့် မြင်းရိုင်းကို ဘယ်သူကမှ တွဲလျက်မသိ။

ခုချိန်မှာ မြင်းရိုင်း မျက်စိစပါးမွေးစူးနေသည်က မင်းဦးသျှောင်…

မင်းဦးသျှောင်ကို ရှာဖွေပေးကြရမည်။ သူ့ထံ ခေါ်လာရမည်။ ယူမလား၊ ပေးမလား၊ မေးခွန်းနှစ်ရပ်နှင့် မင်းဦးသျှောင်ကို မြင်းရိုင်းစည်းရုံးမည်။

ယူလျှင်ယူ၊ မယူလျှင် သူယူမှာက အသက်။

ထို့အတွက် သူ ပထမဆုံးပေးတာကို ယူလိုက်ရသည်က မင်းဦးသျှောင်ကို ခေါ်လာပေးဖို့တာဝန်ယူပြီးမှ သူလိုချင်တာ မပေးနိုင်လျှင် ပေးရမည်က အသက်။

ကျားနှစ်ကောင် အလေးအနက် ဆွေးနွေးကြပြီးမှ လူချင်း



www.burmeseclassic.com

www.burmeseclassic.com

ခွဲလိုက်ကြ၏။

မင်းဦးသျှောင်ဆိုတာ ဘာကောင်မှန်း၊ ဘယ်လိုပုံစံမှန်း သိမထားခဲ့။

မမြင်ဖူးသော်လည်း နာမည်တစ်လုံးနှင့် ဒုစရိုက်နယ်ပယ်မှာ အတော်ကြီး ရေပန်းစားနေသော မင်းဦးသျှောင်ကို သူတို့ ဆယ်ရက်အတွင်း မတွေ့တွေ့အောင် ရှာဖွေကြရမည်ဖြစ်လေ၏။

ဖန်ဖုံ့ဆစ်ကိုဝင်တော့ မနက်အရုဏ်တက်လာပြီဖြစ်၏။

အစိမ်းရောင်ဆေးသုတ်ထားသည့် စားသောက်ဆိုင်လေး တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်ပြီး ဆိုင်ထဲဝင်ခဲ့၏။

မနက်စာ ခေါက်ဆွဲပြုတ်စားရင်း ဖုန်းဝင်လာသဖြင့် ခါးကြားမှ ဆွဲထုတ်၍ နားထောင်လိုက်၏။

"ဆရာ ဟန်ဆန်လော့က နယ်စပ်ကိုဖြတ်ဖို့ကိစ္စ ဆရာနဲ့ ဆွေးနွေးချင်တယ်တဲ့၊ ဆရာဘယ်မှာလဲလို့ မေးနေတယ်"

"အခု ငါဘယ်မှာလဲ မင်းသိလား"

"ဆရာ ဖန်ဖုံ့ဆစ်ကိုရောက်နေပြီထင်တယ်"

"ဘယ်သွားမှာလဲ သိသေးလား"


www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ဆရာ"

"အေး... မသိရင်မပြောနဲ့၊ ငါကိစ္စရှိတယ်၊ ငါ မခေါ် မချင်း ဘာကိစ္စနဲ့မှ မင်း ငါ့ကို စမခေါ်နဲ့တော့ ကြားလား"

"ဟုတ်ကဲ့... ကြားပါပြီ"

သူ ဖုန်းပိတ်၍ စားလက်စကိုထားခဲ့ကာ နေရာမှထလိုက်၏။

ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်စဉ် ဝေါခနဲ ထိုးဆိုက်လာသည့် အမိုးဖွင့်ဂျစ်ကားလေးတစ်စီးကို ဖျတ်ခနဲလှမ်းကြည့်လိုက်မိသည်။

ကားပေါ်မှာ လူသုံးယောက်...

ခဏလေး လှမ်းကြည့်၍ မျက်နှာလွှဲပစ်လိုက်သော်လည်း နောက်ခန်းမှာ တစ်ယောက်တည်းထိုင်နေသည့် လေးထောင့်စပ်စပ် မျက်နှာ၊ ကြောင်ကဲ့သို့ ခပ်ကျဲကျဲထောင်ကားနေသည့် နှုတ်ခမ်းမွှေး နှင့် အပေါ်နှုတ်ခမ်းထူသော မျက်နှာတစ်ခုကို မျက်လုံးထဲမှာ အသေး စိပ် မြင်ပြီးသားဖြစ်၏။

စဉ်းလဲသော မျက်ဝန်းစုံနှင့် နှုတ်ခမ်းမွှေး၊ နှုတ်ခမ်းထူခြင်း အစ ခပ်သိမ်းသည် မြင်လိုက်တာနှင့် ကျားတစ်ကောင်၏မျက်နှာ နှင့် ဆင်တူနေသည်။

တိရစ္ဆာန်အဖွဲ့...

သူ ကားပေါ်ရောက်တော့ ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။ မကြာလိုက်၊ ခပ်မှန်မှန်မောင်းနေသည့် သူ့ကားနောက်မှာ





ထိုသုံးယောက်၏ကားပါလာတာ တွေ့လိုက်ရသည်။

ကားကို အရှိန်မြှင့်လိုက်၏။ နောက်က အမှီလိုက်လာသည်။

အရှိန်ကို ထပ်မြှင့်လိုက်တော့ ရွှေအိုရောင်ပရာဒိုကို သူတို့ မမှီတော့ဘဲ အတော်ကြီးပြတ်ကျန်ခဲ့၏။

နောက်က ကားလေး ကဆုန်ပေါက်လိုက်သော်လည်း ပရာဒို ဘယ်ရောက်သွားမှန်းမသိ ဖြစ်သွားခဲ့၏။

"ဘယ်ရောက်သွားလဲမသိဘူး ဆရာ"

"ဘယ်ရောက်မှာလဲ၊ မဲဆောက်မှာတွေ့မှာပဲ၊ ဆက်လိုက်"

သို့သော် သူတို့ မဲဆောက်ကိုရောက်သော်လည်း ရွှေအိုရောင် ပရာဒို၏အစအနပင် မမြင်ရတော့ပေ။

ကျားနှစ် တက်ခေါက်၍ ကားတံခါးကို ဒိုင်းခနဲ ဆောင့်ဖွင့်ပစ်လိုက်၏။

"ခွေးသူခိုးကောင်တွေ၊ ဒီကားကို မှီအောင်လိုက်ရမယ်မှန်း သိသားနဲ့ မလိုက်နိုင်ဘူး"

"ပရာဒိုကို ဘယ်လိုလုပ်မှီမလဲဆရာ၊ နီးနေတုန်းက ဆရာပဲ သိပ်မကပ်နဲ့ဦးဆိုလို့..."

"ဟာကွာ... ရော့... သောက်စကားများဦး"

"ခွပ်... ခွပ်... ဖြောင်း"

"အင့်... အား"

နှစ်ယောက်သား ကုန်းကွငိုက်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကျားနှစ်ဒေါသက မပြေသေး။

"ကျိုးကန်း"

ဟိုတယ်အပေါ်ထပ်ကနေ ရေဒီယိုဖွင့်ခေါ်လိုက်တော့ အောက်ဆုံးထပ် စားသောက်ခန်းမထိပ် ကောင်တာမှာထိုင်နေသည့် ကျိုးကန်း ချက်ချင်းထကာ အပြေးအလွှား တက်လာ၏။

အပေါ်ဆုံးထပ်သုံးလွှာထောင့်ခန်းထဲမှာ ကျားနှစ် ရှူးရှူးရှားရှားဖြစ်ကာ

"ရွှေအိုရောင်ပရာဒိုဝင်လာတာ မင်း မမြင်ဘူးလား"

"ရွှေအိုရောင်ပရာဒို"

ကျိုးကန်း ထပ်မံရေရွတ်လိုက်လျှင် ကျားနှစ်၏လက်သီးက ခွမ်းခနဲ ပစ်ဝင်သွားသည်။

"ကျိုးကန်း… မင်းနဲ့ ဒီနာမည် မတန်ဘူး၊ မင်းလို စားပွဲမှာ သူဌေးလိုလို ခွေးလိုလိုထိုင်ပြီး စည်းစိမ်ယစ်နေတဲ့ကောင် ဒီနာမည်နဲ့ လုံးဝမတန်ဘူး"

ကျိုးကန်း အင်္ကျီရင်ဘတ်စကို ကျားနှစ်က ဆောင့်ဆွဲလိုက်ကာ

"ရှေ့စားပွဲမှာထိုင်ပြီး မင်း ဘာလုပ်နေသလဲ၊ ဘာကို ကြည့်နေတာလဲ၊ ပသိတ်ကောင် ပြောစမ်း"

"မ… မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်ထိုင်တာ ခရာတို့ ဝင်လာစလေးကပါ၊ မန်နေဂျာ စာရင်းဝင်စစ်နေလို့ ဖယ်ပေးနေရ ပါတယ်"





"ဘာ… ဘယ်မှာလဲ ဒီမန်နေဂျာ၊ ခေါ်စမ်း… ခု ခေါ်စမ်း"

ကျိုးကန်း နားခေါင်းထဲက စီးကျလာသည့်သွေးကို လက်ဖဝါးနဲ့ ဖိကပ်သုတ်ရင်း ရေဒီယိုနားကို လျှောက်သွား၍ နံပါတ်တစ်ခုပြောင်းရွှေ့၍

"မျောက်ကြီး… မင်းကို ဆရာခေါ်နေတယ်"

မကြာလိုက်ပါ၊ မျောက်ကြီးခေါ် မန်နေဂျာ ရောက်လာသည်။

ဆံပင်တို့ရှည်လျားကာ မုတ်ဆိတ်မွေး နှုတ်ခမ်းလွှာတို့လည်း ထူပျစ်စွာရှိနေကာ လက်နှစ်ဖက်က လူတိုင်းရှိကြသည့် လက်ဖျားထက် ပို၍ရှည်လျား၏။

လူငယ်ပင်ဖြစ်သော်လည်း လက်နှစ်ဖက်ရှည်လျားကာ ခါး အနည်းငယ်ကုန်း၏။ တိရစ္ဆာန်အဖွဲ့အားလုံး၏ ရုပ်ရည်များသည် အသီးသီးရှိကြသော နာမည်များအတိုင်းဖြစ်တတ်၊ ရုပ်ဆိုးကြလေသည်။

တိရစ္ဆာန်အဖွဲ့၏လက်တံက မြို့တိုင်း ရွာတိုင်း နေရာတိုင်း မှာရှိသည်။

ဟိုတယ်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် အားလုံး ကို ဖြန့်ကျက်ခင်းကျင်းလျက် ဆက်သွယ်ချက်တွေရှိကြသည်။

ထို့ကြောင့် အင်ပါယာရှိထားသည့်နေရာတိုင်းမှာ ဘယ် နေရာ ဘာဖြစ်ဖြစ် တိရစ္ဆာန်အဖွဲ့က အပ်ကျတာကအစ မသိတာမရှိ။


www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်… ပြောစမ်း၊ စာရင်းစစ်တာ ညကျမှ အလုပ်၊ အခု မင်း ဘာလုပ်တာလဲ"

"ကျွန်တော်"

"ကိုင်းကွာ"

ဗိုက်ကို အွန့်ခနဲ ထိုးချပစ်လိုက်သည်။

မျောက်ကြီး နောက်ကို ခြေတစ်လှမ်းယိုင်ကျသွားကာ…

"အောက်မှာ ရွှေအိုရောင်ပရာဒိုရောက်နေပါတယ်၊ ခု… ခုပဲ ဝင်လာတာပါ"

စောစောက ရေဒီယိုကို ဖွင့်ခဲ့သဖြင့် အပေါ်ထပ်က အသံတွေ အကုန်ဝင်နေသောကြောင့် မျောက်ကြီး ကြားပြီးသား ဖြစ်ပုံရကာ ရွှေအိုရောင် ပရာဒိုကို သတိထားမိလိုက်တာ ဖြစ်၏။

ကျားနှစ်မျက်နှာ ချက်ချင်းပြောင်းလဲသွားကာ ရေဒီယို ကင်မရာကို မြေညီထပ် စားသောက်ခန်းမသို့ ချိန်လိုက်၏။

နေ့လယ်စာ စားချိန်ရောက်နေပြီမို့ စားသောက်ခန်းထဲမှာ စားသောက်သူများနှင့် စားပွဲတိုင်းပြည့်နေသည်။

လွတ်နေသည့်စားပွဲလည်းမရှိ။ ရှာတဲ့သူကိုလည်း မတွေ့။

ကင်မရာထဲမှာ ကားတွေရပ်ထားသည့် လမ်းမဘေးကို ရောက်သွားသည်။ ဘာမှမရှိ။

ကျားနှစ် ကင်မရာကို ပိတ်ပစ်ကာ ချာခနဲ လှည့်လာ၏။

အခန်းထဲမှရှိသမျှလူတွေ မျက်စိမျက်နှာပျက်ကုန်ကြလေသည်။





အားလုံးသောလူတွေကို တစ်ယောက်ချင်း စူးစိုက်ကြည့်ကာ နောက်ဆုံး မျောက်ကြီးမျက်နှာပေါ် ကျားနှစ်မျက်လုံးက စူးစူးဝါးဝါး နစ်ဝင်သွားသည်။

"ဆရာ… ကျွန်တော် တကယ်မြင်…"

"ဘုတ်…"

"အင့်"

"ခွပ်"

မျောက်ကြီး လူးလိမ့်ခွေခေါက်သွားကာ ချက်ချင်း သွေးသံရဲရဲ ဖြစ်သွားလေသည်။

"ကျွန်တော် တကယ်မြင်လိုက်တာပါ ဆရာ၊ ဟိုတယ်ရှေ့မှာ တကယ်ရပ်…"

သူ ဆက်ပြောခွင့်မရဘဲ ကျားနှစ်၏ ထိုးချက်များအောက်မှာ သေလုမျောပါး ဖြစ်သွားသော်လည်း ဒဏ်ရာထက် ရင်ထဲမှာ နာနေသည်။

အံ့ဩခြင်းများနှင့် ကိုယ့်ကိုယ်ကိုလည်း မကျေနပ်။

ရွှေအိုရောင်ပရာဒိုကို သူ သေသေချာချာ မြင်လိုက်သည်။ မြင်လိုက်သည့်အချိန်မှာ ရေဒီယိုထဲကဝင်လာသည့်အသံများကြောင့် သူထလာခဲ့ရသည်။

ထိုပရာဒိုကြောင့် သူ တစ်ခုခုကို ကြီးလေးစွာ ရင်ဆိုင်ရတော့မည်မှန်းသိကာ ပရာဒို သေချာရပ်ပြီးမှ သူ ကျော့်နိုင်းခြေပြသွားခဲ့တာ…



www.burmeseclassic.com

www.burmeseclassic.com



ခု ဘယ်ကိုပြန်ပျောက်သွားပါသနည်း…

ပရာဒိုထဲကပုဂ္ဂိုလ်သည် ဤမျှအရေးကြီးနေသည်ဆိုပါလျှင် သူသိထားသောအဖွဲ့၏ အရေးအခင်းများအရ သူဟာ မင်းဦးသျှောင် သာ ဖြစ်ဖို့ရှိတော့သည်မို့ လက်သီးချက်များကို သူ ထို'က်တန်စွာ ပေးဆပ်ခြင်းဟု မှတ်ယူလျက်…

◂◂ ⏮ ‖ ■ ● ▸▸ ⏭

''အစ်မ… မှာတာတွေ စုံရဲ့လား ကြည့်ပါဦး''

တကယ်တွက်ကြည့်လျှင် မောင်မောင်က အသက်ပိုကြီးမှာပါ။ ဒါပေမဲ့ ဆရာဖြစ်သူ၏ဇနီးမို့ အစ်မလို့ပဲခေါ်သည်။

ဝယ်ခြမ်းလာသမျှ စုထည့်လာသည်။

ကျွတ်ကျွတ်အိတ်ကြီးကို စားပွဲပေါ်တင်ပေးလိုက်တော့ သတိုးက သေချာ တစ်ခုချင်းထုတ်ကြည့်သည်။

မြီးရှည်လုပ်စားချင်၍ မှာလိုက်တာ၊ မှာသမျှ အားလုံး ပါလာသည်။

''စုံတယ် ကိုမောင်မောင်၊ ကျွန်မကို ဂတ်စ်မီးဖိုတွေ အဆင်သင့်ဖြစ်အောင်သာ စစ်ကြည့်ပေးပါ''

''စစ်ပေးမယ်၊ ကျွန်တော် ကူရဦးမလား''

''ဟင့်အင်း… ရတယ်''

သတိုး သူနဲ့လက်မထပ်မီအထိ ဒီအိမ်မှာ အကျယ် ချုပ်လို





ရက်လများစွာ နေရသည်။

နောက်ပိုင်းမှာ လွတ်လပ်စွာ နေခဲ့ရပါသည်။ လင်းအုပ်စီးကိုယ်တိုင်က အပြင်ကိုသွားလာဖို့ထိ ခေါ်ခဲ့သည်။ သတိုး ဘယ်ကို မှမလိုက်။

ဒီနေ့ထိ မီးဖိုချောင် စောင်း၍မျှမကြည့်ဘဲ ပို့ပေးသမျှကိုပဲ စားကာ ညှိုးသည်လိုနေခဲ့တာဖြစ်၏။

ကိုယ်ဝန်ရှိလာပြီဆိုမှ စိတ်က ချင်ခြင်းတပ်လာတာက ဆိုင်ထမင်း ဆိုင်ဟင်းကို မစားချင်တော့ပေ။

ပြီးတော့ ဒီနေ့ ပထမဆုံးစားချင်သည်က မြီးရှည်။

သတိုး မီးဖိုချောင်ဝင်ပြီဆိုတော့ မောင်မောင် မျက်နှာပြုံးကြည့်နေသည်။

စကားများများ မပြောသော်လည်း လိုလေသေးမရှိ အားလုံးကို ချက်ချင်းဆောင်ရွက်ပေးသည်။

ဘဲဥပြုတ်၊ ကြက်သားဆီသတ်၊ မြေပဲ၊ ပုစွန်ခြောက်၊ အသေးစိတ် အားလုံးကို စီစဉ်ပြီး စားပွဲမှာ အဆင်သင့် အစီအရီချပြီး သတိုး သေသေချာချာ သုပ်နယ်နေမိသည်။

နန်းကြီးနဲ့ မသုတ်ချင်၍ ရှမ်းခေါက်ဆွဲနဲ့လုပ်တာမို့ မြီးရှည် စစ်စစ်တော့ မဖြစ်ပါ။ ဒါပေမဲ့ သတိုး ဒါကိုပဲကြိုက်သည်။

ထိုစဉ် ကားသံကြားလိုက်ရပြီး လင်းအုပ်စီး ပြန်ရောက်လာ၏။

သတိုး မြီးရှည်ကို သေချာနယ်ဖတ်ပြီး လက်ကို ဆေးစင်



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာဆေးပြီးမှ စားပွဲမှာ ပြန်ထိုင်၍ တူနဲ့စားသည်။

"မောင်မောင်"

"ဗျာ... ဆရာ"

"သတိုး ဘယ်ရောက်သွားလဲ"

အပေါ်ထပ်ကအဆင်း လှေခါးပေါ်ကနေ လှမ်းမေးလိုက်သံက အမောတကောနှင့် ဒေါသသံတွေ ပါနေသည်။

"အစ်မ... မီးဖိုချောင်ဝင်နေတယ် ဆရာ"

မောင်မောင်ကလည်း ပျာပျာသလဲ ဖြေရှာသည်။

မကြာလိုက်ပါ။ လင်းအုပ်စီး မီးဖိုထဲ ဝင်လာသည်။

"သတိုး... မင်း ဘာတွေလုပ်နေတာလဲ"

"မြီးရှည်လုပ်စားတာ"

သူ့ထံမှ ကျွတ်ခနဲစုတ်သပ်ခြင်းနှင့်အတူ ခုံဆွဲ၍ သတိုးဘေးမှာ လာထိုင်လိုက်ပြီး...

"အဲဒါစားချင် ဝယ်ခိုင်းပါလားကွ၊ မပေါ့မပါးနဲ့"

အကျီပွပွဝတ်ထားပေမယ့် ငါးလဆိုတာဗိုက်က ရုတ္တုတ္တလေးပဲရှိပါသေးသည်။ သတိုး သူ့ကိုခပ်တည်တည်လေးပြန်ကြည့်၍

"ဝယ်မစားချင်လို့ပေါ့၊ ဒါလေးလုပ်တာ ဘာဖြစ်သွားနိုင်သလဲ"

"ညော်တွေမိတယ်၊ ဟိုဟာလှီး ဒီဟာလှီးနဲ့လက်ကို ဓားထိရင် မေးခိုင်ပိုးတွေဘာတွေဝင်မယ်၊ အပူလောင်တာ ဘာညာ





ရှိတယ်၊ နောက်မလုပ်နဲ့"

"လုပ်မှာပဲ၊ သတိုး ဟိုတယ်ကဟာတွေ မစားချင်တော့ဘူး၊ ဒီနေ့ကစပြီး အိမ်မှာပဲ ချက်စားမယ်"

"ဘာရယ်..."

လင်းအုပ်စီးက သတိုးမျက်နှာကို သေချာနဲ့ကြည့်ကာ သူမကိုယ်သူမ သတိုးဟုထည့်ပြောလာတာလေးကိုပါ သတိထားမိလျက်

"နေပါဦး သုံးလေးနှစ် ဒီတိုင်းပဲ နေလာပြီးတော့ ခုမှ ခက်ဖိုပြုတ်ဖို့ကြီးက ဘာရောဂါနဲ့ ပူးတွဲပါလာတာလဲ"

"မသိဘူး... ခုကစပြီး ဆိုင်ကဟာတွေမစားဘူး"

မေးလေးဆတ်ခနဲပင့်၍ ပြောလိုက်ပုံကို လင်းအုပ်စီးကြည့်၍ ပြုံးလိုက်၏။

"ဒါဆို ကိုယ်အလုပ်သမား ငှားပေးမယ်"

"မငှားနဲ့၊ သူများချက်တာလည်း မစားချင်တော့ဘူး"

"ဘာလဲ၊ ကိုယ်က တားနေလို့ တမင်ရွဲ့တာလား"

မချိုမချဉ်မေးသည့်သူ့ကို သတိုးက မျက်စောင်းလေးတစ်ချက်ပစ်ပေါက်၍ စားမြဲစား၏။

"ကိုယ့်ကို မကျေးတော့ဘူးလား"

ဒီတော့မှ သတိုး သတိရသွားပုံရကာ ပန်းကန်တစ်ချက်ကို လှမ်းကိုင်လိုက်လျှင်...

"နေပစေ... ကိုယ် မင်းပန်းကန်ထဲကပဲ စားမယ်"

"အို... မစားပါနဲ့၊ သပ်သပ်ထည့်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မထည့်နဲ့၊ မင်းမကြိုက်လို့လား"

"မဟုတ်ဘူး"

"မဟုတ်ရင် ပြီးရော"

လင်းအုပ်စီးက တူအသစ်လည်းမကိုင်ဘဲ သတိုးစားနေသည့် တူနဲ့ပဲ ယူစားသည်။

"ဟား... စပ်လိုက်တာကွာ"

နှစ်ဇွန်းလောက်ပဲ စားလိုက်ရသေးသည်။ သူ့မျက်နှာတစ်ပြင်လုံး နီတွတ်သွားလျက်...

"ကြည့်စမ်း... မင်း အဲဒါတွေစားနေတာပေါ့၊ မရဘူး၊ မရဘူး... လာ... တော်ပြီ"

"အို... စားမှာလဲ၊ ကိုလင်း... ရှင် နေရာတကာ ဆရာမလုပ်နဲ့ သိလား၊ လွှတ်"

သတိုးကို သူ အတင်းဆွဲထုတ်လာကာ ကိုကာကိုလာနှစ်ဘူးယူ၍ သူလည်းသောက်၊ သတိုးကိုလည်းပေး၍ ဆိုဖာပေါ်မှာ ဆွဲထိုင်ခိုင်း၏။

ပြီးတော့ သတိုးပခုံးလေးကို ဖက်ထား၍

"ဆရာလုပ်တာမဟုတ်ဘူး၊ မင်းကိုယ့်ကို အကောင်းမမြင်တဲ့ ဝါဒီတွေ နည်းနည်းလျှော့ကြည့်ဦး၊ အစပ်တွေ ဒီလောက်စားတာ ကလေးအတွက်လည်း မကောင်းဘူး၊ မင်းအတွက်လည်း ရောဂါဖြစ်မယ်၊ မင်းကို ကိုယ် မီးခံသေတ္တာထဲမှာ ငွေအပြည့်ထည့်ပေးထားတာပဲ၊ ကြိုက်တာဝယ်စားလို့ရတယ်၊ ပေါက်ကရတွေ





လျှောက်မစားပါနဲ့"

"ဘာပေါက်ကရလဲ၊ အဲဒီပေါက်ကရကိုပဲ စားချင်တာ၊ ရတယ်လေ၊ ရှင် တစ်နေကုန် စောင့်မကြည့်နိုင်ပါဘူး၊ ဒီထက်ကို ပိုစားဦးမယ်"

"ဟား ဟား..."

လင်းအုပ်စီး သတိုးရန်တွေ့နေတာလေးကို အသည်းယားလာကာ တင်းခနဲဆွဲပွေ့ကာ နှုတ်ခမ်းလေးကို နမ်းနေတုန်းမောင်မောင် နောက်ဖေးတံခါးက တက်လာစဉ်နှင့် ပက်ပင်းတိုးကာ ကမူးရှူးထိုး ခြေလှမ်းများနှင့် ပြန်ဆင်းပြေးရသည့်အဖြစ်။

"သတိုး"

"ဘာလဲ... လူကိုလွှတ်စမ်းပါ"

"မင်းကို ကိုယ် ပိုချစ်လာသလိုပဲ၊ ကိုယ့်ကို မင်း သံယောဇဉ် နည်းနည်းမှမဖြစ်မိဘူးလား"

"ဟင့်အင်း"

"မင်းမှာ ကိုယ့်ရင်သွေးလေးသာရှိမနေဘူးဆိုရင် ချစ်တာချစ်တာပဲ၊ မင်းကို ကိုယ် အရှုံးပေးမှာမဟုတ်ဘူး"

"ရှင့်ကိုလည်း ဘယ်သူကမှ အရှုံးမပေးခိုင်းဘူး"

သူ သတိုးရဲ့ဆံစလေးတွေကိုပါ နှာခေါင်းနဲ့ ထိုးမွှေနမ်းရှိုက်နေမိလျက်...

"ကိုယ်ဝန်ရှိသွားပြီဆိုတော့ မင်းကို ကိုယ် အလိုလိုက်ချင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုပြောမလို့"

"ဘာလဲ ပြော"

"လွှတ်ဦးလေ၊ ရှင် ဘယ်လိုဖြစ်နေသလဲ"

"ဘာဖြစ်လဲ၊ ဒီတိုင်းပဲပြော"

သတိုး စိတ်ကျဉ်းကျပ်ကာ သူ့ကို မျက်စောင်းထိုးပစ်လိုက်မိ၏။

လင်းအုပ်စီးက မျက်ခုံးတွန့်တွန့်နှင့် သတိုးကို ပြုံးကြည့်၍

"ပြောလေ ဘာလဲ"

"နောက်နေ့ကစပြီး သတိုးဘာသာချက်မယ်၊ ရှင် ဆန္ဒရှိရင် အိမ်မှာပြန်စားပေါ့"

"ဟင်… ဟာ မလုပ်နဲ့၊ အဲဒါတော့မဖြစ်ဘူး၊ ထမင်းနဲ့ ဟင်းတစ်အိုးဖြစ်ဖို့ကို အချိန်ကုန်၊ လူပမ်း အလုပ်ရှုပ်မခံနဲ့ကွာ၊ မင်း ဘယ်လောက်ထိကောင်းတာ စားချင်သလဲ၊ ကိုယ်ဖြစ်အောင် ဖန်တီးပေးမယ်၊ မီးဖိုချောင်တော့မဝင်နဲ့"

သတိုး သူ့လက်တွေကို အတင်းဆွဲဖယ်ရန်းပစ်ကာ မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်၍

"ရှင့်လိုလူမျိုး မတွေ့ဖူးဘူး သိလား၊ တစ်သက်လုံး ကျွန်မက အဲဒီဟိုဘယ်က အနံ့မျိုးစုံ ချိုပြုံပြုံဟင်းတွေကိုပဲ စားနေရမှာလား၊ ရှင့်လိုလူမျိုးကတော့ စားနိုင်မှာပေါ့၊ ကျွန်မ မစားနိုင်ဘူး"

"ကျွတ်"

လင်းအုပ်စီး ကျွတ်ခနဲ စုတ်သပ်၍ သတိုးလက်ဖဝါးလေး





ကို ပြန်ဆွဲကိုင်ကာ…

"ဘယ်လိုဖြစ်သွားတာလဲ အဲဒါ၊ မင်းပင်ပန်းမှာစိုးလို့ ကိုယ်ပြောတာ"

"ရှင်မပင်ပန်းရင်ပြီးရော မဟုတ်လား"

"ပြီးရောကွာ၊ ချက်… ကြိုက်တာချက်စား၊ အပူတွေ၊ အစပ်တွေတော့ သိပ်မလုပ်နဲ့နော်"

"ရှင် ဒီကိုယ်ဝန်ကို သိပ်ဂရုစိုက်တာပဲနော်၊ ကလေးရပြီးရင် ရှင်ကျေနပ်သွားနိုင်မှာလား"

"ဘာကွ"

လင်းအုပ်စီးမျက်နှာ ညှို့ခနဲပျက်ကျသွားကာ နူးညံ့ဖွေးတွေးခြင်းတို့ ရုတ်ချည်း ပျောက်ကွယ်ကုန်လေသည်။

သတိုး မျက်ခုံးလေးပင့်ကြည့်၍

"စိတ်ဆိုးသွားသလား… ကျွန်မက ဒီကလေးကို ကောင်းကောင်းမွန်မွန် မွေးပေးမှာပါ၊ ရှင် မပူပါနဲ့"

"သတိုး… မင်းတော်တော့၊ မင်း… မင်း ငါ့စိတ်ကို ကြမ်းတမ်းလာအောင် ထိုးဆွမနေနဲ့၊ ကိုယ်လိုလူက ကိုယ့်ကိုယ်ကို ကလွဲပြီး ဘာကိုမှခင်တွယ်တဲ့ကောင်မဟုတ်ဘူး၊ နားလည်လား… ကိုယ် ပထမဆုံးတွယ်တာခဲ့တာ မင်းပဲ၊ မင်းကိုချစ်လို့ မင်းနဲ့ကိုယ့်ရဲ့ ရင်သွေးကို ကိုယ် မက်မောနေတာ၊ ဒီစကားလုံးမျိုးနဲ့ မင်း ထပ်စော်ကားလာရင် ကိုယ် သည်းခံမှာမဟုတ်ဘူး"

"ရှင့်ဒေါသကို ကျွန်မ ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း ရှင်သိပါတယ်၊ သေရမှာလည်း ကျွန်မ မကြောက်ဘူး၊ နေရဖို့လည်း မမျှော်လင့်ဘူး၊ လောကကြီးက ကျွန်မအတွက် အဓိပ္ပါယ်မဲ့ပါ''

''သတိုး''

သူ သတိုးပခုံးတစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်၍

''မင်း ဒီစကားမျိုးတွေ ထပ်မပြောဖို့ ဆင်ခြင်ပါ၊ မင်းနဲ့ ကိုယ် ပဋိပက္ခတွေ မဖြစ်ချင်တော့ဘူး၊ ကိုယ့်ဘက်က ဒေါသမာနတွေကို လျှော့ချပစ်ခဲ့တာ မင်းစိတ်ချမ်းသာစေချင်လို့ပါ၊ မင်းကို ကိုယ် ချစ်ရဲ့လားလို့ ဘယ်တော့မှမမေးဘူး၊ အဲဒီအတွက် ကိုယ့်ကို မုန်းကြောင်း မင်း ခဏခဏ မပြောဘူးဆို ကျေနပ်ပြီ''

ခံစားချက်အသီးသီး ပြင်းထန်ကာ မျက်ဝန်းတွေ တလက်လက် တောက်ပနေကြဆဲ အနီရောင် ဖင်မလီယာလေးတစ်စီး ပေါ်တီကိုအောက်ကို ထိုးရပ်လာ၏။

မောင်မောင် ဘယ်ကထွက်လာမှန်းမသိဘဲ တံခါးနားအရင်ရောက်သွားလျှင် သတိုး သူ့နားက ထွက်လာခဲ့သည်။

''ဆရာ… ဦးကျော်ခက်တို့ရယ်…''

မောင်မောင်က တံခါးမဖွင့်သေးဘဲ လှည့်ပြောတော့ လင်းအုပ်စီးက ဖွင့်ပေးလိုက်ဟူသော အမူအရာနှင့် ခေါင်းညိတ်ပြလိုက်၏။

ဝင်လာကြတော့ အားလုံး လူလေးယောက်။

ရှေ့ဆုံးက ဝင်လာသူသည် အလွန်ဆုံးရှိမှ အရပ်လေးပေသာသာခန့်သာ…





ဝလွန်းတာကြောင့် ပါးနှစ်ဖက် ခပ်တွဲတွဲလျှပ်ခါမတတ်ဖြစ်ကာ နှာခေါင်းပြားပြား၊ နှုတ်ခမ်းလန်လန်နှင့် အသားက ဖြူဖွေးနေသည်။

နဖူးပြင်က နောက်စေ့ထိပ်ထိ ပြောင်သလင်းခါနေလျက် နားရွက်နှစ်ဖက်နောက်လောက်မှာသာ ဆံပင်ငုတ်စ ကျိုးတိုးကျဲတဲရှိနေ၏။

ဘောင်းဘီရှည်အနက်ပွပွ၊ နို့စိမ်းရောင် ရှပ်လက်ရှည်နှင့် နက်ခ်တိုင်အနက်ကို စမတ်ကျကျဝတ်ထားသော်လည်း ဝက်နှင့်သာ တူလေသည်။

လင်းအုပ်စီးက ထိုသူကို ခပ်စူးစူးကြည့်နေပြီးမှ နောက်က ပါလာသည့် ဦးကျော်ခက်ကို လှမ်းကြည့်၏။

''ကိုအုပ်စီး အိမ်ပြန်နားတဲ့အချိန်လာရတာ အားနာတယ်ဗျာ၊ ကိစ္စက အရမ်းအရေးကြီးလို့ပါ''

လင်းအုပ်စီးက မျက်နှာကို တည်သည်လည်းမဟုတ်၊ ရယ်ခြင်းလည်းမပြုဘဲ ထိုင်ဟု ဆိုဖာကို မေးဆတ်ပြသည်။

မိန်းမနဲ့ စကားပြောလို့ အဆင်မပြေရှိထားသည့်စိတ်က ဘယ်လိုမှမကြည်လင်။ လေးယောက်သား ထိုင်လိုက်ကြပြီ.မှတော့ ဦးကျော်ခက်ကပဲစ၍

''ဒီလိုပါ ကိုအုပ်စီး၊ သူက ဦးတို့ရဲ့သူဌေး ဦးဝိတ်ကြီးတဲ့''

ဝိတ်ကြီးဆိုတော့ ဝက်ကြီးနဲ့သိပ်တော့မကွာဟု တွေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ လင်းအုပ်စီးနှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွား၏။

ဦးဝိတ်ကြီးက ထော်လန်နေသည့် သူ့နှုတ်ခမ်းကြီးကို မဖွင့်ဘဲ ပြုံးပြလိုက်ပြီး နှုတ်ဆက်ခေါင်းညိတ်၏။ သူကပဲ ဆက်၍

"ဒီလိုပါ လင်းအုပ်စီး၊ အခုငှားထားတဲ့ ခြံနဲ့တိုက်ကို အန်ကယ်တို့ကို ပြန်ရောင်းဖို့ ကိုကျော်ခက်တို့ ပြောထားဖူးတယ် မဟုတ်လား၊ အဲဒီကိစ္စကို…"

"ကျွန်တော်မရောင်းဘူးလို့ ပြောပြီးသားပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းစဉ်းစားပါဦး၊ နှစ်ဦးစပ်ရှယ်ယာနဲ့ ဟိုတယ်တစ်ခုထူထောင်ဖို့ထိ လက်တွဲဖို့ ရည်ရွယ်ထားကြတာ မဟုတ်လား၊ ယတိပြတ်ကြီးတော့ မငြင်းပါနဲ့၊ ပြီးတော့ ခင်းမှာ ဒီထက်ကောင်းမွန်တဲ့ ခြံတွေ၊ တိုက်တွေ အများကြီးရှိနေတာပဲ"

"မှန်တယ်၊ ဒါပေမဲ့ 'ဆောင်းရင်ခွင်' ခြံကို ကျွန်တော် မရောင်းနိုင်ဘူး၊ ခြံကိုမက်မောလို့မဟုတ်ဘူးနော်၊ ဒီပစ္စည်း၊ ဒီမြေယာတွေမှာ ကျွန်တော် အစွန်းထင်းမခံနိုင်လို့၊ ခင်ဗျားတို့လုပ်ငန်း ဘာတွေဆိုတာ ကျွန်တော်မသိဘူး၊ ဒါပေမဲ့ လမ်းကြောင်းမမှန်ဘူးဆိုတာတော့ သိတယ်"

ဦးဝိတ်ကြီးက ဝန်မခံသော်လည်း ငြင်းဆန်ခြင်းမပြုဘဲ ပြုံးလိုက်သည်။

"ဟိုတယ်လုပ်ငန်းမှာ လက်တွဲဖို့ကျတော့ မင်း ဘာဘောတူပြီးပြီပဲလေ"

"အဲဒါကလည်း ကျွန်တော်ပြောပြီးတဲ့စကားတစ်ခွန်းကို



BURMESE CLASSIC .com



ရုပ်လိုက် ခင်းလိုက်မလုပ်ချင်လို့ပါ၊ ဆောင်းရင်ခွင်ကို မရောင်းနိုင်ဘူး၊ အခုငှားထားတဲ့ကိစ္စကိုလည်း ပြန်ရုပ်သိမ်းထားပြီးသား၊ ဒီတစ်ခါ စာချုပ်ပြည့်တာနဲ့ ပြောင်းပေးရမယ်"

ဦးဝိတ်ကြီးက ဦးကျော်ခက်ကို အဓိပ္ပါယ်ပါသော မျက်လုံးတို့နှင့် လှမ်းကြည့်၏။

လင်းအုပ်စီးက ခြေထောက်တစ်ဖက်ကို စားပွဲပေါ်ဆန့်တင်လိုက်ပြီး စီးကရက်မီးညှိသည်။

ဧည့်သည်ကို ကျွေးမွေးဧည့်ခံဖို့လည်း ခေါင်းထဲထည့်ပုံမပေါ်။

လိုလားနှစ်သက်ခြင်းမရှိသည်ကိုလည်း သိသာအောင်နေ၏။

ဦးကျော်ခက်တို့က ဤသည်ကို ဂရုမစိုက်စွာ အပြုံးမပျက်ဘဲနေလျက်…

"ကျုပ်တို့ လက်တွဲလာကြတာ တစ်နှစ်တည်း နှစ်နှစ်တည်းမှ မဟုတ်တော့တာ၊ အရောင်းအဝယ်ကိစ္စ မင်းသဘောမတူဘူးဆိုရင်တောင် နေမြဲတိုင်းပဲနေရအောင် ဆောင်းရင်ခွင်ကို ကျုပ်တို့ပဲ ဆက်ငှားထားပါရစေ"

လင်းအုပ်စီးက နှုတ်ခမ်းမှာတပ်ထားသည့် စီးကရက်ကို ဖြုတ်၍ ခါးမတ်မတ်ပြန်ထိုင်ကာ

"ဒါဆိုရင် ကျွန်တော့်ဘက်က သတ်မှတ်စရာတွေရှိတယ်၊ အပေါ်ထပ်မှာ ခင်ဗျားတို့သိုလှောင်ထားတဲ့ ပစ္စည်းတွေကို ရှင်းပေးရမယ်၊ အောက်ထပ်ကိုပဲ ငှားထားတာဖြစ်တဲ့အတွက် လှေကားထစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တောင်မှ မတက်ရဘူး၊ ခင်ဗျားတို့က အိမ်ငှား၊ ကျွန်တော်က အိမ်ရှင်၊ အဲဒီအတွက် ခြံစောင့်ကို ခင်ဗျားတို့လူ ထားခွင့်မပြုနိုင်ဘူး"

"မဟုတ်သေးဘူးလေ၊ ကျုပ်တို့လုပ်ငန်းနဲ့ အဝင်အထွက်က ကိုယ့်လူနဲ့ကိုယ်မှဖြစ်မှာမို့လို၊ ဒါကို…"

"ကျွန်တော့်ဘက်က ပြောတဲ့အတိုင်းပဲ၊ ရှေ့ဆက်ဖို့ မဆက်ဖို့က ခင်ဗျားတို့ စဉ်းစားပေါ့"

ဦးဝိတ်ကြီးကပဲ ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ဦးကျောက်ခက်ကို ခပ်စွေစွေ တစ်ချက်လှမ်းကြည့်ပြီးမှ

"ဒါကတော့ ထားလိုက်ပါလေ၊ မင်းက အိမ်ရှင်ဆိုတော့ မင်းဘက်က သတ်မှတ်ချက်တွေရှိမှာပေါ့၊ ကျုပ်တို့နားလည်ပါတယ်၊ အခု ဟိုတယ်လုပ်ငန်းကို နှစ်ဦးရှယ်ယာလွှဲယူလိုက်တဲ့ကိစ္စမှာတော့ ကျုပ်တို့က မင်းကို အကျိုးအမြတ်အတွက် ခုနစ်ဆယ်ရာနှုန်း ပေးထားတာနော်၊ အဲဒီအပေါ်မှာတော့ မင်းဘက်က သတ်မှတ်ချက်တွေ သိပ်ထုတ်လို့မဖြစ်ဘူး၊ နောက်တော့မှ အချေအတင်တွေ မဖြစ်ချင်လို့ ပြောထားတာပါ"

လင်းအုပ်စီးက မထီမဲ့မြင်ပြုံး၍ စီးကရက်ကို ရှိုက်ဖွာသည်။

အစကတည်းက ဒီလူတွေ ဘာတွေလုပ်နေတဲ့လူတွေလဲဆိုတာ သူသိခဲ့သည်။

သူပိုင် တိုက်သုံးလုံးဝေဘက်ကို သူတို့ပဲ ငှားထားခဲ့ကြ





တာ။ တစ်လွှာငှားခကို နှင့်နေအောင်ပေးထားသဖြင့် သူငှားခဲ့သည်။

အိမ်ရှင်နဲ့ အိမ်ငှား… သူတို့ကိစ္စ ကိုယ်နဲ့ဘာမှမဆိုင်ဘဲ။ ဒါပေမဲ့ ကိုယ့်အိမ်ပေါ်မှာ ပစ္စည်းသိုလှောင်တဲ့ထိ လုပ်လာတော့ ငြိမ်နေလို့မဖြစ်။

ဟိုတယ်လုပ်ငန်းကို ရှယ်ယာယူလိုက်တာကလည်း သူကိုယ်တိုင် ဝါသနာပါ၍ဖြစ်ကာ လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် ဂရုမစိုက်တတ်သည့်အကျင့်ကြောင့် ဖြစ်သည်။

ထို့ပြင် နိုင်ငံခြားစီးပွားရေးဈေးကွက်ကို သူ ဝင်မွှေချင်သည်။ မြန်မာပြည်မှာ ချမ်းသာသည်ဆိုတာထက် အများကြီးပိုမိုကာ ငွေတွေ ထားစရာမရှိအောင်ဖြစ်နေသည့် သူ့မှာရှိသော ချမ်းသာခြင်းစည်းစိမ်တွေကို ဒီတိုင်းမထားချင်။

တိုးချဲ့ချင်သည်။ ရင်းနှီးချင်သည်။

ဤသည်အတွက် သူတို့ထံမှ အကူအညီ အများကြီး ရယူမည်။ သူလက်တွဲခဲ့တာ ထိုအရာသည် အဓိက။

ကိုယ်လိုချင်တာယူနိုင်ဖို့ ဘယ်လမ်းကြောင်းကဖြစ်ဖြစ် ရအောင်ဝင်မည်။ ပြီးမှ ဖြုတ်သင့်သည်ကိုဖြုတ်၊ တွဲသင့်တာကိုတွဲ။

သူတို့ကလည်း သူ့ထံမှ ဘာကိုလိုချင်၍ ပစ်ခတ်ရင်းနှီးနေသည်ကို သူသိသည်။

သူတို့ ဘာကောင်တွေဖြစ်ဖြစ် လင်းအုပ်စီးဆိုတာ ကိုယ်က စပြီးရှောင်ထွက်ဖို့ ဘယ်တော့မှစိတ်ကူးမှာမဟုတ်ပေ။

သူက စီးကရက်ကို ပြတင်းပေါက်ဆီသို့ တန်းခဲ့ထောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားအောင် တောက်ထုတ်ပစ်လိုက်ကာ···

"ကိုယ့်လက်ပူမှာတော့ ကိုယ်ကြောက်ကြမှာပဲ၊ ခင်ဗျားတို့ ကိုယ့်လည်ပင်းကို ကြိုးကွင်းမစွပ်မိအောင် ရှောင်နေနိုင်သရွေ့ ကျွန်တော့်ဘက်ကလည်း ဘာမှပြောဖို့မရှိပါဘူး၊ ဖြစ်လာရင် ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ်လမ်းကိုယ်လျှောက်ပေါ့"

"ကြိုက်တယ်၊ မင်းကို ကျုပ် တကယ်သဘောကျတယ်၊ ဒီထက်ပိုပြီးရောနှော လက်တွဲဖို့ မင်းဆန္ဒရှိရင် ကျုပ်တို့က ကြိုဆိုပါတယ်"

သူ ပြုံးရုံပဲ ပြုံးနေလိုက်သည်။

ဂရုမစိုက်တတ်ဘူးဆိုသည့်အကျင့်ရှိပေမယ့် ဒုစရိုက်ကို သူ မကျူးလွန်ချင်။

အရှုတ်ဆန်ချင်တဲ့စိတ်က သပ်သပ်၊ မကောင်းမှုကို မနှစ်မြို့နိုင်တာက တခြား။

◀◀ ⏮ ⏸ ■ ● ▶▶ ⏭

ဟင်··· ဟိုမှာ ကိုကိုလား

သတိုး ကိုကို့ကျောပြင်ကို ရိပ်ခနဲမြင်လိုက်ကာ လက်ထဲက ပန်းတွေကို ဖြစ်သလို ဖွကြဲလွှင့်ပစ်လိုက်ပြီး အတင်းပြေးလိုက်ခဲ့သည်။

"ကိုကို"

လှမ်းခေါ်ပေမယ့် ကိုကိုက လှည့်မကြည့်···





ကိုကို့ဆီ သတိုးနီးကပ်သွားစဉ် ရှေ့ကနေ ကားတွေ တစ်စီးပြီးတစ်စီးဖြတ်နေသည်။

ကားတွေပြတ်သွားတော့ သတိုး ကိုကို့ကို ရှာမိ၏။ အလွန်ဝေးကွာသွားသော နေရာလောက်မှာ ကိုကိုသည် များပြားသည့် လူတွေထဲမှာ ရောထွေးပျောက်ကွယ်လုလု။

အို··· ကိုကိုရယ်··· ချောလာလိုက်တာ။ အသားတွေ ပို၍ဝင်းစိုကာ နှုတ်ခမ်းတွေက အရင်ကထက် ပို၍နီမြန်းနေသည်။

ဝတ်ထားသည်က အနောက်တိုင်းဝတ်စုံ မီးခိုးရောင်···

ဟိုတစ်ချိန်က ကိုကို့ကို သတိုးအရမ်းဝတ်စေချင်ခဲ့သော ဝတ်စုံနှင့် ကိုကိုသည် သတိုးငေးမောနေမိလောက်အောင် ခန့်ညားချောမွေ့နေ၏။

ထောင်ထွက်··· ဟုတ်တယ်··· ကိုကို ထောင်ကျသွားတယ်ဆို···

သတိုးမျှော်လင့်ထားခဲ့သည့် ကိုကိုပုံစံက ပုဆိုးစုတ်၊ အင်္ကျီစုတ်နှင့် ဆံပင်ရှည်စုတ်ဖွားဖွား···

သိုးညှင်းညှင်းပုံ···

ကိုကို···

သတိုး ကိုကို့ကို တငေးတမောကြီးကြည့်နေပြီးမှ လက်ကလေးနှစ်ဖက်မြှောက်ကာ ကိုကို့ဆီ ပြေးသွားမိသည်။

ထိုစဉ် မျက်လုံးထဲမှာ ခေါင်းတိုးဝင်လာသည့် ရထားတွဲကြီး၏ ပုံရိပ်···



www.burmeseclassic.com

www.burmeseclassic.com



သတိုးခြေလှမ်းကို နောက်ဆုတ်ဖို့ အရှိန်သတ်လို့မရ။

"သတိုး"

ကိုကို့ခေါ်သံက နားထဲမှာ ပင့်ဆောင့်ဝင်လာကာ သတိုး ကိုယ်လေး လွင့်တက်သွား၏။

ရထား ခုတ်မောင်းသွားသော စက်သံကြီး ဆူညံလျက်…

ရထားလွန်မြောက်သွားသောအခါ…

"ဟင်"

လူတွေ ဝိုင်းအုံခဲနေသည့်ကြားထဲ တိုးဝှေ့ဝင်ကြည့်လိုက်လျှင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော ကိုကို့ခန္ဓာကိုယ်ကြီးက သွေးအိုင်ထဲမှာ…

ကိုကို… ကိုကိုသေပြီ… သတိုး သွေးတွေကို ထိဘ်လန့်ကာ နောက်ကို တစ်လှမ်းချင်းဆုတ်၏။

ကိုကိုသေပြီ… ကိုကိုသေတာ ငါ့ကြောင့်… ငါကို ကိုကိုကယ်ရင်းသေတာ…

ကိုကို့ကို ကယ်ပေးကြပါ… ကိုကို့ကို ကယ်ကြပါဦး ရှင်…

သတိုး ဆံပင်ဖားလျားနှင့် ဧှျောက်ပြေးငိုရင်း ခလုတ်တိုက်လျက် ဒလိမ့်ခေါက်ကွေး လဲကျသွားလေသည်။

"အား"

"သတိုး… သတိုး ဘာဖြစ်တာလဲ… သတိုး"

"ဟင်"

သတိုးကို လင်းအုပ်စီး ပခုံးလေးမှ ဆွဲပွေ့လိုက်ကာ





အတင်းလှုပ်နှိုး၏။

သတိုးတစ်ကိုယ်လုံးမှာ ချွေးနဲ့မျက်ရည်တွေ ရောပြွမ်းကာ နီးဂဘသော်လည်း ပစ္စုပ္ပန်မှာ စိတ်ကငြိတွယ်ခြင်းမရှိသေး။

"သတိုး… မင်း အိပ်မက်တွေလျှောက်မက်နေသလား"

"ကိုလင်း"

သတိုး ကိုယ့်အဖြစ်ကို သတိတရဖြစ်ကာ ရင်ထဲမှာ ဆို့နင့်ကြေကွဲလျက် လင်းအုပ်စီးရင်ခွင်ထဲ တိုးဝင်၍ ရှိုက်ကြီးတငင် ငိုပစ်လိုက်မိသည်။

"တိတ်ကွာ… ဘာတွေလျှောက်မက်နေလို့လဲ၊ ဖယ်… ကိုယ် ရေခပ်လိုက်ဦးမယ်"

"ဟင့်အင်း"

သတိုးက ကလေးလို အတင်းဖက်တွယ်ကာ ငို၍သာ နေ၏။

လင်းအုပ်စီး သတိုးမျက်ရည်တွေကို တွင်တွင်သုတ်ပေးရင်း ထွေးပွေ့ထား၏။

သတိုးကိုခွင့်လွှတ်ပါ ကိုလင်းရယ်…

ရှင့်ရင်ခွင်ထဲကနေ သတိုး ကိုကို့ကို တမ်းတပြီး ငိုတယ်ဆိုရင် ရှင် သိပ်ကိုနာကြည်းသွားမှာ၊ ဒါပေမဲ့ သတိုး ငိုချင်တယ်…

ကိုကို့ကို ရှင်လျက်ခွဲခဲ့ရပြီးမှ သေလျက်မခွဲနိုင်ဘူး…

ကိုကို ဘာမှမဖြစ်ပါစေနဲ့။

သတိုး သူ့ကိုဖက်တွယ်ထားမိ၍ ကိုကို့အတွက် ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးမိကာ ထိုရင်ခွင်ထဲမှာပဲ ချွေးသိပ်ခဲ့ရသည်။ သုံးဦးသားရဲ့ ချစ်ခြင်းများမှာ ဘယ်သူမှား၍ ဘယ်သူမှန်ပါသနည်း။

◂◂ ⏮ ॥ ■ ● ▸▸ ⏭

လူမနေတာကြာပြီဖြစ်သော ခြံတစ်ခြံလုံးမှာ ချုံနွယ်ပိတ်ပေါင်းတို့ ရှုပ်ထွေးကာ တံခါးတွေအားလုံး ပိတ်ဆို့ထားသည့် တိုက်ကြီးကလည်း မအိုဘဲ ဟောင်းနွမ်းနေတော့သည်။

မီးခိုရောင်လောင်းကုတ်သည့် ခြေသလုံးတစ်ဝက်ထိ ဖားလျားကျလျက် ဘောင်းဘီရှည်အနက်၊ မျက်မှန်အနက်နှင့် ပခုံးလောက်ရှည်သည့် ဆံပင်ကို နောက်ကျောမှာ ဖြစ်သလို စုချည်ထားသဖြင့် နားသယ်စပ် ဆံပင်တချို့ ဖရိုဖရဲကျနေ၏။

သူ့ပုံစံ… သူ့အရပ်အမောင်းနှင့် တင်းတင်းစေ့ပိတ်နေသော နှုတ်ခမ်းတို့သည် ရက်စက်ခက်ထန်သည့်အသွင်ရှိသော်လည်း မျက်မှန်အောက်မှ မမြင်နိုင်သော သူ့မျက်ဝန်းတို့သည် တိုက်ကြီးဆီသို့ မမိုတ်မသုန် ငေးမောနေလျက်…

မည်မျှ ဆွေးမြေ့ကြေကွဲနေသည်ကို ဘယ်သူမှမသိနိုင်။

ရွှေအိုရောင်ပရာဒိုကားကြီးကို နောက်ပြန်မှီကာ လက်နှစ်ဖက်ကို ကျစ်ကျစ်ပိုက်၍ ငေးနေရင်း သူ့နှုတ်ခမ်းမှာ အပြုံးတစ်ခု လွင့်ခနဲဖြစ်ထွန်းသွားသည်။

*လက်ထပ်ပြီးစီးခြင်း*

***မောင်လင်းအုပ်စီးနှင့် မခင်သတိုး***

**သစ္စာမွန်ဓာဌေ**



တဲ့။

သူ ထောင်ကထွက်ခဲ့ပြီးမှ တွေ့ခဲ့ရသည့် သတင်းစာဟောင်းတစ်စောင်ထဲက ကြော်ငြာလေး…

အဖြစ်တွေဖြစ်ပျက်ခဲ့ပြီးနောက် အတော်ကြာမှ လက်ထပ်ခဲ့သည့် နေ့စွဲနှင့်…

ညီမလေး ဘယ်လိုပျောက်ဆုံး၍ ဘယ်သူနဲ့လက်ထပ်ခဲ့တာလဲ။

လင်းအုပ်စီးဆိုသောနာမည်ကို ညီမလေးပါးစပ်ကရော၊ ပတ်ဝန်းကျင်မှာပါ တစ်စွန်းတစ်စမှ မကြားမိခဲ့သည်က သေချာပါသည်။

ဒီနေ့ထိလည်း ညီမလေး ဘယ်လိုပုံစံအမျိုးမျိုးနဲ့ ဖောက်ထွက်သွားခဲ့တာကို သူ မသိခဲ့သေး။

ဒါပေမဲ့ ကိုကို ကျေနပ်ပါတယ် သတိုးရယ်…

လင်းအုပ်စီးဆိုသော နာမည်တစ်လုံး၏နောက်က ဘွဲ့တွေ၊ မှိုင်းဆိုင်ခြင်းတွေ တာသီတစ်တန်းကြီးကို သတင်းစာထဲမှာ ဖတ်လိုက်ရသည်။

သူပူပန်ခဲ့မိသလိုမဟုတ်ဘဲ ညီမလေး တင့်တင့်တယ်တယ် ဖြစ်သွားတာမို့ ကြံဖန်နှစ်သိမ့်၍ ကျေနပ်ခဲ့ရသည်။

နူးညံ့ခဲ့ရလွန်းသည့် နှလုံးသားသည် တစ်ဖက်မှ ရက်စက်ကြမ်းတမ်းလိုခြင်းများက နေရာယူ၏။ နှလုံးသား၏ နာကျင်မှုကို ကြံဖန်ခွင့်လွှတ်ဖြေသိမ့်ခဲ့ရသော်ငြား…

**သစ္စာမွန်ဓာဌေ**

www.burmeseclassic.com

www.burmeseclassic.com



အမြီးမှာ ယင်နားတာတောင် အလွတ်မပေးတတ်သည့်
မြွေပွေး၏မာန်မာနများ သူ့ရင်ထဲမှာ ကိန်းအောင်းလာသည်။

အဆုံးစွန်ထိ နင့်သီးကွဲကြေခဲ့ပြီးသည့် နှလုံးသားက လူတွေ
အပေါ် ဆက်လက်သည်းခံဖို့ ဘယ်လိုမှအင်အားမွေးလို့မရတော့ဘဲ
ရှိရာ မင်းဦးသျှောင်ဆိုသော နာမည်တစ်ခုကို အချိန်တိုတိုအတွင်းမှာ
ပိုင်ဆိုင်ခဲ့၏။

အားလုံးကို မေ့ပျောက်သွားစေဖို့ မြန်မာပြည့်ကိုပါ
ကျောခိုင်းထားခဲ့တာ လေးနှစ်ကျော်ကြာခဲ့ပြီပဲ။

ခဏတဖြုတ်သွားဖြစ်လာဖြစ်တာ ရှိပေမယ့် နယ်စပ်ကို
သာ ချဉ်းနင်းမိကာ ထဲထဲဝင်ဝင် မလာဖြစ်ခဲ့ပေ။

လာဖြစ်ခဲ့တော့လည်း ဖြစ်ခဲ့ဖူးသည့် ခိုင်မာသော
သံယောဇဉ်က ကိုယ့်ဝန်းကိုယ့်ခြံ သည်နေရာသို့သာ ဦးစွာလာဖြစ်
ရလသည်။

ညီမလေး ဒီကို လာကြည့်ဖြစ်သေးရဲ့လား…
ညည်း ကိုကို့သတင်းကို ကြားတော့ကြားမှာပါ သတိုး
ရယ်…

နေနိုင်လိုက်တာဆိုသည့် ခံစားချက်ကို ဆက်မခံစားဘဲ
ဖျောက်ဖျက်ခဲ့ဖူးတာလည်း အကြိမ်ကြိမ်။

ဒီနေ့ထိ ညီမလေးကို သူ ခွင့်လွှတ်နေမိဆဲ…
အဆုံးအစမဲ့ ကြမ်းတမ်းအောင် လွှတ်ထားခဲ့မိသည့် စိတ်
ထဲမှာ ခွင့်လွှတ်ပေးနေဆဲသူဟာ ညီမလေးတစ်ယောက်တည်းသာ။





သူ မျက်မှန်ကို တစ်ချက်တင်၍ ကားထဲပြန်ဝင်လိုက်သည်။

ကားကို နောက်ပြန်ဆုတ်၍ လမ်းပေါ်ဦးတည်လိုက်ရင်း တိုက်ကြီးကို နှုတ်ဆက်ခြင်းဖြင့် တစ်ချက်မော့ကြည့်ဖြစ်သေး၏။

ဟိုတစ်ချိန်က သူ့လက်မောင်းမှာ ဖက်တွယ်မှီနွဲ့၍ ရယ်မောနေတတ်သော ရင်ခုန်ဖွယ်ရယ်မောသံလေးများက ဝေး၍ ဝေး၍ ပျောက်ကွယ်သွားသကဲ့သို့….

"အို… လွှတ်… လွှတ်… ကယ်ကြပါဦးရှင်"

လေးလံနေသောစိတ်တို့နှင့် ကားကို မှန်မှန်လေးမောင်းနေမိစဉ် လမ်းဘေးတစ်နေရာမှ အော်သံဆူးဆူးလေးကြောင့် ကားကို ချက်ချင်းရပ်ပစ်လိုက်ကာ အသံလာရာသို့ လှမ်းကြည့်လိုက်မိ၏။

လမ်းဘေး လှူရှင်းသော သစ်ပင်မြင့်ကြီးနှစ်ပင်ကြားမှာ မိန်းကလေးတစ်ယောက်နှင့် ပုရိသသုံးယောက်။

မိန်းကလေးသည် နီရဲနေသော ကိုယ်ကျပ်ဝတ်စုံနှင့် ကိုယ်လုံးအလှက နှစ်ခါပြန်ကြည့်ရလောက်အောင် ထင်ရှင်းကောက်ကွေ့နေ၏။

နားရွက်အောက် မရောက်တရောက် ဆံပင်တိုလေးနှင့် အနီရဲရဲ နားကွင်းဝိုင်းကြီးက မျက်နှာဝိုင်းဝိုင်းလေးနှင့် လိုက်ဖက်၍ နုငယ်ဝင်းစက်နေသည်။

ယောကျာ်းသုံးယောက်မှာ တစ်ယောက်က လက်ပိုက်ရပ်လျက် နှစ်ယောက်က ခပ်ညံ့ညံ့ ဂျစ်ကားတစ်စီးပေါ်သို့ ဆွဲတင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ကြိုးစားနေ၏။

"လွှတ်နော်.. လွှတ်.. ကယ်ကြပါဦး၊ ကယ်ကြပါဦး ရှင်"

မင်းဦးသျှောင် ဆင်းလာတာမြင်လျှင် မိန်းကလေးက အကြောက်အကန် ရုန်းနေရာမှ ငိုယိုရင်း…

"ကျွန်မကို ကယ်ပါဦးရှင်၊ သူတို့…"

"တိတ်စမ်း… ဟိတ်ကောင် မင်း ကိုယ့်လမ်းကိုယ်သွားနော်၊ ငါတို့က ကိုယ့်အထာနဲ့ကိုယ် သိပြီးသား"

"ဟား ဟား…"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ မိန်းမကောင်းပါ သူတို့ထင်သလို မဟုတ်ဘူး၊ ကျွန်မကို ကယ်ပါဦးရှင်"

မိန်းကလေးက ရှိုက်ရှိုက်ငိုမတတ် တောင်းပန်နေ၏။

မင်းဦးသျှောင် ကာမဘီလူးကောင်တွေကို စက်ဆုပ်စွာ ကြည့်၍

"အလိုမတူတာကို အနိုင်မကျင့်ပါနဲ့၊ သူ့ကို လွှတ်ပေးလိုက်ပါ"

"လွှတ်မပေးတော့ မင်းက ဘာလုပ်ချင်သလဲ"

"လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်… ကဲကွာ…"

နှစ်ယောက်ပူး ပြေးဝင်လာ၏။

မင်းဦးသျှောင် ခြေထောက်နားမှာရှိနေသည့် သစ်ကိုင်းခြောက်လေးကို ခြေဦးနဲ့ ဆတ်ခနဲခတ်ထုတ်လိုက်လျှင် သစ်ကိုင်း





ခြောက်က ရိပ်ခနဲ မြောက်တက်လာ၏။

သစ်ကိုင်းခြောက်ကို ဖမ်းယူကာ တစ်ယောက်ထံ လွှဲပစ်လိုက်ပြီး တစ်ယောက်၏မျက်နှာကို ခြေဖျားနဲ့ ဝိုက်ကန်ပစ်လိုက်၏။

"အား"

"အင့်"

ရိပ်ခနဲသာ မြင်လိုက်ရသည့် သူ့လှုပ်ရှားမှုများကို တစ်ဖက်က ကာကွယ်ချိန်မရ၊ နှစ်ယောက်လုံး အထိနာသွားကြ၏။

သစ်ကိုင်းခြောက်သည် နဖူးနှင့်မိတ်ဆက်၍ နှစ်ပိုင်း၊ သုံးပိုင်း ကျိုးကြေသွားကာ နဖူးမှာ သွေးတွေ ဖြာကျလာ၏။

ခြေဖျားနဲ့ ခတ်ထိသွားသော နှာခေါင်းမှလည်း သွေးတွေ ချက်ချင်းရဲတွတ်သွားလျက် နှစ်ယောက်လုံး တစ်ကွက်တည်းနှင့် နောက်ဆုတ်သွားကြလေသည်။

ကျန်သည့်တစ်ယောက် မျက်စိမျက်နှာပျက်ကာ လေထဲမှာ မြောက်ကြွတက်သွားလျက် ခြေကန်ချက်နှင့် ခုန်ဝင်လာ၏။

မင်းဦးသျှောင် အသာရပ်ကြည့်နေကာ ခြေဖျား မျက်နှာနား ရောက်လာမှ ဆတ်ခနဲဖမ်းဆုပ်ကာ ကြိုးတစ်စကဲ့သို့ သူ့အရှိန်နှင့်သူ လွှဲယမ်းကိုင်ပေါက်ပစ်လိုက်၏။

"ဘုန်း"

"အား"

သစ်မြစ်ဆုံများနားမှာ ဖွဲ့အိတ်ကြီးလို ပစ်ကျသွား၍ ကျောကောက်တွန့်လိမ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကိုယ်စီနှင့် နှစ်ယောက် ထိုတစ်ယောက်ဆီသို့ ပြေးသွားကာ ကမန်းကတန်း ထူတွဲ၍ ကားပေါ်တင်ကြသည်၊

ထို့နောက် သူ့ကို သရဲတစ္ဆေမြင်သလို ပြူးပြဲပြန်ကြည့်ကာ ကားမောင်း၍ ထွက်ပြေးသွားကြတော့သည်။

မိန်းကလေးကို သူလှမ်းကြည့်လိုက်တော့ ပြုံးချိုသော မျက်နှာလေးနှင့် သူ့ဆီပြေးလာကာ···

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ အစ်ကိုသာရောက်မလာရင် ညီမတော့ မတွေးရဲတော့ဘူး"

အကျပ်အတည်းများကြားမှ ရုန်းထွက်ခဲ့ရသော မိန်းမလှမျက်နှာ သောကတို့ကင်းစင်ကာ မျက်ဝန်းအစုံက ညို့အားကောင်းသော မှော်ဆရာ၏မျက်လုံးများကဲ့သို့ သူ့မျက်နှာပေါ်မှာ စူးနစ်နေသည်။

လိုတာထက်ပို၍ ဟိုက်ချထားသော အနီရဲရဲအင်္ကျီရင်ဘတ်အထက်မှာ ဝင်းမွတ်ပြည့်တင်းသည့် ရင်ဘတ်လှလှလေးက ရင်ဖိုလောက်အောင် လှနေ၏။

မင်းဦးသျှောင် မိန်းကလေးကို စူးစိုက်ကြည့်နေဆဲ မျက်ဝန်းထောင့်မှ ဖျတ်ခနဲ လှုပ်ရှားသွားသော အရိပ်တစ်ခုကြောင့် သတိဆိုသော ခေါင်းလောင်းသံနှင့်အတူ စိတ်ကို ဘေးသို့ပို့ထားလိုက်သည်။

ခြံထောင့်သစ်ပင်တန်းလိုအကွယ်နေရာမှ လှုပ်ရှားနေကြသည့် အရိပ်တွေ···





မင်းဦးသျှောင် လှည့်မကြည့်ပါ။

မိန်းကလေးမျက်နှာမှအစ ခြေဖျားထိ စူးစိုက်ကြည့်ကာ သူ့မျက်နှာမှာ မဲ့ပြုံးတစ်ခု မသိမသာဖြစ်၏။

"အစ်ကို့ကို ညီမ ကျေးဇူးဆပ်ပါရစေ၊ စားသောက်ဆိုင်တစ်ခုခုမှာ မုန့်လိုက်စားပါနော်"

မိန်းကလေးက စွဲမက်ဖွယ်ပြုံးချိုသော နှုတ်ခမ်းသားများကို အသားပေးပြောကာ သူ့လက်မောင်းကို ရဲတင်းစွာ ဆုပ်ကိုင်လိုက်၏။

မင်းဦးသျှောင် ထိုလက်ကို တစ်ဖက်က ပုတ်ချလိုက်ပြီး ညာလက်ဖြင့် မိန်းကလေး၏ပါးကို ဖြန်းခနဲ ရိုက်ပစ်လိုက်၏။

"အား"

မျက်နှာလေး လည်ထွက်သွားကာ မိန်းကလေး လဲကျသွားတော့မလိုဖြစ်သွားစဉ် သူ မိန်းကလေးလက်မောင်းကို ခပ်ဆတ်ဆတ်ဖမ်းဆွဲလိုက်ကာ···

"ငါ့ရဲ့ငဲ့ညှာမှုကို မင်း ပေါပေါရလိမ့်မယ် မထင်နဲ့ ချာတိတ်၊ ခေါ်လိုက်စမ်း မင်းလူတွေကို"

"အား··· လွှတ်··· လွှတ်နော်၊ ရှင် ဘာတွေပြောနေတာလဲ"

"မင်းက ဝန်မခံဘူးပေါ့၊ ကောင်းပြီ၊ ငါခေါ်လိုက်မယ်နော်"

မိန်းကလေးလက်မောင်းကို မလှုပ်နိုင်အောင် ဖိဆုပ်ထားလျက် တစ်ဖက်က ဘောင်းဘီနောက်အိတ်ထဲကို တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ယူလိုက်သည်။

ပါလာသည်က အနက်ရောင်သရဖူပုံစံ ကျောက်ကြားချွန်လေးတစ်ခု။

သူ ဆတ်ခနဲ တစ်ချက်မြှောက်ဆော့ကာ လူရိပ်များရှိရာသို့ လွှဲပစ်လိုက်၏။

"ဒေါက်"

"အား"

အော်သံကိုသာ ကြားလိုက်ရပြီး လူရိပ်တွေ ချက်ချင်းပျောက်ကွယ်သွားကြ၏။

မင်းဦးသျှောင် မျက်နှာမှာလည်း အပြုံးတို့ပျောက်ကွယ်ကာ အံကြိတ်ထားသည့် လေသံနှင့်…

"မင်းကောင်တွေ မလာရဲကြတော့ဘူး၊ အဲဒီတော့ မင်းကယ်သူမဲ့ပြီ ချာတိတ်၊ မင်းကို ငါ အခု ကားပေါ်ခေါ်သွားမယ်၊ မင်းပါးစပ်ကို အဝတ်နဲ့ပိတ်ဆို့ပြီး မင်းမျက်နှာကို ဓားနဲ့မွှန်းပစ်မယ်၊ မင်းဦးသျှောင်ဆိုတာ ချွေးတစ်စက်အတွက် သွေးတစ်စက် ပြန်ယူတတ်တဲ့သူမှန်းသိအောင် ပြမယ်"

"ဟင်… ရှင်… ရှင်… အို… လွှတ်နော်၊ ကျွန်မအော်…"

အော်လိုက်မယ်ဟု ဆုံးအောင်မပြောနိုင်တော့ဘဲ ဓက်ပိုးတစ်နေရာမှာ စူးအောင့်နာကျင်သွားကာ မေးဖျားလေး ဆတ်ခနဲမော့တက်သွား၏။





ထို့နောက် တအစ်အစ်သံမှလွဲ၍ ဘာမှပြော၍မရတော့ပေ။

မင်းဦးသျှောင်က သူမနှင့်အတူ ကားထဲဝင်ထိုင်ကာ ဒက်ရှ်ဘုတ်ပေါ်မှာ အသင့်ရှိနေသည့် လက်ကိုင်ပုဝါနှင့် နှုတ်ခမ်းလှလှလေးအတွင်းကို ထိုးသိပ်ထည့်လိုက်မိ၏။

ပြီးမှ ဓက်ပိုးမှာ ဖိနှိပ်ထားသည့်လက်ကိုလွှတ်ကာ သူ့လက်ထဲမှာ ခလုတ်နှိပ်ဓားလေးတစ်ချောင်း ရောက်လာသည်။

"အင်း… အူး… ဝူး… ဝူး…"

မိန်းကလေးမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ကာ စောစောက စကားမပြောနိုင်အောင် အနှိပ်ခံထားရသည့်အရှိန်နှင့် နဖူးပြင်မှ ချွေးတွေသီးထလာ၏။

ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းခါငြင်းဆန်နေသည်မှာ သွေးပျက်တော့မတတ်။

မင်းဦးသျှောင် ဓားကို သွင်းလိုက်၊ ထုတ်လိုက်လုပ်နေရင်း…

"မင်း ဘယ်အဖွဲ့ကလဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ၊ ကဲ… ဖြေစမ်း"

လက်ကို ဆွဲလိမ်ထားလျက်နှင့် သူ ပါးစပ်ထဲက ပုဝါကို ဆွဲထုတ်ပေးလိုက်၏။

မိန်းကလေး ဒီတစ်ခါနားလည်သွားပြီဖြစ်ကာ အော်ဖို့လည်း မကြိုးစားတော့ဘဲ သူမဓက်ပိုးလေးကို ရှု့မဲ့ဖိနှိပ်ရင်း ဘာမှလည်း မပြောနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်… မေးနေတာ ကြားလား"

"ကြား… ကြားပါတယ်၊ ဒါပေမဲ့ အဲဒါကို ရှုးပြောလို့ မဖြစ်ဘူး၊ ရှုးတို့အဖွဲ့မှာ အဖွဲ့ကိုသစ္စာဖောက်တဲ့သူ သေဒဏ်ပဲ"

"ဒါဆို မင်းကို ငါက အခု မျက်နှာကို ရုပ်ပျက်ဆင်းပျက် လုပ်ပစ်မှာကျတော့ကော"

"အို… မလုပ်ပါနဲ့ အစ်ကိုရယ်၊ မလုပ်ပါနဲ့၊ ရှုးမျက်နှာကိုတော့ ချမ်းသာပေးပါ၊ ရှုး… ရှုးလေ အစ်ကို့ကို စားသောက်ဆိုင် ခေါ်သွားပြီး မေ့ဆေးခတ်ပေးဖို့ တာဝန်ယူထားရပါတယ်"

"မေ့သွားပြီဆို ဘာလုပ်မလဲ၊ ဆက်ပြော"

"မေ့သွားရင် သူတို့ အစ်ကို့ကို လာခေါ်ကြမှာပေါ့"

"တိရစ္ဆာန်အဖွဲ့မဟုတ်လား"

"ရှင်"

ရှုးဆိုသည့်မိန်းကလေး လန့်ဖျန့်မော့ကြည့်၏။

ဒါကြောင့် မင်းဦးသျှောင်ဆိုသည့် နာမည်ဟာ ဒုစရိုက်လောကမှာ ဖိန့်ဖိန့်တုန်နေခဲ့တာလား။

လျှပ်စီးလက်သလို လျှပ်ရှားတတ်သော သူ့ရဲ့ပစ်မှတ်တိုင်းက ကွက်တိ။ ဟန်ဆောင်လှုပ်ရှားကြတာပေမယ့် ဟိုကောင်တွေ အတော်ကြီးအထိနာကုန်ကြ၏။

သေချာရပ်ကြည့်နေခဲ့တာတောင် မင်းဦးသျှောင်၏ လှုပ်ရှားမှုတို့ကို ရှုးမျက်လုံးက လိုက်လို့မမှီ။

ထို့ကြောင့် မင်းဦးသျှောင်ကို သူမ အထင်မကြီးဘဲ မနေ





နိုင်တော့ပါ။

"အဲဒါ ရှင်သိနေတယ်ပေါ့"

"သိတယ်… ကဲ… မင်း ငါ့ကို အဲဒီဆိုင်ကို ခေါ်သွားစမ်းပါ၊ မင်း သေဒဏ်မကျအောင်ပေါ့၊ ကြာငါးပွင့် စားတော်ဆက် မဟုတ်လား"

အို… ရှုးနှုတ်ခမ်းလေး ပွင့်ဟကာ အံ့ဩလွန်း၍ ဘာမှ မပြောနိုင်တော့။

မင်းဦးသျှောင်မှာ နတ်မျက်စိများ ရှိနေလေသလား။

⏪ ⏮ ⏸ ■ ● ⏩ ⏭

"ဟုတ်တယ်၊ နတ်မျက်စိရှိတယ်၊ မင်းတို့ မဲဆောက်မှာ သူ့နောက်လိုက်ကတည်းက သူသိနေတယ်၊ ဒီထက်သိတာတွေ ရှိသေးတယ်၊ သူ ဒီကိုရောက်လာလိမ့်မယ်"

"ဗျာ… ဆရာ"

ဝိတ်ကြီးခေါ် ဝက်ကြီးက ခင်မျှင်းမျှင်း ရယ်မောလိုက်ပြီး

"ဟုတ်တယ်၊ သူ ဒီကိုရောက်လာလိမ့်မယ်"

"ဒါဆို… ရှုးရှုး သစ္စာဖောက်တာပေါ့"

"မဟုတ်ဘူး၊ မင်းဦးသျှောင်လိုကောင်က ရှုးရှုးပြောမှ သိမှာမှမဟုတ်တာ"

ဝက်ကြီးက လက်မှာ တဝင်းဝင်းလက်နေသည့် ရွှေရောင်

www.burmeseclassic.com



နာရီကို ငုံ့ကြည့်လိုက်ပြီး

"မင်းတို့သွားကြ၊ ဘေးမှာ ရှုတ်ရှုတ်ရက်ရက် လုံးဝ မလုပ်ကြနဲ့၊ မင်းတို့ကောင်မျိုးတွေ တစ်ရာလောက်ဝိုင်းနေလည်း သူ့ကို ဘာမှဒုက္ခပေးနိုင်မှာမဟုတ်ဘူး၊ မခေါ်ဘဲ မလာနဲ့"

ဒဏ်ရာကြောင့် ပတ်တီးစည်းထားကြရသည့်လူတွေ စည်းနှောင်နေတုန်း ထထွက်သွားကြရ၏။

အပေါ်ထပ်အခန်းထဲမှာ ဝက်ကြီးနဲ့ ကြွက်သူခိုး နှစ်ယောက်တည်း ကျန်ခဲ့၏။

"သူ တကယ်ရောက်လာမှာလား ဝက်ကြီး"

"မင်းကြည့်နေ၊ အလွန်ဆုံးကြာရင် ဆယ်မိနစ်"

သူတို့ ပြူတင်းပေါက် ခန်းဆီးစလေးကိုပင် မဖယ်ရှားဘဲ လှစ်ဟနေသည့်ကြားမှ အောက်ဖက်လမ်းမကို ငုံ့ကြည့်နေကြ၏။

ကြွက်သူခိုးကလည်း စိတ်ဝင်စားစွာ ငုံ့ကြည့်နေစဉ် မြင်ကွင်းထဲသို့ ရွှေအိုရောင် ပရာဒိုကားကြီးတိုးဝင်လာလျှင် အသံမထွက်သော်လည်း ကြွက်သူခိုး ဟာခနဲ ဖြစ်သွားသည်။

တစ်ခါမှမမြင်ဘူးခဲ့သည့် မင်းဦးသျှောင်ဆိုသော ပုဂ္ဂိုလ်ကိုလည်း တွေ့မြင်ချင်လာကာ ခန်းဆီးစကို အားမလို အားမရ ရှုတ်ဖယ်ဖို့ လှမ်းကိုင်လိုက်မိ၏။

ဝက်ကြီးက သူ့လက်ကို ဖတ်ခနဲ ဆုပ်ကိုင်လိုက်၍

"ဘယ်နေရာကမှ မလှုပ်ရှားမိစေနဲ့၊ ဒီကောင် ချက်ခြင်း သိပ်လျင်တာ"





ပြောပြီး ဝက်ကြီးလှည့်ထွက်သွားကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

အောက်ထပ်မှာ ရူးရူးနဲ့အတူဝင်လာသည့် မင်းဦးသျှောင်ကို စားပွဲထိုးတွေကမသိ။

အဖွဲ့၏အဓိကလူတွေကို အလုပ်သမားတွေ မသိကြသဖြင့် ရူးရူးကိုလည်း မသိကြပေ။

"ဘာသုံးဆောင်မလဲ ဆရာ"

ဆိုင်၏အလယ်တည့်တည့် စားပွဲမှာ မင်းဦးသျှောင်က ထိုင်လိုက်ပြီး…

"တိရစ္ဆာန်အသည်းအစုံချ"

"ဗျာ"

"ဟဲ့… မင်းသွားတော့"

ရူးရူးက နေရာမှဆတ်ခနဲထကာ စာရေးစားပွဲသို့ လျှောက်သွားကာ တစ်စုံတစ်ခုတင်ခဲ့ပြီး ပြန်လှည့်လာ၏။

စာရေးက ဖီးကွက်ကဲ့သို့ ပြူးဝိုင်းနေသော မျက်လုံးကြီး ဝင့်ခနဲရောက်လာကာ ချက်ချင်းဖုန်းကောက်ဆက်၏။

သိပ်မကြာလိုက်မီ ဝက်ကြီးနှင့် ကြွက်သူခိုးတို့ ရောက်လာကြကာ…

"မင်းကို ကျုပ်တို့က အထူးဧည့်သည်လို ကြိုဆိုပါရစေ၊ အတွင်းခန်းကိုကြွပါ"

ဝက်ကြီးက ကိုယ်တိုင်ဖိတ်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ထိုင်ပြီးရင် သိပ်မထချင်ဘူး၊ ဒီမှာလည်း ကောင်းပါတယ်"

ဝက်ကြီးက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး ကြွက်သူခိုး ကို တီးတိုးကပ်မှာလိုက်၍ သူပါစားပွဲမှာ ခုံဆွဲ၍ ဝင်ထိုင်လိုက်၏။

မကြာမီမှာပင် စားစရာတွေ တစ်ခုပြီးတစ်ခု ရောက်လာ ကာ စားပွဲတစ်ခုလုံး လျှံသွားသည်။

"စိတ်ကြိုက်သုံးဆောင်ပါ၊ လိုတာရှိရင်လည်း ပြောပါ"

မင်းဦးသျှောင်က စားစရာတွေကို အနည်းငယ်မျှပင် စောင်း မကြည့်ဘဲ ဝက်ကြီးမျက်နှာကို စေ့စေ့ကြည့်၍ စီးကရက်တစ်လိပ် ထုတ်လိုက်သည်။

ထို့နောက် နှုတ်ခမ်းမှာတပ် မီးညှိဖွာရှိုက်လိုက်ပြီးမှ နှုတ်ခမ်း ကို ခပ်စေ့စေ့ပိတ်၏။

ထိုအခါ မီးခိုးဖြူဖြူလေးများက နှာခေါင်းမှ တငွေ့ငွေ့ တလွန့်လွန့် တိုးထွက်လာကြရာ မျက်မှန်နက်တပ်ထားသည့် မျက်နှာ ဖြူဝင်းဝင်းနှင့် ကြည့်ကောင်းနေသဖြင့် ဖူးဖူး လက်ကလေးပိုက်၍ ငေးကြည့်နေမိသည်။

လျှင်သည်၊ ထက်သည်၊ တော်သည်၊ တိကျရက်စက် သည်ဆိုသော လူတစ်ယောက်၏ ရုပ်အဆင်းဟာ ဤမျှခန့်ညား ချောမွေ့နေသည်မှာ အံ့သြစရာလည်းဖြစ်၊ လက်မခံလို့လည်းမရဘဲ ဖြစ်နေသည်။

မျက်နှာသည် တည်တင်းချောမွေ့လျက် ရက်စက်ခြင်းသို့





လည်း နွယ်၏။ သူမပါးပြင်တစ်ဖက်မှာ ခုထိနာကျင်နေဆဲ။

ဖက်ပိုးက အအောင့်မပြေသေးပါ။

"မင်းတို့နဲ့ ကျုပ်ကြားမှာ စားသောက်ပွဲနဲ့ တည်ခင်းဧည့်ခံ လောက်စရာ အကြောင်းမရှိပါဘူး၊ ကျုပ်နောက်ကို တောက်လျှောက် လိုက်နေကြတာ ဘာဖြစ်လို့လဲ၊ အဲဒါပြော"

"ရန်ပြုချင်လို့မဟုတ်ပါဘူး မင်းဦးသျှောင်၊ ကျုပ်တို့က မိတ်ဆွေတွေဖြစ်ချင်တာပါ၊ ဒါကြောင့် ဒီစားပွဲကိုလည်း လက်ခံပါ၊ အားရပါးရ သုံးဆောင်ပါ"

"မေ့ဆေးတွေ၊ အိပ်ဆေးတွေ ခတ်ဖို့မှမလိုတာ၊ ဒီစားပွဲ မလိုပါဘူး၊ ကျုပ် သိပ်အချိန်မပေးနိုင်ဘူး ဝက်ကြီး၊ ပြောစရာရှိတာ ပြော"

ဝက်ကြီးဟု ဒေါက်ခနဲပြောချလိုက်သဖြင့် ဝက်ကြီး ဟန်ဆောင်ပြုံးလိုက်ရပေမယ့် မျက်နှာတော့ အနည်းငယ်ပျက်ယွင်း သွားလေသည်။

ထိုစဉ် ဆိုင်ထဲမှ စားလက်စလူအနည်းငယ်သာ ရှိတော့ ကာ လူသစ်ဝင်မလာတော့ဘဲ ဆိုင်တံခါးတစ်ခြမ်းကိုပါ ပိတ်ထား လိုက်သည်ကို မင်းဦးသျှောင် သိလိုက်၏။

"ဒီလိုပါ မင်းဦးသျှောင်၊ စင်္ကာပူဧည့်သည်တွေနဲ့ ကျုပ်တို့ ဖြစ်ခဲ့တဲ့ကိစ္စမှာ ကျုပ်တို့က ခံလိုက်ရတဲ့အပြင် ပစ္စည်းတွေပါ ဆုံး ကုန်တာပါ"

"ဒီပစ္စည်းတွေ ကျုပ်ဆီမှာရှိနေတယ်လို့ ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိမရှိကို မင်းပဲဖြေပါ၊ မင်းပြောတာကို ကျုပ်တို့ ယုံကြည်ပါတယ်"

"မရှိဘူး၊ သူများပစ္စည်းကို အချောင်နှိုက်ယူထားဖို့ ကျုပ်ဘယ်တော့မှစိတ်မကူးဘူး"

ဝက်ကြီး စူးစိုက်ကြည့်နေရာမှ ဆတ်ခနဲ ခေါင်းညိတ်၏။

"ဒါဆို ဒီကိစ္စပြီးပါပြီ၊ နောက်တစ်ခုက မင်းကို ကျုပ်တို့က အကူအညီတောင်းတဲ့အနေနဲ့ ဘန်ကောက်မှာ ဒီတစ်ခေါက်ဖြစ်မယ့် အရောင်းအဝယ်ကိစ္စအတွက် ကျုပ်တို့ဘက်က ရပ်ပေးဖို့"

မင်းဦးသျှောင် မျက်ခုံး ဆတ်ခနဲကျုံ့သွားတာမြင်လျှင် ဝက်ကြီး မျာပျာသလဲဖြစ်သွားကာ

"ကျုပ်တို့က အကူအညီတောင်းတာပါ၊ ဒါကလည်း မင်းလိုလူကို ကျုပ်တို့နဲ့လက်တွဲပါလို့ ပြောလို့မရမှန်းသိလို့ တစ်ဖက်က လှည့်ပြောရတာပါ၊ ပွဲပြီးရင် အရှုံးအမြတ်က ကျုပ်တို့အပိုင်း၊ မင်းအတွက် တစ်ထောင်တိတိပေးမယ်"

"ဖြစ်မှာက ဘာအရောင်လဲ"

"အစိမ်း"

မင်းဦးသျှောင် စီးကရက်ကို တစ်ရှိုက်ဖွာ၍ ဆောက်ထုတ်ပစ်လိုက်၏။

"လန်ဘတ်ထန်ကလည်း ကျုပ်ကိုပြောတယ်"

"သူတို့က အမာခံတွေ အများကြီးပါတယ်ကွ၊ ပြီးတော့ ပွဲတိုင်းမှာ ရှုံးသားခဲ့တာမရှိဘူး၊ ကျုပ်တို့က လောလောဆယ်





အားနည်းတဲ့ဘက်မှာရှိနေတာ၊ မင်း ကျုပ်တို့ကို ကူညီပါ"

"ကျုပ် ခုမပြောနိုင်ဘူး၊ ဘန်ကောက်ကို ပြန်ဝင်ဖို့ခရီးစဉ်ထဲမှာ အဲဒီအချိန်နဲ့တိုက်ဆိုင်နေရင်လုပ်မယ်"

ပြော၍ သူထရပ်လိုက်တော့ ဝက်ကြီးကော ကြွက်သူခိုးပါ ထရပ်လိုက်ကြကာ

"ကျုပ်တို့အတွက် အသက်လောက်အရေးကြီးတဲ့အလုပ်ကို ခရီးသွားပာန်လွဲတော့ သဘောမထားစေချင်ဘူး မင်းဦးသျှောင်၊ ပြီးတော့ မင်းကို ကျုပ်တို့က ဘယ်လိုဆက်သွယ်ရမလဲ"

မင်းဦးသျှောင်က ခပ်ပြုံးပြုံးနှင့် စိုက်ကြည့်ကာ

"တိရစ္ဆာန်အဖွဲ့ ဒီလောက်မည့်ပါဘူး၊ ကျုပ်က ပုန်းနေမှာမှ မဟုတ်ဘဲ"

"နေ… နေပါဦး မင်းဦးသျှောင်၊ မင်းဘက်က ကျုပ်ပြောတဲ့ အတိုင်းအတာကို မလိုချင်သေးတာဆိုရင် ပြောပါ၊ ကျေနပ်အောင် ကျုပ်တို့က လိုက်လျောပါ့မယ်၊ ဒီကိစ္စကိုတော့ ခေါင်းထဲထည့်ပေးပါ"

သူ ကားနားရောက်သည်အထိ ဝက်ကြီးတို့ လိုက်လာကြ၏။

ဒီအတိုင်းကျန်ခဲ့သည့် စားသောက်ပွဲကြီးဘေးမှာ ရှုံးရှုံးတစ်ယောက်တည်း ထိုင်ကျန်ခဲ့ကာ မင်းဦးသျှောင်ကို မျက်စိတဆုံးလိုက်ကြည့်ရင်း နောက်ဆုံးအကြည့်လေးတစ်ချက်ဝေ့အလာကို မျှော်လင့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုရောင် ပရာဒိုကားကြီး လုံးဝပျောက်ကွယ်သွားသည့်နေရာမှ မောလျှသော ပင့်သက်လေးကို ရှိုက်ဖြာ၍ မျက်နှာလွှဲဖြစ်သည်။

ပါးရိုက်ခံလိုက်ရပြီး သဘောကျတာက ရင်နာစရာကောင်းသည်။

ဒါပေမဲ့ မင်းဦးသျှောင်ကို စူးစူး မေ့မရတော့မှာက သေချာလေသည်။

◀◀ ⏮ ‖ ■ ● ▶▶ ⏭

နှစ်ထပ်တိုက်ကြီးက မျက်နှာစာသုံးဖက်၊ ဝရံတာ သုံးခုနှင့် ဖိတ်ဖိတ်လက်နေသည်။

ခြံကြီးက ကျယ်သလောက် အင်းလျားရေပြင်ကို မျက်နှာမူထားသဖြင့် ပန်းပေါင်းစုံတို့၏ ရနံ့များနှင့် ထုံမွှန်ကာ လှချင်တိုင်း လှနေတော့သည်။

အလယ်ဝရံတာပေါ်ကနေရပ်လျက် ဘယ်ကိုကြည့်ကြည့် မျက်လုံးမခွာနိုင်အောင်လှနေသော ခြံကြီးကို အပေါ်စီးမှကြည့်ကာ သတိုး စိတ်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းတို့ အတိုင်းအဆမရှိ ဖြစ်ထွန်းနေမိသည်။

''ပြန်ရအောင် သတိုး''

လင်းအုပ်စီး အနားရောက်လာကာ ပခုံးလေးကိုဖက်၍ပြောတော့ သတိုးမျက်နှာလေး ညိုသွားလျက် မော့ကြည့်၏။





''ခဏလောက် ထပ်နေလို့မရဘူးလားဟင်၊ သတိုး ဒီနားမှာ ရပ်နေရတာ စိတ်ချမ်းသာလို့''

''ဟင်… ဒီခြံကို မင်း သဘောကျနေတာလား''

''အင်း… ဒီကနေ မြင်နေရသမျှကို ကြိုက်တာ၊ သိပ်လှတာပဲနော်''

''ခဏနေဦး''

လင်းအုပ်စီးက ကျောမှီပါသည့် အဖြူရောင် ပလပ်စတစ်ခုံခပ်ပုပုလေးကို ယူလာ၍ သတိုးနောက်မှာ ချပေးလိုက်၏။

''အဲဒီမှာထိုင်၊ တော်ကြာ ခြေထောက်သွေးကျလိမ့်မယ်''

သတိုးထိုင်လိုက်မှ သူက ဝရံတာက စတီးတန်းတွေကို ကျောမှီ၍ သတိုးနဲ့မျက်နှာချင်းဆိုင် လက်ပိုက်ရပ်ကာ…

''မင်းကို ကိုယ် လက်ဆောင်ပေးချင်နေတာ၊ ဘာလက်ဆောင်ပေးရမှန်းမသိတာနဲ့ အတော်ပဲ၊ ဒီတိုက်နဲ့ခြံကို မင်းအတွက် ကိုယ် လက်ဆောင်ပေးမယ်''

''အို… မဟုတ်တာ''

ဆံပင်ရှည်တွေကို ကျောနောက်မှာ ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထားကာ ရှစ်လဆိုသည့် ကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်သော သတိုးကို လင်းအုပ်စီး မြတ်နိုးမဝသလို စိုက်ကြည့်နေသည်။

မျိုသိပ်ခဲ့ရတုန်းက မာနတွေနဲ့အရောင်ဆိုးကာ သူ့မှာ မကျေနပ်တာတွေ၊ ဒေါသတွေနှင့် ဟန်ဆောင်မှုတွေ ဖယ်ချလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သတိုးကို သူ လက်ဖဝါးပေါ်မှာတင်၍ တစိမ့်စိမ့် ကြည့်နေချင်လောက်အောင် မြတ်နိုးခဲ့ရသည်။

သတိုးက မချစ်ဘူးဆိုလေ သူ့မှာ ပိုချစ်ရလေ…

"ကိုယ်ဘာပေးပေး မင်း ဘာဖြစ်လို့ငြင်းနေရတာလဲဟင်၊ ဘာဖြစ်လို့ တန်ဖိုးထားရမှန်းမသိတာလဲ"

"သတိုးမှမလိုချင်တာ၊ ရှင် သတိုးကိုတောင် တန်ဖိုးမထားလို့ အလွယ်ကလေး ကောက်ယူပစ်လိုက်သေးတာ၊ ဘာကို တန်ဖိုးထားစရာလိုသေးသလဲ"

"ဟော့ ဟော့… အဲဒါတွေ ထည့်မပြောကြေးကွာ၊ ကိုယ်ရန်မဖြစ်ချင်ဘူး၊ ကောက်ပဲယူယူ၊ ခုန်ပဲယူယူ လိုချင်လို့ယူတာ၊ မင်းကို ကိုယ်ချစ်လို့ဆိုတာပဲ မှတ်ထားစမ်းပါ၊ ခုလို ကိုယ့်ရင်သွေးကို မင်းလွယ်ထားရတော့ ပိုချစ်တယ်၊ တကယ်ဆို ကိုယ်ပိုင်ဆိုင်သမျှ မင်းပိုင်ပါတယ်၊ ဒါပေမဲ့ အခု မင်းကို သီးသန့်လက်ဆောင်ပေးချင်တာ၊ ဒီစာချုပ်ကုန်ရင် အောက်ထပ်မှာ လူငှားမထားတော့ဘူး၊ မင်းသဘောကျသလို စီမံတော့"

"ရှင် အဲဒီလိုပြောလာအောင် သတိုးပြောတာမဟုတ်ဘူး၊ လိုလည်း မလိုချင်ဘူး၊ သတိုးက ရှင်ထားသလိုနေ၊ ပြောသလိုလုပ်ဖို့ ဆုံးဖြတ်သားတဲ့သူ၊ ဒါတွေ ဘာလုပ်ဖို့လဲ၊ ကျွန်မရဲ့ ကြည်နူးသာယာနေတဲ့စိတ်ကို ဒါတွေနဲ့ နှင်းချေမပစ်လိုက်ပါနဲ့၊ ကျွန်မတောင်းပန်ပါတယ်"

သတိုးတွေ ကျွန်မတွေ ရှုပ်လာသည်က နာကျင်မှုတွေ





ဖောင်းပွလာပြီမှန်း သူသိလိုက်၏။

"အဲဒါတွေကို မင်း ဒီဘက်ထိယူမလာပါနဲ့ သတိုးရယ်၊ ပြီးခဲ့တာ လွန်ခဲ့တာတွေကို ကိုယ့်ရဲ့အချစ်နဲ့ ကိုယ်ဆေးကြောဖို့ ကြိုးစားနေတာ၊ မင်းရယ်၊ ကိုယ်ရယ်၊ မွေးဖွားလာမယ့် ရင်သွေးလေးရယ်… သုံးယောက်မှာ ရွှေရောင်အနာဂတ်ဖြစ်ဖို့ ကိုယ် အများကြီး မျှော်လင့်ထားတာကွ၊ ကိုယ် တောင်းပန်ပါတယ်၊ အဲဒါတွေကို မင်းမပြောပါနဲ့"

သတိုး နှုတ်ခမ်းကလေးစေ့၍ တွန့်ခနဲ မဲ့ပစ်ကာ တစ်ဖက်လှည့်လိုက်၏။

"သတိုး… လာ… ဒီမှာလာကြည့်စမ်း၊ ဘာငှက်လေးတွေလဲ သိလားလို့"

လင်းအုပ်စီးက အခြေအနေကို ပြောင်းလဲပစ်ဖို့စိတ်ကူးနှင့် သတိုးလက်ဖဝါးလေးကိုဆွဲ၍ သူ့နား ထလာစေ၏။

"ဟိုမှာတွေ့လား၊ လှောင်အိမ်လေးနဲ့ သစ်ပင်မှာချိတ်ထားတာ ဘာငှက်လေးလဲသိလား၊ ကြည့်စမ်း"

စိတ်မပါစွာ လှမ်းကြည့်လိုက်မိသော်လည်း အစိမ်းရောင်လှောင်အိမ်လေးတစ်လုံးသည် တစ်ဖက်ခြံထောင့်မှ တိုက်ပေါ်သို့ နွယ်တက်နေသည့် သစ်ပင်ကြီးတစ်ပင်၏ ကိုင်းဖျားမှာ ချိတ်ဆွဲထား၏။

လှောင်အိမ်ထဲတွင် ပန်းပွင့်ပုံသဏ္ဌာန် အကော့အလိပ်ကလေးများ ရောင်စုံရောလျက်ရှိသည့် အမောက်ထောင်ထောင်၊

www.burmeseclassic.com



အနက်နှင့်အဖြူကျားသည့် နှုတ်သီးလုံးချွန်ချွန်မှုရှည်၍ အဖုားဝိုင်းသော အမြီးဆုံးထိ ရောင်စုံလှပလွန်းသည့် ငှက်ကလေးတစ်ကောင်။

"လှလိုက်တာနော်၊ အဲဒါဘာငှက်လေးလဲဟင်"

သတိုးမျက်နှာပေါ်က ခနဲ့သည့်၊ ရွဲ့သည့် နာကြည်းမှုတွေ ချက်ချင်းပျောက်ကွယ်ကုန်သည်မို့ လင်းအုပ်စီး ကျေနပ်စွာ ပြုံးလိုက်မိသည်။

"တွေးကြည့်လေ၊ ဘာငှက်ဖြစ်နိုင်လဲ"

"အနားတိုးကြည့်လို့မရဘူးလား၊ ခေါင်းရင်းအဖျားက ဝရံတာကလေ"

"မရဘူး၊ အဲဒီကဆိုရင် သစ်ပင်ကွယ်ပြီး ဘာမှမမြင်ရတော့ဘူး၊ လာ… ဒီဘက်တိုးကြည့်"

လင်းအုပ်စီးက သတိုးပခုံးလေးကိုဖက်၍ ဒီဘက်ဆွဲခေါ်၏။

သတိုးက ငှက်ကလေးကိုကြည့်၍ မျက်လုံးလေး တလက်လက်ဖြစ်လာကာ

"သတိုးမသိဘူး၊ ဘာငှက်လေးလဲဟင်၊ ဘယ်လိုသွမှန်းကို မသိဘူး၊ အရမ်းလှတာပဲ"

"အဲဒါ ဓာမဏီငှက်လေးပေါ့"

"ဟင်… တကယ်… အို… ဟုတ်ပါရဲ့၊ အမေ့ကြက ဒီလောက်လှနေတာ၊ သတိုး လုံးဝမတွေးမိဘူး၊ တချို့ကပြောကြတယ်၊ ဓာမဏီငှက်ဆိုတာ တကယ်မရှိဘူးတဲ့၊ ပန်းချီဆရာတွေ





စိတ်ရှိတိုင်း ခြယ်မှုန်းထားတဲ့ စိတ်ကူးထဲကအရုပ်ပဲတဲ့"

"အခုရှိလို့ပဲ မင်းမြင်နေရပြီ မဟုတ်လား"

"အဲဒီငှက်လေးကို ဟိုဘက်ခြံက ပိုင်တာပေါ့နော်"

"ဟုတ်တယ်၊ ခြံထဲမှာ လူပျိုကြီး၊ အပျိုကြီး မောင်နှမနှစ်ယောက်ပဲရှိတာ၊ နှစ်ယောက်လုံး အပြောဆိုးတယ်၊ လက်ပေါက်ကပ်တယ်၊ ဒီကောင်လေးကို စတွေ့တော့ ကိုယ်လည်း သဘောကျပြီး ဝယ်သေးတယ်၊ ရောင်းတဲ့သူက ကိုယ့်ကိုမရောင်းဘဲ သူတို့ကို ရောင်းသွားတာကွ၊ သူတို့က နှစ်ယောက်လုံး နှလုံးအထူးကု ဆရာဝန်ကြီးတွေလေ"

"ဪ"

"ငှက်ရောင်းတဲ့သူက ကိုယ့်ကိုတောင်းပန်တယ်၊ သူတို့က အသက်ကယ်ဖူးတဲ့ ကျေးဇူးရှိလို့ပါတဲ့"

"ဟုတ်လား"

"အင်း… အပျိုကြီးက ဘာပြောတယ်မှတ်လဲ၊ ကိုယ့်ဆီက သူလိုချင်တာနဲ့လဲယူမယ်ဆို ပေးမယ်တဲ့"

"ဟင်…. ဘာလဲ ရှင့်ဆီက ဘာကို သူကလိုချင်တာလဲ"

"နှင်းဆီနက်"

"အဲဒါ ရှင့်မှာရှိလို့လား"

"ရှိတာပေါ့၊ ခေါင်းရင်းက ကိုယ့်အိပ်ခန်းထဲမှာရှိတယ်၊ ပြီးရင် ကိုယ်လိုက်ပြမယ်"

"ကြည့်ချင်တယ်၊ နှင်းဆီနက်ဆိုတာ ကြားဖူးကြားဖူး

www.burmeseclassic.com



တာ၊ တစ်ခါမှမမြင်ဖူးဘူး၊ နှင်းဆီနက်က ဘာဖြစ်လဲဟင်''

''ပယောဂနိုင်တယ်လို့ပြောတာပဲ၊ အဲဒါ ကိုယ်မသိဘူး၊ အဆိပ်နိုင်တာတော့ဟုတ်တယ်၊ သူကိုယ်တိုင်လည်း အဆိပ်ပြင်းတယ်၊ အဆိပ်ကိုလည်း နိုင်တယ်၊ ပြီးတော့ တစ်ပင်မှာ တစ်ပွင့်ပဲပွင့်တဲ့ နှင်းဆီနက်က အရှားဆုံးပဲ''

''ရှင့်ဆီက အဲဒါမျိုးလား''

''အင်း… မင်းပြောပါဦး၊ နှင်းဆီနက်ကို ကြိုက်လား၊ ဟိုင့်ကက်ကို လိုချင်လား''

''ဘာလုပ်မလို့လဲ''

''နှင်းဆီနက်ကိုကြိုက်ရင် ကိုယ့်ပစ္စည်းဆိုတော့ ပြဿနာမရှိဘူး၊ ဟိုင့်ကက်ကိုပဲ လိုချင်တယ်ဆိုရင် ကိုယ်လဲယူပေးရမှာ''

''ဟိုတုန်းကတည်းက ရှင်မလဲနိုင်လို့ မလဲခဲ့တာ မဟုတ်လား''

''မင်းလိုချင်တယ်ဆိုရင် ကိုယ် ဒီထက်မက စွန့်လွှတ်ပေးလိုက်ရလည်း ဂရုမစိုက်ဘူး''

သူက လက်ဖဝါးလေးကို ဆုပ်ညှစ်၍ပြော၍ သတိုးမျက်လွှာလေးချပစ်၏။

''ပြောလေ သတိုး၊ ဘာကိုလိုချင်သလဲ''

သတိုး သူ့ကို မော့မကြည့်ဘဲ…

''ရှင့်ကိုပဲ စိတ်ချမ်းသာစေချင်ပါတယ်''

ဟု တိုးတိုးလေး ပြော၏။





လင်းအုပ်စိုး သတိုးပခုံးလေးနှစ်ဖက်ကိုကိုင်၍ မျက်နှာချင်းဆိုင်ကြည့်လိုက်ကာ…

''ဘာ… ကိုယ့်ကို စိတ်ချမ်းသာစေချင်တယ် ဟုတ်လား၊ ကိုယ်စိတ်ချမ်းသာမှုကို မင်း တကယ်ပေးမှာလား''

သတိုး သူ့မျက်နှာကို နားမလည်သလိုလေး မော့ကြည့်ကာ

''ရှင်နှစ်သက်ရာကိုပဲ ရွေးချယ်စေချင်တာကို ပြောတာ''

အဖျားရှူးသွားသည့်စကားကြောင့် လင်းအုပ်စိုးလက်တွေ ပြေကျသွားကာ

''ကိုယ်ကလည်း မင်းပျော်နေတာကိုပဲ မြင်ချင်တာ၊ မင်းအတွက် ဇာမဏီင့်ကက်ကို ကိုယ် ရအောင်လဲယူပေးမယ်၊ ပြန်ကြစို့နော်''

''အင်း''

⏪ ⏮ ⏸ ⏹ ⏺ ⏩ ⏭

''ခြံကလှတယ်၊ ဒါပေမယ့် လူနားနီးလွန်းတယ်၊ နေရာတကာ အရဲကိုးတာ သိပ်မကောင်းဘူး၊ အမှောင်ထဲက လူ''ဘာ အမှောင်ထဲမှာပဲ သဘာဝကျတယ်''

မင်းဦးသျှောင်က ခြံထဲကနေ တစ်တိုက်လုံးကို မော့ကြည့်၍ဝေဖန်ပြီး ပေါ်တီကိုအောက်မှာ ပါဂျရိုးကားအနက်ဝတ်စီး ရပ်ထားတာမြင်သဖြင့် သူ့ကားကို ပေါ်တီကိုအောက်မှာ မရပ်ဘဲ ရောက်ခါနီးလောက်မှာပဲ ရပ်ပစ်လိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ကြီးက သူ့ကိုနောက်လိုက်နောက်ပါများနှင့်ဖွက်၍ ကြိုဆိုကာ

"ဒါက ပြဿနာမရှိပါဘူးလေ၊ သူထိုက်နဲ့သူ သွားမှာပါ၊ ဟောဒီ ဆောင်းရင်ခွင်ရဲ့ပိုင်ရှင်ကို ကျုပ်တို့က အကြိုက်ပေးပြီးသား"

မင်းဦးသျှောင်က ကားတံခါးကို ပြန်ပိတ်၍ ဘောင်းဘီထဲ လက်နှိုက်လျက်

"ဘာဖြစ်ဖြစ် ဘယ်သူ့ကိုမှ မငြိစွန်းတာကောင်းတယ်၊ မင်းတို့ ဒီလိုနေရာတွေမှာ မနေသင့်ဘူး"

"သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ အလုပ်စကားပြောရအောင်၊ အထဲကိုကြွပါ"

"ကျုပ် ခြံထဲမှာပဲ နေချင်တယ်"

"ဟာ… ရပါတယ်၊ ခြံထဲမှာလည်း အဆင်သင့်ပြင်ထားတာပဲ၊ လာ…သွားရအောင်"

အားလုံးခြံထဲဘက်ကို မျက်နှာမူသည်။

မင်းဦးသျှောင်လည်း ခြေလှမ်းပြင်ရင်း တိုက်ကြီးဆီ အကြည့် တစ်ချက် ထပ်ရောက်၏။ ထိုစဉ်မှာပင် သူ့တစ်ကိုယ်လုံး ဓာတ် လိုက်ခံရသကဲ့သို့ ကျင်ခနဲ ထောင့်မတ်သွားလေသည်။

နှင်းသာရောင် ပိုးပျော့ဗိုက်ဖုံးအင်္ကျီဖားဖားလေးနှင့် လှပသော မျက်နှာလေး…

သူ မမြင်ဘူး၊ မသိဘူးခဲ့သည့် ရုပ်ရည်သားနားသော





ယောကျာ်းတစ်ယောက်က သူမပခုံးလေးကို ဖွဖွဖက်၍ တစ်ဖက်က လက်ဖဝါးလေးကိုပါ ဆုပ်ကိုင်ထား၏။

ခလုတ်တိုက် လဲပြိုသွားမည်စိုး၍ တယုတယ ဖေးမခွဲယူလာသည့်ပုံက မြတ်နိုးခြင်းတွေအပြည့်…

သတိုး… မင်းဦးသျှောင်ရင်ထဲမှာ ရူးရူးနှာကျင်သွားသည်က လက်နက်တစ်စုံတစ်ရာနှင့် ထိုးနှက်ခံလိုက်ရသည့်နှယ်…

သတိုးနဲ့ ထိုယောကျာ်းသည် တိုက်၏ခေါင်းရင်းမှ ကားဆီသို့ ကွေ့လျှောက်လာကြတာဖြစ်ကာ နှစ်ယောက်လုံး ရှတ်တရက် ဘယ်ကိုမှမကြည့်။

ကားနားရောက်တော့ တစ်ယောက်က တံခါးဖွင့်ပေး၏။

သတိုး ကားထဲဝင်ထိုင်လိုက်သည်။

မျက်လုံးတို့က ဘာရယ်မဟုတ်ဘဲ နောက်ကြည့်မှန်ဆီသို့ ကြည့်မိလျက်သားဖြစ်သွားကာ မှန်ထဲမှာပေါ်နေသည့် စပို့ရှပ်အဖြူ၊ ဘောင်းဘီအနက်၊ လောင်းကုတ်အနက်နှင့် မျက်မှန်အနက်ကို စွပ်ထားသောသူ…

ဆံပင်တွေ ပခုံးပေါ်ပြန့်ကျနေသော မျက်မှန်နက်နှင့် ပြောင်းလဲသွားသည်ထင်ရသော်လည်း သတိုးကိုယ်လေး ဆတ်ခနဲ တုန်သွားလျက်…

ကိုကို…

တံခါးကိုဖွင့်၍ ကမန်းကတန်း ပြန်ဆင်းကာ နောက်ကို လှည့်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ဝိတ်ကြီးတို့လူစုနှင့် တစ်ဖက်မှာ ကားထဲဝင်ဖို့ တံခါးဖွင့်နေပြီဖြစ်သော လင်းအုပ်စီးပါ သတိုးခေါ်သံလေးကြောင့် တအံ့တဩတွေ ဖြစ်ကုန်ကြ၏။

သို့သော် လင်းအုပ်စီး မှင်တက်မိမနေပါ။

ကားနောက်မှ ခြေလှမ်းကျဲကြီးများနှင့် ကွေ့ရှောင်ပြေးကာ မင်းဦးသျှောင်ဆီ အပြေးတစ်ပိုင်းထွက်သွားသည့် သတိုးကိုယ်လေးကို ဆွဲပွေ့ထားလိုက်၏။

"ကိုကို... ရှင်လွှတ်ပါ၊ သတိုး ကိုကို့ကို ခဏလေး တွေ့ပါရစေ"

"မတွေ့ရဘူး၊ အားလုံးကို မေ့ဖျောက်ပစ်ဖို့ ကိုယ် ကြိုးစားနေတာ၊ မင်းလည်း မေ့ရမယ်"

"အို... မမေ့နိုင်ဘူး၊ မေ့ခိုင်းတိုင်း မေ့လို့ရမလား၊ ကိုကို... သတိုးလေ..."

"သတိုး... မင်းကို ကိုယ်ပြောနေတယ်နော်၊ တောက် ကွာ...."

ဒေါသဖြစ်ဖြစ်နှင့် သတိုးပခုံးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ တစ်စုံတစ်ခု ကျူးလွန်တော့မလိုဖြစ်နေသည့် လင်းအုပ်စီးကို မင်းဦးသျှောင်က မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်ကာ...

"မင်းပိုင်နေပြီပဲ လင်းအုပ်စီး၊ ဒီလောက်ထိ ပေါက်ကွဲနေဖို့ မလိုဘူးထင်တယ်၊ ဒေါသတွေသိပ်များနေတဲ့ မင်းလက်ကို





နည်းနည်းလျှော့လိုက်ပါ"

မင်းဦးသျှောင် ကိုယ်ကိုမတ်မတ်ပြန်ရပ်လိုက်တာမြင်လျှင် ဝက်ကြီးတို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြ၏။

မင်းဦးသျှောင် ဘယ်လိုလူစားလဲဆိုတာ လင်းအုပ်စီး မသိ။ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလို့မဖြစ်ပါ။ သူတို့အတွက် မင်းဦးသျှောင်က အရေးကြီးသလို လင်းအုပ်စီးကလည်း မရှိမဖြစ်ပြန်။

ဝက်ကြီး မင်းဦးသျှောင်အနားကို ချက်ချင်းပြန်ရောက်သွားကာ...

"စိတ်ကိုထိန်းလိုက်ပါကွာ၊ သူက တို့အတွက် မရှိမဖြစ်တဲ့ လူ၊ လုပ်ငန်းထဲမှာ သူ့ကို မျက်နှာကျက်ထားရမှာ"

တိုးတိုးကပ်ပြော၍ တောင်းပန်နေရသည်။

လင်းအုပ်စီးက သတိုးကို ကားထဲပြန်သွင်းပစ်ကာ တံခါးကို ဆောင့်ပိတ်လိုက်ပြီး

"ဒီမှာ မင်းဦးသျှောင်၊ ငါက ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့သူ၊ မင်းညီမ စိတ်မဆင်းရဲစေချင်ရင် ဘာလပ်သင့်တယ်ဆိုတာ မင်းကိုယ်မင်း နားလည်"

သူ ကားပေါ်တက်သွားကာ ကားကို ဝေါခနဲ မောင်းထွက်သွားလေသည်။

အထဲမှာ တသိမ့်သိမ့်ရှိုက်ငင်ငိုကြွေးသွားသော သတိုး၏ ပုံရိပ်ကလေးကို သူမြင်နေရ၏။

ကြမ်းတမ်းဖို့ကြိုးစားခဲ့သော နှလုံးသားဟာ မီးနဲ့တွေ့သော



www.burmeseclassic.com

www.burmeseclassic.com



ချိပ်ကဲ့သို့ အရည်ပျော်ပျက်ကျကာ အံကြိတ်လိုက်ပေမယ့် စိတ်ကို တင်းလို့မရ။

လက်သီးဆုပ်ထားသည့်တိုင် လက်သီးဆုပ်က ကတုန်ကယင်။

ဖြစ်ရလေ ညီမလေးရယ်…

ခဏလေးမြင်လိုက်ရသည်နှင့် သတိုး ဘယ်လိုဖြစ်ပျက်ခဲ့သည်ကို သူ နားလည်သွားခဲ့သည်။

ကိုယ်ဝန်ဆောင်ဘဝနှင့် ညီမလေးကို ပြန်လည်မြင်ယောင်ကာ မချိသောနှလုံးကို ဘယ်လိုမှဖြေလို့မရ။

ပြန်တွေ့ကြသည့်အချိန်တွေက ဘာမှပြုပြင်ပြောင်းလဲယူလို့မရတော့သည့် အခြေအနေတွေနှင့်….

လင်းအုပ်စီး…

သူ သတိုးကို အမြတ်တနိုးချစ်နေတာပင်။

ကိုယ့်ကိုမြင်လိုက်မှ ခက်ထန်သွားသည်က သဝန်တိုတာပဲ။

"မင်းညီမ စိတ်မဆင်းရဲစေချင်ရင် ဘာလုပ်ရမယ်ဆိုတာ မင်းကိုယ်မင်း နားလည်"

သူ ဘာလုပ်သင့်သလဲ…

လင်းအုပ်စီးက ညီမလေးကို အလိုလိုက်မြတ်နိုးနေပါသည်ဆိုလျှင် သူ ဘာလုပ်သင့်သလဲ။



"ဟား… ဟား… ဟား"

သုံးလေးယောက် ရယ်ချလိုက်သော ဝမ်းသာလှိုက်လှဲသံများက ခန်းမထဲမှာ ပဲ့တင်ထပ်ကာ ကျန်သည့်လူတွေ၏မျက်နှာများလည်း ပြုံးတုံ့တုံ့တွေ ဖြစ်လာကြ၏။

"ကျားတစ်… မင်း မြန်မာပြည်ကိုဝင်ပြီး ခက်ခက်ခဲခဲလိုက်ဖမ်းနေရတဲ့ မင်းဦးသျှောင်ရဲ့အမြီးကို အခု ငါတို့ အလွယ်တကူဆွဲမိသွားပြီ၊ ဟား ဟား ဟား… ကျား ဘယ်လောက်ပဲ ကြောက်စရာကောင်းကောင်း အမြီးမသိမ်းတတ်ပါဘူးကွာ၊ ခုတော့ ဒီကောင် ငါတို့လက်ခုပ်ထဲကရေ ဖြစ်ပြီ"

ကျားတစ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ…

"ဒီပုံစံဆိုရင် မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ပဲကွ၊ ဟား ဟား ဟား… လင်းအုပ်စီးဆိုတဲ့ကောင်ကိုလည်း ငါတို့ကိုင်လို့ရပြီ၊ အဓိကက မင်းဦးသျှောင်ကော လင်းအုပ်စီးကော အချစ်ကျွန်တွေပဲ၊ ခင်သတိုးဆိုတဲ့ကောင်မလေးဆီမှာ သူတို့နှစ်ယောက်ရဲ့အသက်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျားတစ်၊ ကျားနှစ်၊ ဝက်ကြီးနှင့် ကြွက်သူခိုး… ခေါင်းချင်းဆိုင်၍ အစီအစဉ်တွေ ဆွဲကြသည်။

ပြီးခဲ့ပြီးသော သုံးပွင့်ဆိုင်တွေ့ဆုံပွဲ၏နောက်မှာ ဆိုသုံးယောက်၏အကြောင်းကို သူတို့ မရမက စုံစမ်းခဲ့သည်။

မင်းဦးသျှောင်က ပိုင်ရှင်၊ လင်းအုပ်စီးက သူခိုး… မယ်သီတာက ခင်သတိုး… ထိုယောက်ျားနှစ်ယောက်လုံးသည် ခင်သတိုးဆိုသည့် မယ်သီတာလေးအတွက် အသက်ပေးရဲသောက်အောင် ချစ်ခင်မြတ်နိုးသူများဖြစ်ကြရာ…

"တောင်ဥက္ကလာပက 'နွေတံခါးစံအိမ်' ကို ငါတို့ရနိုင်ဖို့ အခြေအနေ အများကြီးရှိတယ် ဝက်ကြီး"

"ဟုတ်တယ်၊ အဲဒီမှာ ငါတို့ငှားနေတုန်းက သူပဲ ဖွတ်ရွှေနိုင်းတာ၊ ရေကူးကန်ကို မသုံးစေချင်လို့တဲ့၊ ဒီကောင်က ငကြောင်ပါ"

"ကြောင်တာမဟုတ်ဘူး၊ အစကတည်းက နွေတံခါးစံအိမ်ကို သူက မငှားချင်တာ၊ ကုန်သည်ကြီးအပြောကောင်းလို့ ငါတို့တစ်နှစ်ရလိုက်တာ၊ ဒီကောင်က ခေတ်မီဒီဇိုင်းနဲ့ တိုက်ပုံသိပ်လှပြီဆို ဝယ်ပစ်လိုက်တာပဲ၊ သူက ဘိုးဘွားစဉ်ဆက် ချမ်းသာနေတဲ့ကောင်၊ သူကိုယ်တိုင်ကလည်း အစွမ်းအစရှိတယ်၊ ငွေတွေထားစရာမှမရှိတာ၊ ငါတို့ကိုလက်တွဲတာလည်း အဲဒါပဲ၊ နိုင်ငံခြားကုန်သန်းမှုလုပ်ဖို့ သူက စိတ်ဝင်စားတယ်"

"ငါတို့နဲ့တွဲဖို့ ပြောမကြည့်ဘူးလား"





ကျားတစ်ကမေးတော့ ဦးကျောက်ခက်အမည်ခံ ရေမြင်းက ဝက်ကြီးကို လှမ်းကြည့်၏။ ဝက်ကြီးက စီးကရက်မီးညှိမလို လုပ်ပြီးမှ ကျားတစ်ကို လှမ်းကြည့်ကာ

"ပြောကြည့်ဖူးတာပေါ့၊ ဒီကောင်က ငါတို့ကို ဘာလုပ်စားတယ်ဆိုတာ သိတယ်၊ ပြောကြည့်တော့ နှစ်ခါလောက်က ခေါင်းပဲခါတယ်ကွ၊ ဒါပေမဲ့ လုံးလုံးလျားလျား ခါးသီးတာမျိုး မဟုတ်ဘူး၊ ဒါကြောင့် ငါတို့နဲ့တွဲပြီး ဟိုတယ်လုပ်ငန်းလုပ်ဖို့ သဘောတူခဲ့တာပေါ့"

"အဲဒါက ဒီကောင် ကိုယ့်သေတွင်းကိုယ်တူးတာပဲ၊ သူက ငါတို့ဘာကောင်ဖြစ်ဖြစ် ဂရုစိုက်ဖို့မလိုဘူးဆိုတဲ့ အချိုးချိုးတာ၊ ဒုစရိုက်နယ်ပယ်က ကောင်တွေကို သူက ဘယ်လိုလျှော့တွက်ထားသလဲ မသိဘူး"

"ဟား ဟား ဟား…"

ဝက်ကြီးက ခေါင်းမော့ရယ်၍ စီးကရက်ကို စားစရာတစ်ခုသဖွယ် အားရပါးရ ဖွာပစ်လိုက်ပြီး

"နေစမ်းပါစေ၊ ဒီလိုသဘောရှိတဲ့ကောင်မျိုးတွေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ မင်းတို့ထက် ငါကပိုသိတယ်၊ အိမ်ကိုသာဝယ်ထားတာ၊ နွေတံခါးစံအိမ်ကြီးရဲ့အောက်မှာခန်းကြီး ရှိနေတယ်ဆိုတာ ဒီကောင် သူကိုယ်တိုင်မှမသိဘဲ"

"သိသိ မသိသိ ဒီကောင်ပြန်ရောင်းမှာမဟုတ်တာတော့ သေချာတယ်ကွ၊ သူက ငွေထားစရာမရှိလို့ဝယ်နေတာ၊ ဝယ်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ စီးပွားရေးသမားမှမဟုတ်တာ၊ ငါတို့လုပ်ငန်းနဲ့ဆိုရင် ဒီလို အိမ်မျိုးနဲ့ လင်းအုပ်စီးလိုမျက်နှာကြီးတဲ့ကောင်တစ်ကောင် ရှိဘားရင် ပြီးပြီ"

"ဒါကြောင့် လွှဲပြောင်းဝယ်ဖြစ်ဖို့ ငါတို့ ခွတ်မကြိုးစားဘဲ နေတာပေါ့၊ လောလောဆယ် လင်းအုပ်စီးမျက်နှာနဲ့ပဲ ငါတို့ နောက်ကွယ်မှာနေတာကောင်းတယ်၊ နွေတံခါးစံအိမ်ကို ပြန်ငှားဖြစ်ဖို့တော့ ကြိုးစားရမှပဲ၊ ဒီတစ်ခေါက် ဘန်ကောက်ကကိစ္စပြီးရင် မြေအောက်ခန်းထဲမှာ ပစ္စည်းလှောင်မယ်၊ သွင်းတာ ထုတ်တာ လင်းအုပ်စီးရဲ့ အရိပ်နဲ့ကပ်ထုတ် ကပ်သွင်းရုံပေါ့"

"ဟား ဟား ဟား..."

ပြိုင်တူရယ်လိုက်ကြပြန်သည်။

"ဘန်ကောက်ကိစ္စကို မင်းဦးသျှောင် မလိုက်လို့မရတော့ဘူး၊ အိမ်ကိစ္စတွေ လင်းအုပ်စီး ဘာတစ်ခုမှခေါင်းခါလို့မရအောင် ငါတို့မှာ ဝှက်ဖဲရှိနေပြီပဲ... ဟား ဟား ဟား..."

ကြွက်သူနိုးက ကောက်ခါငင်ကာထ၍

"ကောင်မလေးကိုဖမ်းပြီး အကျပ်ကိုင်တာမျိုးက သိပ်ကို တုံးလွန်းနေပါပြီကွာ"

"တုံးပေမယ့် လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်ကွ၊ ဒီကောင်မျိုးတွေက အချော့ခံချင်ကြတာမဟုတ်ဘူး"

ကျားတစ်က လက်ဝါးကာပြ၍ ရပ်နေရာမှလျှောက်လာကာ ခုံဆွဲ၍ စားပွဲရှည်ကြီးထိပ်မှာ ထိုင်ချလိုက်သည်။





လက်ရွေးစင်ချင်းတူသော်လည်း ဂိုဏ်းခွဲမှူးသုံးယောက်မရှိလျှင် အားလုံးထဲမှာ ကျားတစ်က အမြင့်ဆုံး...

"ဘယ်နည်းပဲသုံးသုံး မင်းဦးသျှောင်ကိုတော့ လျှော့တွက်လို့မရဘူး၊ ဒီကောင်က ဝှက်ဖဲနဲ့အနိုင်ယူလို့မရဘူးနော်၊ အဲဒါ သတိထားရမယ်"

"မမှားသောရှေ့နေ၊ မသေသောဆေးသမားမရှိဘူးတဲ့"

"အားပါး... ဟား ဟား ဟား... ပန်ချာပီက မြန်မာစကားပုံတွေ ဘာတွေ ရွတ်ပြလို့ပါလား"

ရေမြင်းဆိုသော်လည်း အသားမည်းမည်း၊ နှုတ်ခမ်းထော်နေသော ဦးကျောက်ခက်က ကုလားစစ်စစ်ဖြစ်၏။

"ဟုတ်တယ်လေကွာ၊ မုဆိုးလည်း သားကောင်ကြောင့် သေတာပဲ၊ ရေကူးချန်ပီယံလည်း ရေနစ်သေနိုင်တာပဲ၊ တစ်သက်လုံးမှာ ဟာကွက်၊ မှားကွက်မရှိဘဲ အောင်မြင်သွားတဲ့လူ ရှိဖူးလား"

"ဟား ဟား ဟား"

"မင်္ဂလာရှိလိုက်တဲ့စကား၊ ကျောက်ခက်ကြီး ကျန်းမာချမ်းသာဦးမယ်... ဟား ဟား ..."

ကားမောင်းနေရင်း ဘေးမှာချထားသည့်ဖုန်းက မြည်လာသဖြင့် သူ ကောက်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လင်းအုပ်စီး"

မရင်းနှီးသောအသံဖြစ်နေသဖြင့် သူ မျက်မှောင်ကုတ်သွားကာ ကားကိုလည်း အရှိန်လျှော့ချလိုက်မိသည်။

"မင်းဘယ်သူလဲ"

"မင်းဦးသျှောင်"

ဟာင်... သူ့လက် တင်းခနဲဖြစ်သွား၏။

သို့သော် ဖုန်းကို ကိုင်ထားမိဆဲ...

"မင်းနဲ့ငါ စကားပြောချင်တယ်၊ ကားကို ငြိမ်းတဲ့တစ်နေရာရာ ဆွဲချလိုက်ပါ"

လင်းအုပ်စီး နားလည်လိုက်၏။ မင်းဦးသျှောင် သူ့နောက်မှာ ရှိနေပါပြီ။

နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်လိုက်တော့ သူ့နောက် တစ်စီးကျော်မှာ ရွှေအိုရောင် ပရာဒိုကားကြီးတစ်စီးကို သင်္ဂြိုဟ်ထားလိုက်မိ၏။

ဆောင်းရင်ခွင်မှာတုန်းက မင်းဦးသျှောင်နဲ့အတူ တွေ့လိုက်ရသည့်ကား။

ဒေါသက ရင်ထဲမှာ ဒီလှိုင်းတွေကဲ့သို့ တလိပ်လိပ်တက်လာသည်။

"ကိုကိုနဲ့ ခဏလေးတွေ့ပါရစေ၊ ခဏလေးပဲ စကားပြောခွင့်ပေးပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို သနားပါ ဘိုလင်းရယ်"





သတိုး သူ့ကို တကယ်ပဲ လက်အုပ်လေးချီ၍ ရှိခိုးတော့မလို တောင်းပန်သည်။ သနားသွားမိတာက သပ်သပ်။ သဝန်တိုစိတ်က တခြား။

"မတွေ့ရဘူး၊ မင်းမတွေ့ရဘူး၊ မင်းတို့ရဲ့မျက်လုံးတွေ၊ နှလုံးတွေက အပြန်အလှန် နားလည်မှုတွေကို ကိုယ်က ဆုပ်ကိုင်ထားလို့ရတာမဟုတ်ဘူး၊ ဒီနားလည်မှုတွေနဲ့ စွန့်လွှတ်ခွင့်လွှတ်ကြမှာတွေ လုံးဝနိုးပဲ၊ မင်းကို ကိုယ်ပေးချင်တဲ့ စိတ်ချမ်းသာမှုတွေထဲမှာ ဒါမပါဘူး"

သူ သတိုးရဲ့မျက်ရည်တွေကို ဥပေက္ခာပြုထားခဲ့သည်။

လင်းအုပ်စီး ဘာသာမဲ့နေသော ဒေါသများက ပေါက်ကွဲနေရာရာနေတာမို့ ဖုန်းကိုချကာ လူအတော်ရှင်းသော လမ်းဘေးကန့်စပ်တစ်နေရာမှာ ကားကို ထိုးရပ်ထားလိုက်၏။

သူ့မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တင်းမာနေကာ ကားပေါ်ကဆင်း၍ တံခါးကို တအားဆောင့်ပိတ်သည်။

ထိုစဉ် ပရာဒိုကားက သူ့ကားနှင့်ယှဉ်ရပ်လိုက်သောကြောင့် သူက ကားနှစ်စီးကြားထဲမှာ မင်းဦးသျှောင်ကားပေါ်ကဆင်းလာတော့ နှစ်ယောက်ကြားမှာ ကားတစ်စီးက ခြားသွားပြန်လျက် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းစူးနစ်စွာ ဆုံဆည်းနေကြကာ စက္ကန့်များစွာ အသံတိတ် တိုက်ခိုက်ရင်း ကျော်ဖြတ်သွားကြ၏။

တိတ်ဆိတ်ခြင်းကို ပထမဆုံး မနှစ်မြို့စွာဖြစ်လာသူက



www.burmeseclassic.com

www.burmeseclassic.com



လင်းအုပ်စီး…

"နတ်စင်မှာ ပန်းစွန့်သလို ဘုရားမှာ ပန်းအကျကောက်သလို ငါ့ဆီက ပန်းကြွေတောင်းဖို့ တကောက်ကောက်လိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"မင်းပဲနိုး၊ မင်းပဲလုံအောင်သိမ်းဆည်းထားပြီးတော့ တစ်ယောက်တည်း ခြောက်ခြားနေတာပါ၊ မင်းကို ငါ ဒါတွေပြောဖို့ မဟုတ်ဘူး လင်းအုပ်စီး၊ ငါက ပန်းအနိုးခံလိုက်ရတဲ့ ဥယျာဉ်မှူးပါ၊ ခိုးသွားတဲ့လူက ကိုယ့်ပန်းလေးကို မြတ်နိုးလို့ ပန်ဆင်ထားမယ်ဆိုရင် ငါ့ကြေကွဲမှုကို ငါ ဖြေနိုင်တယ်"

လင်းအုပ်စီး ပရာဒိုကားဆီကို ခပ်ဆတ်ဆတ်လှဲကန်၍ ဟင်းခနဲ မှဲ့ပစ်သည်။

မင်းဦးသျှောင်ကားကိုကွေ့၍ လျှောက်လာပြီး လင်းအုပ်စီးနှင့် လက်တစ်ကမ်းသာသာလောက်မှာ ခပ်မတ်မတ်ရပ်သည်။

"ငါ မင်းကို စကားပြောမယ်ဆိုတာ ဒီအကြောင်းမဟုတ်ဘူး လင်းအုပ်စီး၊ မင်း ဝိတ်ကြီးတို့လူစုနဲ့ လက်တွဲထားတဲ့လုပ်ငန်းတွေကို ဖြုတ်ပစ်ဖို့ ငါပြောချင်တာ၊ သူတို့ ဘယ်လိုလူတွေလဲဆိုတာ မင်းထက် ငါကပိုသိတယ်"

"သိသိ မသိသိ ငါ ဂရုမစိုက်ဘူး၊ သူတို့ဆိုးတာ ကောင်းတာ သူတို့သမိုင်း၊ ငါ့သမိုင်းက ရှင်းပြီးသားပဲ၊ ဒီမှာ မင်းဦးသျှောင်၊ မိန်းမတစ်ယောက်အထင်ကြီးဖို့ မင်း ကြံဖန်ပြီး အမှတ်ယူမနေပါနဲ့၊ မင်းလို ထောင်ထွက်လူဆိုးတစ်ယောက်ရဲ့စကားကို ငါ့ဘက်က





ဘာမှလိုက်နာစရာမလိုဘူး"

"မင်းကို လိုက်နာခိုင်းနေတာမဟုတ်ဘူး၊ ဒီလောကအကြောင်း မင်း ဘယ်လောက်သိသလဲ၊ မင်းပြောသလို ကောင်းတာ မကောင်းတာ သူ့သမိုင်းနဲ့သူဆိုတာ မဟုတ်ဘူး၊ မင်း ဒီထဲကို ခြေလှမ်းကျွံသွားရင် နုတ်လို့ရမယ်ထင်သလား၊ မင်းရဲ့ အစွန်းအထင်းမရှိတဲ့သမိုင်းကို သူတို့က ခုတုံးလုပ်သွားမှာ၊ မင်း ဒုက္ခရောက်သွားလိမ့်မယ်"

"ခုတုံးလုပ်ရအောင်က ငါက ကြမ်းတုံးကြီးမှမဟုတ်တာ၊ လင်းအုပ်စီးဆိုတဲ့နာမည်တစ်လုံးကို မင်းနားထောင်ကြည့်လိုက်၊ တစ်ခါမှ ရှုံးခဲ့တာမရှိသေးဘူး"

"လင်းအုပ်စီး၊ မင်း တော်တော်ပြောရခက်ပါလား၊ ဒါ မင်းကျင်လည်နေတဲ့ စီးပွားရေးလောကမဟုတ်ဘူး၊ ကိုယ်က ဆိုင်ဘယ်ထင်ထင် မထင်ထင် ပတ်သက်ပြီဆိုရင် မင်း ရုန်းထွက်လို့မရတော့ဘူး၊ သတိုးမှာ ကိုယ်ဝန်ကြီးနဲ့၊ မင်းကို ငါ သတိပေးတာ၊ ဆရာလုပ်ချင်လို့ လုံးဝမဟုတ်ဘူး၊ မင်း နောက်ဆုတ်လိုက်ပါ၊ သူတို့ကို ငှားထားတဲ့တိုက်တွေ၊ လက်တွဲမဲ့ ဟိုတယ်လုပ်ငန်းတွေအားလုံးကို ရပ်ပစ်လိုက်တော့"

လင်းအုပ်စီး ခပ်ထေ့ထေ့ပြန်ကြည့်၍ ရှေ့တစ်လှမ်းတိုးရပ်လိုက်သည်။

"အလုပ်လုပ်တာ ကလေးကစားထားကြတာ မဟုတ်ဘူးကွ၊ အရင်းအနှီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငွေဆုံးမှာစိုးတာလား၊ မင်း ဘယ်လောက်ရှင်းထားသလဲ၊ အဲဒါတွေအားလုံး ငါရှင်းပေးလိုက်မယ်၊ မင်း သူတို့နဲ့ လုံးဝလက်မတွဲပါနဲ့၊ သူတို့က ဘုရားပြီးရင် ငြမ်းဖျက်တာပဲ၊ မင်းကို လိုသလိုသုံးပြီးရင် ဖြတ်ချလိုက်မှာ၊ အဲဒါ အသေနည်းနဲ့လား၊ အရှင်နည်းနဲ့လား ပြောလို့မရဘူး"

"ဟား ဟား ဟား"

လင်းအုပ်စီးက ဟားတိုက်ရယ်သည်။

"ဒီလောက်ထိလွယ်လို့လား မင်းဦးသျှောင်၊ မင်းတို့လောကက ဒီလောက်တောင်ဆိုးသလား၊ ကြောက်စရာပဲ၊ ဒါပေမဲ့ ငါက မကြောက်တတ်ဘူး၊ မင်းလိုကောင်ရဲ့ သတိပေးလမ်းညွှန်မှုကို ပိုပြီးမကြောက်တတ်အောင် ကြိုးစားမယ်၊ မှတ်ထားလမ်းပါ၊ မင်းလို ထောင်ထွက်တစ်ယောက်ထက် ငါ အများကြီးချမ်းသာတယ်"

"မင်းကို ငါက ပခုံးချင်းယှဉ်ပြီး ချမ်းသာတာပြိုင်နေတာမဟုတ်ဘူး၊ မင်း သူတို့နဲ့တွဲနေတာကိုဖြတ်ဖို့…"

"ဘယ်တော့မှမဖြတ်ဘူး၊ မင်းပြောတာကို ဂရုမစိုက်ပါပြချင်လို့ ပိုတွဲဦးမှာ၊ ရှင်းတယ်နော်… ထပ်ပြောလိုက်မယ်၊ သတိုးကို ဘယ်လိုအကြောင်းနဲ့မှ ထပ်ဆက်သွယ်ဖို့မကြိုးစားပါနဲ့၊ မိတ်ဆွေလိုပဲဖြစ်ဖြစ်၊ ညီမလေးလို ဟန်ဆောင်ပြီးတော့ပဲဖြစ်ဖြစ် ငါ လုံးဝလက်မခံဘူး၊ ဖြစ်လာရင် သတိုးကို ငါဘာလုပ်မလဲဆိုတာနားထောင်"





လင်းအုပ်စီးက ကားထဲပြန်ဝင်ကာ ကြမ်းတမ်းစွာ မောင်းထွက်သွားလေသည်။

မင်းဦးသျှောင် နှုတ်ခမ်းတွေ တင်းတင်းစေ့လျက် ပင့်သက်ရှိုက်လိုက်မိသည်။

ကိုယ်ဝန်ဆောင်မို့ ဗိုက်ဖုံးအင်္ကျီဖားဖားလေးနှင့် သတိုးမျက်နှာလေးကို ပြန်လည်မြင်ယောင်လာ၏။

တားလို့မရလည်းနေပေါ့ဆိုတဲ့ ဥပေက္ခာမျိုး သူ ထားလိုက်နိုင်သလား။

မျက်ဝန်းတွေကို မှိတ်ပစ်လိုက်ကာ သူ ကျိတ်ခဲနဲ့ စုတ်သပ်မိ၏။

သတိုးရယ်… ညီမလေး ဒုက္ခရောက်တော့မှာကို ဘယ်လိုဥပေက္ခာထားခဲ့ရမှာလဲ…

နာကျင်မှုကြောင့် နှလုံးသားက တနင့်နင့်ကြေကွဲလျက်…

◀◀ ⏮ ॥ ■ ● ▶▶ ⏭

"ဘယ်လို"

ဝက်ကြီး ဟန်ဆောင်ဖို့သတိမရနိုင်မီ လှုပ်လှုပ်ရှားရှားကြီးဖြစ်သွား၏။

ကြွက်သူခိုး နေရာမှာထိုင်မလို့လျှောက်လာပြီးမှ နေရာမှပင် တောင့်တောင့်ကြီး ရပ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးသျှောင် သူတို့ရှိရာကို တန်းတန်းမတ်မတ်ရောက်လာကတည်းက အကြောင်းတစ်စုံတစ်ရာရှိနေပြီဆိုတာကို ရွက်မိခဲ့သည်။

လင်းအုပ်စီးနဲ့သူတို့ လက်တွဲထားသည့် ဟိုတယ်လုပ်ငန်းဆိုတာ 'မြေထဲပင်လယ်' နာမည်နှင့် ဘယ်နေရာမှာ ဘယ်ပုံအဆောက်အဦးဆိုတာ ပြောကြားထားခဲ့တာမရှိဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ပြောလာသမျှ စကားတို့သည်လည်း သူတို့နှစ်သောက်အတွက် အသက်ရှူမှားကုန်ရသည်အထိ...

"အံ့သြသွားသလား ဝက်ကြီး၊ မင်းတို့သိပ်လိုချင်နေတဲ့ 'နွေတံခါးစံအိမ်' ကို တစ်ချိန်က ပရောဖက်ဆာရူးရူးနေတဲ့ သူဌေးကြီး ဦးဘောဂဆောက်သွားတာ၊ မြေအောက်ခန်းကို သူ့ရဲ့ ဓာတ်ခွဲစမ်းသပ်ခန်းအဖြစ် လျှို့ဝှက်ထားဖို့ အဆောင်ဆောင် အခန်းခန်းတွေခွဲပြီး ဆောက်ထားတယ်"

မင်းဦးသျှောင် သူတို့ထိုင်နေသည့်နောက်က လျှို့ဝှက်စည်းဝေးခန်းမတံခါးကို ခပ်စူးစူးကြည့်ပြီးမှ စကားကို ဆက်၏။

"သူ ဘယ်လောက်ထိရူးသလဲဆိုရင် သူ့ရဲ့အိမ်ဖော်ကို သတ်ပြီး ဆေးရုံးကလက်လျှော့လိုက်လို့ ပြန်ခေါ်လာရတဲ့ သေအံ့ဆဲဆဲ သူ့ရဲ့သားလေးကို နှလုံးအစားထိုးဖို့ ကြိုးစားခဲ့တဲ့အထိပဲ၊ အဲဒီမှာ သူ့ယောက်ဖကသိပြီး ပြဿနာတက်ကြတော့ တွန်းထိုးသတ်ပုတ်ရင်း ပရော်ဖက်ဆာကြီး သေသွားတယ်၊ သူ့ယောက်ဖ





က ထောင်ကျတယ်"

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်သိနေတာလဲ၊ ဒါ အံ့သြစရာပဲ"

"သူ့ယောက်ဖက ကျုပ်နဲ့အတူထွက်လာတာပဲ၊ ဒါကြောင့် 'နွေတံခါးစံအိမ်' ဟာ အသစ်စက်စက်ကြီးနဲ့ ပိုင်ရှင်မဲ့သွားခဲ့တာ၊ လင်းအုပ်စီးဝယ်လိုက်တဲ့အပိုင်းကို ကျုပ်မသိဘူး၊ ဒါပေမဲ့ မင်းတို့နဲ့ နွေတံခါး ဘာဖြစ်ဖြစ် ကျုပ်နဲ့မဆိုင်ဘူး၊ ဆိုင်တာက လင်းအုပ်စီးပဲ၊ လင်းအုပ်စီးနဲ့လက်တွဲထားတဲ့ကိစ္စတွေကို ကျုပ်ဘက်က တားဆီးပိုင်ခွင့်မရှိလို့ ထားလိုက်ပါ၊ တစ်ခုတော့ ပြောထားမယ်၊ ဆောင်းရင်ခွင်ပဲဖြစ်ဖြစ်၊ နွေတံခါးပဲဖြစ်ဖြစ် လင်းအုပ်စီးရဲ့အရိပ်ရှိသမျှ ဘယ်နေရာကိုပဲဖြစ်ဖြစ် အရိပ်ခိုချင်ခိုပါ၊ အခက်မချိုးမိပါစေနဲ့"

"ကျုပ်တို့လက်တွဲခဲ့ကြတာ မရိုးသားဘူးလို့ မင်းက စွပ်စွဲလိုက်တာလား"

"ရိုးသားတဲ့လူကို ခွဲမထည့်မိဖို့ သတိပေးတာ၊ မင်းတို့ကို အစကတည်းက ကျုပ်ပြောပြီးသား၊ ကိုယ့်နယ်ပယ်နဲ့ကိုယ် လှုပ်ရှားပါလို့"

ဝက်ကြီးက ဟန်ဆောင်ဖုံးကွယ်လိုက်ခြင်းဖြင့် အသက်မပါသလို ခပ်ဟက်ဟက်ရယ်သည်။

"မလိမ္မာလို့ လူဆိုးဖြစ်နေတာပေါ့ မင်းဦးသျှောင်ရယ်၊ မကြောက်တတ်လို့ လူမိုက်လုပ်တာပေါ့၊ သေမြေကြီး ရှင်ရွှေထီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မိုက်ချင်သလောက်မိုက်ပါ၊ လင်းအုပ်စီးကို ထိရင်တော့ ကျုပ်နဲ့ငြိမှာပဲ"

ဝက်ကြီးမျက်နှာပျက်ကာ မသိမသာ တင်းသွား၏။

"သူကို ကျုပ်တို့က အကာအကွယ်တစ်ခုအဖြစ်ထက် ဘာမှမပိုဘူးလို့ ပြောပြီးသားပဲ၊ ကျုပ်တို့အတွက် မင်းကိုလိုသလို သူကလည်း မရှိမဖြစ်ပဲ၊ တစ်ခုတော့ရှိတယ်၊ မင်းဘက်က…"

"နေဦး"

မင်းဦးသျှောင် ဝက်ကြီးရှေ့က စားပွဲစွန်းမှာ ခြေတစ်ဖက် လှမ်းတင်၍ ဒူးပေါ်မှာ တံတောင်နဲ့ထောက်ကာ မျက်နှာကို ခပ်ငိုက်ငိုက် ငုံ့ချလိုက်၏။

"ကျုပ်က ဖြစ်စေချင်ရင် ဖြစ်ပေးဖို့ပဲ မင်းစဉ်းစားပါ၊ ကျုပ်ဘက်က ဘာလုပ်ပေးရင် ညာလုပ်ပေးရင်ဆိုတဲ့ အပေးအယူတွေ လာမပြောနဲ့"

သွားကြားမှ ယိုစိမ့်ထွက်လာသော လေသံသည် အေးစက်ပြတ်သားလျက် နှစ်ကိုယ်ကြား ခပ်ကြိတ်ကြိတ်ဖြစ်သည့်တိုင် နားစည်မှာတုန်သွားသည်အထိ ထွင်းဖောက်နိုင်၏။

"နောက်တစ်ခုရှိသေးတယ်၊ လင်းအုပ်စီးနဲ့ ကျုပ်ကြားမှာ ကြိုးတုပ်ခလောက်ဆန်ဖို့ မိန်းမလို မိန်းမရဉာဏ်တွေနဲ့ ကြံစည်ဖို့ မကြိုးစားနဲ့နော်၊ မင်းတို့လို တိရစ္ဆာန်အဖွဲ့မပြောနဲ့၊ စကြဝဠာတစ်သောင်း ပြိုကျလာတယ်ဆိုရင်တောင် ကျုပ်က ဂရုစိုက်မှာ မဟုတ်ဘူး"





သူတို့အကြံအစည်တွေကိုပါ တပ်အပ်သိနေသလိုမျိုး မျက်နှာကို အနီးကပ်ကြည့်ကာ ကြိမ်းဝါးသွားသေးသည်။

ဝက်ကြီး ကြိတ်မနိုင်ခံမရ ကျန်နေခဲ့ပြီးမှ နေရာမှ ဆတ်ခနဲ ထကာ မင်းဦးသျှောင်နောက်ကို ခပ်သုတ်သုတ်လိုက်ခဲ့သည်။

"မင်းဦးသျှောင်"

စင်္ကြံလမ်းအဆုံးရောက်မှာ မင်းဦးသျှောင်က လှည့်ကြည့်၏။

"မင်းပြောတာကို အထက်လူနဲ့ ကျုပ်ညှိပေးကြည့်ပါ့မယ်၊ ဘန်ကောက်မှာဖြစ်မယ့်ပွဲကိုတော့ မင်း မဖျက်စေချင်ဘူး"

မင်းဦးသျှောင်က အရေးမကြီးသလို နောက်ပြန်လှည့်ထွက်သွားပြီးမှ လှည့်မကြည့်တော့ဘဲ…

"ပြောကြည့်လိုက်ပေါ့၊ နွေတံခါးကို တကယ်မသုံးဘူးဆိုရင် ကျုပ် စဉ်းစားမယ်"

ကားလေးထွက်သွားသည့်ထိ ဝက်ကြီး အထဲပြန်မဝင်မိသေး။

သူတို့တွေ့ကြတာ ဟိုတယ်၏နောက်ပိုင်းဝင်ပေါက်ဟာ လျှို့ဝှက်ခန်းမထဲမှာ…

ရွှေအိုရောင် ပရာဒိုကားလေးကလည်း နောက်တံခါးကနေပဲ ပြန်ထွက်သွားတာဖြစ်၏။ သူ့နောက်မှာ ခြေသံများနှင့်အတူ ကြွက်သူခိုးနဲ့ ဝင်းမောင်တို့လေးယောက် ရောက်လာကြကာ…

"မပြေမလည်ဖြစ်နေကြတာများ အမိန့်ပေးလိုက်ပြီးရောဆရာရယ်၊ အထဲမှာ ကျွန်တော်တို့ လက်ကိုယားနေတာပဲ၊ ဆရာ့အမိန့်မရလို့သာ…"



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးသျှောင် ရောက်လာတယ်ဆိုကတည်းက အခန်းထဲ ရောက်မလာမီ သူတို့လူတွေကို ကွယ်ရာနေရာမှာဖြန့်၍ အဆင်သင့် လုပ်ခိုင်းထားခဲ့သည်။

နောက်ဆုံး မင်းဦးသျှောင် ပြဿနာရှာဖို့လာတာဆိုလျှင် ခမ့်ဆေး ငွေ့လွှတ်၍ အပိုင်ဖမ်းဖို့အထိ လျှပ်တစ်ပြက် စီစဉ်ထားခဲ့သည်။

သို့သော်...

"မေ့ဆေးငွေ့ကိုတော့ ဒီကောင်မခံနိုင်ပါဘူး၊ ထောင်လွှား လွန်းတဲ့ကောင် ဖမ်းပြီး တစ်ခါတည်း လက်စတုံးလိုက်ရင်ပြီးရော"

"မင်းတို့ဘိုးအေက အဲသလောက်မလွယ်လို့ပေါ့ကွ၊ မင်းတို့ အထဲမှာရှိနေတာကို သူမသိဘူး မှတ်နေသလား၊ ကျားဆိုတာ သေ အောင် သတ်နိုင်ရင်သတ်၊ မသတ်နိုင်ဘဲ အမြီးသွားဆွဲမိရင် အမေ ရေတောင် မအော်နိုင်ဘဲဖြစ်သွားမယ်၊ မင်းဦးသျှောင်ကို ဘာမှတ်နေ လို့လဲ"

ဒေါသကြောင့် ပစ်ပစ်နှစ်နှစ်ဆဲကာ ဝက်ကြီး အထဲပြန်ဝင် သွားတော့ အားလုံး မကျေမနပ်ဖြစ်သွားကြသည်။

ဒီလောက်တောင် ဂရုစိုက်စရာလိုသလား...

ပြန်လှန်မပြောရဲသော်လည်း ကိုယ်စီတွေးမိကြလျက်...

⏪ ⏮ ⏸ ⏹ ⏺ ⏩ ⏭

"ဘာဆိုင်လဲဗျာ၊ ဒါ သက်သက်အခွင့်အရေးယူတာ၊ ဒီအခေါက်က ပွဲသိမ်းပဲ၊ ပစ္စည်းတွေက အများကြီး၊ ဒါတွေကို





နွေတံခါးလိုနေရာမျိုးမှာမထားလို့ ဘယ်မှာထားရမှာလဲ၊ မြန်မာပြည် က အေးဂျင့်တွေက သိပ်တော်တာ၊ သူတို့ကို ဒီလိုမှ မျက်စိမလှည့် နိုင်ရင် လွတ်ဖို့မလွယ်ဘူး"

"ဟုတ်တယ်"

"ဒါတွေကို အချိန်ယူပြီးအောင်းထားရမယ်၊ ပိုင်ပြီဆိုမှ လှည့်ထုတ်ရမှာ၊ ထုတ်ရင်လည်း လင်းအုပ်စီးမပါလို့မဖြစ်ဘူး၊ သူက လင်းအုပ်စီးကို ထိဝံ့ထိကြည့်ဆိုတော့ ငါတို့ကို စားပေါက်ပိတ်တာ၊ စိန်ခေါ်တာ"

"ဟုတ်တယ်"

"ရှီးထဲမှပဲ၊ ပြောသမျှ ဟုတ်တယ်ချည်းပဲလိုက်နေတယ်၊ ပြောစရာမရှိတော့ဘူးလား"

တိရစ္ဆာန်အဖွဲ့မှာ သတ္တဝါအဆင့်အတန်းကိုလိုက်၍ အနိမ့် အမြင့် ခွဲထားသည်။

လက်ရွေးစင်ဆယ်ယောက်ထဲမှာ အဆိပ်ပြင်းသော၊ အင်အားကြီးသော သတ္တဝါတွေကိုထား၍ အဖွဲ့ငယ်ထဲမှာတော့ ရုပ်ကိုကြည့်၍ သတ်မှတ်ထား၏။

တကယ့်အရေးကြီး အမှုကိစ္စများကို တိရစ္ဆာန်မျက်နှာနှင့် တိရစ္ဆာန်နာမည်များရှိသူတွေသာ ဆောင်ရွက်ကြကာ ရိုးရိုးအဖွဲ့သား များက သင်္ကာခံများလည်းမဟုတ်၊ တိရစ္ဆာန်နာမည်လည်း မပေးပေ။

လက်ရွေးစင်အချင်းချင်းကျတော့ မင်းနဲ့ငါသာ ပြောကာ ကျန်လူတွေကတော့ သူတို့ကို ဆရာဟု ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားနှစ်က ဆင်ပြောင်ကြီးကို မကျေမနပ်ကြည့်နေဆဲနှင့် စကားကို ဆက်ပြော၏။

"ငါတို့ မြန်မာပြည်ထဲမှာ ခြေကုတ်ယူခဲ့တာကိုက ဒီပစ္စည်းတွေသိမ်းဖို့၊ တစ်ဖက်ကိုဖြန့်တဲ့အခါ အဆင်သင့်ဖြစ်အောင်၊ လွယ်ကူအောင်လို့၊ ဒါကို လက်လွှတ်ခံလို့ရမလား"

"ဒါဆို မင်းက သူ့ကို လက်လွှတ်နိုင်လို့လား"

"အဲဒါပဲ၊ အဲဒါရှုပ်နေ၊ သူမပါလို့လည်းမဖြစ်ဘူး၊ ဟိုကောင်လည်း ပါမှဖြစ်မှာ၊ နွေတံခါးကိုလည်း လက်လွှတ်လို့မှ မရဘဲ၊ ငါတို့ကို သက်သက်အကျပ်အတည်းဖြစ်အောင် ဒီကောင် လုပ်တာ"

"လွယ်ပါတယ်၊ သူ့ကိုလည်း ပြန်ကျပ်ပေးလိုက်ပေါ့၊ ဒီမှာ ကျားနှစ်၊ တစ်ခါတလေ အင်မတန်ရိုးစင်းတဲ့နည်းက ဆန်းတတ်တယ်ကွ၊ ကိုယ်ဘာပဲကြံကြံ သူက သိနေမှာပဲ၊ ဒီတော့ သူသိထားတဲ့နည်းကိုပဲ သုံးလိုက်ပေါ့၊ သူက သူ့ကိုယ်သူ အတော်ကြီးပြီး တို့မလုပ်ရဲဘူးလို့တွက်ထားမှာပဲ"

"ဘာလဲ မင်းဟာက..."

ကျားနှစ်က မျက်မှောင်ကုတ်၍ မေး၏။

ကျားတစ်ကလည်း ဆင်ပြောင်ကြီးကို လှည့်ကြည့်သည်။

ဆင်ပြောင်ကြီးက ရှီးကေ့စ်ပုလေးမှာ တင်ပါးတစ်ခြမ်းတင်၍ ထိုင်နေရာမှ ဆိုဖာတွေနားကို လျှောက်လာကာ...

"မင်းတို့ စဉ်းစားကြည့်လေ၊ သူ့လက်ချက်နဲ့ ငါတို့





လက်ရွေးစင်သုံးယောက် ဒဏ်ရာအပြင်းအထန်နဲ့ ပြန်လာလို့ ဆရာကြီးက ရှင်းပစ်လိုက်တယ်၊ ဒါ သူသတ်တာပဲ၊ ဘာထူးလဲ၊ ပြီးတော့ သူမဟုတ်ဘူးဆိုပေမယ့် ငါတို့ပစ္စည်းတွေ ငါးထောင်ဖိုးလောက် ပျောက်သွားတယ်၊ ဒါ ဘိန်းရာဇာတို့က သူ့အားကိုးနဲ့လုပ်စားသွားတာ၊ ခုလည်း မှက်ကင်းနဲ့ ဘက်ဆန်တို့အဖွဲ့က ငါတို့ကို နောက်ပေါက်ဆိုပြီး အင်အားနဲ့ညှပ်ဖို့ ဒီအရောင်းအဝယ်ကို ညှိလာတာ"

"နောက်ပေါက်ပေမယ့် တိရစ္ဆာန်အဖွဲ့ကို သူတို့က ဘာထင်လို့လဲ၊ ငါတို့ဆရာကြီးက သူတို့ထက် ဆယ်ဆလောက်ရင်းနိုင်တယ်"

"အေးလေ... အဲဒါကိုသိလို့ သူတို့က ကျားချောင်းသလို ချောင်းနေတာပေါ့၊ ဆရာကြီးက ရင်းရဲတယ်၊ သတ္တိရှိတယ်၊ ဒီတစ်ခေါက်က ပွဲသိမ်းပဲလေ၊ ဒါတွေပိုက်မိလို့ ပြန်ထုတ်ဖို့ထိ အဆင်ပြေသွားရင် ငါတို့ မြန်မာပြည်ကနေ ပြန်ထွက်လို့ရပြီ၊ အရေးကြီးတာက ဒီပွဲမှာ လွဲချော်မသွားဖို့ပဲ"

အားလုံး ငြိမ်သက်နေတာမြင်မှ ဆင်ပြောင်ကြီးက ဆက်၍

"ငါတို့ မင်းဦးသျှောင်ကို အတိုက်အခံလုပ်လို့တော့ လုံးဝ မဖြစ်ဘူး၊ ဒီပွဲကို သူပါလာအောင် ဆွဲနိုင်မလား၊ ဒါမှမဟုတ် မပါပါအောင်ဆွဲမလား၊ ဒါပဲရှိတယ်"

"သိပြီ၊ ငါတို့ ဆရာကြီးကို တင်ပြကြဦးမလား"

"ဆရာကြီးက ယိုးဒယားဘက်ဆင်းနေတာ ဘယ်လိုလုပ် ပြောမလဲ၊ ငါတို့ပဲ ဆက်လုပ်ရှားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘန်ကောက်ကကိစ္စ ဘယ်နှစ်ရက်လိုသေးလဲ"

"တစ်ပတ်ပဲလိုတော့တယ်"

◂◂ ◂◂| || ■ ● ▸▸ ▸▸|

ကိုယ်ဝန်က မွေးမည့်လထဲရောက်နေပြီမို့ နေရထိုင်ရ မအီမသာ ဖြစ်လာ၏။ စိတ်ထောင်းကိုယ်ကျေဖြစ်နေသည့် သတိုးမှာ လင်းအုပ်စီးနှင့် အတိုက်အခံမလုပ်လိုခြင်း၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့် ကြိတ်မှိတ်ခံစားနေခဲ့သောကြောင့် လှုပ်လီလှုပ်လဲ့လေး ဖြစ်လာ၏။

မိန်းမကိုကြည့်၍ စိုးရိမ်စိတ်များနှင့် အားမလို အားမရဖြစ်နေတိုင်း လင်းအုပ်စီး ပျာယာခတ်လာသည်။

ဆရာဝန်ပါရဂူများနှင့် အပ်ရတာလည်း ပါရဂူတွေမှ ကျန်သေးရဲ့လား မသိ။

"သတိုး နေမကောင်းဘူးလားကွာ၊ ဘာဖြစ်လို့ အစားအသောက်တွေ ဒီလောက်နည်းနေရတာလဲ၊ ကိုယ် ဘာလုပ်ရမှန်းကို မသိတော့ဘူး"

သတိုးလက်ဖဝါးလေးကို ဖျစ်ညှစ်တွေးဆုပ်ကာ နဖူးပြေပြေလေးကို နမ်း၍ပြောသည်။

လင်းအုပ်စီးကို မော့ကြည့်၍ သတိုး ဘာမှမပြောဘဲနေမိသည်။

တကယ်ဆို သူလည်း ကိုယ့်ကိုချစ်တာပါပဲ။ ချစ်လွန်း၍





သဝန်ကြောင်လှုဆိုးကြီး ဖြစ်နေခြင်းသာ…

ဒါကို သတိုးနားလည်အောင် ကြိုးစားခဲ့သည်။

မဖြစ်နိုင်တော့သည့် မျှော်လင့်ခြင်းများကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားနေခဲ့၏။

သို့သော်…

ကိုကို့ကိုချစ်ခဲ့သောစိတ်သည် ဘယ်အရာနဲ့မှ တိုက်ခိုက်ဖျက်ထုတ်ပစ်လို့မရဘဲ နှလုံးသားသည် တမြေ့မြေ့၊ တငွေ့ငွေ့လောင်ကျွမ်းကြေကျနေသကဲ့သို့ရှိကာ…

"မင်းအတွက် ကိုယ် စိန်ဘယက်တစ်ကုံးဝယ်ထားတယ်၊ ရေချိုးလိုက်နော်၊ ရေချိုးပြီးဝတ်ကြည့်ရအောင်၊ ဒီဇိုင်းလှတယ်ကွ၊ မင်းတွေ့ရင်ကြိုက်မှာ၊ ဘယက်ရဲ့အတွင်းသားမှာ ကေဆိုတဲ့ စာလုံးလေးပါလို့ မင်းနဲ့အတော်ပဲဆိုပြီး ကိုယ်ဈေးတောင်မဆစ်ခဲ့ဘူး"

သတိုး ရေချိုးဖို့ကိစ္စအထိ လင်းအုပ်စီးက အမျိုးမျိုး ဖြားယောင်းခဲ့ရှာသည်။

မင်းဦးသျှောင်ရှေ့မှာ ဒေါသ မာနတွေ ဖောင်းကားနေသလောက် ကိုယ်ဝန်ဆောင်ထားသည့် သတိုးကို ထိုကိစ္စနှင့်ပတ်သက်၍ အစလည်းမဖော်၊ ဆူလည်းမဆူ၊ ချော့မော့နှစ်သိမ့်၍သာ တယုတယ မြှတ်နိုးခဲ့လေသည်။

ထိုကြားထဲ ဖုန်းတွေလာလိုက်၊ အလုပ်ထွက်သွားလိုက်၊ အသွားအပြန် ဆေးခန်းတွေဝင်နေတာမျိုးနှင့် သူ့မှာ နားရသည် မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားမယ်နော်၊ ဒီနေ့ စောစောပြန်ခဲ့မယ်၊ မင်းကို ကိုယ် ကန်ဘောင်ပေါ်ခေါ်သွားမယ်၊ လမ်းလျှောက်ရင်း စကားပြောတာပေါ့"

သတိုးကို ကားနားထိရောက်အောင် ပခုံးလေးဖက်၍ ခေါ်သွားပြီးမှ သူ ကားထဲဝင်ထိုင်သည်။

"အိပ်ပျော်အောင်အိပ်နော်၊ နေ့လယ်နေ့ခင်းဆိုတာ အိပ်ရတယ်၊ ခြံထဲဆင်းနေရင်လည်း အကြာကြီးထိုင်မနေနဲ့၊ ခါးတွေနာမယ်၊ မောင်မောင်ရေ..."

"ဗျာ... ဆရာ"

မောင်မောင် အပြေးရောက်လာသည်။

"သတိုးကို ဂရုစိုက်နော်၊ အကြောင်းရှိရင် ငါ့ကို ချက်ချင်းဖုန်းဆက်"

"စိတ်ချပါ ဆရာ"

"အိမ်ကိုလည်း ဘယ်ဧည့်သည်မှမလာစေနဲ့၊ တံခါးပိတ်ထား"

"ဟုတ်ကဲ့"

"သတိုး"

"ဟင်"

"အပေါ်ထပ်မတက်နဲ့တော့နော်၊ ချော်ချက်ကျမှာစိုးလို့၊ အကြောင်းရှိရင် မောင်မောင့်ကိုခိုင်း"

"အင်းပါ"





သူ့မှာ မှာလို့ပဲမဆုံးနိုင်တော့ပါ။

ကားထွက်သွားတော့ မောင်မောင် သက်ပြင်းခိုးလေးချကာ

"အစ်မ အိပ်တော့မလား၊ ထမင်းစားမလား၊ ကျွန်တော် ပြင်လိုက်မယ်"

"နေပစေ၊ ဆာမှပဲ ကိုယ့်ဟာကိုယ် ပြင်စားပါ့မယ်၊ ရှင့်ဆရာပြောသလောက် မလုပ်ပါနဲ့၊ သတိုး ဘာမှမလုပ်ဘဲ မနေတတ်လို့ပါ"

သတိုးက မောင်မောင် ဘယ်လိုတားတား သူမကိုယ်တိုင် ဝင်၊ ဖွတ်ချက်တာမျိုး လုပ်တတ်သဖြင့် ဆရာမိမှာစိုးသော မောင်မောင့်မှာ မကြာခဏ မျက်လုံးပြူးရသည်။

"သတိုး မီးဖိုထဲမဝင်စေနဲ့၊ သူစားချင်တာ မင်းဖြစ်အောင်၊ ရအောင် ချက်ပေး"

"ဟိုတယ်စာ မစားချင်ရင် အိမ်မှာ မင်းချက်ကျွေး"

ဟု တစ်ချက်လွှတ် အမိန့်ချပြီးကတည်းက မောင်မောင် စိတ်မချမ်းသာခဲ့ရပါ။

ချက်ပြုတ်ကျွေးရတာက အကြောင်းမဟုတ်။

သတိုးက ကိုယ်တိုင်ချက်ချင်ပါသည်ဟုဆိုတာ တစ်မျိုး၊ မနေတတ်လို့ပါဟု ပြောတာကရှိသေးသည်။ သူ့မှာ ဒီလည်း တားမရ၊ ဟိုကိုလည်း ကြောက်ရ။

ဒါတောင် ကလေးက မတွေ့ရသေး။

ကလေးလေးများ အပြင်ရောက်လာလျှင် ဆရာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေမလဲဟု တွေးမိကာ ခေါင်းကုတ်မိရတာ အကြိမ်ကြိမ်။

နုလည်း သတိုး ရေချိုး၊ သနပ်ခါးပါးပါးလေးလိမ်းကာ ခြံထဲဆင်းသွားပြန်ပြီ။ ကြာကြာထိုင်နေလျှင် လိုက်ခေါ်ရမည်။

အချိန်လွဲလို့မှ ထမင်းမစားသေးလျှင် စားဖို့ တိုက်တွန်းရ မည်။

မဟုတ်လျှင်…

"မင်း ဘာလုပ်နေလဲ၊ စားချင်အောင် ချက်ပြုတ်မပေး ဘူးလား၊ ထိုင်နေတာ အပေါ်တက်ဖို့မပြောဘူးလား"

စသည် စသည်တွေက မျက်နှာမမော့ရဲလောက်အောင် ထွက်ကျလာတော့မည်။

သူ့ဆရာဟာ အပျော်အပါးကြိုက်ပါသည်။ မိန်းမ ဘာညာ ရှုပ်ပွေတာလည်းရှိသည်။

ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုတာမျိုး…

သို့သော် မိန်းမတစ်ယောက်ကို ခိုးယူပေါင်းသင်ရသည် အထိ… ဤမျှထိ သည်းသည်းလှုပ်၊ ခြေမကိုင်မိ လက်မကိုင်မိ တယုတယဖြစ်ရလောက်အောင် ချစ်မြတ်နိုးတာမျိုး မြင်လည်းမမြင် ခဲ့ဘူး၊ အံ့လည်း အံ့သြမိသည်။

မကြာလိုက်ပါ။ ထွက်သွားတာမှ နှစ်နာရီလောက်ပဲ ရှိ သေးသည်။ ဖုန်းဝင်လာ၏။

သူသိသည်။ ဆရာ့ဆီကဖုန်း…

"ဟလို"





"မောင်မောင်… သတိုး ဘာလုပ်နေလဲ"

"ခြံထဲမှာထိုင်နေတယ် ဆရာ"

"ထမင်းစားပြီးပြီလား"

"မစားသေးဘူး ဆရာ၊ ရေချိုးပြီး ခြံထဲဆင်းသွားတာ ကြာလှပြီ"

"မင်း မခေါ်ဘူးလား"

"ဟို…"

ဝှက်ခနဲ ဖုန်းချသွားသည်။

ပိုသေချာသည်က နာရီဝက်အတွင်း ဆရာရောက်လာတော့ မှာပါ။ သတိုး အိမ်ပေါ်မှာဖြစ်ပျက်နေတာတွေကို ဘာမှမသိ။

စိတ်လည်းမဝင်စားပါ။ သူမကိုယ်တိုင်လည်း ကိုယ့်ကိုယ် ကို ဘာဖြစ်နေမှန်းမသိ။

ကိုကို့ကို တွေ့ချင်၊ ပြောချင်လွန်းလို့ တမ်းတနေသည် လား။ ဟင့်အင်း မဟုတ်ပါဘူး။

ထူးမှမထူးနိုင်တော့တာပဲ ကိုကိုရယ်…

မထူးတော့ဘူးဆိုတာကို လက်ခံသည်။ မသင့်တော်ဘူး ဆိုတာကိုလည်း သိသည်။

ဒါပေမဲ့ သတိုးရင်ထဲမှာ ပူလောင်ပြင်းပြကာ မျက်ရည် တွေက မျက်ဝန်းမှာ အမြဲတမ်း ဝေ့ဝေ့ဝဲဝဲ ရှိနေခဲ့သည်။

သစ်ရွက်လေးတွေလှုပ်ခတ်နေတာ ကိုကို လက်ယပ်ခေါ် နေသည်လား။



www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံသဲ့သဲ့ဟာ ကိုကို့ရဲ့ လှိုက်မောနာကျင်တဲ့ သက်ပြင်းချသံတွေလား…

အချိန်တန်ပွင့်အာနေပါလျက်နှင့် ခူးတဲ့သူမမြင်ကွယ်ရာမှာ ညှိုးလျော်နွမ်းလျကာ ဖြုတ်ခနဲကြွေကျသွားရှာသည့် ပန်းကလေး တစ်ပွင့်ဟာ ကိုကိုရဲ့နှလုံးသွေးစက်လေးများလား…

သတိုးမျက်နှာလေး မော့ထားရင်း စီးကျလာသည့် မျက်ရည်စက်သည် မေးဖျားလေးမှာ လှုပ်လီလှုပ်လဲ့ ခိုတွယ်လျက်။

မျက်တောင်တစ်ချက်အခတ်မှာ ဖြုတ်ခနဲကြွေဆင်းသွား၏။

ကိုကို့ကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ထားရင်းနဲ့ သတိုးရင်ကွဲနာကျလို့ သေရတော့မယ် ကိုကိုရယ်…

"သတိုး"

"ဟင်… ကိုလင်း"

သတိုးမျက်နှာလေး ဖျတ်ခနဲငုံ့ချကာ မျက်ရည်သုတ်ဖို့ ပြင်လိုက်တော့ လင်းအုပ်စီးက သတိုးလက်ကလေးကို ဖမ်းဆုပ် ထားလိုက်ပြီး

"လွတ်လွတ်လပ်လပ်ငိုပါ သတိုးရယ်၊ မင်းကို ကိုယ် မတားတော့ပါဘူး၊ တကယ်လို့ ဟိုတုန်းကလို မင်း ကိုယ့်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ရင် ကိုယ် အခုလို ချုပ်ချယ်မိမှာပဲ၊ ဒါပေမဲ့ မင်း ခုလိုအရှုံးပေးပြီး ကြိတ်မှိတ်ခံစားနေတာကို ကိုယ် မကြည့်ရက် တော့ပါဘူး"





လင်းအုပ်စီး သတိုးလက်ကလေးကိုဆွဲ၍ ထရပ်စေလိုက် ကာ

"မင်းရင်ထဲမှာ မင်းဦးသျှောင်ကိုတွေ့ပြီး အားရပါးရ ပြောချင်၊ ရှင်းချင်တာ၊ လွမ်းချင်တာ အားလုံးပြည့်ကျပ်နေမယ်ဆို တာ ကိုယ် စာနာပေးနိုင်ပါပြီ၊ မင်းကို မင်းဦးသျှောင်ရှိတဲ့ဆီ ကိုယ် လိုက်ပို့ပေးမယ်"

"ရှင်"

သတိုးမျက်လုံးလေး ဝိုင်းသွားသည်။

လင်းအုပ်စီးမျက်နှာ တစ်သက်လုံး မမြင်ဘူးခဲ့သော ဆွေးမြေ့ကြေကွဲဟန်တွေ ထင်ရှားပေါ်လွင်ကာ စစ်ရှုံးခဲ့ရသော စစ်သူကြီးတစ်ယောက်၏ ဒဏ်ရာတွေ ပြည့်နှက်နေသော မာနတရား တို့က မြင်ရက်ဖွယ်မရှိ။

"ကျွန်မ ရှင် အဲဒီလိုအရှုံးပေးလိုက်တာကိုလည်း မလိုချင် ပါဘူး၊ အားလုံးက ပြီးခဲ့ပါပြီ၊ ကျွန်မကို ရှင် ဂရုမစိုက်ပါနဲ့"

ထွက်သွားမည်ပြင်သော သတိုးပခုံးလေးကို သူက ဆုပ် ကိုင်ထားကာ

"ပြီးသွားခဲ့တာက ကျန်ခဲ့တာမှမဟုတ်ဘဲ သတိုး၊ မင်း ရင်ထဲမှာ ဒါရှိနေသမျှ ဘယ်လိုလုပ်အေးချမ်းနိုင်မှာလဲ၊ ဒီအတွက် ကိုယ့်အတွက်ကို ကိုယ်လျှော့မယ်၊ မင်းဦးသျှောင်နဲ့မင်း လွတ်လွတ် လပ်လပ် ပြောဆိုကြပါ၊ အခု ကိုယ်ဖုန်းဆက်ပြီး မောင်မောင့်ကို လိုက်ပို့ခိုင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း"

သတိုး ငြင်းဆန်မည်ကြံတော့ လင်းအုပ်စီး ခေါင်းခါသည်။

"မင်းကို အပြီးအပိုင်ပေးလိုက်ဖို့ထိတော့ ကိုယ် ၁၁ဘောထားမကြီးနိုင်ဘူး၊ တစ်ခုတော့ပြောချင်တယ်၊ မင်းရင်ထဲမှာရှိတာတွေ၊ ရှင်းပြချင်တာတွေအားလုံး ပေါ့သွားအောင် ဖွင့်ချထားခဲ့ပါ၊ ပြန်လာတဲ့အခါ မင်းမျက်လုံးမှာ မျက်ရည်ကို ကိုယ်မမြင်ပါရစေနဲ့"

"ဟင့်အင်း... သတိုး အဲဒီလိုမတရားမလုပ်ဘူး၊ သတိုး မသွားဘူး"

"သွားတွေ့လိုက်ပါ၊ မဟုတ်ရင် ကိုယ်ဝန်အရှင့်အမာနဲ့ မင်း ဒုက္ခရောက်တော့မယ်၊ မင်းကို အရှင်နဲ့ဖြစ်ဖြစ်၊ အသေနဲ့ဖြစ်ဖြစ် ကိုယ် ဘယ်လိုမှအဆုံးရှုံးမခံနိုင်ဘူး"

လင်းအုပ်စီးက သတိုးလက်ကလေးကို ခပ်ဖိဖိဆွဲဘာကာ တိုက်ပေါ်ပြန်ခေါ်လာ၏။ ပြီးတော့ ဖုန်းနံပါတ်တစ်ခုကို ကောက်ခေါ်၍

"ဦးကျောက်ခက်လား၊ ကျွန်တော့်ကို မင်းဦးသျှောင်ရဲ့ ဖုန်းနံပါတ်ပေးပါ၊ အရေးကြီးပြောစရာရှိလို့"

"မင်းဦးသျှောင်ရဲ့ဖုန်း ဟုတ်လား၊ မင်းဦးသျှောင်ရဲ့ ဖုန်းအားလုံး ဘယ်နံပါတ်ဆိုတာ ဘယ်သူမှမသိဘူး၊ ဘန်ကောက်က ဖုန်းနံပါတ်ရှိတယ်၊ အဲဒါ သူ့အိမ်မှာမရှိရင် ဆက်လို့မရဘူး၊ ခု သူ မြန်မာနိုင်ငံရောက်နေတော့ ဟမ်းဖုန်းကိုခေါ်မှရမယ်၊ ကျုပ်တို့





တကယ်မသိတာပါ"

စပီကာထဲမှ ထွက်လာသည့်တစ်ဖက်က အသံတွေကို သတိုး အတိုင်းသားကြားနေရသည်။

"အခု သူ ဘယ်မှာရှိနေနိုင်လဲ"

"အဲဒါလည်း မသိဘူး၊ သူကိစ္စရှိရင် ရောက်လာတယ်၊ ကျုပ်တို့ကတွေ့ချင်ရင် မတွေ့တွေ့အောင်ရှာပြီး လိုက်ရတာပဲ၊ အဲ... သူစီးတဲ့ ရွှေအိုရောင် ပရာဒိုကိုရှာကြည့်ပါလား၊ ကားရှိတဲ့နေရာမှာ သူရှိတယ်"

"သူက..."

လင်းအုပ်စီး တစ်စုံတစ်ခု ထပ်ပြောမည်ပြင်စဉ် သတိုးက ဖုန်းကိုဆွဲယူ၍ ချပစ်လိုက်၏။

စပီကာကိုပါ ပိတ်ပစ်လိုက်ကာ...

လင်းအုပ်စီး ငုံ့ကြည့်တော့ မျက်ရည်တွေ ပြည့်ဝိုင်းနေသည့် မျက်နှာလေးက သူ့ကိုမော့ငေးနေရင်း နှုတ်ခမ်းလေးတွေ တုန်ယင်ကာ တလွန့်လွန့် ပြုံးယောင်သမ်းလာ၏။

ထို့နောက် သတိုးသည် သူ့ခါးကို တင်းကျပ်စွာဖက်၍ ရင်ခွင်ထဲမှာ မျက်နှာလေးတိုး၍ မှီတွယ်လိုက်ပြီး

"သတိုး မငိုတော့ဘူး"

ဟု တိုးတိုးလေးပြောသံက ငိုသံလေးစွက်လျက် သနားစဖွယ်။

လင်းအုပ်စီး သတိုးမျက်ရည်စတွေသုတ်ပေးရင်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို မော့ယူလိုက်သည်။

"ကိုယ်စိတ်ချမ်းသာအောင် ပြောလိုက်တာလားဟင်"

သတိုး ခေါင်းလေးခါပြကာ

"သတိုး ထပ်မမိုက်ပါရစေနဲ့ ကိုလင်းရယ်"

ရင်ထဲမှာ ကြည်နူးသွားသည်။

သတိုးကိုယ်လေးကို ဖွဖွသာသာလေးပွေ့ဖက်၍ မျက်နှာလေးကို မြတ်နိုးစွာ နမ်းရှိုက်မိသည်။

ထိုကြည်နူးခြင်းများကို သူ ဘာနဲ့မှမလဲနိုင်ပါ။

◀◀ ⏮ ⏸ ■ ● ▶▶ ⏭

ဝင်လာသူကို မော့ကြည့်လိုက်တော့ ဦးကျော်ခက်နှင့် ကြွက်သူခိုးခေါ် ထူးစည်...

"ထိုင်ပါ"

လုပ်လက်စအလုပ်တွေကို ဘေးဖယ်ထားလိုက်ပြီး လက်ထဲက ဘောပင်ကိုမချဖြစ်သေးဘဲ

"ဘာကိစ္စရှိလို့လဲ ဦးကျော်ခက်"

ဦးကျော်ခက်က တစ်ဖက်စားပွဲမှာရှိနေသည့် အတွင်းရေးမှူးထံသို့ ဝေ့ကြည့်၍ စကားပြောခက်နေသလို ဖြစ်နေသဖြင့်

"မှုယာ... အောက်ထပ်မှာ လယ်ဂျာဟောင်းတွေ မိတ္တူလုပ်ထားတာ ပြီးပြီလားလို့ ကိုတိုးကိုသွားမေးစမ်း"





"ဟုတ်ကဲ့"

အတွင်းရေးမှူး မှုယာထွက်သွားမှ ဦးကျော်ခက်က ပြုံးလိုက်ပြီး

"ဒီလိုပါ ကျုပ်တို့အခု ဆောင်းရင်ခွင်ကို တစ်နှစ်စာချုပ် ထပ်ချုပ်ထားတာ နှစ်လပဲရှိသေးတယ်၊ ကျန်တဲ့ရှစ်လကို 'နွေတံခါးစံအိမ်' ကို ပြောင်းနေခွင့်ပြုပါ၊ အဲဒီအတွက် တင်ထားတဲ့စပေါ်ငွေထက် နှစ်ဆထပ်တင်ပါ့မယ်"

လင်းအုပ်စိုး စူးစိုက်နားထောင်ရာမှ ချက်ချင်းခေါင်းခါ၏။

"အစကတည်းက နွေတံခါးမှာမထားချင်လို့ ခင်ဗျားတို့ကို ပြောင်းနိုင်းခဲ့တာပဲ၊ ဘယ်သူ့ကိုမှလည်း ထပ်မငှားဘူးလို့ ဆုံးဖြတ်ထားပြီးသား၊ စပေါ်တွေ ဘာတွေနဲ့ ကျွန်တော့်ကိုမပြောနဲ့ ဦးကျော်ခက်၊ ကျွန်တော် တိုက်တွေခြံတွေဝယ်ထားတာ ငှားစားဖို့မဟုတ်ဘူး၊ ဒီငွေလောက်ကို ဂရုလည်းမစိုက်ဘူး၊ အခု ခင်ဗျားတို့နေတဲ့ ဆောင်းရင်ခွင်ကိုလည်း နှစ်ပြည့်ရင် ပိတ်မှာ၊ ဘယ်အိမ်ငှားမှမထားဘူး"

ဦးကျော်ခက်က မျှော်လင့်ထားပြီးသည့် စကားတစ်ခုကို ကြားရသကဲ့သို့ မျက်နှာပြင်မှာ ပြောင်းလဲမသွားဘဲ သက်ပြင်းမှျင်းမှျင်းချကာ

"နေအိမ်ဆိုတာ လူမနေရင် ပျက်စီးတာပဲလေ၊ ကျုပ်တို့က အိမ်ကိုထိခိုက်အောင် ဘာမှမလုပ်ပါဘူး၊ တကယ်လို့ နှစ်ချုပ်ပြည့်သွားရင်လည်း ကျုပ်တို့ရွှေ့ပေးမှာပါ၊ ဒါပေမဲ့ အခုလောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ရှစ်လ်ကျန်တာကို နွေတံခါးပြောင်းနေဖို့"

"ကျွန်တော်ခွင့်မပြုနိုင်ပါဘူးလို့ ပြောနေတာပဲ ဦးကျော်ခက်၊ စကားတစ်ခွန်းကို ထပ်ခါထပ်ခါပြောဖို့ ကျွန်တော် စိတ်မရှည်တတ်ဘူး၊ ဘယ်နှစ်ခါပြောပြော ကျွန်တော် ဒါပဲပြောမှာပဲ"

ဦးကျော်ခက်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ကျုပ်တို့လုပ်ငန်းကို မင်းလည်းသိနေတာပဲ၊ လုံခြုံတဲ့နေရာတစ်ခုလိုအပ်နေလို့…"

"ဒါဆိုရှင်းပါတယ်၊ ခင်ဗျားတို့အခြေအနေမျိုးက ခြံတစ်ခြံဝယ်ဖို့လောက်ကို ခက်ခဲမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်၊ ကိုယ့်အတွက်လိုအပ်မယ့်၊ သင့်တော်မယ့်နေရာကို စိတ်ကြိုက်ဝယ်လိုက်ပေါ့"

"ငွေနဲ့ အရာရာကို မကာကွယ်နိုင်ဘူးဆိုတာ မင်းသိပါတယ်၊ ကျုပ်တို့ မင်းကိုလက်တွဲတာ မင်းဆီက ရှယ်ယာကို မက်မောလို့မှမဟုတ်ဘဲ၊ လင်းအုပ်စီးဆိုတဲ့နာမည်ကိုပဲလိုတာ"

လင်းအုပ်စီးက စီးကရက်တစ်လိပ်ထုတ်ယူရင်း ဟင်းခနဲရယ်သည်။

"ကျွန်တော်ကလည်း စိတ်မဝင်စားတဲ့အလုပ်ကို ဘယ်သူ့ တိုက်တွန်းတွန်း မလုပ်တတ်ဘူး၊ စိတ်တော့မကောင်းပါဘူး"

စိတ်တော့မကောင်းပါဘူးတဲ့လား…

ဦးကျော်ခက်က နက်နဲသောအပြုံးနှင့် အတန်ကြာ ငြိမ်သက်နေပြီးမှ





"ကောင်းပါပြီ၊ ဒါဆို ကျုပ်တို့ပြန်လိုက်ပါဦးမယ်"

နှစ်ယောက် ပြိုင်တူထရပ်လိုက်ကြပြီး

"သြော်… တကယ်လို့ မင်းဦးသျှောင်ရောက်လာခဲ့ရင် ကျုပ်တို့ မင်းကိုလှမ်းပြောပေးဖို့ လိုသေးလား"

"ရတယ်၊ မလိုတော့ပါဘူး"

တွေ့ဆုံခြင်းက မပြေလည်သော်လည်း အေးစက်စက် ငြိမ်သက်စွာ ပြီးဆုံးသွားလေသည်။

ထိုငြိမ်သက်ခြင်း၏နောက်ကွယ်၌….

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်က မွေးဖွားချိန်ရောက်နေပြီမို့ လင်းအုပ်စီး လုပ်ငန်းအားလုံးကို လူယုံနှင့်လွှဲထားကာ သတိုးနားမှာပဲ အရိပ်တကြည့်ကြည့် နေတော့သည်။

အိပ်ချိန် စားချိန်မှန်ဖို့၊ အားဆေးမှန်မှန်သောက်ဖို့၊ ကျန်းမာရေးကို နေ့စဉ်ဆရာဝန်များနှင့် စစ်ဆေးနေခဲ့၏။

သူ ပျာယာခတ်နေသမျှ ဆရာဝန်တွေကတောင် စနောက်လာကြသည်အထိ...။

"ကိုလင်းရယ်... သတိုး ဘာမှမဖြစ်တဲ့ဟာ၊ သူများပြောစရာဖြစ်အောင် မလုပ်ပါနဲ့"

"ဘာမှမဖြစ်တာက ကိုယ်ဂရုစိုက်နေလို့မဟုတ်ဘူးလား၊ ကိုယ့်မိန်းမ ကိုယ်ချစ်တာ ဘယ်သူဘာပြောပြော ကိုယ် ဂရုမစိုက်ပါဘူး"

လင်းအုပ်စီးက သတိုးအိပ်ချိန်ရောက်လို့ မအိပ်သေးလျှင် မျက်လုံးကို အတင်းမှိတ်ခိုင်းကာ စိတ်ပြောင်းသွားအောင် ကြံဖန်ဖြားယောင်း၊ သီချင်းဆိုသိပ်တဲ့အထိ မြတ်နိုးယုယခဲ့သူ။





ဒီနေ့ကျမှ လုပ်ငန်းထဲက အရေးတကြီး ဖုန်းဆက်ခေါ်သဖြင့် ခဏနေပြန်လာခဲ့မယ်ဟုမှာကာ ထွက်သွားခဲ့တာဖြစ်သည်။

သူ၏ တယုတယချစ်ခြင်းများနှင့် သတိုးဘဝ အေးမြခြင်း မဟုတ်သည့်တိုင် နွေးထွေးသော သာယာမှုကို ခံစားလာခဲ့ရသည်။

လင်းအုပ်စီးကို သူမ လေးစားအားကိုးလာခဲ့မိလေသည်။

"ကိုမောင်မောင်... သတိုးကို ရှောက်သီးနဲ့ မြေပဲ ဝယ်ပေးပါဦး၊ ပုစွန်ခြောက်လည်း ကုန်နေပြီ၊ ဝယ်ခဲ့ဦးနော်၊ ရှောက်သီးလေး သုတ်စားချင်လို့"

မောင်မောင် လျှပ်စစ်ခလုတ်တစ်ခုဆင်နေရာမှ လှည့်ကြည့်ကာ...

"ရှောက်သီးသုတ်စားချင်ရင် ကျွန်တော်ဝယ်ပေးပါ့မယ်၊ လုပ်မနေပါနဲ့ အစ်မရာ၊ တော်ကြာ ကြက်သွန်လှီး၊ ရှောက်သီးလှီးနဲ့ လက်တွေ ဘာတွေထိရင် မိုးမီးလောင်လိမ့်မယ်"

"ရပါတယ် ကိုမောင်မောင်ရဲ့၊ သတိုးကိုသာ သူ ဂရုစိုက်နေတာ၊ သူလည်း ချွေးငုပ်နှာစေးဖြစ်နေတာ မတွေ့ဘူးလား၊ ရှောက်သီးသုတ်နဲ့ ကြာဇံဟင်းခါးလေးလုပ်ပြီး သူ့ကိုကျွေးချင်လို့၊ ဒါမှ အခိုးပွင့်ပြီး စားသောက်ကောင်းသွားမှာ၊ ဆိုင်ကဝယ်တာတွေ သိပ်အစပ်မတည့်ပါဘူး"

မောင်မောင် မျက်နှာသေးသေးနှင့် ထွက်သွား၏။

သူထွက်သွားသည်နှင့် ဘယ်လောက်မှမကြာလိုက်ဘဲ ဖုန်းဝင်လာသည်။

www.burmeseclassic.com



ကိုလင်းနောက်ကျမှာမို့များ ဆက်တာလား။

သတိုး ဖုန်းကိုင်လိုက်သည်နှင့် မျက်လုံးလေးပြူးသွားလေသည်။

"ရှင် ဘယ်လို"

"မင်းဦးသျှောင်နဲ့ လင်းအုပ်စိုး စကားများပြီးရန်ဖြစ်ကြလို့ နှစ်ယောက်လုံး ဒဏ်ရာတွေရနေကြပြီ မခင်သတိုး၊ ဆောင်းရင်ခွင်ကို အမြန်လိုက်လာခဲ့ပါ"

စိုးရိမ်ထိတ်လန့်ကာ လက်ထဲကဖုန်းပင် လွတ်ကျတော့မလို ဖြစ်သွား၏။

သတိုးရင်တွေ တအားဆောင့်ခုန်လာကာ ဘာပြောရမှန်းလည်း မသိတော့ဘဲ ခေါင်းတွေပါ မူးဝေလာခဲ့တော့သည်။

"မခင်သတိုး... ကျွန်တော်ပြောတာကြားရဲ့လား"

"ဟုတ်... ဟုတ်ကဲ့၊ သူတို့က ဘာဖြစ်ကုန်ကြတာလဲဟင်"

"လင်းအုပ်စိုးကတော့ ပိုအထိနာတယ်၊ စိုးရိမ်ရတယ်၊ ဓားထိုးခံရတာ၊ အကျယ်အကျယ်တွေ ဖြစ်ကုန်မှာစိုးလို့ ကျွန်တော်တို့ သေချာထိန်းထားရတယ်၊ မင်း အခုမြန်မြန်လိုက်ခဲ့ပါ"

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ခုပဲလာခဲ့ပါမယ်ရှင်"

ဖုန်းချပြီးသော်လည်း ဒူးတွေတုန်ကာ ခြေထောက်တွေပါ ရွေ့လို့ရတာရက်မရ။ လင်းအုပ်စိုးက သူမကိုချစ်သော်လည်း ကိုကို့အပေါ်မှာ သဝန်တိုစိတ်နှင့် အခဲမကျေတာတွေတော့ ရှိနေလိမ့်မည်။





ကိုကိုကလည်း ဂရုစိုက်မယ့်ပုံမျိုးမရှိ...

ဆောင်းရင်ခွင်မှာ ဘယ်လိုဆုံဆည်းမိသွားကြပြီး ဖြစ်ကုန်တာလဲ...

ဘုရား... ဘုရား... နှစ်ယောက်လုံး ဘာမှမဖြစ်ပါစေနဲ့။

သတိုး အပြင်ထွက်လာပြီးမှ အထဲပြန်ဝင်လာတာက စာလေးနှစ်ကြောင်းသုံးကြောင်း ရေးထားခဲ့ပြီး ပြန်ထွက်လာခဲ့သည်။

မောင်မောင် ဘာမှမသိဘဲ သူမကိုရှာဖွေ၍ သောကများသွားမှာစိုး၍ဖြစ်သည်။

အိမ်မှာ ကားတွေ နှစ်စီးလောက်အပိုရှိပေမယ့် သတိုး ကားမမောင်းတတ်သဖြင့် ပိုက်ဆံအိတ်လေးကိုင်ကာ လမ်းမဆီသို့ ခပ်သုတ်သုတ်လေး ထွက်လာခဲ့မိ၏။

သူမနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှ အငှားကားတစ်စီး ရပ်ထားတာတွေ့သဖြင့် ဆောင်းရင်ခွင်ရှိသည့်လိပ်စာကို ပြောကာ မောင်းခိုင်းလိုက်သည်။

ရင်ထဲမှာ ပူလောင်ပြင်းပြသော အပူလုံးကြီးက ဝမ်းဗိုက်ရင်ဘတ်တစ်ပြင်လုံးကို မွှေနှောက်လျက် ကားရှေ့က လူကပြေးနှင့်နေမိသည်။

ကိုကိုနဲ့ကိုလင်းတို့ ဘေးမသီ ရန်မခကြပါစေနဲ့...

နှုတ်ခမ်းလေးတလှုပ်လှုပ်နှင့် ဆုတောင်းကာ ကိုလင်းချော့မော့လွန်း၍ ငြိမ်သက်နေခဲ့ပြီဖြစ်သော မျက်ရည်ကမ်းပါးတစ်စတင်၍ ကတိမ်းကပါးဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ထက်သို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည့်အချိန်တွင် ကားက ဆောင်းရင်ခွင်ခြံကြီးထဲသို့ ချိုးကွေ့ဝင်ခဲ့လေပြီ။

အောက်ထပ် ခေါင်းရင်းခန်းမှ ပြတင်းပေါက်ကတစ်ဆင့် တံခါးဝဆီသို့ လှမ်းကြည့်နေသော ကြွက်သူခိုး မျက်နှာကြီး ပြုံးချိုသွား၏။

နောက်မှာ ခြေချင်းချိတ်ထိုင်နေသော ဝက်ကြီးက ဆိုဖာမှ ခပ်အေးအေးထလာကာ

"ဘယ်နှယ့်လဲ ပါလာပြီလား"

"ကွက်တိပဲတွ၊ ငါ့ကောင်တွေတော်တယ်"

ဝက်ကြီးက မရယ်ဘဲ မျက်နှာပြင်သည် လေးနက်ခြင်းများနှင့် ပြည့်နက်လာလျက်။

"ကြွက်သူခိုး… မင်းထွက်တော့၊ ကောင်မလေးကို ငါတို့စီစဉ်ထားတဲ့အတိုင်း ခေါ်သွားပြီး လုံလုံခြုံခြုံထား၊ ကိုယ်ဝန်အရင့်အမာကြီးနဲ့နော်၊ ဗိုက်ကိုကော၊ လူကိုကော လုံးဝမထိခိုက်မိစေနဲ့၊ ခြစ်ရာစင်ရာလေးတောင် မထင်စေနဲ့၊ မင်းဦးသျှောင်ကော၊ လင်းအုပ်စီးကော နည်းနည်းနောနောကောင်တွေ မဟုတ်ဘူး၊ တော်ကြာ ရှင်းမရဖြစ်နေမယ်"

ကြွက်သူခိုးက ခေါင်းညိတ်လိုက်ပြီး

"မင်းဦးသျှောင်က လင်းအုပ်စီးကိုလွှတ်လိုက်ရင် ဘိန်းကောက်ကကိစ္စကို သူကိုယ်တိုင် အစအဆုံးကူညီမယ်၊ ငွေ





တစ်ပြားမှ မယူဘူးလို့ပြောထားတာ ဒီကောင်မလေးကြောင့်နော်၊ အခု ငါတို့က ကောင်မလေးကိုဆွဲလာတာ မင်းဦးသျှောင်သိရင် မလွယ်ဘူးထင်တယ်"

"မလွယ်လည်း ရှင်းရမှာပဲ၊ လင်းအုပ်စီးလိုကောင်က ငွေပေးလည်းမရ၊ ချော့လို့လည်းမရ၊ ဒါ့အပြင် အခြားနည်းမရှိတော့ဘူး"

"ဒီကောင် မီးကို ပူပါလားလို့နားမလည်တာကိုက ကိုယ့်သေတွင်း ကိုယ်တူးတာပဲ"

ကြွက်သူခိုးပြော၍ အပြင်သို့ ခပ်သုတ်သုတ်ထွက်သွားလေသည်။

ဝက်ကြီး ဂရုမစိုက်ဘူးဆိုသော်လည်း မင်းဦးသျှောင်နှင့် ရင်ဆိုင်ရတော့မည်မှန်း တွေးမိကာ ကယောင်ကတမ်းနှင့် အခန်းထဲမှာ နှစ်ခေါက်သုံးခေါက် လျှောက်နေမိသည်။

ပြီးမှ နာရီကိုကြည့်ကာ အပြင်သို့ အလောတကြီး ထွက်လာခဲ့မိ၏။

နောက်ဖေးခြံထဲကိုဆင်းပြီးမှ အိတ်ထဲကဖုန်းကိုထုတ်၍ ဆက်သွယ်စရာရှိသည်တို့ကို လှမ်းပြောအကြောင်းကြားသည်။

သူဖုန်းပြောနေစဉ်မှာပင် ကြွက်သူခိုးမောင်းသော အက်စ်အီးကားအဖြူလေး အပြင်သို့မောင်းထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

ကောင်မလေးပါသွားပြီက သေချာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းကိုပိတ်၍ တိုက်ပေါ်ပြန်တက်ခဲ့သည်။ ဒီအသက်အရွယ်ကြီးကျမှ ရင်တွေ ပြောင်းဆန်အောင်ခုန်နေတာ အချစ်ကြောင့်မဟုတ်ပါချေ။

ပေါက်ကွဲအားပြင်းသော ဗုံးတစ်လုံးကို စနက်တံဖြုတ်၍ ဆုပ်ကိုင်ထားမိသူကဲ့သို့ ဒူးတွေပါ ချောင်လာခဲ့တာဖြစ်၏။

မကြာမီ ပြင်းထန်ပေါက်ကွဲကြတော့မည်။

လင်းအုပ်စီးက မယားအတွက် ပျာယာခတ်ကာ သူတို့ဖြစ်စေချင်သလို လည်စင်းပေးနိုင်မည်ဖြစ်သော်လည်း မင်းဦးသျှောင်က အားမတန်၍ မာန်လျှော့ပေးလိုက်မည့်လူမျိုးလား။

◂◂ ◂◂ ‖ ■ ● ▸▸ ▸▸

"တောက်"

ကားမောင်းရင်း တက်ခေါက်မိပြန်သည်။

"ဆရာ… ဆရာရန်ဖြစ်ပြီး ဒဏ်ရာအပြင်းအထန်ရထားတယ်ဆိုလို့ အစ်မ ဆောင်းရင်ခွင်ကို တစ်ယောက်တည်းလိုက်သွားပြီ၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ မသိဘူး"

မောင်မောင်ဖုန်းဆက်တော့ သူ ကိုယ့်နားကိုယ်ပင် မယုံနိုင်။

သို့သော် ဦးကျောက်ခက်တို့မျက်နှာကို သတိရလိုက်မိသည်နှင့် ဘာလုပ်လိုက်ပြီကို သဘောပေါက်ကာ အလုပ်ပါကနေ ချက်ချင်းထွက်လာခဲ့တာဖြစ်သည်။





ဆောင်းရင်ခွင်သည် သူထင်ထားသကဲ့သို့ အစောင့်အရှောက် တပည့်လက်သားများနှင့် သတိုးကို အလယ်မှာထား၍ ချုပ်နှောင်ကာဆီးထားသောမြင်ကွင်းမျိုးနှင့် ကြုံဆိုသည်မဟုတ်ဘဲ ညှိခန်းထဲဝင်သွားသည်အထိ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရဘဲ တစ်တိုက်လုံး တိတ်ဆိတ်ခြင်းက ကြီးစိုးနေ၏။

လူတွေ ဘယ်ရောက်ကုန်ပြီလဲ…

သတိုး ဘယ်မှာလဲ…

ဒီလူတွေနဲ့ ဆက်ဆံခဲ့မိတာကိုက သူမှားခဲ့တာဖြစ်၏။

"ဒီလူတွေ ဘယ်လိုလူမျိုးတွေဆိုတာ ငါက မင်းထက်ပိုသိတယ်"

မင်းဦးသျှောင် သတိပေးခဲ့ဖူးသည်ကို သူ ဂရုမစိုက်ခဲ့။

"ဒါ မင်းကျင်လည်တဲ့ စီးပွားရေးလောကမဟုတ်ဘူး"

"ပတ်သက်ပြီဆိုရင် မင်း ရုန်းသွားလို့မရတော့ဘူး"

"ငါ ဆရာလုပ်တာမဟုတ်ဘူး၊ သတိုးမှာ ကိုယ်ဝန်ကြီးနဲ့"

မင်းဦးသျှောင်ပြောသမျှ သူ ပြက်ရယ်ပြုခဲ့သည်သာ…

ရင်ထဲမှာ ဒေါသတွေဆူပွက်လျက် အပေါ်ထပ်ကို ပြေးတက်လာခဲ့မိသည်။

ရှိသမျှ အခန်းတွေထဲမှာ သတိုးကိုကော ဘယ်တစ်စုံတစ်ယောက်ကိုမှမတွေ့။

စိုးရိမ်ခြင်းက တရိပ်ရိပ်မြင့်တက်လာ၏။ လင်းအုပ်စီးအောက်ထပ်ကို ပြန်ပြေးဆင်းလာခဲ့လျှင်…



www.burmeseclassic.com

www.burmeseclassic.com



"လင်းအုပ်စီး၊ လာပါကွ၊ အေးအေးဆေးဆေးပေါ့၊ ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် ပြေပြေလည်လည်ဆွေးနွေးပြီးရင် အားလုံး အေးချမ်းသွားမှာပါ"

အောက်ထပ်ကို လှမ်းမြင်နိုင်သည့် လှေခါးချိုးကွေ့နားမှာ သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။

စောစောက တစ်ယောက်တလေမှ ရှိမနေခဲ့သည့် ဧည့်ခန်းဆောင်မှာ သူသိသော ဦးကျော်ခက်နှင့် ဦးဝိတ်ကြီးအပြင် သူမသိသော မျက်နှာစိမ်းသုံးယောက်ပါရှိနေကြ၏။

သူ့ခြေလှမ်းတွေကို လူမိုက်ဆန်စွာ ပြေးဆင်းသွားကာ ဦးကျော်ခက်ပခုံးကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်၏။

"ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို ခုတုံးလုပ်ပြီး အကျပ်ကိုင်ရလောက်အောင် ခင်ဗျားတို့ အောက်တန်းကျလှချေလား ဦးကျော်ခက်"

ဦးကျော်ခက်အပြုံးက ကောက်ကျစ်မှုများနှင့် အေးစက်စက်ရှိသလောက် ကျောဘက်မှ ချောက်ခနဲအသံတစ်ချက် ထွက်ပေါ်လာကာ…

"အေးအေးဆေးဆေး ထိုင်နေလိုက်ပါ ကိုယ့်လူ၊ မင်းကိုတို့က တစ်ကျပ်တန် နှစ်ကျပ်တန်ကိစ္စနဲ့ ဆွေးနွေးဖို့ခေါ်တာ မဟုတ်ဘူး၊ ဘဝတွေကို ကြိုက်ဈေးပေးလဲဖို့ စိန်ခေါ်လိုက်တာ၊ မလိမ္မာဘူးဆိုရင်တော့ မင်းရဲ့ဇနီးလေးနဲ့မင်း နောက်ဘဝကျမှ ဆုံဆည်းသွားရလိမ့်မယ်"





သူလှည့်ကြည့်လိုက်မိလျှင် သူ့အရွယ်သာသာ မျက်နှာစိမ်းတစ်ယောက်က ခဲပုတ်ရောင်သမ်းနေသော ပစ္စတိုတစ်လက်ကို လက်ညှိုးနှင့် ကွင်းစွတ်၍ လှုလှုပပ ကစားပြနေလျက် တင်းမာသော မျက်နှာနှင့် စူးစိုက်ကြည့်နေ၏။

ပြီးတော့…

"မြို့လယ်ခေါင်မှာ သေနတ်ပစ်လို့မရပေမယ့် ဒါ အသံတိတ် ပြောင်းတပ်ထားတာ၊ မင်းကို တိုးတိုးတိတ်တိတ် သတ်ပစ်လိုက်လို့ရတယ်"

လင်းအုပ်စီး ဒေါသဖြစ်သွားကာ အရှုံးမပေးတတ်သည့် ညဥ်က သူ့အမူအရာကို ပျော့ပျောင်းသွားစေခြင်း မရှိခဲ့သောကြောင့်

"ကိုယ့်လူက မယုံဘူးထင်တယ်၊ ဒါကို ခြိမ်းခြောက်ဖို့ သက်သက်ပဲ ကိုင်ထားတာလို့ထင်ရင် ဒီမှာကြည့်"

ပြောတာနှင့်တစ်ထပ်တည်း ထိုသူက သေနတ်ကိုင်လက်ကို ဘေးကို တန်းခနဲဆန့်ထုတ်၍

"ဒုတ်"

"အား"

ဒုတ်ခနဲ ခပ်အုပ်အုပ်သံတစ်ချက်နှင့်အတူ တံခါးဝမှာ ရပ်နေသည့်လူ လက်မောင်းကိုအုပ်၍ ကွေးညွတ်ခွေကျသွားလေသည်။

ထိုသူက လင်းအုပ်စီးမျက်နှာ တစ်ချက်ပျက်သွားသည်ကို မျက်ခုံးပင့်ကြည့်ပြီး သဘောကျသလို ရယ်မောနေလျက်…

"နမူနာပြတာပါ၊ မင်းလိမ္မာရင်ဒါက ကစားစရာလို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်လို့ရပါတယ်၊ ထိုင်ပါ"

"ထိုင်ပါ လင်းအုပ်စီး၊ ကျုပ်တို့က မင်းဆီက ဘာကိုမှ အလကားမယူပါဘူး၊ မင်းဇနီးကိုလည်း ခြင်ကိုက်ရာလေးတောင် မထင်ရအောင် ဂရုစိုက် စောင့်ရှောက်ထားတာပါ၊ ဆွေးနွေးကြရအောင် ခဏထိုင်ပါဦး"

ဦးကျောက်ခက်က ဆိုဖာကို ညွှန်ပြ၍ ထပ်ပြောတော့ သူ အံကြိတ်လျက်နှင့် ထိုင်ချလိုက်ရသည်။

ကိုယ့်စိတ်ရှိတိုင်း ပေါက်ကွဲလို့မရနိုင်တော့သည့် အခြေအနေမို့ အရာရာကို ငုံကွက်၍ ဒေါသကို မျိုသိပ်ထားရသည်။

သူ့ရင်ထဲမှာ သတိုးအတွက် ပူပန်နေမိသည်ကလွဲ၍ ဘာမှမရှိ။

"ခင်ဗျားတို့ ဘာဖြစ်ချင်လို့လဲ၊ လိုရင်းကိုပြော"

ဒီလိုပဲဖြစ်ရမယ်ဆိုသည့် အပြုံးတစ်ချက်နှင့် ဦးကျောက်ခက်က ဝိတ်ကြီးကို လှမ်းကြည့်လိုက်၏။ ဝိတ်ကြီးက မသိမသာခေါင်းညိတ်၍

"လိုရင်းဆိုတော့ လိုရင်းပဲပြောရတာပေါ့"

သူ နောက်ကိုတစ်ချက်လှည့်ကြည့်လိုက်သည်နှင့် စာချုပ်နှစ်စောင်နှင့် ဘောလ်ပင်တစ်ချောင်းကို တစ်ယောက်က အဆင်သင့်လာချပေးလိုက်၏။

"ဒါက နွေတံခါးစံအိမ်ကို လွှဲပြောင်းရောင်းချတယ်ဆိုတဲ့ အသိအမှတ်ပြုစာချုပ်ပဲ"





လင်းအုပ်စီးမျက်နှာ နီရဲသွားတာကိုကြည့်၍ ဝိတ်ကြီးက လက်ကာပြလိုက်ကာ

"ဒါက မင်းကျေနပ်မှုပါ၊ ရွေးစရာရှိသေးတယ်၊ ဟောဒီမှာ ဒါက နွေတံခါးစံအိမ်ကို သုံးနှစ်တိတိ ငှားရမ်းထားပါသည်ဆိုတဲ့ ကတိစာချုပ်၊ မရောင်းချင်ဘူးဆိုရင် ငှားဖို့စဉ်းစားပါ၊ တစ်ခုမှ မလိုက်လျောဘူးဆိုရင် မင်းဇနီးကို တို့က ပြန်မပေးနိုင်ဘူး"

လင်းအုပ်စီးမျက်လုံးတွေက ဓားသွားတစ်ခုသဖွယ် ဝိတ်ကြီးကို အချက်ပေါင်းများစွာ ပစ်စိုက်လိုက်သည့်နှယ်...

ဝိတ်ကြီးက ဂရုမစိုက်စွာကြည့်၍

"နောက်ပြီး မင်းစဉ်းစားရမှာက မရောင်းနိုင်လို့ ငှားမယ်လို့ ဆုံးဖြတ်ရင် တို့က တို့လုပ်ငန်းအတွက် စံအိမ်ကို စခန်းချမှာဖြစ်တဲ့အတွက် စံအိမ်ကို မင်းပြန်ရရင်လည်း မင်းဖြစ်စေချင်သလို သန့်သန့်စင်စင် ဖြစ်ချင်မှဖြစ်တော့မယ်၊ တို့ဘာလုပ်တယ်၊ ဘာသုံးမယ်ဆိုတာ မင်းသိပါတယ်လေ"

ဝိတ်ကြီးက စာချုပ်နှစ်စောင်ကို တစ်စောင်စီ ကိုင်ပြပြီးမှ ပြန်ချထားလိုက်ကာ

"မင်းရောင်းမယ်လို့ ဆုံးဖြတ်တယ်ဆိုရင်လည်း ကျုပ်တို့ကို လွှဲပြောင်းရောင်းချပြီးကြောင်း သတင်းစာထဲမှာ ထည့်ခွင့်မရှိဘူး၊ ဒါကို သတင်းတစ်ခုအဖြစ် ဖောင်းပွလို့မရဘူး၊ အပေးအယူပြေလည်ပြီဆိုရင် ခင်သတိုးကို ပြန်ပေးမှာမှန်တယ်၊ အခု ကျုပ်တို့ပြောတဲ့အတိုင်းမဖြစ်ဘဲ မင်းဘက်က တစ်ခုခုထိုးဖောက်ဖို့ ကြိုးစားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် တို့ဘက်က ဒီထက်ဆိုးဝါးတဲ့ တုံ့ပြန်မှုတွေ မင်းရမယ်၊ အဲဒီအခါ ခုလို အပေးအယူဆိုတာမရှိတော့ဘူး''

''နေပါဦး၊ ခင်ဗျားတို့က လူတွေကို လိုသလိုပုံသွင်း ချုပ်ကိုင်နေရအောင် မင်းမဲ့တိုင်းပြည်များ မှတ်နေသလား''

''အဲဒါ တို့မသိဘူး၊ ဘာပဲဖြစ်ဖြစ် သူခိုးဂျပိုးဆိုတာ ရှေးခေတ်မင်းတွေလက်ထက်ကတည်းက ရှိခဲ့တာပဲ၊ လောကမှာ လူဆိုးနဲ့လူကောင်းဆိုတာ ရှိနေသရွေ့ ဒုစရိုက်လောကဆိုတာလည်း သူ့လမ်းကြောင်းနဲ့သူ ရှိနေမှာပဲ၊ ဒီမှာ လင်းအုပ်စီး၊ လူဆိုးဆိုတာ မိုက်ရဲလို့ လူဆိုးဖြစ်တာ၊ ဥပဒေဆိုတာရှိပေမယ့် တိရစ္ဆာန်အဖွဲ့ရဲ့ လက်တံအားလုံးကို ခင်သတိုးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သတ်ပစ်လိုက်တဲ့ အသေးအမွှားကိစ္စလေးလောက်က ရိုက်ချိုးဖျက်ဆီး ပစ်နိုင်မှာမဟုတ်ဘူး၊ ဟား ဟား ဟား··· အသက်တစ်ချောင်း အတွက် အသက်တစ်ချောင်း အစားပြန်ပေးရတာပဲရှိမှာပေါ့၊ အသက်တစ်ချောင်းကို ငွေရှိရင် ပေးလို့ရတယ်၊ အဲဒါ မင်းယုံလား၊ တိရစ္ဆာန်အဖွဲ့အကြောင်း မင်းမကြားဖူးသေးလို့ထင်ပါတယ်··· ဟင်း··· ဟင်း··· ဟင်း''

ဒီလူတွေ ဘယ်လိုလူစားတွေလဲဆိုတာကို လင်းအုပ်စီး နားလည်သွား၏။

ဒါဆို မင်းဦးသျှောင်က ဘယ်လိုလူစားလဲ။

သူတို့နဲ့ ပူးပေါင်းရောနှောနေသည်က တစ်ဖွဲ့တည်း၊ တစ်ဂိုဏ်းတည်းမို့လို့လား။





တိရစ္ဆာန်အဖွဲ့ဆိုသော စိမ်းသက်သည့်နာမည်တစ်ခုကို စိတ်ထဲမှာ အထပ်ထပ်ရေရွတ်ရင်း···

သူ့ရှေ့မှာရှိသည့် တိရစ္ဆာန်ရုပ်တွေ အသီးသီးပေါက်နေကြသော လူလေးယောက်ကိုလည်း စူးစိုက်ကြည့်လိုက်မိသည်။

''ကောင်းပြီ၊ ဒီစာချုပ်မှာ ကျွန်တော် လက်မှတ်ထိုးမယ်၊ ကျွန်တော့်မိန်းမကို ခုခေါ်လာပေးပါ''

လင်းအုပ်စီးက အရောင်းအဝယ်စာချုပ်ကို ကိုင်၍ပြောသည်။

ဝက်ကြီးက ခေါင်းခါလိုက်ပြီး

''ဒီလိုတော့မဖြစ်ဘူး လင်းအုပ်စီး၊ လက်မှတ်ကိုပဲ အရင်ထိုးလိုက်ပါ၊ မင်းအိမ်ပြန်ရောက်ပြီးတာနဲ့ မကြာခင် မင်းရဲ့ဇနီးကို ကျုပ်တို့ ပြန်ပို့ပေးပါ့မယ်''

''ဘာပြောတယ်ဗျ''

လင်းအုပ်စီး နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ဖြစ်ရလွန်းသည့်ဒေါသက လက်သီးဆုပ်ရတာကိုပင် ဆုပ်မိသည် မထင်သည်အထိ။

''ခင်ဗျားတို့ဖြစ်ချင်သလို လက်မှတ်ထိုးဖို့ သဘောတူပေးလိုက်တာကိုက ကျွန်တော့်မိန်းမတစ်မျက်နှာတည်းကို ငဲ့ပြီး သဘောတူခဲ့တာ၊ မဟုတ်ရင် ခင်ဗျားတို့လူမျိုးတွေကို ဘာအတွက်နဲ့မှ အလျှော့ပေးစရာ အကြောင်းမရှိဘူး''

မိုးခြိမ်းသံကဲ့သို့ အသံက စူးရှတုန်ခါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောဘက်က သေနတ်ကိုင်ကာ ဝိုင်းဝန်းသတ်ဖြတ်မည့်ကဲ့သို့ အနားမှာရှိနေကြသည့် သွေးဆူလွယ်သော ရုပ်တွေကိုပါ သူ့မျက်လုံးထဲမှာ ဘာကိုမှမမြင်။

"ကျုပ်တို့ဘက်ကလည်း စမိမှတော့ နောက်ဆုတ်လို့မရတော့ဘူး လင်းအုပ်စီး၊ မင်းဘက်က မယုံကြည်နိုင်သလို ကျုပ်တို့ဘက်ကလည်း မင်းကို မလိုက်လျောနိုင်ဘူး၊ ဒီတော့ မင်းဘက်က မလျှော့ရင် ကျုပ်တို့က လိုချင်တာမရဘူး၊ ကျုပ်တို့ဘက်က မလျှော့ရင်လည်း မင်းဇနီးကို ဆုံးရှုံးရလိမ့်မယ်၊ မင်းဘက်က လျှော့သင့်တယ်ဆိုတာ မင်းစဉ်းစားပါ"

"တောက်"

လင်းအုပ်စီး အသားတွေတုန်ကာ ဘာစကားမှမပြောနိုင်။

သတိုးမှာ ကိုယ်ဝန်အရင့်အမာနှင့်၊ ကျန်းမာရေးက စိတ်ချရတာ မဟုတ်။

သူကိုယ်တိုင် ချော့မော့နှစ်သိမ့်ကာ ပန်းကလေးတစ်ပွင့်လို တယုတယ စောင့်ရှောက်နေခဲ့ရတာဖြစ်သည်။

ပုန်ခြင်းများက အရာရာကို အရှုံးပေးလိုက်ဖို့သာ ဖြစ်ခဲ့ရကာ...

"အခု ကျွန်တော်လက်မှတ်ထိုးပေးလိုက်ရင် သတိုးကို ဘယ်တော့ပြန်ပို့မှာလဲ"

"ကျုပ်တို့က မင်းကို ချက်ချင်းဖုန်းဆက်မယ်၊ မင်းရဲ့ဇနီးကို မင်းကိုယ်တိုင် လာခေါ်ရမှာ"





"သတိုးကို ခင်ဗျားတို့ ဘယ်ထိခေါ်သွားကြတာလဲ၊ သူ့မှာ မပေါမပါးနဲ့ဗျ"

"မှန်ပါတယ်၊ ကျုပ်တို့ ဘယ်လိုစောင့်ရှောက်ထားတယ်ဆိုတာ မင်းတို့ပြန်ဆုံရင် မေးကြည့်ပါ၊ စိတ်ချလက်ချသာ လက်မှတ်ထိုးပါ၊ နေ့မကူးခင် မင်းရဲ့ဇနီးကို မင်းပြန်ရစေမယ်ဆိုတာ ကျုပ်တို့အာမခံပါတယ်"

ဝက်ကြီး စကားဆုံးသည်နှင့် ဦးကျောက်ခက်က သူထိုင်နေသည့် စားပွဲအောက်အံဆွဲရှည်ကြီးထဲမှ အတာက်ချီကေ့စ်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး လင်းအုပ်စီးရှေ့မှာ ချပေးလိုက်၏။

ပြီးတော့ နောက်တစ်လုံးထပ်ချပေးကာ တစ်လုံးပြီးတစ်လုံး ဖွင့်ပြ၍

"ဟောဒီသေတ္တာနှစ်လုံးထဲမှာ ခြံနဲ့တိုက်ရဲ့တန်ဖိုး အပြည့်အဝ ပါတယ်၊ သေချာအောင် မင်း ထပ်စစ်ကြည့်ပါဦး"

လင်းအုပ်စီးက ငွေကို နှစ်ခါပြန်မကြည့်တော့ဘဲ လွှဲပြောင်းရောင်းချပြီးကြောင်း စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်သည်။

"ရော့... ကျွန်တော့်က ဒီတိုင်းအိမ်ပြန်ပြီး ဘယ်လိုလုပ် စိတ်ချလက်ချ ထိုင်နေရမှာလဲ၊ ဘယ်အချိန်၊ ဘယ်နေရာဆိုတာ အတိအကျပြောပါ"

ဝက်ကြီးက မေးဖျားကို လက်ညှိုးလက်မနှင့် ဟန်ပါပါ ပွတ်သပ်နေပြီးမှ...

"မိုးမချုပ်မီဆိုရင် မင်းကျေနပ်ပါ၊ အတိအကျဖြစ်စေရ



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ပြန်လာတော့ သူတို့ကိုယ်တိုင် ငွေသေတ္တာနှစ်လုံးကို ကားပေါ်လိုက်တင်ပေး၏။

ဒါဟာ မလွှဲမသွေနှာခံရမှာပဲမို့ ဇနီးအတွက် လိုက်လျောခဲ့ရသော်လည်း လင်းအုပ်စီးရင်ထဲမှာ မတင်မကျကြီးဖြစ်နေသည်။

အိမ်ပြန်လာခဲ့ရသည့်တိုင် ကျောမလုံသလိုကြီး ဖြစ်နေမိ၏။

ကိုယ့်ဘဝက မလိုက်လျောလို့မဖြစ်တာကြောင့် လိုက်လျောခဲ့ရပြီးပြီ။

သူတို့ဘက်က ပြောသလို လုပ်ပေးပါ့မလား။

အချိန်ကြာလာလေ စိတ်မချခြင်းက လူကို နေမရ ထိုင်မရ ဖြစ်လာလေ။

ဒီကိစ္စ ဘယ်သူ့ကိုပြေးပြော ရင်ဖွင့်ရမှန်းမသိ။

တကယ်ဆို လူပြန်ပေးဆွဲ၊ ငွေညှစ်တဲ့အမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု…

ဒါကို သူက လူမိုက်အားပေးလိုက်လျောခဲ့မိသူ…

အပေးအယူတွေလုပ်၍ သဘောတူကြည်ဖြူခဲ့မိသူ…

လောလောဆယ် သူ့မှာလည်း အပြစ်ရှိနေပြီ ဖြစ်သည်။

တွေးကြည့်လိုက်တော့ ကိုယ့်ဘက်က တစ်ဖက်သတ်ကြီးကို လိုက်လျောပေးခဲ့ရတာ…

ဒါကို တစ်ယောက်ယောက်နဲ့ ပြောပြတိုင်ပင်ချင်သည်။

တစ်ခုခု ပေါက်ကွဲပစ်ချင်၏။ အနားမှာ ဘယ်သူမှမရှိ။





ဖျတ်ခနဲဆို မင်းဦးသျှောင်ကို သတိရလိုက်မိ၏။

ဒီလူ ဘယ်ရောက်နေသလဲ… ဒီကိစ္စမှာ သူပါနိုင်သလား။

မသိပါ။ ဘယ်လိုပဲတွေးကြည့်ကြည့် သူ့မှာ ရေရေရာရာသိတာ တစ်ခုမှမရှိ။

နာရီကိုကြည့်လိုက်၊ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်…

''ဆရာ… ဦးစိုးခန့်ဆီက ဖုန်းလာနေတယ်''

''ငါကြားတယ်၊ မကိုင်ချင်လို့ မကိုင်တာ၊ သွား… သွားပိတ်ထားလိုက်''

စားပွဲပေါ်မှာ တတူတူမြည်နေသည့် ဟမ်းဖုန်းကို ပြေးယူနားထောင်လိုက်မိသည့် မောင်မောင်မှာ ဆူခံထိကာ မျက်နှာငယ်လေးနှင့် ကပျာကယာ ထွက်သွားလေသည်။

နာရီကိုကြည့်တော့ ညနေလေးနာရီထိုးနေပြီ။

ဖုန်းနားမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေခဲ့သည့်ခြေထောက်က ရပ်လို့ရပ်မိမှန်းပင် မသိတော့။

ခြောက်နာရီခွဲမှာ မိုးချုပ်မှာဆိုတော့ နှစ်နာရီခွဲဆိုသော အချိန်ကို သူ ဘယ်လိုဖြတ်ကျော်ရမလဲ။

''တောက်''

သတိုးကို စိုးရိမ်းခြင်းက အထွတ်အထိပ်ဖြစ်နေသလို ပြိုင်ဘက်အပေါ် ပထမဆုံး အရှုံးပေးခဲ့ရသည့်အတွက် တန့်နံ့ ခံအားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်က ရင်ကို ဘယ်လိုမှမငြိမ်းနိုင်။

ဒီလူတွေ ငါ့ကို လှည့်စားတာများလား…

ခဏခဏတွေးဖြစ်နေမိသည်။ သူ အံကိုတင်းတင်းကြိတ်ကာ နာရီကို ငုံ့ကြည့်မိပြန်သည်။

ဥပဒေကို လက်တစ်လုံးခြားလုပ်ချင်သည့်လူတွေ…

သတိုးကို ပြန်ရပြီးလျှင် သက်ဆိုင်ရာကို အကြောင်းကြားမည်။ သူတို့ ဘာကောင်ဖြစ်ဖြစ် အမှောင်နဲ့အလင်း…

အလင်းရောင်ဟာ အမှောင်ကို ခွင်းနိုင်မည်သာဖြစ်၏။

လင်းအုပ်စီး အခိုင်အမာ ဆုံးဖြတ်သည်။

သတိုးရောက်လာသည်နှင့် သူတို့ရဲ့ပတ်သက်သမျှ ကိစ္စအားလုံးကို ဖြစ်သည့်နည်းနှင့် ဖော်ထုတ်တော့မည်။

နွေတံခါးစံအိမ်ကို အကျပ်ကိုင်လွှဲပြောင်းဝယ်ယူခြင်းမှစ၍ ဥပဒေမလွတ်ကင်းသော ပစ္စည်းများ လျှို့ဝှက်သိုလှောင်ထားသည့် အဆုံး အားလုံးကို သူ ဖွင့်ချမည်။

ထိုသို့မဟုတ်ပါက နွေတံခါးနှင့်ပတ်သက် သူ့နောင်ရေးကိုပါ အမည်းစက်ဖြစ်လာစရာတွေရှိ၏။

နာရီကို ငုံ့တကြည့်ကြည့်နှင့် စိတ်တို့က လှုပ်ရှားပြေးလွှားလျက် မှန်တိုင်းကြားက လှေငယ်လေးတစ်စင်းနယ်…



လွှဲကာန်ပစ်လိုက်သဖြင့် ဆက်တီစားပွဲက နံရံဆီသို့ ဝုန်းခနဲပြေးဆောင့်ကာ စားပွဲပေါ်က အလှပန်းအိုးနှင့် ပစ္စည်း ပစ္စယများ အပြင် စားပွဲမှာ တစ်စစီ ကွာထွက်ကုန်လေသည်။

ထိုင်နေကြသူများ ထိတ်လန့်တုန်လှုပ်ကာ ပြိုင်တူထရပ်လိုက်မိကြသည်။

"တိရစ္ဆာန်အဖွဲ့… တိရစ္ဆာန်အဖွဲ့လို့ နာမည်တွင်ခဲ့တာ တိရစ္ဆာန်လို ရိုင်းစိုင်းအောင်လို့၊ တရူးထိုး တဖောက်ကန်း မဆင်မခြင် မိုက်ရူးရဲ အားလုံးလုပ်ရဲလို့ တွင်ခဲ့တာ၊ ခုမှ ဘာဖြစ်လို့ ဒီလောက်ထိ စဉ်းစားချင့်ချိန်တတ်နေကြတာလဲ၊ မိုက်ပါလား၊ ရမ်းပါလား၊ မင်းတို့ တိရစ္ဆာန်မဟုတ်ဘူးလား"

"ဝုန်း"

"ခွမ်း"

သွားပြန်ပြီ၊ ငါးကန်ဖန်လုံးကြီး။

ကြမ်းပေါ်မှ ကြေမွပြန့်ကျဲကာ ရေတွေရွှဲစိုလျက် ငါးရောင်စုံတွေ ပိုးလိုးပက်လက်ထခုန်နေကြ၏။

မြင်းကြီးဟုတွင်ခဲ့သည်ကိုက ခြေကန်အားပြင်းလှ၍



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ခြေဖျားနဲ့ဖြစ်ဖြစ်၊ ဒူးနဲ့တိုက်တိုက် မြင်းကြီးက တစ်ချ
တည်းနဲ့ ပွဲသိမ်းတတ်သူ...

ပြိုင်ဘက်ကို ဘယ်တော့မှအရှင်မထားခဲ့ဘူး။

ဒေါသကြောင့် ကျဉ်းမြောင်းသည့် သူ့မျက်လုံးကြီးက
ရှိသမျှ ပြူးထွက်နေသည်။

ရှည်သောခြေတံနှစ်ချောင်းကို ချဲ့ကားရပ်ကာ လက်သီ
နှစ်ဖက်က အကြောမြောင်းမြောင်းထအောင် ဆုပ်ကျစ်ထား၏။

တိရစ္ဆာန်လက်ရွေးစင်ရှစ်ယောက်လုံး အစုံအညီ ရှိနေ
သည်။

သေဆုံးသွားကြသူနှစ်ယောက်မှလွဲ၍ ရှစ်ယောက်လုံးရှိနေ
သော်လည်း တစ်စွန်းတစ်စမျှ ပြောဆိုရဲခြင်းမရှိကြဘဲ ခေါင်းတွေငုံ့
ကာ အသီးသီး ငြိမ်သက်နေကြသည်။

"ဟော့... ပြောစမ်း၊ အခု အဲဒီဟာမလေးက ဘယ်မှာ
လဲ"

"အမှတ်ခြောက်လက်ခွဲ ရွှေဝါတိုင်ဟိုတယ်မှာပါ"

"တောက်... အဲဒါပဲ၊ အမှတ်ခြောက်ဆိုပြီးမယ့်ဟာ
ဘာဖြစ်လို့ ရှည်တာလဲ"

မျောက်ကြီး မျက်နှာလန့်ထွက်သွား၏။

"ခုချက်ချင်း အမိန့်ပေးစမ်း၊ အဲဒီကောင်မလေးကို အမှတ်
နှစ်လက်ခွဲကို ချက်ချင်းပို့၊ ဟိုကောင်ကို နယ်စပ်ထိပါအောင်ခေါ်၊





လွတ်မယ့်နေရာရောက်တာနဲ့ ရှင်းပစ်လိုက်"

ကျားနှစ်နဲ့ဝက်ကြီး ဆတ်ခနဲ ခေါင်းထောင်သွား၏။

"ဘာလဲ"

မြင်းကြီးက ရှေ့ကို ဖျတ်ခနဲတိုးကပ်၍ ခါးထောက်မေး
၏။

"လင်းအုပ်စီးကိုရှင်းပစ်ဖို့က လွယ်ပါတယ် ဆရာကြီး၊
ကောင်မလေးကို လက်ခွဲနှစ်ကို ပို့ဖို့က သူ့ကိုယ်ဝန် နေ့စေ့လစေ့နဲ့"

"ဟော့... လမ်းမှာမွေးရင် ဆွဲထုတ်ပေးလိုက်၊ မင်းတို့က
လင်းအုပ်စီးဆိုတဲ့ကောင်ကို လျှော့တွက်ထားကြသလား၊ ငါ့ကို ဘာမှ
မတင်ပြ၊ အမိန့်မတောင်းဘဲလုပ်နေကြတာ၊ ဥပဒေကို ဘာများမှတ်
နေသလဲဟင်၊ မြန်မာပြည်မြို့လယ်ခေါင်မှာဝင်ပြီး ထင်တိုင်းကြဲနေ
တယ်၊ အားလုံး မျိုးတုံးကုန်အောင်လုပ်ကြတာ"

"ဆရာကြီးကို မတင်ပြဖြစ်တာက ဆရာကြီး စင်္ကာပူမှာ
ညှိသည်တွေနဲ့ ကိစ္စမပြတ်သေးလို့ပါ၊ ဒီမှာ ကျွန်တော်တို့အားလုံး
ပိပိရိရိ..."

"တိတ်စမ်း"

မြင်းကြီး လက်သီးဆုပ်၍ အော်ပစ်သည်။

"ဘာပိရိတာလဲ၊ ပိရိတဲ့ကောင်တွေက မြို့လယ်ခေါင်မှာ
ပြန်ပေးဆွဲရသလား၊ ဆွဲတဲ့လူကိုကြည့်ဦး၊ ဒီကောင်မလေးနဲ့
ပတ်သက်နေတဲ့ ကောင်နှစ်ကောင်က ဘာတွေလဲ"

ကျားနှစ် ခေါင်းငုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကို ငွေပေးဝယ်ဖို့ကိစ္စလေးနဲ့ လူကို ပြန်ပေးဆွဲတာတဲ့၊ ကြီးမားလိုက်တဲ့ခေါင်းတွေ"

"အဲဒီနွေတံခါးစံအိမ်က"

"ဟိတ်ကောင်··· တိတ်"

"ခွမ်း"

ဝက်ကြီးမျက်နှာ လည်သွားသည်။ နှုတ်ခမ်းဒေါင့်မှ သွေးတွေ ချက်ချင်းကျလာ၏။

"စံအိမ်ပဲဖြစ်ဖြစ်၊ ရဲတိုက်ကြီးပဲဖြစ်ဖြစ် မင်းတို့လုပ်တာဘုရားတည်၊ ကျောင်းဆောက်တာမဟုတ်ဘူး၊ လင်းအုပ်စီးက သူ့မယားကို ပြန်ရရင် ပုဆိုးခြုံထဲ ပြန်အောင်းနေမယ်များ ထင်နေကြသလား၊ ရန်ကုန်မှာထားတဲ့ အမှတ်ခြောက်ကို လူလဲဖို့ အားချင်းစီစဉ်၊ သုံးရက်အတွင်း တိရစ္ဆာန်တစ်ကောင်မကျန် အကုန်ထွက်၊ ရန်ကုန်မှာ ခြေရာတောင်မကျန်ခဲ့စေနဲ့"

"ဆရာကြီး၊ အဲဒီလိုလုပ်လိုက်မှ လင်းအုပ်စီးက ရဲကိုတိုင်ရင်···"

"သူ့မယား သူ့လက်ထဲမရောက်မချင်း ဒီကောင် ဘာမှမလုပ်ဘူး"

"မင်းဦးသျှောင် မလေးထွက်သွားတာ ဒီရက်ပိုင်းမှာပြန်ရောက်မှာ ဆရာကြီး"

"သြော်··· ပထွေးကိုလည်း ကြောက်သေးတာကိုး"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ ဘန်ကောက်





ကိစ္စမပြီးခင် သူနဲ့ ပဋိပက္ခမဖြစ်သင့်ဘူး ထင်လို့ပါ"

"ထင်ရင် မင်းတို့မစနဲ့ပေါ့၊ ဒီအခြေအနေရောက်နေမှ ဒီလိုမလုပ်လို့မရတော့ဘူး၊ မင်းဦးသျှောင်နဲ့ ရင်ဆိုင်ကြလို့ ဆုံးရှုံးရင်သူတစ်ဝက်၊ ကိုယ်တစ်ဝက်ပဲ၊ ဟိုကောင်ရဲတိုင်လိုက်မှ မျိုးပြုတ်မှာ၊ ဟော··· ဟိုကောင်မလေးကို ခုချက်ချင်းရွှေ့ခိုင်း၊ မင်းတို့အားလုံးလုပ်စရာရှိတာလုပ်ကြ"

မြင်းကြီး အခန်းထဲကနေ တလွှားလွှား ထွက်သွား၏။

သူတို့ဆွေးနွေးမနေရဲတော့ဘဲ အသီးသီးထွက်ခွာသွားကြလျက်···

◀◀ ⏮ ‖ ■ ● ▶▶ ⏭

ကားမောင်းနေရင်း ထပ်ခါထပ်ခါ ကျရှုံးနေခဲ့သည့် ကိုယ့်အဖြစ် ကိုယ်မခံမရပ်နိုင်ဖြစ်ကာ ကားအရှိန်က အဝေးပြေး လမ်းမကြီးပေါ်မှာ ဟူးဟူးရားရား ဖြစ်နေ၏။

တစ်နေကုန်ထိုင်မရ၊ ထမရစောင့်နေခဲ့ရပြီး ညနေအတော်စောင်းမှ ဖုန်းလှမ်းဆက်တော့···

"ခဏလောက်သည်းခံပေးပါ လင်းအုပ်စီး၊ မနက်စောစောကျတော့ ကျုပ်တို့ဆက်သွယ်ပါ့မယ်"

ဟု ပြောင်းလဲသွားသည်။ တစ်ဆက်တည်းမှာပင်

"ရဲကိုတိုင်လား တောလားလုပ်ခဲ့ရင်တော့ မင်းဇနီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာပဲနော်၊ ကျုပ်တို့က မင်းရဲ့ အရေးကြီးဆုံးကို ဖြတ်ပစ်လိုက်ရုံနဲ့ ဘဝပျက်မသွားဘူး၊ အဲဒါကို မင်းနားလည်ပါ"

တဲ့။

သူ့မှာ ဆုပ်လည်းရှူး၊ စားလည်းရှူး။

ခပ်ရိုင်းရိုင်းပြောရလျှင် ခရမ်းသီးမီးဖုတ်ကို ဒေါသတကြီးပေးကိုက်မိသောခွေးကဲ့သို့ နှစ်ခါနာရခြင်းဖြစ်၏။

ကိုယ့်ဘက်က ဒေါသဖြစ်နေသော်လည်း သူတို့ကတော့ ဂရုစိုက်ပုံမရှိ။

ဒါဟာ သူ့ဘက်က သတိုးနဲ့ပတ်သက်၍ ဘယ်နည်းနဲ့မဆိုလိုက်လျောမှာပဲဟု အပိုင်တွက်ထားလို့ပဲဖြစ်သည်။

တကယ်လည်း သူမလိုက်လျော၍ မဖြစ်ပါ။ သက်ဆိုင်ရာကို အကြောင်းကြားလိုက်၍ သူတို့က သတိုးကို ပြောသည့်အတိုင်းတစ်စုံတစ်ခုလုပ်ပစ်ခဲ့လျှင် ဘဝပျက်ရမှာက သူ...

ခုလို အကြောင်းတရားများဖြစ်ခဲ့ရသည်မှာလည်း သူ လူပေါင်းမှားခဲ့မိ၍သာ။

သတိုး ခုလို မပေါ့မပါးကြီးနဲ့ ဒုက္ခရောက်ရရှာတာ ငါ့ကြောင့်။

တွေးမိတိုင်း ဖြေလို့မရ။ ကားမောင်းရင်း တက်ခေါက်မိ၊ စတီယာရင်ကိုထုမိ၊ သတိုးကို ပြန်ရလျှင် တွေ့မယ်ဟု ရင်ထဲမှာ အထပ်ထပ်ကြိမ်းဝါးနေမိ၏။

သတိုးကို သူတို့ခေါ်လာပြီး နှစ်ဆယ့်ရှစ်နာရီကြာမှ





ဆက်သွယ်လာခဲ့ကြသည်။ မြဝတီမှာ သတိုးကို ပို့ထားသည်တဲ့။

ကိုယ်ဝန်မွေးဖွားဖို့ ဒိတ်ပေးထားသည်က မနေ့ကဖြစ်သည်။

သတိုး ဟိုမှာများ မွေးဖွားနေမလားဟု တွေးမိကာ ရင်ထဲမှာပူလောင်နေမိ၏။

သတိုး ကျန်းကျန်းမာမာရှိရဲ့လား...

လမ်းဘေးရှုခင်းတို့က အမျိုးမျိုးပြောင်းလဲနေသည်။ လယ်ယာကွင်းပြင်များဖြစ်သွားလိုက်၊ ထူထပ်သော သစ်ပင်တောင်တန်းတွေဖြစ်လိုက်...

မနိမ့်မမြင့် တောင်ကုန်း တောင်တန်းတွေဖြစ်သွားလိုက်။

သူ ကိုယ့်ကားကိုယ်မောင်းလာခဲ့သည်။ ဦးကျောက်ခက်တို့လူလေးယောက်က နောက်မှာ ကားတစ်စီးသက်သက်။

မျောက်ကြီးက ကားမောင်းကာ ဝက်ကြီး၊ ဦးကျောက်ခက်နှင့် ကျားနှစ်က ထိုင်လျက်...

"ဟာ... ဟို... ဟိုမှာကား..."

"ဘာလဲကွ၊ ကား... ကား ဘာဖြစ်လို့လဲ"

ဝက်ကြီးနဲ့ ကျားနှစ်တို့နောက်ကို ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

"ဟင်"

"ရွှေအိုရောင်ပရာဒိုပါလား"

"မင်းဦးသျှောင် ပါလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကားက ဝေါခနဲ ဆောင့်တက်သွားကာ သူတို့ကိုယ်လုံးကြီးတွေပါ မငြိမ်မသက် ဖြစ်ကုန်ကြလေသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ဦးကျောက်ခက်အမည်ခံ ရေမြင်းက စိတ်လှုပ်ရှားသံနှင့် မေး၏။

"ဒီကောင် ပြန်လာတာ မကြာသေးဘဲနဲ့ ဘယ်လိုဖြစ်လို့ ချက်ချင်းကြီး ကျောနောက်ရောက်လာတာလဲ"

ဝက်ကြီး ဒေါသလည်းဖြစ်၊ ခြောက်ခြားနေသံကလည်း သိသာနေ၏။

ကျားနှစ်က ဖိတ်ဖိတ်လက်နေသည့် ရွှေအိုရောင်ပရာဒိုကို နောက်တစ်ခါထပ်ကြည့်ကာ...

"ဘာပဲဖြစ်ဖြစ် မှားစရာမရှိဘူး၊ ကျောနောက်ရောက်နေမှတော့ ရင်ဆိုင်ရတော့မှာပဲ"

"ဘယ်လိုရင်ဆိုင်မှာလဲ၊ ရှေ့မှာ ဟိုကောင်က ရှိသေးတယ်"

သူတို့လေးယောက်ထဲမှာ ရေမြင်းနဲ့ဝက်ကြီးက လူကောင်တွေတုတ်ကာ အသက်ငယ်ငယ်ရွယ်ရွယ်တွေ မဟုတ်ကြတော့။

ဂိုဏ်းအပေါ် အစဉ်အဆက်က တာဝန်ထမ်းဆောင်လာခဲ့ကြသော်လည်း ဦးစီးဦးဆောင်များသာဖြစ်လျက် ပွဲထွက်လက်ရွေးစင်တွေ မဟုတ်ကြပေ။

တကယ့်တိုက်ခိုက်ရေး လက်ရွေးစင်တွေက ကျား၊ နဂါးနဲ့





မြွေ၊ လင်းယုန်တို့အတွဲများသာဖြစ်၏။

လောလောဆယ်မှာ ကျားနှစ်တစ်ယောက်သာ သူတို့မှာအားကိုးရှိ၏။

ဝက်ကြီးက ကားရဲ့အကွာအဝေးကို မှန်းဆကြည့်ကာ သေနတ်ထုတ်လိုက်၏။

"ဒီကောင့်ကားဘီးကို ငါ ပစ်ဖောက်လိုက်မယ်"

ကျားနှစ် ဆတ်ခနဲ လှည့်ကြည့်ကာ

"သွားမလုပ်နဲ့၊ မင်းလက်ထုတ်လိုက်တာနဲ့ အားလုံး ကိစ္စချောကုန်လိမ့်မယ်၊ မင်းဦးသျှောင်ထက်မြန်အောင် မင်းမပစ်နိုင်ဘူး၊ ဒီကောင် ရန်ကုန်မရောက်သေးတာ သေချာတယ်၊ ဒီကိစ္စကိုသိလို့လိုက်လာတာလား၊ တို့ကားကိုမြင်လို့လိုက်လာတာလား၊ ဘာမှန်းမသိဘူး၊ မျောက်ကြီး အရှိန်မတင်နဲ့ဦး"

"ဒီကောင်မသိတာ ဘာရှိလို့လဲကွ၊ လျှော့မတွက်နဲ့၊ ငါ ဆရာကြီးကို လှမ်းပြောမယ်"

ရေမြင်းက အိတ်ထဲကဖုန်းကို ဆွဲထုတ်၏။

"ပြောမနေနဲ့ကွာ၊ ဒါလောက်ကြောက်ဖို့မလိုပါဘူး၊ ဆရာကြီးပြောထားတာပဲ၊ မလွှဲသာရင်ဖြစ်ကြရမှာပဲ"

"အေးလေ... မလွှဲသာရင်တစ်မျိုးပေါ့၊ ဘန်ကောက်ကပွဲမှာ သူပါမှဖြစ်မှာ၊ ဒီတစ်ချီပွဲပျက်လို့မဖြစ်ဘူးဆိုတာ မင်းသိရဲ့သားနဲ့၊ အတတ်နိုင်ဆုံးရှောင်တာ မကောင်းဘူးလား"

"ရှေ့ကားမှာလည်း မင်းဘိုးအေနဲ့၊ ဘယ်လိုလုပ်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာလဲ''

''ဒါဆို ဘယ်လိုလုပ်မလဲ''

''ဟိုဘက်များများရောက်အောင် ဝင်နိုင်သမျှဝင်အောင် မောင်း''

ကားက တိမ်လွှာထဲမှာ လွင့်နေသလို နားထဲမှာ တဝီဝီ မြည်နေအောင် ပြေးလာ၏။

လင်းအုပ်စီး နောက်ကကား အကြမ်းဗရမ်းတက်လာတာကို သတိထားမိကာ သေချာကြည့်မိရင်း ဟိုးနောက်မှာပါလာသည့် ရွှေအိုရောင်ပရာဒိုကြီးကို လှမ်းမြင်သွားလေသည်။

ဟင်... ဟိုကား မင်းဦးသျှောင်ကားများလား...

ဒီကောင်တွေ ဒါမြင်လို့ ပြေးတာလား...

စိတ်ထဲမှာ ရှုံ့သလို၊ မိတ်ဆွေလို ဘယ်လိုမှ သဘောထား၍ မရသေးမီ ကျားနှစ်တို့ကားက ဘေးချင်းယှဉ်မိလာကာ

''လင်းအုပ်စီး၊ ကျုပ်တို့ အခုဖုန်းလှမ်းဆက်လိုက်ရင် မင်းမိန်းမ ဒုက္ခရောက်သွားမှာနော်၊ ကားကို အရှိန်တင်လိုက်ပါ''

လင်းအုပ်စီး ကားကို အရှိန်တင်လိုက်ရ၏။

သူတို့ ဘာတွေ ဘယ်လိုပတ်သက်မှန်းမသိသော်လည်း သတိုးကို သူ နည်းနည်းလေးမှ အထိမခံနိုင်။

သူတို့ ဘယ်လောက်ပြေးပြေး ရွှေအိုရောင်ပရာဒိုက အမှီလိုက်လာသည်သာ။

''ဒီကောင်သိတာ သေချာနေပြီ ကျားနှစ်၊ ငါတို့ ရင်ဆိုင်





ရမှာပဲ''

ဝက်ကြီးပြောလို့မှ ပါးစပ်မပိတ်သေးခင် ပရာဒိုက သူတို့ဘေးမှ ဝေါခနဲဖြတ်တက်ကာ လမ်းကို ကန့်လန့်ပိတ်ရပ်ပစ်လိုက်၏။

ဘေးကအဖြတ်မှ ပရာဒိုက ဖင်နဲ့ကပ်ရိုက်ပစ်ခဲ့သဖြင့် ဦးတိုးယိမ်းခါသွားသည့် မျောက်ကြီးမှာ ကားကို အံကြိတ်ထိန်းနေရင်းမှ လမ်းဘေးသို့ တိုးဆင်းသွားလေသည်။

လင်းအုပ်စီး၏ကားလည်း သုံးပွင့်ဆိုင် ထိုးရပ်သွား၏။

မင်းဦးသျှောင် စဝင်ပြီဆိုကတည်းက ဒုက္ခပေးလာပြီမို့ ဝက်ကြီး သေနတ်ထုတ်၍ လျှပ်တပြက် လှုပ်ရှား၏။

သို့သော်...

''ဒိုင်း''

''အား''

ကားတံခါးအသာဟ၍ လက်ထုတ်လိုက်သည်နှင့် သူ့လက်မှာ ပူခနဲဖြစ်သွားကာ လက်ထဲကသေနတ် လွတ်ကျသွားသည်။

မင်းဦးသျှောင် ကားအပြင်ရောက်သည်နှင့် လောင်းကုတ်ရှည်ထဲ ထည့်ထားသည့်လက်တစ်ဖက် ရိပ်ခနဲလှုပ်ရှားသွားကာ

''ချလွမ်း''

''အား''

သူသုံးနေကျ မဟူရာရောင် ကျောက်ပြားဝိုင်းလေးက အရှိန်ပြင်းစွာ ပြေးဝင်လာ၍ ကားရှေ့မှန်ကို ထိုးခွဲကာ မျောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နဖူးမှာ သွေးတွေ ဖြာခနဲကျ၏။

ကားရှေ့ခန်းတစ်ခုလုံး မှန်ကွဲစတွေ ဖွာကျကာ မျက်နှာနဲ့ ရင်ဘတ်နေရာတချို့မှာ ထိုးစိုက်ထိရှကုန်၏။

သူတို့ ဘာမှလှုပ်ရှားချိန်မရလိုက်မီ အားလုံး သွေးစ သွေးန များနှင့် ဒဏ်ရာကိုယ်စီရကုန်ကြလေသည်။

ရေမြင်း ဖုန်းကို ကပျာကယာထုတ်၍

"ဆရာကြီး… ဆရာကြီး၊ မင်းဦးသျှောင်နဲ့ ရင်ဆိုင်နေရပြီ၊ ဂိုဏ်းခွဲနှစ်ခုနဲ့ မကွာတော့ဘူး၊ ကောင်မလေးကို သေချာကိုင်ထားပါ"

ရေမြင်းပြောနေတုန်း ကျားနှစ်က ကားပေါ်ကဆင်း၍ မင်းဦးသျှောင် ကားမှန်ကို ဒေါသဖြစ်ဖြစ်နှင့် သေနတ်နဲ့လှမ်းချိန်သည်။

သို့သော် မင်းဦးသျှောင်၏လက်တစ်ဖက် လှုပ်ရှားသွားသည်ကို မြင်လိုက်သဖြင့် ကိုယ်ကိုလွှဲရှောင်လိုက်ရာ ပစ်ခွင့်မသာလိုက်ပေ။

နားထဲမှာ ဝီခနဲမြည်သွားလျက် ပါးတစ်ဖက်စိမ့်အေးသွားသည်။ ဓားမြှောင်တစ်လက်သည် သူ့ပါးဘေးက ပွတ်ကပ်ကာ သူဆင်းခဲ့သော ကားတံခါးမှာ ဒုတ်ခနဲ စိုက်ဝင်သွား၏။

တစ်ဆက်တည်း သူ့ကိုယ်ဟန်မမြဲသေးမီ အနားရောက်လာသည့် မင်းဦးသျှောင်၏ခြေကန်ချက်ကို သေလုမျောပါးရှောင်လိုက်ရပြန်သည်။





ကိုယ်ကလွတ်သွားသော်လည်း လက်ကောက်ဝတ်တစ်ခုလုံး ပြုတ်ထွက်သွားသလိုဖြစ်ကာ သေနတ်လွတ်ကျသွား၏။

ကျားနှစ် နောက်ကို ခြေနှစ်လှမ်းထပ်ဆုတ်ပြီးမှ ချက်ချင်းခုန်ကန်သည်။ မင်းဦးသျှောင် သူ့ရှေ့ကနေ ရိပ်ခနဲပျောက်သွား၏။

"အား"

ဝက်ကြီးအော်သံ စူးစူးဝါးဝါး ထွက်လာသဖြင့် သူ လှည့်ကြည့်လိုက်ရာ နားတစ်ဖက်မှာ ဘုန်းခနဲ မြည်ဟီးသွားလျက် ကြယ်တွေလတွေ မြင်သွားလေသည်။

မင်းဦးသျှောင်၏ ကန်ချက်မိသွားခဲ့ပြီ။

ဝက်ကြီးရင်ဝမှာ ဓားတန်းလန်းနှင့် ကျားနှစ်၏ ဘယ်ဘက်နားအုံမှာ သွေးတွေ ရေသွန်သလို စီးကျလာ၏။

ထပ်၍ဆင့်ကန်လိုက်သည့် ကန်ချက်ကို သူ မရှောင်နိုင်တော့ပါ။

ဝမ်းဗိုက်မှာ ပြင်းထန်စွာ အောင့်တက်သွားကာ ငိုက်ခနဲ ခွေကျသွား၏။

သွေးရူးသွေးတန်းပြေးကန်သည့် ရေမြင်းကိုယ်ကြီးကို အသာတိမ်းရှောင်၍ လည်မျိုကို လက်ဝါးစောင်းနှင့် ဖြတ်ရိုက်ပေးလိုက်သည်နှင့် ရေမြင်း ကားခနဲပြန်ကျသွားသည်။

မင်းဦးသျှောင်မျက်နှာ နီရဲတင်းမာနေပြီး ရေမြင်းဦးထိပ်က ဆံပင်စုကို ဆောင့်ဆွဲမော့ယူလိုက်ကာ

"မှတ်ထားစမ်း ရေမြင်း၊ တိရစ္ဆာန်က တိရစ္ဆာန်ပဲ၊ လူကို



www.burmeseclassic.com

www.burmeseclassic.com



တုလို့မရဘူး၊ မင်းတို့ထဲက လက်ရွေးစင်ဆိုတဲ့ကောင်တွေလောက်ကို ငါက အပျင်းမပြေသေးဘူး"

မင်းဦးသျှောင် တစ်ယောက်စီကို လက်နှစ်ဖက်နဲ့ဆွဲမကာ သူတို့ကားပေါ်ကို ပြန်တင်၏။

ရှေ့မှာနှစ်ယောက်၊ နောက်မှာနှစ်ယောက်…

မျက်လုံးဖွင့်မရအောင် မျက်နှာမှာ သွေးတွေလူးနေသည့် မျောက်ကြီးက မောင်းသူနေရာမှာ သတိလစ်မေ့မြောလုလု…

ခေါင်းမထူနိုင်သေး…

သူ ဘေးကဝင်ကာ ကားကို စက်နှိုး၍ အရှိန်နှင့် ဆောင့်ထွက်လိုက်သည်။

ထို့နောက် အတော်လှမ်းသည့်နေရာမှ သစ်ပင်ကြီး တစ်ပင်ဆီသို့ ဦးတည်ပေးလိုက်ပြီး သူ ခုန်ချပစ်လိုက်၏။

"ဒုန်း"

"ဝုန်း"

ကားက ပင်စည်တုတ်တုတ်ကြီးမှာ ပြင်းထန်စွာ ထိုးဆောင့်လျက်၊ နောက်မြီးလည်ကာ သစ်ပင်နဲ့ ပြန်ရိုက်လေသည်။

သူထွက်ခဲ့သော တံခါးပေါက်မှ မျောက်ကြီးကိုယ်လုံးကြီးအမှိုက်တစ်စလို ထွက်လာပြီး ပတ်ဝန်းကျင်က ပြန်လည်ငြိမ်သက်သွားခဲ့၏။

လူသူကင်းဝေးသော တောလမ်းခရီးထဲရောက်နေပြီ ထိုအဖြစ်တို့က သမရိုးကျအဖြစ်အပျက်တစ်ခုနှယ် ပြီးဆုံးသွားခဲ့





လေသည်။

လင်းအုပ်စီး ကားပေါ်ဆင်းဖို့လည်း သတိမရ။ ဘာလုပ်ဖို့မှလည်း မတွေးမိတော့ဘဲ လူလေးယောက်ကို မျက်တောင်တခတ်လျှပ်တပြက်အတွင်းမှာ ဒုက္ခပေးပစ်လိုက်သည့် မင်းဦးသျှောင်ကို တအံ့တသြ ငေးမောနေမိ၏။

သူ့ကိုယ်မှာ ပွန်းရာပွဲရာလေးမှ ဖြစ်မသွားဘဲ မျက်မှန်နက်ကို ပြန်တပ်၍ ခြေလှမ်းကျဲကျဲနှင့် လျှောက်လာခြင်းကို အနားရောက်သည်အထိ မျက်လုံးမခွာဖြစ်ဘဲ ရှိ၏။

"လင်းအုပ်စီး… မင်းပြန်တော့၊ သတိုးက သူတို့ဂိုဏ်းခွဲနှစ်မှာလား၊ တစ်မှာလား မသိသေးဘူး၊ တစ်ကိုရောက်သွားပြီဆိုရင်တော့ မလွယ်တော့ဘူး"

"ငါက ဘာဖြစ်လို့ပြန်ရမှာလဲ၊ သတိုးကို မင်းထက်ငါက ပိုပူတာပေါ့"

"ပူနေရုံနဲ့ သတိုးကို မင်းရမှာမဟုတ်ဘူး၊ မင်းကြောင့်ငါ ထပ်ပြီး အနှောင့်အယှက်မဖြစ်ချင်ဘူးကွာ၊ မင်းပြန်ပါ"

"မပြန်နိုင်ဘူး"

မင်းဦးသျှောင် ဘာမှဆက်မပြောတော့ဘဲ သူ့ကားပေါ်ပြေးတက်၍ မောင်းထွက်သွားသည်။ လင်းအုပ်စီး ထပ်ချပ်မကွာလိုက်ခဲ့၏။

ကားသည် သူမသိသောလမ်းများမှ ခက်ခဲကြမ်းတမ်းစွာ ဖြတ်မောင်းနေသည်သာမက တောင်တက် တောင်ဆင်းအို့က



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားဖွယ်…။

◀◀ ⏮ ⏸ ■ ● ▶▶ ⏭

“ကောင်မလေး ဘယ်လိုနေသေးလဲ”

“ဘာမှတော့မဖြစ်ဘူး၊ ဒါပေမဲ့ မကျန်းမာဘူး ဆရာကြီး”

“ကလေးကကော”

“ကလေးက ဘာမှမဖြစ်ဘူး၊ ဝဝကစ်ကစ် ချစ်စရာလေး”

သတိုး ယောကျ်ားလေး မွေးသည်။

မြင်းကြီးမျက်နှာ တင်းမာနေကာ တစ်ခုခုကိုစောင့်နေသလိုမျိုး ထိုင်လိုက်၊ ထလိုက်နှင့် ဂနာမငြိမ်။ ပြီးမှ…

“နဂါး… မင်းခေါ်လာတဲ့ဆရာဝန်ကို ရှင်းပစ်လိုက်”

“သိန်းငှက်တို့ကို ခိုင်းပြီးပါပြီ”

မြင်းကြီးစားပွဲပေါ်ကဖုန်းကို တစ်ချက်လှမ်းကြည့်ကာ…

“ဘာသံမှမလာတော့ဘူး၊ ဟိုကောင်တွေ ကြွက်နိုပြီထင်တယ်”

သူ့ဘာသာသူပြော၍ တက်တစ်ခေါက်လိုက်လျက်…

“တောက်… သောက်သုံးမကျတဲ့ကောင်တွေ၊ လမ်းဘေးက ခွေးဝဲစားကမှ အသုံးကျဦးမယ်၊ ဟိုခွေးတိရစ္ဆာန်လိုကောင်မျိုးကျတော့ ငါ့လက်ထဲရောက်မလာဘူး”





မြင်းကြီးက အစကတည်းက မင်းဦးချောင်ကို သိမ်းသွင်းဖို့ ကြိုးစားခဲ့သူ ဖြစ်သည်။ သူကိုယ်တိုင်က ပညာတော်သည်။ အဖွဲ့ကို သူထောင်ခဲ့စဉ်ကတည်းက ရည်ရွယ်ချက်ကြီးကြီးမားမားနှင့် လက်မထောင်ချင်ခဲ့သော သူ့မာနများက လူတော်အားလုံး သူ့လက်အောက်မှာသာရှိရမည်။

သူ့အဖွဲ့ဟာ ပြိုင်ဘက်ကင်းဖြစ်ရမည်။ တစ်စတစ်စ အင်အားကြီးမားစေရမည်။

တကယ်တမ်းကျတော့ အဖွဲ့အစည်းချင်းယှဉ်တော့လည်း ဒုတိယနေရာမှာပဲရှိသည်။ တစ်ကိုယ်တော်လူစွမ်းကောင်းဆိုသော မင်းဦးချောင်ကို အားလုံးကဲ့သို့ သူ့ဂရုမစိုက်စွာ နေချင်သော်လည်း တည့်တည့်တိုးသောအခါ သူ့ဘက်မှာသာ ကံစဉ်ကလျှားဖြစ်ကြရကာ…

“နဂါး”

“ဗျာ ဆရာကြီး”

“အဲဒီသားအမိကို ရဟတ်ယာဉ်ပေါ်တင်ပေးစမ်း”

“ဗျာ… ဖြစ်… ဖြစ်ပါ့မလားဆရာ၊ ညကမှ မွေးထားတာ၊ တော်ကြာ…”

“ဟော့… သေရင်ဆွဲချပစ်လိုက်၊ ဘယ်တော့မှ အရှင်မပြန်စေရဘူး၊ မင်းပါလိုက်သွားဖို့ပြင်၊ လက်ခွဲတစ်မှာ ဟိုလေးကောင်ရှိတယ်၊ ဘန်ကောက်မှာ မနက်ဖြန်ညဖြစ်မယ့်ပွဲကို ငါလာမယ်လို့သာ အကြောင်းပြန်ခိုင်းလိုက်”



www.burmeseclassic.com

www.burmeseclassic.com



နဂါးမျက်နှာမကောင်းသော်လည်း မြင်းကြီးကို ဘာမှမပြော ရဲဘဲ လှည့်ထွက်သွား၏။

"ဆရာကြီး··· ဆရာကြီး"

"ဟေ့··· ဘာလဲ၊ ဟိုကောင်ရောက်လာပြီလား"

ပြေးဝင်လာသူ တုံ့ခနဲဖြစ်သွားကာ···

"ဟုတ်တယ် ဆရာကြီး၊ ကင်းထောက်က ကျိုးနှစ်ကောင် ကျသွားပြီ"

"အေး··· ကောင်းတယ်၊ သောက်စွမ်း သောက်စမရှိတဲ့ ကောင်တွေ၊ အကုန်လုံး တန်းစီပြီး လက်မြှောက်ပေးထားလိုက်လို့ သွားပြော၊ သေခါနီးမှ ချေးထွက်သန်မနေနဲ့လို့၊ ထွီ··· တိရစ္ဆာန်အဖွဲ့ မဟုတ်ဘူး၊ အကျိုး အကန်း မသာအဖွဲ့"

"ဒုန်း"

"ခွမ်း"

မြင်းကြီး ရှေ့မှာရှိသမျှတို့ကို လွှဲကာန်ကိုင်ပေါက်ပစ်ကာ သူ့အပေါ်ရုံ လောင်းကုတ်ရှည်ကြီးကို ချွတ်ပစ်လိုက်သည်။

ခါးမှာ သေနတ်နှစ်လက်၊ ဓါးနှစ်လက်နှင့် ခါးပတ်ကြီး က ဝင်းဝင်းလက်လက်ဖြစ်နေပြီး သူ့ကိုယ်နှင့်အနေတော် ပွပွရှိသော အနက်ရောင် သိုင်းဝတ်စုံက ကြွားရွှားနေသည်။

မင်းဦးသျှောင်ကို သူကိုယ်တိုင် ရင်ဆိုင်ရတော့မည် ဖြစ်၏။ ထိုစဉ် ရွှေအိုရောင်ပရာဒိုကားက သူ့မြင်ကွင်းထဲသို့ တည့်တည့်ကြီး ဝင်လာ၏။





ပရာဒိုနောက်မှာ အက်စ်အီးကားအဖြူလေးက ထပ်ချပ် မကွာ။

ကားနောက်မှာကော သူတို့သစ်လုံးတဲကြီးနောက်မှာပါ တိရစ္ဆာန်အဖွဲ့သားတွေ လှုပ်လှုပ်ရှားရှားဖြစ်လျက် ပြေးထွက်လာကြ ၏။

"ဟိတ်···· ရပ်လိုက်ကြစမ်း၊ သွား··· တစ်ယောက်မှ မကပ်နဲ့၊ သောက်သုံးမကျတဲ့ခွေးဝဲစားတွေ"

မြင်းကြီးအော်လိုက်သဖြင့် ရှဲသွားကြသော်လည်း မြင်းကြီးသစ်လုံးတဲရှေ့သို့ ခြေကားယား လက်ကားယားနှင့် ရင် ကော့ထွက်လာပြီး အားလုံးက စည်းဗိုင်းသဖွယ် ဂငယ်ကွေ့ ဝန်း၍ ရပ်လိုက်ကြသည်။

မင်းဦးသျှောင် ကားပေါ်က ဆင်းလာသည်ကို မြင်ဖူးထား သူတွေကော၊ မမြင်ဖူးတဲ့သူတွေပါ ခြေလှမ်းတိုင်းကို စူးစိုက်လိုက် ကြည့်နေကြလျက်···

ပတ်ဝန်းကျင်မှာ တိတ်ကျသွားလေသည်။

အားလုံး၏လက်ထဲမှာ သေနတ်တွေရှိနေကြသည်ကို မင်းဦးသျှောင်က ဝေ့ကြည့်၍ မျက်မှန်ကို ချွတ်လိုက်သည်။

ထို့နောက် မြင်းကြီးနဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်ပြီး ခနဲ့ပြုံး တစ်ချက်နှင့် မျက်ခုံးကိုတွန့်ပစ်လိုက်၍

"ဘယ်နှယ့်လဲ မြင်းကြီးရဲ့၊ ကျုပ်ကလာတာ တစ်ယောက် တည်းပါ၊ မင်းက မိန်းမတစ်ယောက်နဲ့ အကျပ်ကိုင်တဲ့အကျင့်ရှိရုံ



www.burmeseclassic.com

www.burmeseclassic.com



တင်မကာဘူး၊ သေနတ်တွေကိုယ်စီနဲ့ပါလား၊ ကျုပ်က မင်း ဒီလောက် သွေးကြောင်မယ်မထင်ခဲ့ဘူး"

မြင်းကြီးမျက်နှာ ရဲခနဲဖြစ်သွားသည်။ နဂိုကတည်းက အရိုင်းစိတ်သာသာရှိခဲ့သူမို့ စကားလုံး၏ထိုးနှက်ချက်ကို သူ မခံနိုင်။

အားလုံးကို ဒေါသတကြီး ဝေ့ကြည့်လိုက်ပြီး…

"သွားကြ၊ အားလုံး သွားကြစမ်း"

"ဆရာကြီး၊ ဒီကောင့်ကို ဒီလိုမှမလုပ်…"

"ဖြောင်း"

တစ်ယောက်လည်ထွက်သွားသည်။

နောက်ထပ် ဘယ်သူမှမပြောရဲကြတော့ဘဲ သေနတ်တွေကို ကပျာကယာသိမ်းဆည်းကာ အသီးသီးပျောက်ကွယ်သွားကြ၏။

အလျှိုအလျှို ပျောက်ကွယ်သွားကြသူတွေဆီ မင်းဦးသျှောင်က တစ်နေရာစီကို စူးစိုက်လိုက်ကြည့်ရင်း မသိမသာပြုံးလိုက်၏။

သူမှာသည့်အတိုင်း လင်းအုပ်စီးက မုန်လုံတင်ထားသည့် ကားထဲမှ မထွက်ခဲ့ပေ။

မြင်းကြီးက လင်းအုပ်စီးရှိသောကားအဖြူလေးကို လှမ်းကြည့်လိုက်ပြီးမှ ရှေ့ထပ်တိုးလာ၏။

"မင်းဦးသျှောင်… မင်း အခု ကျုပ်လူတွေကို ရှင်းပစ်လိုက်ပြန်ပြီ မဟုတ်လား"

"ကျုပ်လမ်းကို ကျုပ်လာတာပါ၊ လိုရာခရီးကိုရောက်ဖို့





က အဓိကမဟုတ်ဘူးလား"

"ထားပါတော့၊ အခုကိစ္စက မင်းနဲ့မဆိုင်ဘူးလို့လည်း ပြောလို့ရတယ်၊ ကျုပ်တို့လုပ်ရှားတာ ပုဂ္ဂိုလ်ရေးတွေ ဘာမှမပါဘူး၊ မလုပ်မဖြစ်လို့လုပ်တာ"

မင်းဦးသျှောင်က နှုတ်ခမ်းစေ့၍ မြင်းကြီးကို ရှုတ့်တင်းတင်း စိုက်ကြည့်လိုက်ကာ…

"ပြန်ပေးဆွဲတာ လိုချင်တာရရင်တော်ပြီပေါ့၊ မင်း ဘာဖြစ်လို့ လူသတ်ဖို့ကြိုးစားသလဲ"

"အဲဒါလည်း ငါ့အလုပ်ငါလုပ်တာပဲ၊ နေပါဦး… မင်း မလေးရှားက ပြန်လာတာ မဟုတ်လား၊ ဒါတွေ ဘယ်ကသိလာတာလဲ၊ တကယ်ဆို ဒုစရိုက်သမားချင်း မင်း စည်းကမ်းထားသင့်တယ်"

"ဘာစည်းကမ်းလဲ၊ မင်းလိုကောင်ပါးစပ်က စည်းကမ်း ပြောနေသလား၊ မင်းတို့ ပြန်ပေးဆွဲပြီး အလဲအလှယ်လုပ်တာကို သူမပေးခဲ့ဘူးလား"

"ဒါပေမဲ့ အဲဒီကောင် မရိုးသားဘူးကွ"

"မင်းကလိမ်ရင် သူက ကောက်မှာပဲ၊ မြင်းကြီး ငါ မင်းကို မိန်းမလို မိန်းမရစကားနိုင်လုဖို့လာတာ မဟုတ်ဘူး၊ ဘယ်မှာလဲ ငါ့ညီမ"

"ငါ့ညီမလို့ မပြောပါနဲ့ကွာ၊ မင်းနဲ့ ဒီကောင်မလေး ဘယ်လိုအနေအထားဆိုတာ ငါတို့သိပြီးပါပြီ၊ အခု လင်းအုပ်စီးကို



www.burmeseclassic.com

www.burmeseclassic.com



မင်းထားခဲ့ပါ၊ ကောင်မလေးကို ခုချက်ချင်း မင်းနဲ့ထည့်ပေးလိုက်မယ်"

"ဘာကွ"

စူးတောက်သွားသည့် ဒေါသမျက်ဝန်းတွေကို မြင်းကြီးက ရယ်ကျဲကျဲကြည့်၍ ခါးကသေနတ်ကို တစ်ချက်နှစ်ချက် ပွတ်သပ်လိုက်၏။

"ဒါက သားရွှေအိုးထမ်းပြန်ရမယ့်ကိန်းပဲ မင်းဦးသျှောင်၊ မင်း ကျုပ်ရဲ့လူတွေကို သတ်ပစ်ခဲ့ပေါင်းများပြီ၊ ဒါကို ကျုပ်က မေ့ပစ်လိုက်ပါ့မယ်၊ ရန်ကုန်ကကိစ္စအားလုံးကိုလည်း မင်း မေ့ပစ်လိုက်ပါ၊ လင်းအုပ်စီးကို ကျုပ်တို့ဆီမှာထားခဲ့မယ်ဆိုရင် ဒီကနေ မင်းရဲ့ကောင်မလေး ဘန်ကောက်ကို မိနစ်ပိုင်းအတွင်းရောက်သွားအောင် အစအဆုံး ကူညီလိုက်ဦးမယ်"

မင်းဦးသျှောင် အံကြိတ်၍ စူးစိုက်ကြည့်နေသည်ကို အကဲခတ်ကာ...

"လွယ်လွယ်လေး ပြီးသွားမယ့်ဟာကို မရှုပ်ချင်ပါနဲ့ မင်းဦးသျှောင်၊ မင်းလည်း ဘန်ကောက်မှာ ကောင်မလေးနဲ့ငြိမ့်နေရုံပဲ၊ ကျုပ်တို့လည်း တစ်ရန်ရှင်းသွားမယ်၊ ဘာလဲ... ဒူးမနာသားလေးအတွက် မင်းနစ်နာတယ်ထင်လို့လား၊ အဲဒါလေးကို ကျုပ် ရှင်းပေးလိုက်မယ်"

"တောက်"

မင်းဦးသျှောင် မြင်းကြီးကို ရိပ်ခနဲခုန်ကန်လိုက်၏။





မြင်းကြီးက ကိုယ်တစ်ခြမ်းဆုတ်ရှောင်ကာ ခြေထောက်ကို လက်လေးချောင်းထောင်၍ ခုတ်ချဖို့ကြိုးစား၏။

သို့သော် ခြေကန်ချက်နှင့်တစ်ဆက်ထည်း လက်ဖဝါးနှစ်ဖက် မျက်နှာချင်းဆိုင် လွှဲရိုက်ချလိုက်သည့် မင်းဦးသျှောင်၏ ဒုတိယတိုက်စစ်ကို ခေါင်းပေါ်မကျမီ ကပျာကယာ ငုံ့ရှောင်လိုက်ရသဖြင့် တိုက်ကွက်တွေ ရုတ်တရက် ပျက်ပြားသွား၏။

မင်းဦးသျှောင်၏ အရည်အချင်းက ဒါပဲဖြစ်သည်။

လှုပ်ရှားလိုက်ပြီဆိုသည်နှင့် တစ်ဖက်သားကို အသက်ရှူချိန်မရအောင် ထိုးစစ်ကို ဆက်တိုက်ပစ်သွင်းတတ်သည်။

သူ့လှုပ်ရှားမှုတိုင်းက မြွောက်ခုန်လိုက်လျှင် တောင်ပံဖြန့်တက်လိုက်သလိုဖြစ်ကာ ပြန်ကျတော့ သစ်ရွက်ကလေးပမာ ပေါ့ပါးသည်။

ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားသွားခြင်းများက သူဘယ်လိုတိုက်ကွက် ထုတ်လာမည်ကို ဘယ်လိုမှခန့်မှန်းမရနိုင်ဘဲ ရှိသောကြောင့် မြင်းကြီး ဒေါသကြီးလာသည်။

ဒေါသကြီးလာတိုင်း မြင်းကြီး၏လှုပ်ရှားမှုများကလည်း ဟူးဟူးဟဲဟဲဖြစ်လာ၏။

တစ်ချီတွင် လူချင်းပူးကပ်သွားကာ မင်းဦးသျှောင် သူ့ရှေ့ကနေ ရိပ်ခနဲပျောက်သွား၏။

ကျောဘက်မှာ စိမ့်တက်သွားသဖြင့် လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ဘေးမှာ ခွဲထောင်ကာ ရိုက်ချပစ်လိုက်တော့ မင်းဦးသျှောင်၏



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ရိုက်ချလိုက်သော လက်နှစ်ဖက်နှင့် ပြင်းထန်စွာ ရိုက်ခတ်မိလေသည်။

"အ"

မြင်းကြီး လက်ဖျံနှစ်ချောင်းလုံး ကျိုးထွက်သွားသည့်နှယ် တစ်ကိုယ်လုံး တုန်ခါသွားသည့်ပြင် နားထင်နှစ်ဖက်ဆီသို့ ရိုက်ချက်က မရောက်သော်လည်း မင်းဦးသျှောင် ရိုက်ချလိုက်သည့် လက်ဝါး၏ အရှိန်ကြောင့် နားနှစ်ဖက်မှာ တစ်စုံတစ်ခုနှင့် ပင့်ဆောင့်ခံလိုက်ရသကဲ့သို့ မျက်လုံးထဲမှာ မီးပွင့်သွား၏။

ထိုရိုက်ချက်သာ ထိလိုက်ပါက သူ့ဦးခေါင်းသည် မင်းဦးသျှောင်၏ လက်ဖဝါးနှစ်ဖက်ကြားမှာ စိစိညက်ညက် ကျေသွားနိုင်၏။

မြင်းကြီး ချွေးပြန်လေသည်။

လက်နှစ်ဖက်သည် လုံးဝလှုပ်ရှားမရတော့ဘဲ သေနတ်ကို ဆုပ်ကိုင်လိုက်သည့်တိုင် အပေါ်ကို ကြွတက်မရတော့ပေ။

ထိုစဉ် သူ့မျက်လုံးထက်မှာ ရိပ်ခနဲလှုပ်ရှားမှုတစ်ခုဖြစ်သွားလျှင် မင်းဦးသျှောင်ကိုယ်ကို ဘေးတိုက်ခုန်ထွက်ပစ်လိုက်၏။

"ဒိုင်း"

"အား"

"ဟာ"

မင်းဦးသျှောင်ဆီ ဝင်လာသည့်ကျည်ဆံက မြင်းကြီး၏ ရင်ဝတည့်တည့်သို့····





"ဟိတ်···"

"ပစ်"

ချောင်နိုပစ်ချလိုက်သည့် ကျည်ဆံလာရာသို့ မင်းဦးသျှောင် လှိမ့်ဝင်သွားလျက် ပေါက်ဓားနှစ်စင်း၏ အရောင်ပြိုးပြိုးပြက်ပြက် လက်သွား၏။

"ရှစ်··· ရှစ်··· ဒုတ်"

"အား"

သစ်လုံးအိမ်၏ အပေါ်ထပ်ခိုးစင်လေးပေါ်မှာ နှစ်ယောက် ထွေးခနဲ ထွေးခနဲ ကျလာသည်။

ဘေးဘက်တဲနှစ်လုံးဆီမှ အမ် ၁၆ ကိုယ်စီကိုင်၍ ထွက်လာကြသောနှစ်ယောက်ကို လှမ်းမြင်လိုက်လျှင် မင်းဦးသျှောင် ထိတ်ခနဲဖြစ်သွား၏။

သူ့ကိုယ်မှာ ဓားတစ်လက်သာရှိတော့သည်။

နှစ်ယောက်လုံး ပြေးထွက်ချိန်ရွယ်လိုက်ကြသည်က အက်စ်အီးကားအဖြူလေးကိုသာ···

"ရှစ်"

"ဒုတ်"

တစ်ယောက် သေနတ်လွတ်ကျကာ ပက်ခနဲလန်ကျသွား၏။

တစ်ယောက်က လှည့်ကြည့်ကာ သူ့ဆီကိုပစ်ချဖို့အလုပ်···

"ဟိတ်··· အဲဒါမသုံးနဲ့၊ လှည့်ကင်းတွေ သိသွားမယ်"

နဂါးလှမ်းအော်ရင်း အက်စ်အီးကားဆီသို့ တစ်စုံတစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com



လွှဲပစ်လိုက်ရာ ကားရှေ့မှန် ခွမ်းခနဲ ကွဲထွက်သွား၏။

သို့သော်... ကားထဲမှာ လင်းအုပ်စီးရှိမနေပေ။

ထိုအချိန်မှာပင် ရဟတ်ယာဉ်ဒလက်လည်သံကြီး ထွက်ပေါ်လာရာ...

ဟာ...

မင်းဦးသျှောင် အသံကြားရာဆီသို့ စွတ်ပြေးလာခဲ့သည်။

"ဒိုင်း... ဒိုင်း... ဒိုင်း"

ကျွဲကောက် တိုးတက်သွားသည့် သူ့ခြေထောက်အကြို အကြားမှာ ကျည်ဆံတွေ တစ်တောင့်ပြီးတစ်တောင့် ပြေးစိုက်ကုန်ကြ၏။

လက်နက်ဆောင်နှင့်တူသော တဲလုံးလေးရှေ့ရောက်လျှင် မင်းဦးသျှောင် အဆင်သင့်တွေ့လိုက်ရသည့် ဓာတ်ဆီပုံးကြီးကို ဆွဲချ၍ အဖုံးဖွင့်ကာ နောက်ဘက်သို့ လွှဲယမ်းပစ်လိုက်၏။

ထို့နောက် သေနတ်တစ်ချက်ပစ်ချလိုက်လျှင် မီးတောက်တွေ ဟုန်းခနဲ ထတောက်လာသည်။

နောက်ကလိုက်လာသည့်လူတွေ ဝရန်းသုန်းကားဖြစ်ကုန်ကာ လက်နက်တိုက်လေးကို မီးမကူးအောင် အပြေးအလွှား ငြိမ်းသတ်နေကြ၏။

မင်းဦးသျှောင် အချိန်လု၍ပြေးသည်။ သူတို့မှာ လက်နက်မျိုးစုံရှိကြသည်။

လူအများ၊ လက်နက်အများစုကို သူ ရေရှည်ထိန်းထားနိုင်





မှာ မဟုတ်ပေ။

ပြီးတော့ သတိုးနဲ့ လင်းအုပ်စီးက ရှိသေးသည်။

ရဟတ်ယာဉ်က ဒလက်လည်ပတ်မှုက မြင့်နေပြီ။ အနားရောက်အောင်ပြေးဖို့ သူ့ အချိန်မရတော့ပေ။

ခါးကြားက သေနတ်ကိုထုတ်၍ ရှည်လျားစွာ တွဲကျနေသော ပင်မြင့်ထက်က နွယ်ပင်ရှည်တစ်ချောင်းကို အရင်းက နေပစ်ချလိုက်ကာ ပြေးကောက်သည်။

ထို့နောက် နွယ်ကို တအားဇွဲ့ယမ်း၍ ပြေးသွားရင်း လွှဲပစ်ချလိုက်ရာ နွယ်က ရဟတ်ယာဉ်ခြေတစ်ဖက်မှာ ကျကျနနကြီး ပတ်မိသွား၏။

ရဟတ်ယာဉ်အပေါ်ကို ကြွမတက်မီ ကြိုးတစ်ဖက်စကို နိုင်မာစွာ ချည်နှောင်ဖို့ရှာတော့ ကြိုးက တင်းခနဲဖြစ်သွားကာ သူ့ကိုယ်ပါ ယိုင်နဲ့သွား၏။

ရဟတ်ယာဉ် ကြွတက်နေပြီ။

"မင်းဦးသျှောင် ငါလာမယ်"

လင်းအုပ်စီး ပြေးလွှားရောက်လာကာ နွယ်ကို အတူတောင့်ဆွဲထား၍ ဆက်သွယ်ရေးကိရိယာတွေရှိသော တဲလုံးကလေးဘေးမှာ စိုက်ထားသည့် သံငုတ်ကိုတွေ့လျှင်...

"လင်းအုပ်စီး... ကြိုးကိုမလွှတ်စေနဲ့၊ ခိုင်အောင်ချည်ထား၊ ငါသွားမယ်"

မင်းဦးသျှောင်က လင်းအုပ်စီး ကြိုးစမလွှတ်အောင် ကြိုးကို



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်ကြိုးသဖွယ် အားပြုခွဲ၍ ရဟာတ်ယာဉ်ဆီပြေးတက်၏။

"ဒိုင်း"

ကြိုးလွတ်သွားမည်စိုးကာ သေနတ်ကို သူ မရှောင်နိုင်လိုက်ဘဲ ဘယ်ဘက်ရင်အုံမှာ စူးခနဲအောင့်တက်သွား၏။

ရဟာတ်ယာဉ်က အရှိန်ကုန် ရုန်းကန်နေပြီမို့ ကြိုးက မားတစ်ချောင်းလို မာကြောတောင့်တင်းနေသည်။

"ဒိုင်း"

"အား"

ကြိုးချည်ပြီး၍ ပြေးတက်လာသည့် လင်းအုပ်စီးပခုံးစွန်းမှာ သွေးတွေဖြာကျကာ ဒူးညွတ်ကျသွား၏။

"လင်းအုပ်စီး… မင်း နောက်ဘက်က ပန်းတက်၊ ပြန်ဆုတ်"

အော်ပြောကာ ရဟာတ်ယာဉ်ပေါ်သို့ သူ လှမ်းကြည့်လိုက်၏။

မောင်းသူတစ်ယောက်နှင့် ဘေးမှာ လဲလျောင်းနေသော သဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်သည်။

သေချာပါသည်။ ထိုသူဟာ သတိုးပဲဖြစ်မည်။

သတိုးအတွက် စိုးရိမ်စိတ်တွေ ရှုပ်ထွေးကာ ကျည်ကိုရှောင်ဖို့ မကြိုးစားတော့ဘဲ မတ်မတ်ရပ်၍ သူ ပစ်ချလိုက်၏။

"ဒိုင်း"

"အား"

မောင်းသူနားထင်မှာ သွေးတွေ ဖြာထွက်လျက် ဘေးကို





ထိုးဆင်းကျသွားသည်။

ရဟာတ်ယာဉ်က ပေါက်ကွဲတော့မည်။ ဒီယာဉ်မျိုးက စက်နှိုးပြီး ထိန်းချုပ်ထားလျှင် ပေါက်ကွဲတတ်တာမျိုး…

ရင်ဘတ်က ဒဏ်ရာကို အံကြိတ်တောင့်ထား၍ မင်းဦးသျှောင် ရဟာတ်ယာဉ်ပေါ်ကို တက်လိုက်သည်။

ဟင်…

သတိုးဘေးမှာ စောင်ကလေးနဲ့လည်းပတ်ထားသည့် ကလေး နီတာရဲလေးက ငြိမ်သက်နေသော်လည်း မျက်လုံးလေးတွေ ပွင့်နေလျက်…

ရန်သူတွေကြားမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် သတိုးမွေးဖွားလိုက်ရရှာသည်ပဲ။ ရင်ထဲမှာ နင့်သွားသည်။

သတိုးကိုကြည့်လိုက်တော့ ဆံပင်ရှည်တွေ ဖရိုဖရဲပုံကျနေကာ သတိလစ်မေ့မြောနေ၏။

"သတိုး"

သူ သတိုးကို နှိုးချိန်မရတော့ပေ။

ကလေးကို သတိုးရင်ခွင်ထဲထည့်၍ နှစ်ယောက်ပါအောင် ထပ်ပွေ့လိုက်တော့ ရင်ဘတ်ကဒဏ်ရာက သွေးတွေ ပွက်ခနဲ ကျလာ၏။

သူ့အသား ဆတ်ဆတ်တုန်အောင် နာကျင်သွားခဲ့၏။

သို့သော်…

"အား"



www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်ပေါ်မှအဆင်း သတိုးတို့သားအမိကိုညာကာ အနားခံ၍ လုံးထွေးကျလာတော့ နာကျင်မှုက သတိလစ်မတတ်။

သူ့ကိုယ်က သွေးတွေ သတိုးနဲ့ကလေးကိုယ်ပေါ်မှာ ရွဲ တောက်လျက်ရှိနေပြီ။

"မင်းဦးသျှောင်"

လင်းအုပ်စီး သူ့ကို ပြေးထူသည်။

နောက်က မီးသတ်ပြီး ပြေးကပ်လာကြသူတွေ အနားကပ် မလာကြဘဲ သေနတ်တွေနှင့် ဗရမ်းဗတာ ပိုင်းအုံလာကြ၏။

"လင်းအုပ်စီး... ရော့... သူတို့ကိုခေါ်ပြီး ဒီဘက်က ဆင်း၊ သောင်းရင်းမြစ်ကမ်းပါးက ကပ်ပြေး၊ အထက်နားမှာ လုံခြုံ ရေးတွေရှိတယ်၊ သွား... သွား... မြန်မြန်"

"မင်းကကော"

"ငါ လိုက်လို့မဖြစ်ဘူး၊ မြန်မြန်သွား၊ ရဟတ်ယာဉ်ပေါက် တော့မယ်၊ သတိုး သတိလစ်နေတယ်"

"ဟာ..."

သတိုးကိုပွေ့ဖို့ပြင်လိုက်စဉ် ကလေးကိုပါ မြင်လိုက်ရ သဖြင့် လင်းအုပ်စီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ကလေးကိုယ်မှာ သွေးတွေ ချင်းချင်းနီးနေသည်ကိုမြင်ကာ

"မင်းဦးသျှောင်... ကလေး..."

"ဘာမှမဖြစ်ဘူး၊ သွား... မြန်မြန်သွားတော့"

"မင်း"





"သွားတော့"

လင်းအုပ်စီး သားအမိနှစ်ယောက်ကို ပွေ့၍ပြေးရသည် မို့ ခရီးက မတွင်...

"ဒိုင်း"

ကျည်ဆံတစ်တောင့်က ဘေးကနေ ကပ်ဖြတ်သွားသဖြင့် လင်းအုပ်စီး သစ်ပင်အကွယ်ကို ပြေးကပ်ကာ နောက်ပြန်ကြည့်လိုက် မိသည်။

အားလုံး လူခြောက်ယောက်...

ရဟတ်ယာဉ်နားကို ကပ်မလာကြဘဲ သူ့ကို လှမ်းပစ်နေ ခြင်းဖြစ်၏။

မင်းဦးသျှောင် သေနတ်က ကျည်ဆံတစ်တောင့်မှမရှိ တော့။ ရဟတ်ယာဉ်မောင်းသမားကို ပစ်ချလိုက်တာ နောက်ဆုံး ကျည်ဆံဖြစ်သည်။

ရဟတ်ယာဉ်ပေါက်ကွဲတော့မှာကိုသိလျက်နှင့် သူ ဘာဖြစ် လို့ ဘေးမဆုတ်ဘဲနေပါသနည်း။ သေဆုံးနေသော ရဟတ်ယာဉ် မောင်းသမားထံမှ သေနတ်ကိုယူကာ ဒီဘက်ကနေ သူ ပြန်ပစ်နေ ၏။

"ဟိုကောင်ပြေးပြီ ဆရာ၊ ကျွန်တော်တို့ နောက်ကပတ် လိုက်မယ်"

"မလိုက်နဲ့၊ လူကိုပွေ့ပြီး ဒီကောင် ဝေးဝေးမပြေးနိုင်ဘူး၊ ဟိုကောင့်လက်က တစ်ချက်တစ်ယောက်ထိနေတာ မျိုးတုံးသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြီးတော့ ဟိုဟာကြီး ပေါက်တော့မှာ''

ခြောက်ယောက်က နှစ်ယောက်သာကျန်သောအခါ ရဟတ်ယာဉ်ကြီး ဝုန်းခနဲ ပေါက်ကွဲသွားလေသည်။

ပြေးလွှားနေသည့် လင်းအုပ်စီးခြေလှမ်းတွေ ရပ်တန့်သွား၏။

နောက်လှည့်ကြည့်လိုက်သောအခါ တလိပ်လိပ်တက်လာသော မီးခိုးလုံးကြီးက မီးညွန့်မီးလျှံများ ရောထွေးလျက်…

မင်းဦးသျှောင်… မင်း… မင်း ဘာတွေဖြစ်ကုန်ပြီလဲ။

ဘာဖြစ်သွားပြီကို သိသော်လည်း သူမတွေးရဲ။ ဒဏ်ရာအပြင်းအထန်နှင့် ဖြူဖျော့နေသော မင်းဦးသျှောင်သည် သူလွတ်မြောက်စေရန် ရဟတ်ယာဉ်နားမှာ မထဘဲ ကာကွယ်ပေးနေခဲ့သည်။

သေလောက်သည့်ဒဏ်ရာရှိနေပြီမို့ စိတ်လျှော့ထားခဲ့သည်လား… ဒါမှမဟုတ်

ရဟတ်ယာဉ်ပေါက်ကွဲပြီးချိန် ဟိုကောင်တွေကျန်နေလျှင် သူ့နောက် အမီလိုက်လာမည်စိုး၍ အသေခံပြီး ဖြတ်ချပစ်နေခဲ့တာလား…

ဘာပဲဖြစ်ဖြစ် မင်းဦးသျှောင် သူ့အတွက် အသက်ပေးသွားခဲ့ပြီဖြစ်၏။

သတိုးရယ်… သူရယ်… ကလေးရယ်… သုံးယောက်ဟာ သူပေးသည့်အသက်ပဲ ရှိပါတော့သည်။

''လင်းအုပ်စီးကို ကျုပ်တို့လက်ကို အပ်ခဲ့ပါ''





''မင်းနဲ့ကောင်မလေး ဘန်ကောက်ကို အေးအေးဆေးဆေး သွားလို့ရအောင် ကျုပ်က ကူညီပေးပါ့မယ်''

''လွယ်နေတာကို ခက်အောင်မလုပ်ပါနဲ့၊ ဒီကောင့်ကို ကျုပ်တို့လက်အပ်လိုက်တာနဲ့ မင်းနဲ့ကောင်မလေး ငြိမ်းချမ်းသွားမှာပါ''

လင်းအုပ်စီး သတိုးကို စူးစိုက်ငုံ့ကြည့်ကာ ဒူးနှစ်ဖက်က အလိုလို ညွတ်ကျသွား၏။

မင်းဦးသျှောင်သည် သစ္စာမေတ္တာကြီးမားစွာဖြင့် သတိုးကို မြတ်နိုးကာ သူ့ကို ကာကွယ်ပေးသွားခဲ့သည်။

ငါ မပြောချင်တော့ဘူး မင်းဦးသျှောင်… မင်းလိုပဲ ငါလည်း တစ်ကိုယ်ကောင်းမဆန်ချင်တဲ့သူပါ။

ယောက်ျားတန်မဲ့ လင်းအုပ်စီး မျက်ရည်ဝဲလာအောင် ခံစားခဲ့ရသည်။

မင်းဦးသျှောင် သတိပေးခဲ့စဉ်က သူ ပြက်ရယ်ပြုခဲ့သည်။

သဝန်တိုစိတ်ကြီးမားစွာနှင့် ဘက်ပြိုင်ရန်လုပ်ခဲ့သည်။

အားလုံးက သူ့အပြစ်တွေချည်းသာ…

သတိုး…

သတိုးကိုယ်လေးကို သေချာချသိပ်ကာ ကလေးကို ပွေ့ယူလိုက်မိ၏။

ကလေးက ဖြူဖွေးဝကစ်ကာ မျက်လုံးလေးပွင့် ချက်ချစ်စရာကောင်းသော်လည်း သတိုး ဘာဖြစ်နေမှန်း သူမသိပေ။

သွေးနှ သားနှနှင့် သတိုး တစ်ခုခုဖြစ်သွားခဲ့ပြီလား။

www.burmeseclassic.com



လက်ဖဝါးလေးကို စမ်းသည်။ နှဖူးပြင်လေးမှာ ပါးကပ်၍ လည်တိုင်လေးတွေကိုပါ ပွတ်သပ်နေမိသည်။

သတိုးကိုယ်လေးက ချွေးစလေးများနှင့် နွေးအိနေဆဲ…

သတိုး… သတိုးရယ်…

အဲဒါ ကိုယ့်ကြောင့်။

ခုနေ မင်းကို သတိရစေခဲ့ရင်လည်း မင်းရဲ့ချစ်သူ အစ်ကိုအတွက် မင်းလည်း ဒီခရီးကို ကျော်နိုင်မှာမဟုတ်ပါဘူး။

မင်း တစ်ခုခုဖြစ်သွားပြီလား…

ကိုယ့်ကိုခွင့်လွှတ်ပါ။

မင်းကို ကိုယ် မနှိုးရက်လို့ပါ သတိုးရယ်…

သတိုးနဲ့သားကို ထွေးပွေ့၍ သူ တတွတ်တွတ်ပြောရင်း မျက်ရည်ကျလာခဲ့သည်။

ခုချိန်မှာ ကျောနောက်က ဘာနဲ့ပစ်ပစ်၊ ရှေ့ကနေ ဓားနဲ့ အချက်ပေါင်းများစွာ ခုတ်ချဖို့ပြေးလာကြပါစေ။ သူ တစ်ချက်မှ မျက်လုံးဖွင့်ကြည့်မှာ မဟုတ်တော့ပါ။

ထိုစဉ် ရဟတ်ယာဉ်ပေါက်ကွဲသံကြောင့် နယ်စပ်ကင်းလှည့်လုံခြုံရေးများ တက်လာကြသည့် ဆိုင်ကယ်သံတွေ သောင်းရင်းမြစ်ကမ်းဘက်မှ ဆူညံစွာ ထွက်ပေါ်လာလေသည်။

“သတိုး… သတိုး… ညီမလေး… မင်း ဘယ်လိုနေလဲဟင်၊ ကိုကို့ကို ကြည့်စမ်း၊ ညီမလေး… သက်သာရဲ့လား”

“ကိုကို”

“ညီမလေး”

“ကိုကို ကိုကို ဘာမှမဖြစ်ဘူးနော်”

သတိုး တရိပ်ရိပ် မူးဝေနောကျင်နေသည်များကို မေ့လျော့ကာ ကိုကို့ကို မြတ်နိုးတမ်းတစွာ တအားကျုံးဖက်ထားလိုက်မိ သည်။

အို… ပြီးတော့ သတိုးကိုယ်လေး တွန့်သွား၏။

လင်းအုပ်စီး…

ကိုလင်းက ငါ့ယောကျ်ားပဲ… သူ… သူ…

လှည့်ကြည့်လိုက်တော့ လင်းအုပ်စီးက မျက်ရည်တွေ မဝဲ့လျက် နေရာမှထကာ ခေါင်းငိုက်စိုက်နှင့် ထွက်ခွာသွားလေသည်။

ဒါ… ဘာလဲ… ကိုလင်းက ကိုကိုနဲ့ငါ့ကို လက်တွဲခွင့်ပေးသွားတာလား…





www.burmeseclassic.com

www.burmeseclassic.com



သတိုးရင်ထဲမှာ မကောင်းသလိုလို၊ ပျော်ရမလိုလို၊ ကိုကို ကတော့ သူမကို ထွေးပွေ့ထားနေဆဲ…

“ကိုကို… ကိုကိုနဲ့ သတိုးလိုက်မယ်နော်၊ သတိုးကို ခေါ်မယ် မဟုတ်လားဟင်”

ထိုအခါကျမှ ကိုကိုက သတိုးကိုယ်လေးကို ရင်ခွင်ထဲက အသာခွာ၍

“မလိုက်ပါနဲ့ သတိုးရယ်… ညီမလေးနဲ့ကိုကို ဘယ်လိုမှ ပေါင်းဆည်းခွင့်မရှိတော့ဘူး”

“ဟင့်အင်း… လိုက်မှာပဲ”

ကိုကိုထွက်သွားမည်ဖြစ်တော့ သတိုး ခုတင်ပေါ်က အတင်းလျောဆင်းကာ ကိုကို့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့ သည်။

“လိုက်မယ်နော်… ကိုကို၊ သတိုးကိုခေါ်နော်”

ကိုကိုက ဘာမှမပြောဘဲ အဆောက်အဦး၏ အပြင်ကို လျှောက်ထွက်သွားသည်။

ထိုစဉ် မိုးတွေမည်းမှောင်လာကာ ဒိန်းခနဲ မိုးခြိမ်းသံကျယ် ကြီးကြောင့် သတိုး ကိုကို့ရင်ခွင်ထဲ အလန့်တကြား ဝင်လိုက်မိ၏။

တစ်ခဏတည်းမှာ မိုးတွေရွာကျလာ၏။ သို့သော် သတိုး ကိုယ်ပေါ်သို့ သွန်းကျ၍ စိုရွှဲစေခဲ့သော မိုးစက်များက ပူနွေး ချွဲပစ်နေသောကြောင့် သေချာကြည့်လိုက်မိရာ…

“အား…”





“သွေးတွေ… သွေးတွေ”

“သတိုး… သတိုး”

သတိုးမျက်နှာလေး မဲ့ကျသွားကာ ကျောပြင်လေးပါ တုန်ခနဲခါသွားသဖြင့် ဆရာဝန်ကြီးများနှင့် ဆရာမနှစ်ယောက်က သေချာစမ်းသပ်လိုက်ကြပြီး

“သူ စကားပြောနိုင်တယ်ဆိုရင် ရှင်ပြောလို့ရပါပြီ”

ဆရာ ဆရာမတွေ နောက်ဆုတ်ထွက်သွားကြတော့ လင်းအုပ်စီးရင်ထဲမှာ ဆို့သွားသည်။

သူမသေသေးဘူးဆိုသော မျှော်လင့်ချက်လေးနှင့် ဆေးရုံ ကြီးမှာ ရှိသမျှဆရာဝန်တွေ ကြိုးစားပမ်းစား ဝိုင်းဝန်း၍ အသက်လု ကယ်တင်ခဲ့ကြသည်။

နှစ်ဆယ့်လေးနာရီနီးပါး မေ့မြောနေပြီးမှ ဒါ ပထမဆုံး လှုပ်ရှားလာခြင်းဖြစ်သည်။

လင်းအုပ်စီး သတိုးလက်ဖဝါးလေးကို မထိရက် ထိရက် ဆုပ်ကိုင်ထားလိုက်ကာ နှုတ်ခမ်းလေးတွေ ဖြူဖျော့ဝါရီနေသော မျက်နှာလေးကို မျက်ရည်ဝေလျက် ငုံ့မိုးကြည့်နေမိသည်။

“လူနာက အားရစရာတော့ မရှိဘူးဗျာ၊ ဒါပေမဲ့ သူ ခုထိ အသက်ရှိနေသေးတယ်ဆိုတော့ သတိပြန်ရလာနိုင်တယ်၊ ခင်ဗျား သူ့ကို စိတ်ချမ်းသာအောင် နှစ်သိမ့်ပေးလိုက်ပါ”

ဆရာဝန်တွေက လက်လျှော့ထားခဲ့ကြပြီ။

သတိုးကို သူ တကယ်စွန့်လွှတ်ရတော့မည်လား…



www.burmeseclassic.com

www.burmeseclassic.com



သတိရလာပြီးသည်နှင့် သူ့ကို တကယ်ပဲ ထားရစ်ခဲ့ခွာသွားတော့မည်ဆိုလျှင် သတိုး သတိမရပါနဲ့… နွေးထွေးနေတဲ့ လက်ဖဝါးလေးကို ထွေးဆုပ်ထားရင်း ဒီအတိုင်းပဲ ထိုင်ကြည့်နေပါရစေ…

ကိုယ့်ကိုခွဲမသွားပါနဲ့ သတိုးရယ်…

မင်း ဘယ်လိုဖြစ်ခဲ့တာလဲ… သူတို့က သတိုးကို နှိပ်စက်ကြမည်တော့ မဟုတ်ပါ။

သတိုးကိုယ်မှာလည်း ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့။

မင်းဦးသျှောင်ကို သတိုး တွေ့လိုက်သလား… သွေးအလူလူးနှင့် ရဟတ်ယာဉ်ပေါ်ရအောင်တက်၍ သယ်ချလာခဲ့သော မင်းဦးသျှောင်ကို မြင်သွား၍ သတိုး ရှော့ခ်ဖြစ်သွားသည်လား။

မဟုတ်နိုင်ပါဘူး။ သတိုးကို ရဟတ်ယာဉ်ပေါ်ပွေ့တင်သွားကြကတည်းက သူ ချောင်းကြည့်နေခဲ့တာ၊ သတိုး ခေါင်းမှ မထူဘဲ။

ကိုယ် အသုံးမကျခဲ့ဘူး၊ မင်းကို မြင်နေလျက်နဲ့ ကိုယ်အခွင့်မသာလို့ မကယ်နိုင်ခဲ့ဘူး။ ကိုယ့်မှာအပြစ်ရှိပါတယ် သတိုးရယ်…

ရဟတ်ယာဉ်စက်နိူးတော့မှ မင်းဦးသျှောင်ပြေးလာကာ…

ဖြစ်ခဲ့သမျှတွေက ရုပ်ရှင်ပြကွက်များကဲ့သို့ စလိုးမိုးရှင်းပုံရိပ်တို့နှင့် ပေါ်လာနေဆဲ…

ထိုလှုပ်ရှားမှုများထဲမှာ သူဟာ ဓာတ်ရုံသက်သက်သာ။





"အား… ကျွတ်… ကျွတ်"

"သတိုး"

သတိုးနောက်တစ်ကြိမ်လူးလွန့်လာလျှင် ဝမ်းသာရမည့်အစား လင်းအုပ်စီး ချောက်ချားစွာ သတိုးလက်ဖဝါးလေးကိုဆုပ်ဖျစ်လိုက်မိသည်။

"သတိုး…"

"ကိုလင်းလားဟင်"

တိုးသဲ့သော လေသံလေးက ပီသနေဆဲ။ သတိုး အသက်များရှင်ဦးမလား။

လင်းအုပ်စီး သတိုးဘေးမှာ ဖျတ်ခနဲ ပြောင်းထိုင်ကာ မျက်နှာလေးကို တယုတယ ပွတ်သပ်ပေးမိသည်။

"သတိုး ကိုယ်တို့မြို့ပေါ် ပြန်ရောက်နေပြီသိလား၊ ခုဆေးရုံကြီးပေါ်မှာလေ၊ တိရစ္ဆာန်အဖွဲ့ကို ခြေရာခံမိလို့ သက်ဆိုင်ရာက ခုတိရစ္ဆာန်လက်ခွဲတွေအားလုံးကို ဖမ်းမိဖို့လိုက်နေကြပြီ"

"ကိုလင်း"

"ဟင်…ပြောလေ သတိုး"

"ကိုကိုကောဟင်၊ ကိုကို သတိုးနားမှာရှိလားဟင်"

လင်းအုပ်စီး၏ တက်ကြွနေသော မျက်နှာချက်ချင်းညှိုးကျသွား၏။

"ဟို…သူ…သူ ဒဏ်ရာနည်းနည်းရထားလို့ ဆေးကုနေရတယ် သတိုးရဲ့… ကိုယ်အခုပဲ ကြည့်ပြီးထလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားသည့် သတိုးမျက်ဝန်းထောင့်မှ မျက်ရည်စီးကြောင်းလေးတစ်ခု ဖြတ်ဆင်းကျသွားသည်။

မျက်တောင်ရှည်တွေ တဖျတ်ဖျတ်ခတ်လာပေမယ့် မရွေ့လျားသော မျက်လုံးသူငယ်အိမ်က ဘာကိုမှ မမြင်တော့မှန်း သိသာလှ၏။

"သတိုးကို မညာပါနဲ့ကိုလင်းရယ်၊ သတိုးနောက်ဆုံးမြင်လိုက်ရတဲ့အချိန်မှာ ကိုကိုရဲ့ ဘယ်ဘက်ရင်အုံတည့်တည့်ကို သေနတ်မှန်သွားတယ်၊ ဒါ…ဒါပေမယ့် ကိုကိုကြိုးကိုဆွဲပြီး သတိုးပါသွားမှာစိုးလို့ သတိုးဆီကို…အ…"

"သတိုး…သတိုး မပြောပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ မင်းမောနေမှာ စိုးလို့ပါ၊ ကိုယ်လေ မင်းကျန်းမာလာတဲ့အခါ မင်းစိတ်တိုင်းကျအားလုံးဖြစ်စေပါ့မယ်"

သတိုး သူ့လက်ကို ပြန်လည်ဆုပ်ကိုင်၍ ခေါင်းလေးခါပြသည်။

"သတိုးကို မကျန်းမာနိုင်းပါနဲ့ ကိုလင်းရယ်၊ သတိုး…ကိုကို့နောက်ကို လိုက်ပါရစေ… ကိုကိုလေ…ကိုကို အပြင်မှာ သတိုးကိုစောင့်နေတယ်၊ သတိုးကို…အ… သတိုးကို သွားခွင့်ပြုပါ… ကိုလင်းအတွက် သတိုး…သတိုးသားလေးကို လက်ဆောင်"

သတိုးနှုတ်ခမ်းလေးတွေ လှုပ်ရှားနေဆဲဖြစ်သော်လည်း အသံကထွက်မလာခဲ့တော့ပေ။





သူမ နားထဲမှာ ဒိုင်းခနဲ ဝင်းခနဲ ဆူညံပြိုးပြက်နေတာတွေကို ကြားနေရသည်။ ရဟတ်ယာဉ်ပေါ်ရောက်တော့ သွေးနုသားနုမို့ ကြောက်လွန်းသည့်သွေးတို့က လူကို ခွဲ့အသွားစေခဲ့၏။

ဘာမှလည်း မပြောနိုင်၊ လှုပ်လည်း မလှုပ်နိုင်ဘဲ သတိုး သူတို့လက်ထဲမှာ အဝတ်စလေးတစ်စလို ချလိုက်သည့်နေရာမှာပဲ ပုံလျက်သားလေးဖြစ်နေခဲ့၏။

"မင်းဦးသျှောင် မွေ့နေပြီ၊ သိန်းငှက်ကြီး…ဆရာကြီး ကျသွားပြီ…မင်း သူ့ကိုဟိုကိုပါအောင်ခေါ်သွား၊ မင်းဦးသျှောင်ကို ငါတို့ညှိကြည့်မယ်…"

"လင်းအုပ်စီးဆိုတဲ့ကောင်ကို ရှင်းပြီးပြီပေါ့"

"ဒီကောင်ကိုသတ်ဖို့က ကြက်ငှက်သတ်သလောက် မခက်ပါဘူး"

"မင်းတို့ မင်းဦးသျှောင်ကို ညှိလို့မရရင် ဘယ့်နှယ်လုပ်မလဲ… ဒီကောင်က ဒီကောင်မလေးကြောင့် ကမူးရှူးထိုးဝင်လာတာ…ခေါ်သွားလို့ဖြစ်ပါ့မလား"

"ဟိတ်ကောင်…သွားဆိုသွား၊ ဒီကောင်မလေး ငါတို့လက်ထဲမှာ ရှိသရွေ့ မင်းဦးသျှောင်ကို ဂရုစိုက်စရာမလိုဘူး၊ ဒီကောင် သိပ်လည်တော့ တော်ကြာ ဒီဘက်ရောက်လာလို့ ထွက်မရဘဲဖြစ်ဦးမယ်"

သတိုးရှေ့မှာပဲ သူတို့ချင်းပြောနေကြသည်။

ကိုကို လိုက်လာပြီဆိုသော အသိကြောင့် ကျုံးထအော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ချင်မိသည်။

သို့သော် သွေးနုသားနုနှင့်သတိုးသည် ထိုမှာကတည်းက ဝိညာဉ်မမဲ့သေးဘဲ သေဆုံးသွားခဲ့ရတာဖြစ်သည်။

သတိုး ဘယ်လိုမှ အားပြုလှုပ်ရှားနိုင်စွမ်းမရှိတော့။

စက်နှိုးပြီး ပန်ကာဒလက်လည်သံ တဝီးဝီး တဒုတ်ဒုတ် ထွက်ပေါ်လာစဉ်မှာ သတိုးတစ်ကိုယ်လုံး ကျင်ခဲအေးစက်လျက် ကိုကို့ကို ငိုကျွေးတမ်းတနေမိသည်။

"ဟာ…ဟိုကောင်…ခွေးသူခိုးလိုက်လာပြီ"

ရဟတ်ယာဉ်မောင်းသူ၏ ဆဲသံကိုကြားလိုက်ရတော့ သတိုး သားလေးရဲ့မျက်နှာကိုငေးကြည့်ကာ နှုတ်ခမ်းသားလေး တွန့်ကွေးပြုံးမိသည်။

"ကိုကိုလာပြီ… ခုနေကိုကို့မျက်နှာမြင်ရမည်ဆိုလျှင် သတိုး သေရမယ်ဆိုလည်း သေပါစေတော့"

"တောက်…"

သိမ့်ခနဲကြွတက်သွားသည့် ရဟတ်ယာဉ်က တုံ့ခနဲ ခါသွားလျက် ရပ်တန့်နေတော့ သိန်းငှက်တက်ခေါက်၍ သေနတ်ထုတ်သည်။

သတိုး သိန်းငှက်လက်ထဲက သေနတ်ကို အတင်းလုယူထားချင်သည်။ သူ ကိုကို့ကို ပစ်တော့မှာ၊ ဒါပေမဲ့ သတိုး မထနိုင်ခဲ့ပေ။

ရဟတ်ယာဉ်ပေါ်ကနေ သိန်းငှက် နှစ်ချက်ဆင့်ပစ်သည်။





သုံးချက်မြောက်မှာ အားရဝမ်းသာရယ်သံကြားလိုက်ရ၏။ နောက်ထပ် သေနတ်သံတစ်ချက်မှာ သိန်းငှက်ကြီး အားခနဲ အော်၍ ပြုတ်ကျသွားခဲ့လေသည်။

ကိုကိုလာပြီထင်တယ်။

သတိုး ခေါင်းထောင်၍ ကိုကို့ဆီကို ကြည့်သည်။ ခေါင်းကို ရာဝင်အိုးကြီးတစ်လုံးကဲ့သို့ အနိုင်နိုင် သယ်မကာ ကိုကို့မျက်နှာကို မြင်ချင်လွန်း၍ကြည့်သော်လည်း ဘယ်ဘက်ရင်အုံတည့်တည့်မှ ဒဏ်ရာကြီးနှင့် တန်းနေသောကြိုးကို မချိတရိဆုပ်ဆွဲ၍ ရွတ်တက်လာသော မြင်ကွင်းကြောင့်…

သတိုးခေါင်းထဲမှာ မူးမိုက်ပြာဝေသွားသည်။

မြင်လွှာရဲ့ ပိတ်ကျသွားခဲ့သည့်တိုင် ကိုကိုရောက်လာတာ၊ သတိုးကိုပွေ့ယူလိုက်တာ အားလုံးကို သတိုးသိနေသည်။

သတိုးကိုယ်ကြီးကို ကိုကိုပွေ့နေတာ သတိုးရပ်ကြည့်နေခဲ့သည်ပဲ…

ကိုကိုက သတိုးကိုမမြင်ပါဘူး…

ပြီးတော့ သတိုးကိုယ်ကြီးကို ကိုလင်းကဆက်ပွေ့တယ်… ဒါပေမဲ့ သတိုးမှမလိုက်တာ… သတိုး ကိုကို့နားမှာပဲရပ်နေတာ၊ ဘယ်သူမှလည်း ဂရုမစိုက်ကြပါလား…

နောက်တော့ သတိုး ကိုကို့ကို ရှာမတွေ့တော့ဘူး၊ အပေါ်ကို လွင့်တက်သွားတဲ့ မီးခိုးလုံးကြီးထဲမှာ သတိုးလည်း လွင့်ပါသွားတယ်…



www.burmeseclassic.com

www.burmeseclassic.com



ဆင်းချင်တဲ့နေရာ ဆင်းလို့မရတော့ဘဲ သတိုး ဘယ်တွေကို ရောက်နေမှန်းမသိဘူး…

ကိုကိုရေ… သတိုး… ကိုကို့ကိုပဲ ရှာနေမိတယ်….

သတိုး အောက်ကိုပြန်ရောက်တော့ ဆေးရုံမှာလား… အိမ်မှာလား… လူတွေက အများကြီးပါ။

ဒါပေမဲ့ အနားမှာ ကိုကိုထိုင်နေသည်။ သတိုး ကိုကို့ကို မြင်တော့ အားလုံးကိုမေ့သွားခဲ့၏။

သတိုးကိုခေါ်ပါ ကိုကို… ကိုကို့နဲ့ သတိုးလိုက်ပါရစေ…

အနားမှာ 'သတိုး' ဟု တဖွဖွခေါ်နေသံကို ကြားလာရပြန်သည်။

ကိုလင်းအသံပါလား…

သူက သတိုးလက်ကလေးကို ဆုပ်ကိုင်လိုက် တဖွဖွခေါ်နေသည်။

ထို့နောက် ခေါ်သံက ဝေးကျန်ခဲ့သလိုလို… နီးလာသလိုလို…

သတိုးကို မခေါ်ပါနဲ့၊ သတိုး ကိုကို့ဆီသွားမလို့…

ကိုကိုသည် လူတွေသွားလာနေကြသည့် ကော်ရစ်ဒါထောင့်မှာ ရပ်၍ သတိုးကိုကြည့်နေသည်။

သတိုးပြေးထွက်သွားတော့ ကိုကိုက မြတ်နိုးစရာကောင်းသော အပြုံးနှင့် လက်တစ်ဖက်ကမ်းပေး၏။

ချစ်လိုက်တာ ကိုကိုရယ်… သတိုး ကိုကို့ရင်ခွင်ထဲ



BURMESE CLASSIC .com



ပြေးဝင်လိုက်မိ၏။

"သတိုး… သတိုးရယ်"

တဖျတ်ဖျတ်ခါနေသည့် သတိုးမျက်တောင်လေးတွေ ငြိမ်သက်သွား၏။ လှုပ်ခတ်နေသည့် နှုတ်ခမ်းသားလေးတွေ အနားယူသွားခဲ့ပြီ။

"သတိုး"

လင်းအုပ်စိုး တုန်လှုပ်ချောက်ချားစွာ ဖျစ်ဆုပ်ပစ်လိုက်မိသည့် လက်ကိုအသာဖြေကြည့်လိုက်တော့ သတိုးလက်ကလေး လျှော့ခနဲ ပြုတ်ကျသွားလေသည်။

သတိုး သူ့ကို ဥပေက္ခာထားရက်ခဲ့ပါပြီ။

ဝင်းဖန့်ဖန့် ဖြူဖျော့နေသော မျက်နှာလေးထက်မှာ သူမြတ်နိုးသည့် မျက်တောင်ရှည်ကြီးများက ကော့ညွတ်လျက်ဖြာနေဆဲ…

ထူပြည့်လှပသည့် နှုတ်ခမ်းလေးတွေက ပြုံးယောင်သမ်းနေလိုက်တာ…

"မင်း ဘာတွေသိပြီး ဘာကိုကျေနပ်သွားတာလဲဟင်၊ တစ်ကိုယ်ကောင်းဆန်ဆန် သိမ်းပိုက်ချုပ်ချယ်ခဲ့တဲ့ ကိုယ့်ရင်ခွင်ထဲက ထွက်ခွာခွင့်ရလို့ ကျေနပ်သွားတာလား"

ယောကျ်ားတန်မဲ့ လင်းအုပ်စိုး စကားတွေ တတွတ်တွတ်ဆိုရင်း မျက်ရည်တွေလည်း အဆက်မပြတ်ကျသည်။

ကိုယ်မှားပါတယ်… မင်းတို့ရဲ့ ခိုင်မြဲတဲ့သံယောဇဉ်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာတွေကို ကိုယ် အစမ္မဖျက်ဆီးသိမ်းပိုက်ခဲ့မိတယ်....

လင်းအုပ်စီး အံကြိတ်ထားသည့်ကြားက ရှိုက်ငိုမိပြန်သည်။ တကယ်ဆို သတိုးဘက်က သူ့အပေါ် တာဝန်ကျေခြင်း၊ ငဲ့ညှာခြင်းသာရှိခဲ့လျက် ချစ်ခြင်းကိုတော့ မပေးခဲ့ပါ။

မင်းဦးသျှောင်သည်လည်း ချစ်သူအဖြစ်က ဆုံးရှုံးခဲ့ရသော်ငြား နှမလေးသဖွယ် သတိုးကို အသက်ပေး၍ စောင့်ရှောက်သွားခဲ့သည်။

မင်းတို့သစ္စာ မှန်ပါတယ်...

မင်းတို့နှစ်ယောက်ရဲ့သစ္စာ သိပ်ကိုဖြူစင်ခိုင်မြဲပါတယ်...

အားလုံး ဒီလိုတွေဖြစ်ခဲ့ရတာ ကိုယ့်ကြောင့်ပါ သတိုးရယ်... သတိုးဟာ သူ့လက်ထဲရောက်လာကတည်းက ဘဝသေခဲ့တာပါ။

မောင်နှမ ပြန်လည်ဆုံတွေ့လိုက်ချိန်မှာ သူမစိတ်တွေ မုံးမုံးကျသွားခဲ့သည်။ ကိုယ်ဝန်ကြီးနဲ့ ဖြူဖျော့နေသည့် သတိုးကို သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိ စိုးရိမ်ပူပန်ခဲ့ရသည်။

ပိုးမွေးသလို မွေးခဲ့ရသည်။

မင်းဦးသျှောင် သေနိုင်သည့်ဒဏ်ရာရသွားမှန်းသိသွားခဲ့သည့် သတိုး၏နှလုံးအိမ်ဟာ ဘယ်လိုမှ ခံနိုင်ရည်မရှိခဲ့လေသလား။

တကယ်တော့ တစ်ကောင်သေရင် တစ်ကောင်လိုက်သေတဲ့ အောက်ချင်းငှက်မောင်နှံတို့ သစ္စာမျိုးနှင့် သတိုး နှလုံးကွဲ၍ အသက်ပေးသွားခဲ့ခြင်းသာ...



BURMESE CLASSIC .com



အောက်ချင်းအချစ် အောက်ချင်းသစ္စာ...

"အူဝဲ"

သတိုးလက်ကလေးတစ်ဖက်ကို နှုတ်ခမ်းနှင့် ဖိကပ်နမ်းရှိုက်ရင်း အံကြိတ်ငိုကြွေးနေခဲ့သော သူ့နားထဲသို့ ကလေးငိုသံကရှုးခနဲ တိုးဝင်လာသည်။

"ဦးလင်းအုပ်စီး... ကလေးအတွက် ရောဂါရှာဖွေစစ်ဆေးဌာနကို ခဏသွားလိုက်ရှင်၊ result ထုတ်ပြီး ပြန်လာရုံပါပဲ"

သူ မျက်နှာမော့လိုက်မှ ခုတင်ဘေးမှာ သူ့ကို သနားစာနာသော မျက်လုံးများနှင့် ဝိုင်းဝန်းငေးမောနေကြသူတွေကို သတိထားမိခဲ့သည်။

ဖြူဖွေးလှပသော သားက ငိုအားလည်း သန်လှသည်။ သားဖလေးမှာ ဘာရောဂါမှ မရှိနိုင်ပါ။

ဒါပေမဲ့ result တော့ သွားထုတ်ရဦးမည်ဖြစ်၏။

ဆရာမနှစ်ယောက်က သတိုးကို စမ်းသပ်ပြီး အချင်းချင်း အင်္ဂလိပ်လိုပြောကာ လုပ်စရာရှိသည်တို့ကို လုပ်နေကြသည်။

သူ သားလေးကို တယုတယ ထွေးပိုက်ကာ နောက်ပြန်ကြည့်လိုက်တော့ ထရော်လီပေါ်မှာ ပြောင်းရွှေ့မြီးဖြစ်သည့် သတိုးအား ခြေဖျားမှခေါင်းထိ ပိတ်ဖြူစနှင့် လွှမ်းထားပြီးနေပြီ။

သို့သော် သူ တယုတယ နမ်းရှိုက်ခဲ့ဖူးသော ဆံနွယ်ညိုတချို့က လွှမ်းထားသည့် ပိတ်ဖြူစ၏အပြင်မှာ ခွေဝိုက်ကျန်နေဆဲ...

ထရော်လီကို သူ့ဘေးမှ ကပ်တွန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏ"

သူ ဘယ်လိုမှစိတ်မထိန်းနိုင်ဘဲ ထရော်လီကို ဆုပ်ကိုင်တားထားလိုက်မိသည်။

ထို့နောက် ဆံစလေးတွေကို တုန်ရင်စွာပွတ်သပ်မိရင်း ပိတ်ဖြူစကို ဆွဲလှန်ဖို့ကိုင်လိုက်မိပြီးမှ...

လင်းအုပ်စီး အံကြိတ်၍ လက်ကို ပြန်ရုပ်လိုက်သည်။

သတိုးမျက်နှာလေးကို သူ ထပ်မကြည့်ရဲတော့ပေ။

လက်ကိုပြန်ရုတ်၍ သားကို ထွေးဖက်လိုက်၍ တွန်းသွားသည့် ထရော်လီသံက နှလုံးသားတစ်ခုလုံးကို နင်းကြိတ်သွားသည့်နှယ်...

အငိုတိတ်နေပြီဖြစ်သည့် သား၏ပါးပြင်လေးထက်သို့ သူ့မျက်ရည်စက်တွေ စွန်းထင်းကုန်သည်။

"ကိုယ်ငိုနေတာကိုမြင်ရင် မင်း ဟားတိုက်ရယ်မှာလား သတိုးရယ်... တကယ်ဆို မင်းကို ကိုယ်သိပ်ချစ်တာ"

BURMESE CLASSIC .com



www.burmeseclassic.com